www.burmeseclassic.com

# မောင်မှူးကြီး(သိန်းဝင်း)

# ကြိမ်ဒဏ်ဖူးစာ

အပါအဝင်

သည်းထိတ်ရင်ဖို
ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ : ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် : ၂၀၁၄၊ ဖေဖော်ဝါရီလ
အုပ်ရေ : ၅၀၀
မျက်နှာဖုံး : မြတ်မင်းဟန်
ကွန်ပျူတာစာစီ : *Maw Maw*
အတွင်းဖလင် : *Ko Zin Oo & Brothers*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
ကြိမ်ဒဏ်ဖူးစာအပါအဝင် သည်းထိတ်ရင်ဖိုဂမ္ဘီရဝတ္ထုတိုများ/
ထောင်မှူးကြီးသိန်းဝင်း။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၀၃ – စာ ၊ ၁၃ စင်တီ × ၂၀ . ၅စင်တီ။
(၁) ကြိမ်ဒဏ်ဖူးစာအပါအဝင် သည်းထိတ်ရင်ဖိုဂမ္ဘီရဝတ္ထုတိုများ


## မာတိကာ


| | | |
|---|---|---|
| ၁။ | စေတနာရောင်ပြန် | ၁ |
| ၂။ | ဂမ္ဘီရဆန်သော လက်စွပ်နှစ်ကွင်း | ၁၂ |
| ၃။ | ပင်လယ်စုန်းမီး | ၂၄ |
| ၄။ | ဝိပါက်ကြမ္မာ | ၄၂ |
| ၅။ | သိမ်းတောင်စုပ်ဝဲကြီး | ၅၀ |
| ၆။ | နရသိန်မှာ နေပျော်သူ | ၆၆ |
| ၇။ | ဂမ္ဘီရသင်္ဘောပင် | ၈၀ |
| ၈။ | ကြိမ်ဒဏ်ဖူးစာ | ၉၄ |
| ၉။ | မုဆိုးချင်း အသက်လုပွဲ | ၁၀၈ |
| ၁၀။ | ရက္ခစိုးနှင့် အဘိုးဦးကျီးညို | ၁၂၃ |
| ၁၁။ | ရတနာဒီပံလောက်ဖျား | ၁၃၅ |
| ၁၂။ | ရမ်းဗြဲကျွန်းပေါ်က အင်္ဂလိပ်မြင်းဖြူရှင် | ၁၄၇ |
| ၁၃။ | ဖောက်ထွင်းဝိဇ္ဇာမြကြီးနှင့် ထောင်တွင်းကအကြံအဖန်များ | ၁၆၀ |
| ၁၄။ | သေဝံ့သူ | ၁၈၀ |
| ၁၅။ | နိမိတ် | ၁၉၀ |
| ၁၆။ | ပြေစွင်ကန် | ၁၉၉ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

❑

ကျွန်တော်က ပြည်၊ ဝက်ထီးကန်တွင် နေသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ပြီး အမျိုးသမီးက အထည်ဆိုင်ဖွင့်သည်။ ထို့ကြောင့် စီးပွားရေး အဆင်ပြေပါသည်။ အဆင်မပြေသူက ကျွန်တော့်၏ အစ်မကြီးဖြစ်သည်။

ခင်ပွန်းသည် ဆုံးပါးသွား၍ သားသမီး၊ မြေးများဖြင့် လုံးချာလိုက်နေသည်။ ဦးမနိုင် ပဲ့မနိုင် ဖျာများနေရှာသည်။ အစ်မကြီး အမိအရာဆိုသကဲ့သို့ အစ်မကြီးကို ကြည့်ရှုစောင့်ရှောက်ရန် ကျွန်တော့်တွင် တာဝန်ရှိသည်ဟု ခံယူထားလေသည်။

ထို့ကြောင့်လည်း ကျွန်တော် ပြည်၊ ဝက်ထီးကန်တွင် တစ်လှည့်၊ လှိုင်မြို့နယ် အစ်မကြီးအိမ်တွင်တစ်လှည့် နေ၍ မိသားစုကိစ္စများကို ဆောင်ရွက်ပေးရသည်။ အစ်မကြီးတို့အိမ်တွင် COROLLA ဆလွန်း ကားဖြူလေး တစ်စီးရှိသည်။ ကားရှိသော်လည်း တူတော်မောင်များက မမောင်းတတ်ကြပါ။

သည်ကားကိုလည်း ကျွန်တော်ပင် ဝယ်ပေးထားခြင်းဖြစ်သည်။ အစပိုင်းက မိသားစုသုံးရန်သာ ဖြစ်သော်လည်း ကျွန်တော်က အဝေး၊ အနီး အော်ဒါရလျှင် လိုက်ပေးတတ်သည်။ သို့သော် ဝင်ငွေမမှန်ပါ။ ဓာတ်ဆီဈေးကောင်းတုန်းကတော့ အဆင်ပြေသော်လည်း ဓာတ်ဆီဈေးကျတော့ အလုပ်မဖြစ်ပြန်ပါ။





ကားအား TAXI (အနီ)လုပ်၍ ဆွဲရန် စိတ်ကူးမိသော်လည်း ကျွန်တော်တို့ကားက ဓာတ်ဆီကား၊ CNG (GAS) တင်ထားသော ကားမဟုတ်၍ အခြားအငှားကားများဖြင့် ယှဉ်ပြိုင်ဆွဲလျှင်လည်း အဆင်ပြေနိုင်မည်မထင်ပါ။ CNG (GAS) တင်ရန်လည်း ငွေ(၁၀)သိန်းကျော် ကုန်ရဦးမည်။

ထို့အပြင် CNG (GAS) တင်ရန် လျှောက်လွှာတင်လျှင်လည်း နှစ်နှင့်ချီ၍ စောင့်ရသည်ဟု စုံစမ်းသိရသည်။ ထို့ကြောင့် ကျွန်တော် အစ်မကြီး ကားအား TAXI လုပ်ရန် စဉ်းစားရာ တစ်နှစ်ခန့် အချိန်ကုန် သွားတော့သည်။

တစ်နေ့တွင် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ကျွန်တော်နှင့် ရင်းနှီးသော TAXI ကားဆရာတစ်ဦးနှင့် တွေ့သည်။

“ဦးမြတ်စိုး ... ကားဆွဲရတာ အဆင်ပြေရဲ့လား”

“ပြေပါတယ်။ ညီလေးရော ကားဆွဲမယ်ဆိုပြီး အလုပ်မစသေးဘူးလား”

“အစ်ကိုကြီးရယ် ... အိမ်ကကားက ဓာတ်ဆီကား။ အခု အငှားကားတွေက CNG (GAS) တင်ထားကြတော့ သူတို့နဲ့ ကျွန်တော့်ကား ဘယ်ယှဉ်ဆွဲလို့ရမလဲ။ ကျွန်တော်ကွဲမှာပေါ့”

“အဲဒါကြောင့် ညီလေးကို ကိုယ်တစ်ခါပြောဖူးပါတယ်။ အလုပ်ဆိုတာ လုပ်ကြည့်မှသိတာ။ အရေးကြီးတာက ကားကောင်းရမယ်၊ ဝီရိယရှိရမယ်၊ ဆက်ဆံရေးကောင်းရမယ်။ CNG တင်ထားပြီး ဂိတ်ထိုးထားလို့တော့ ဘာလုပ်မှာလဲ။ ကားငှားမောင်းခ (OWNER) ခတောင် မနည်းရှာရမှာ။

အခုညီလေးက အစ်မကားဆိုတော့ (OWNER) ခလည်း ပေးရမှာမလိုဘူး။ TAXI (အနီ)လုပ်ပြီး မောင်းစမ်းပါ။ ပတ်စမ်းပါ။ ခရီးသည်ဆိုတာက ရပ်ထားတဲ့ကားထက် လမ်းပေါ်ပြေးနေတဲ့ကားကို ငှားကြတာ သဘာဝပဲ။ မောင်းရင်းနဲ့ သိလာလိမ့်မယ်။ ဘယ်အချိန် ဘယ်နေရာမှာ လူရတယ်ဆိုတာ ပုံသေနည်းရှိတယ်။ မောင်းရင်းနဲ့ အလုပ်က သင်သွားလိမ့်မယ်။

www.burmeseclassic.com



ကားခကိုတော့ သင့်တင့်လျော်ညီစွာပဲ တောင်း၊ မဟားတရား မတောင်းနဲ့။ ဈေးများတယ်ထင်လို့ ဈေးဆစ်ရင်လည်း အစ်မကြီးရယ်၊ အစ်ကိုကြီးရယ်၊ ညီလေးရယ်၊ ကျွန်တော့်ကားက ဓာတ်ဆီကားပါ။ CNG တင်ထားတဲ့ကား မဟုတ်ပါဘူး။ ဒါကြောင့် အနည်းအပါးတော့ များပါလိမ့်မယ်လို့ ခပြော။

အခုခေတ်ခရီးသည်တွေက သဘောပေါက်တယ်။ သဘောမပေါက်ရင်လည်း သူတို့ဆစ်တဲ့ဈေးနဲ့သာ လိုက်သွားလိုက်။ လုပ်ငန်းကျွမ်းလာရင် ဘယ်နေရာကနေ ဘယ်ကို ဘယ်လောက်ကျတယ်ဆိုတာ ခရီးသည်ရော၊ ကားသမားရော သိပြီးဖြစ်လာလိမ့်မယ်။ ညီလေးကို အလုပ်က သင်သွားလိမ့်မယ်။ ဘာမှုမပူနဲ့ အရှုံးမရှိဘူး။ TAXI (အငှား)သာ အမြန်လုပ်လိုက်။ ကိုယ့်ကားလည်း ဓာတ်ဆီကားပဲ။

မနက်ပိုင်း (၁၅၀၀၀)၊ ညနေပိုင်း (၁၅၀၀၀) တစ်နေ့ (၃၀၀၀၀) ကျပ်ကတော့ အေးဆေးရတယ်။ မိုးချုပ်အောင် မောင်းစရာမလိုဘူး။ ညဘက်က အန္တရာယ်များတယ် မမောင်းနဲ့။ မနက်စောစော စထွက်၊ ညမိုးမချုပ်ခင် ပြန်သိမ်း၊ အိမ်မှာ အေးအေးဆေးဆေးအနားယူ။ ဒါပဲ''

ကျွန်တော် အစ်ကိုကြီးဦးမြတ်စိုး၏ ညွှန်ကြားချက်အတိုင်း အစ်မကြီးနှင့်တိုင်ပင်၍ အိမ်က ကားကလေးအား TAXI (အငှား) လုပ်သည်။ တောင်ဥက္ကလာပ အငှားယာဉ်ဌာနတွင် အစစ်ဆေးခံရာ တစ်နေ့တည်း ပြီးသည်။ ထိုင်နေတော့ ဘာမှုမသိ။ လက်တွေ့လုပ်ကြည့်တော့လည်း လွယ်ကူပါသည်။ တစ်ခုတော့ရှိသည်၊ ကားအင်ဂျင်နှင့် ဘော်ဒီကြံ့ခိုင်မှုတော့ ကောင်းဖို့လိုပါသည်။

ကျွန်တော့်ကားက အဖြူလေးဖြစ်သည်။ အိမ်စီးကားဖြစ်ရာ သန့်သည်။ ကျွန်တော်ကလည်း ကားကလေးအား အမြဲသနေတတ်ရာ ဝင်းလက်တောက်ပြောင်နေသည်။ TAXI မဆွဲမီ အတွင်းခန်း၊ အောက်ပိုင်းနှင့် ဘော်ဒီကို သန့်ပြန့်နေအောင် ရေဆေးသည်။

နောက်တစ်နေ့မှစ၍ ကျွန်တော် မနက်(၅)နာရီထ၍ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး ကားစဆွဲသည်။ ဈေးဦးပေါက်က ကျွန်တော်တို့ လမ်းထိပ်





စားသောက်ဆိုင်မှ ကိုတရုတ်ကြီးက သီရိမင်္ဂလာဈေးသို့ ငှားသည်။ ကျွန်တော် ဈေးမသိပါ။ (၂၅၀၀)ကျပ်ပေး၍ လိုက်ပို့လိုက်သည်။ လှိုင်မြို့နယ်မှ သီရိမင်္ဂလာဈေးသို့ ဝေးသည်မဟုတ်ပါ။ မနက်ပိုင်းကား ရှင်း၍ မိနစ်(၂၀) ခန့်ဖြင့် ရောက်သွားသည်။

ဈေးရှေ့တွင် ကားရပ်၍ ချပေးနေစဉ် ကျွန်တော့်၏ကားရှေ့တွင် ကားငှားနေသော အစ်မကြီးတစ်ဦးကို တွေ့ရသည်။ ကြက်အရှင်များတင်ရန် ဖြစ်သည်။ သူငှားသောကားနှင့် ဈေးကိုက်ဟန်မတူပါ။ ကားထွက်သွားပြီး အစ်မကြီး ကျန်နေခဲ့သည်။ ကိုတရုတ်ကြီးတို့ ဆင်းသွားသည်နှင့် ကားအားရှေ့တိုး၍ ထိုအစ်မကြီးရှေ့တွင် ကျွန်တော်ရပ် လိုက်သည်။

''ဘယ်သွားမလဲ . . . အစ်မကြီး''

အစ်မကြီးမှာ ကျွန်တော့်၏ သစ်လွင်သန့်ရှင်းသော ကားကလေးအား ကြည့်၍ အားတုံ့အားနာ ဖြစ်နေဟန်ရှိသည်။ အတော်နှင့် စကားမပြန်ပါ။ ကျွန်တော်က . . .

''အစ်မကြီး . . . ဘယ်သွားမှာလဲခင်ဗျ''

''ရှင် . . . ကျွန်မ သာကေတ ကြက်ဘဲဈေးကို သွားမှာပါ။ ကြက်တွေတင်မှာဆိုတော့ ဒီက မောင်လေးကားကို အားနာလို့ပါ''

''ကိစ္စမရှိပါဘူး . . . အစ်မကြီး။ ကျွန်တော့်ကား နောက်ဖုံးထဲမှာ ပလတ်စတစ်အခင်းတွေ အပိုပါတယ်။ နောက်မှ ရေဆေးပစ်ရင် လွယ်ပါတယ်''

''ဒါနဲ့ ဘယ်လောက်ပေးရမှာလဲ . . . မောင်လေး''

''နည်းနည်းလှမ်းပါတယ်။ ကျွန်တော့်ကားက CNG (GAS) ကား မဟုတ်တော့ (၃၀၀၀)တော့ ပေးပါဗျာ''

''(၂၅၀၀) ထားပါရှင်။ နည်းမှန်း ကျွန်မသိပါတယ်။ အဆင်မပြေလို့ပါ။ တောင်းပန်ပါတယ်ရှင်''

မနက်ပိုင်းခရီးသည်ကို လက်မလွှတ်လိုသဖြင့် ကျွန်တော် သဘောတူလိုက်ပါသည်။

''ရပါတယ် . . . အစ်မကြီး''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကားအောက်ဆင်း၍ နောက်ဖုံးဖွင့်သည်။ အစ်မကြီး၏ ကြက်တွဲများအား နောက်ဖုံးအတွင်း စနစ်တကျ စီစဉ်တင်လိုက်သည်။

''တက်ပါ ... အစ်မကြီး''

နောက်ခန်းတံခါးဖွင့်၍ အစ်မကြီးတက်သည်။ အတွင်းခန်းဖွင့်ထားသော မီးအလင်းရောင်ကြောင့် အစ်မကြီးမှာ အသက်(၅၀)ကျော် သန့်ပြန့်ခန့်ညားသော အမျိုးသမီးကြီးဖြစ်မှန်း သိရသည်။ ကျွန်တော် ကားကလေးအား ညင်သာစွာ မောင်းထွက်ခဲ့သည်။

''အစ်မကြီး ... အရောင်းအဝယ်ကောင်းရဲ့လား။ ဒီ သီရိမင်္ဂလာဈေးကလည်း အသီးအနှံနဲ့သား၊ ငါး၊ ကြက်၊ ဝက်တွေ ရောင်းတာပဲ မဟုတ်လား။ ဘာကြောင့် အဝေးကြီးသွားရောင်းရတာလဲ''

''ဟုတ်ပါတယ် မောင်လေးရယ်။ ဒီခေတ်ကြီးမှာ လခစားအလုပ်နဲ့ အဆင်မပြေလှဘူး။ အပြင်အလုပ်က တက်ရင်တက်ဈေး၊ ကျရင်ကျဈေး စားဝတ်နေရေးကို ထိန်းထားနိုင်တယ်။ ဒါကြောင့်လည်း ကိုယ့်အလုပ်ကိုလည်း မထိခိုက်အောင် ဈေးရောင်းစားရတော့တာပေါ့ကွယ်''

''အစ်မကြီးအမျိုးသားကရော မကူမညီဘူးလား''

''သူက နယ်မှာကွယ့်။ လခတော့ မှန်မှန်ပို့ပါတယ်''

ကျွန်တော်တို့ စကားပြောရင်း ကြက်ဘဲဈေးသို့ ရောက်လာသည်။ ဈေးရှေ့ ကားရပ်လိုက်တော့ အစ်မကြီးကားပေါ်က ဆင်းလာသည်ကို မြင်သည်နှင့် အလုပ်သမား ကုလားလေးများ ပြေးလာကြသည်။

''အန်တီ ... ကျွန်တော်တို့ ထမ်းပေးမယ်နော်''

''အေး ... အေး ... နှစ်ယောက်ဆိုရပါပြီကွယ်''

ကျွန်တော် ကားနောက်ဖုံးတံခါးဖွင့်၍ ကြက်တွဲများအား ထုတ်ပေးလိုက်သည်။ နောက်ဖုံးထဲတွင် ကြက်ချေးများဖြင့် ကြက်နံ့မှာ နံစော်နေသည်။ ပလတ်စတစ်အခင်းကို ဆွဲထုတ်ပြီး အသင့်ပါလာသည့် ရေပုံးဖြင့် ဆေးကြောပစ်လိုက်ရသည်။ နောက်စီးကြမည့်ခရီးသည်များ အနံ့အသက်မရစေရန် ဖြစ်ပါသည်။

''တစ်စီးလုံး နံစော်နေပြီ ထင်ပါရဲ့''





''ရပါတယ် ... အစ်မကြီး၊ ကျွန်တော် ဆပ်ပြာရည်ကို အသင့်စပ်ထားတာပါ။ နောက်နေ့မနက်တွေမှာလည်း အစ်မကြီးစောင့်နေပါ။ ကျွန်တော် နေ့တိုင်းလာပို့မယ်။ တခြားကားတွေဆိုရင် စကားပြောနေ ရဦးမယ်''

''ကျေးဇူးတင်ပါတယ် ... မောင်လေးရယ်။ အစ်မကြီး နေ့တိုင်းစောင့်နေပါ့မယ်။ ကဲ ... သွားပြီနော်''

''ဟုတ်ကဲ့ ... အစ်မကြီး''

ထိုနေ့မှစ၍ ကျွန်တော်နှင့်အစ်မကြီး ဖောက်သည်ဖြစ်သွားသည်။ သူလည်း ကားခသက်သာပြီး အချိန်မှန်မှန်အဆင်ပြေ၊ ကျွန်တော်လည်း နေ့တိုင်ဖောက်သည်ရ၍ အဆင်ပြေပါသည်။ အစ်မကြီးကိုမီစေရန် စောစောအိပ်ရာကထရခြင်းတော့ ကျွန်တော့်မှာရှိသည်။ အချို့ခရီးသည်က လမ်းမကြုံသဖြင့် အစ်မကြီးကို မီစေရန်ဖြစ်တော့သည်။

အပြန်တွင် ကုန်သည်ကြီးများဟိုတယ်သို့ စုံတွဲတစ်တွဲကို လိုက်ပို့ရသည်။ စုံတွဲမှာ အလျှင်လိုနေဟန်ရှိ၍ မြန်မြန်မောင်းပေးရသည်။ မနက်စောသေးသဖြင့် ကားလမ်းရှင်းသောကြောင့် တော်ပါသေးသည်။ ခရီးသည်များမှာ အမျိုးမျိုးရှိသည်။ တချို့ခရီးသည်က မြန်မြန်မောင်းလျှင် မကြိုက်။ သူတို့အကြိုက်ကို ကားမောင်းသူက ဆောင်ရွက်ပေးရခြင်းဖြစ်သည်။

ဆူးလေဘုရားလမ်း၊ ကုန်သည်ကြီးများဟိုတယ် ဆင်ဝင်အောက်ရောက်တော့ စုံတွဲဆင်းသည်။ ကားခပေးချေပြီး ဟိုတယ်ထဲ အဝင်နောက်စုံတွဲတစ်တွဲ တက်လာပါသည်။ မင်္ဂလာဒုံလေဆိပ်သို့ဖြစ်သည်။ ကျွန်တော့်ကားကလေးအား ရွှေတိဂုံဘုရားလမ်းမှ ပတ်ခဲ့သည်။

ဦးဝိစာရလမ်းမှ ပြည်လမ်းသို့ဆင်းပြီး မင်္ဂလာဒုံလေဆိပ်ဘက်သို့ သွားရန်ဖြစ်သည်။ ဦးဝိစာရအဝိုင်းအား ညာဘက်မှဖြတ်စဉ် ကားထဲတွင် ဖုန်းသံမြည်လာသည်။ ဒုတိယစုံတွဲထံမှ ဖုန်းသံဖြစ်ဟန်တူသည်။ ဘယ်ဘက်တွင်ထိုင်နေသော အမျိုးသမီးက ...

''ကားဆရာ ... ဖုန်းမြည်နေတယ်။ ကျွန်မတို့ဖုန်း မဟုတ်ဘူး''

သူမက သူမတို့နှစ်ယောက်တွဲအလယ်မှ ဟန်းဖုန်းတစ်လုံးကို ကောက်၍ ကျွန်တော့်အား ပေးသည်။ ကျွန်တော်ကိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို ... ကျွန်တော် ကားဆရာပါ။ ဖုန်းကျန်ခဲ့လို့ထင်ပါတယ်''

''ဟုတ်ပါတယ်ဗျာ။ ကျွန်တော်တို့ဖုန်း ကားပေါ်မှာ မေ့ကျန်ခဲ့လို့ပါ။ ကားဆရာ ပြန်လာပေးပါ။ ကျွန်တော်တို့ ကျေးဇူးဆပ်ပါ့မယ်''

''ကျေးဇူးဆပ်စရာ မလိုပါဘူးဗျာ။ ကျွန်တော့်ကားပေါ်မှာ ကျန်ခဲ့တော့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ဒါပေမဲ့ အခု ကျွန်တော် မင်္ဂလာဒုံလေဆိပ်ကို ခရီးသည်သွားပို့နေတာဗျ။ အပြန်ကျမှ လာပို့လို့ ဖြစ်လိမ့်မယ်။ ကုန်သည်ကြီးများဟိုတယ်ကိုပဲ ပို့ရမှာမဟုတ်လား''

''ဟုတ်ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ Shopping ထွက်ဦးမှာမို့ ဧည့်ကြိုကောင်တာမှာပဲ အပ်ခဲ့ပါ။ ကျွန်တော် မှာထားခဲ့ပါ့မယ်''

''ကောင်းပါပြီဗျာ''

ခရီးသည်များ နမော်နမဲ့နိုင်၍ ကျန်ခဲ့ခြင်းဖြစ်သည်။ ထိန်းသိမ်းထားရမည်မှာ ကျွန်တော်တို့ကားသမားများ တာဝန်ပင်။ ဖုန်းမဟုတ်ဘဲ အခြားပစ္စည်းဆိုလျှင်တော့ အခက်အခဲတွေ့နိုင်သည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့်တော့ ပိုင်ရှင်ကိုရှာဖွေ၍ ပြန်ပေးမည်သာဖြစ်သည်။ အမည်မသိ၍ အခက်အခဲတော့ရှိနိုင်သည်။ ဖုန်းပိုင်ရှင်က ဆက်သွယ်လာနိုင်ခြင်း ဖြစ်လေသည်။

ဒုတိယစုံတွဲအား လေဆိပ်ဆင်ဝင်အောက်တွင် ချပြီး ကျွန်တော်လှည့်ထွက်မည်အလုပ်တွင် စုံတွဲတစ်တွဲ ကားငှားပြန်သည်။ ကျွန်တော် စုံတွဲများဖြင့် အကျိုးပေးသည်။ ရွှေဘုံသာလမ်းသို့ သွားမည်ဖြစ်၍ ကုန်သည်ကြီးများဟိုတယ်သို့ ဖုန်းပြန်ပေးရန် အဆင်ပြေလှသည်။

တတိယစုံတွဲအား ရွှေဘုံသာလမ်းတွင် ချပေးပြီး ကျွန်တော့်ကားအား ကွေ့၍ မိုလ်ချုပ်လမ်းအတိုင်း တက်ခဲ့သည်။ ဆူးလေဘုရားလမ်းတွင် ကွေ့၍ ကုန်သည်ကြီးများဟိုတယ် ဆင်ဝင်အောက်တွင် ကားကို ရပ်လိုက်သည်။ ပြီးနောက် ဧည့်ကြိုကောင်တာသို့သွား၍ ဖုန်းကိုအပ်သည်။





''ဒီမှာ ခင်ဗျာ။ ကျွန်တော် TAXI ကားဆရာ ကျော်စိန်ဝင်းပါ။ စောစောက ဒီမှာတည်းတဲ့ စုံတွဲတစ်တွဲ ဖုန်းကျန်ခဲ့တာကို လာပေးတာပါ။ ဧည့်ကြိုကောင်တာမှာ အပ်ထားပေးဖို့ ပိုင်ရှင်က ဖုန်းဆက်ထားပါတယ်''

ဧည့်ကြိုအမျိုးသမီးက ...

''ဟုတ်ပါတယ်ရှင်။ ကျွန်မတို့ကို မှာသွားပါတယ်။ သူတို့ အခုကလေးတင်ပဲ Shopping ထွက်သွားကြပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။ ဟော့ဒီမှာ သူတို့ပေးသွားတာပါ''

စာအိတ်ကြီးတစ်လုံးကို ကျွန်တော့်အား ပေးသည်။ ငွေများဖြစ်ပါလိမ့်မည်။ ကျွန်တော့်အား ကျေးဇူးဆပ်မည်ဟု ဖုန်းထဲက ပြောထားခဲ့သည်လေ။

''ကျွန်တော် မယူပါဘူးခင်ဗျာ၊ ပိုင်ရှင်ကို ပြန်ပေးလိုက်ပါ''

''မဟုတ်တာရှင်။ ဒါ ကျေးဇူးဆပ်တာပါ။ ထုံးစံအတိုင်းပါပဲ။ ယူသွားပါရှင်''

ကျွန်တော် မငြင်းသာတော့ပါ။ ကားဘက် ပြန်လှည့်ခဲ့ရသည်။ ကားပေါ်ပြန်တက်ပြီး အနော်ရထာလမ်းဘက် ချိုးအကွေ့တွင် အဘိုးကြီးတစ်ဦး လက်ပြ၍ ကားငှားသည်။

''ရွှေတိဂုံဘုရားသွားချင်တယ် ... သားရယ်၊ ဘယ်လောက်ပေးရမလဲ''

''တက်ပါ ... အဘ။ လမ်းကြုံပါတယ်''

''ဘယ်လိုကွယ့်၊ လမ်းကြုံသတဲ့လား''

''ဟုတ်တယ် အဘ။ ကျွန်တော်ရတဲ့ အပိုငွေကလေးနဲ့ ဘုရားကြီးမှာ ရွှေဆိုင်းသွားလှူချင်လို့ပါ။ အဘကိုလည်း ကုသိုလ်ဖြစ် လိုက်ပို့မှာပါ။ ကားခပေးစရာ မလိုပါဘူး။

''အေးကွယ် ... သာဓု ... သာဓု ... သာဓုပါ ... ငါ့သားရယ်။ ရန်ကုန်မှာ ပိုက်ဆံမပေးရင် ရေတောင် အလကားမရနိုင်ပါဘူး။ ငါ့သားကြီး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ သွားလေရာလာလေရာ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းပြီး ဘေးရှင်းပါစေ၊ တရားထူး တရားမြတ်များလည်း အလွယ်တကူ ရရှိနိုင်ပါစေကွယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ... အဘရယ်''

ကျွန်တော့်ကားကလေး အရှေ့ဘက်မုခ် ဓာတ်လှေကားအနီးရပ်ပြီး အဘဆင်းသည်။ ကျွန်တော်ကားတံခါးများ ပိတ်မည်အလုပ် အဘထိုင်သွားသော နောက်ခန်းကုရှင်ပေါ်၌ ငွေလက်စွပ်ကလေး တစ်ကွင်းကို တွေ့ရသည်။ ဓာတ်လုံးကို ကွင်းထားခြင်းဖြစ်သည်။

အဘကျကျန်သွားခြင်း ဖြစ်မည်အထင်နှင့် လက်စွပ်ကလေးကို ကောက်ယူပြီး ကားတံခါးများပိတ်၊ သော့ခတ်၍ ဓာတ်လှေကားဘက်သို့ ပြေးခဲ့သည်။ အဘကိုမတွေ့ရ။ ဓာတ်လှေကားလည်း အဆင်းအတက် မရှိ။ လူလည်း ရှင်းနေသည်။

ကျွန်တော် အရှေ့ဘက်စောင်းတန်းသို့ ပြေးခဲ့ပြန်ပါသည်။ အဘကို မတွေ့ရတော့ပါ။ အတော်လျင်မြန်သော အဘဖြစ်သည်။ အသက် (၇၀)ခန့်ရှိသော်လည်း ကျန်းမာရေးကောင်းပုံရသည်။ ဘုရားပေါ်တက်လျှင် အဘကို တစ်ထောင့်တစ်နေရာတွင် မတွေ့နိုင်စရာမရှိပါ။ နေ့လယ်(၁၂)နာရီလည်း ထိုးပါပြီ။ ဗိုက်ကလည်း ဆာလှသဖြင့် နီးစပ်ရာထမင်းဆိုင်တစ်ခုသို့ ဝင်ထိုင်ဖြစ်သည်။

''လာ ... လာ ... ကားဆရာမောင်လေး။ ဘာဟင်းနဲ့ စားမှာလဲ။ ထိုင်ပါ ... ရေနွေးကြမ်းလည်း ရှိတယ်''

''ခင်ဗျာ ...''

ကျွန်တော် အလွန်အံ့သြသွားမိသည်။ သို့သော်လည်း ကျွန်တော့်ကားပေါ်က ဆင်းလာတာမြင်ရ၍ ကားဆရာဟုခေါ်ခြင်းလည်း ဖြစ်နိုင်လေသည်။ ထမင်းဆိုင်ရှင်အစ်မကြီးက စားမည့်ဟင်းကို မေးသော်လည်း ကြက်သားရော၊ ဝက်သားဟင်းပါ ချပေးသည်။ ကျွန်တော် ရွေးချယ်စားရန် ဖြစ်ပေလိမ့်မည်။

''ကြိုက်သလိုစားပါ ... မောင်လေး။ အဘရာကျော်က မှာသွားပါတယ်။ ကားဆရာလေးလာရင် ဟင်းတွေ အကုန်ချကျွေးတဲ့။ သူ့ကို





ဘုရားလိုက်ပို့တာ ကျေးဇူးရှိသတဲ့။ မောင်လေးအတွက် အန္တရာယ်ကင်းစေတဲ့ လက်စွပ်တစ်ကွင်း ကားထဲမှာ ထားခဲ့သတဲ့။ အဘက လူထူးဆန်းကြီး မောင်လေးရဲ့။ အသက်က (၁၀၀)ကျော်နေပြီ။ စိတ်မြန်လက်မြန် သွားတုန်းပဲ''

''ခင်ဗျာ ...''

ကျွန်တော် ဒုတိယအကြိမ် အံ့သြမိပြန်သည်။ (၅) မိနစ်ခန့် အချိန်ကလေးအတွင်း ဘုရားပေါ်သို့ မည်သို့တက်သွားသည်ကို မတွေ့လိုက်ရ။ အခုလည်း ကျွန်တော့်အား အဆောင်လက်စွပ်ပေး၍ ထမင်းဆိုင်သို့ လာမည်ကို ကြိုတင်သိနေသည်။ အသက်ကလည်း (၇၀)မဟုတ်၊ (၁၀၀)ကျော်ပြီဟု သိရပြန်သည်။

''အစ်မကြီး ... အဘ ထမင်းစားသွားသေးသလား''

''မစားတော့ဘူးကွယ့်။ စားပြီးဟန်တူတယ်။ မွန်းတည့်ချိန်နီးတော့ အဘက ဘာမှစားတော့မှာ မဟုတ်ဘူး။ အဘက သက်သတ်လွတ်စားတယ်။ နေ့စဉ် ဥပုသ်စောင့်တယ်''

ကျွန်တော် အဘအား အလွန်အံ့သြ လေးစားရပါသည်။ စားသောက်ပြီးနောက် ဘုရားပေါ်သို့ တက်ခဲ့သည်။ ဘုရားရင်ပြင်တော်အား လက်ယာရစ်တစ်ပတ်မျှ လျင်မြန်စွာ ပတ်သည်။ အဘအား မမြင်ရတော့ပါ။

ထို့ကြောင့် အရှေ့ဘက်စောင်းတန်းအနီးရှိ ရွှေဆိုင်းအလှူခံနေရာတွင် ငွေတစ်သောင်းလှူပြီး တနင်္လာထောင့်တွင် ဘုရားဝတ်ပြု၍ အမျှအတန်း ဝေပါသည်။ ထိုနေ့က ကျွန်တော် ကားဆွဲခဲ့သည်မှာ (၈၀၀၀) ကျော်ခန့်ရသည်။ နှစ်ဂါလန်ထည့်ထားသော ဓာတ်ဆီမှာလည်း မကုန်ပါ။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဘဝတွင် ရွှေ၊ ငွေ၊ လက်ဝတ်လက်စား ဝတ်ဆင်ခြင်းကို ဝါသနာမပါသဖြင့် အလွန်ဝတ်ဆင်ခဲသည်။ နာရီဝတ်ဆင်ခြင်းကိုသာ နေ့မဖြစ်လိုအပ်၍ ဝတ်ဆင်တတ်သည်။ နာရီကိုတော့ အကောင်းစားမှ ပတ်သည်။

ငယ်စဉ်ကပင် ဆွစ်ဇာလန်နိုင်ငံလုပ် နာရီများဖြစ်သော Romar, Titoni နာရီများကို ပတ်ခဲ့ပြီး အလုပ်ဝင်တော့လည်း ဆွစ်ဇာလန်နိုင်ငံလုပ် Mido, Rado နာရီများကိုသာ စွဲမြဲစွာ ပတ်ခဲ့သည်။ သို့သော် ကျွန်ုပ်နှင့် နာရီကောင်းများမှာ မမြဲ။ အပေါင်းအသင်းများက အတင်းလုဝယ်သွားသည် နှင့်၊ အခိုးခံရ၍ ပျောက်ဆုံးသည်နှင့်သာ ကြုံရသည်။

နောက်ဆုံး အလုပ်ကထွက်တော့ ဆွစ်ဇာလန်လုပ် နာရီအကောင်းစားများကို မပတ်နိုင်တော့ပေ။ ဂျပန်လုပ် Seiko နှင့် Citizen နာရီများကိုသာ ပတ်နိုင်တော့သည်။ သို့သော် ကျွန်ုပ်တွင် နာရီတစ်လုံးတည်းမဟုတ်၊ နာရီ(၃)လုံးခန့်ကတော့ အမြဲတမ်း ရှိနေသည်။ Automatic နှင့် ဓာတ်ခဲနာရီများဖြစ်သည်။ ဂျပန်နာရီများနှင့်တော့ ဓာတ်တည့်သည်လားမသိ။ ကြာရှည်အောင်ပတ်ရသည်။ အပျက်အစီးလည်း နည်းသည်။ အပေါင်းအသင်းများကလည်း မတောင်းဆိုတော့ပါ။

ကော့သောင်းစခန်း ပြောင်းရစဉ်က Seiko သဘော်သားပတ် ရေငုပ်နာရီကြီးတစ်လုံးနှင့် မြလက်စွပ်တစ်ကွင်း ပါသွားသည်။ ပါဆယ်ပြည်နှင်း



www.burmeseclassic.com

www.burmeseclassic.com



ခန်း တပ်ကြပ်ကြီး ကိုကုလားက နှစ်သက်လွန်း၍ အတင်းတောင်းဝယ်ရာ မရောင်းသဖြင့် Sharp ကက်ဆက်အနီကလေးဖြင့် အတင်းလဲသွားသည်။

မကြာပါ။ ရက်ပိုင်းအတွင်းမှာပင် ပသျှူးလူမျိုး အသိမိတ်ဆွေ တစ်ဦးက Mido နာရီတစ်လုံးကို ဈေးချောင်ချောင်နှင့် လာရောင်းသဖြင့် ဝယ်လိုက်သည်။ Mido နာရီမှာ ဆွစ်ဇာလန်နိုင်ငံလုပ် ရေစိမ်ခံ၊ အကြမ်းခံ သဘော်သားသုံး နာရီအမျိုးအစားဖြစ်သည်။ အဝိုင်းပုံမဆန်းသော်လည်း ခေတ်မီသည်။ အချိန်မှန်သည်။

အောက်ချိုင့်ဆီအုန်းခြံတွင် ကျွန်ုပ်တာဝန်ခံအဖြစ် အုပ်ချုပ်နေစဉ် တစ်နေ့ ဦးကျော်ဝင်းစိန်ဟူသော ထောင်မှူးတစ်ယောက် ပြောင်းရွှေ့ရောက်ရှိလာသဖြင့် သတင်းပို့သည်။ ဖြူဖြူသေးသေးဖြစ်သော်လည်း အလွန်သန်မာသည်။ သွက်လက်သည်။ ဘော်လီဘော အပုတ်ကောင်းသည်။ ရှေ့တန်းတပ်ခွဲများအတွက် အားကိုးရသည်။ ကျွန်ုပ်နှင့် အတူစားပြီး ရုံးအိမ်ကြီးတွင် အတူနေထိုင်သည်။

တစ်လခန့်အကြာတွင် သူ့မိသားစုပါ လာရောက်နေထိုင်မည် ဖြစ်၍ သီးသန့်အိမ်ကလေးဆောက်ပေးရန် ပူဆာသည်။ ကျွန်ုပ်ကလည်း ညီတစ်ယောက်သဖွယ် ချစ်ခင်သဖြင့် သစ်ပေါ၊ ဝါးပေါဒေသဖြစ်ခြင်းကြောင့် ရုံးခန်းအနောက်ဘက်တွင် အိမ်သစ်ကလေး ဆောက်ပေးလိုက်သည်။

တစ်ပတ်ခန့်အကြာတွင် ကလေးနှစ်ယောက်နှင့် သူ့ဇနီးသဘော် ခရီးစဉ်ဖြင့် ရောက်လာသည်။ မန္တလေးကဖြစ်၍ မိုးကုတ်ကျောက်ကလေးများပါလာသည်။ ကျွန်ုပ်ကို ရောင်းသော်လည်း ကျွန်ုပ်က ဝါသနာ မပါ၍ မဝယ်ဖြစ်။ သို့သော် သူ့မိသားစုအသုံးလို၍ ဈေးငွေကိုတော့ ကျွန်ုပ်က ထုတ်ပေးလိုက်ရသည်။

သူတို့ ကော့သောင်းမြို့သို့ဆင်း၍ ရောင်းကြသည်။ ရောင်းရသည် ဟုလည်း သိရသည်။ သို့သော် အကုန်မဟုတ်ပါ။ ကျန်နေသေးသည်။ နီလာဂေါ်ကြိုးတစ်ကုံးနှင့် ပတ္တမြားလေးတစ်လုံး၊ ကျောက်ရိုင်းကလေးများ ဖြစ်သည်။ ကျွန်ုပ်ထံမှ ချေးထားသောငွေနှင့် ထိုကျောက်ကလေးများအား တန်ဖိုးသင့်ချေပြီး ဝယ်ယူရန် ကမ်းလှမ်းလာသည်။





''ဖိုးကျော် ... ငါလက်ဝတ်လက်စားဆိုရင် နာရီကလွဲလို့၍ ဝါသနာမပါတာ မင်းလည်း သိသားနဲ့ကွာ''

''ဆရာရယ် ... ပတ္တမြားလေးက အရည်နုပေမဲ့ နီလာဂေါ် ကြိုးက အရွယ်လည်းကောင်းပြီး တန်းဝင်ပါတယ်။ ဆရာ့ဆီက ချေးထားတဲ့ငွေက ဒီတစ်ကုံးတည်းနဲ့တင် တန်ပါတယ်။ အဲဒီနီလာက ဘာဖြစ်မှန်းမသိဘူး။ ဝယ်လက်ကကြိုက်ပေမဲ့ အရောင်းအဝယ်လုပ်တာနဲ့ ပျက်ပျက်သွားတယ်။ ကူညီပါဆရာရယ်''

''အေး ... အေး ... ဒါဖြင့်လည်း ထားခဲ့တော့။ ငါယူလိုက်မယ်''

မဆပ်နိုင်သောကြွေး၊ မတင်စေရန်အတွက် ကျွန်ုပ် ယူလိုက်ပါသည်။ တစ်နေ့တွင် ရန်ကုန်မှ ရဲဘက်နှင့် ရိက္ခာပို့သင်္ဘောကြိုရန်အတွက် ကျွန်ုပ်တို့ စခန်းတာဝန်ခံများ ကော့သောင်းမြို့သို့ ဆင်းရသည်။ သင်္ဘော မရောက်သေးသဖြင့် ကျွန်ုပ်တစ်ဦးတည်း မြို့ဦးစေတီတော်ပေါ်တက်၍ ဘုရားဖူးရင်း ဘုရားရင်ပြင်တော်ပေါ်မှ တစ်ဖက်နိုင်ငံ ရနောင်းမြို့ဘက်သို့ ငေးမောကြည့်နေမိစဉ် လူကြီးတစ်ဦး၏အသံကို ကြားရသည်။

''ဒီက သားကြီးမှာ မီးခြစ်ပါသလားကွယ့်။ မီးခြစ်ပါရင် အဘကို ခဏငှားပါကွယ်''

ကျွန်ုပ်က ဆေးလိပ်မသောက်တတ်။ သို့သော် (ဂျ)ကျပ်သာပေးရသော ထိုင်းနိုင်ငံလုပ် Gas မီးခြစ်ကလေးကိုတော့ လွယ်အိတ်ထဲ၌ အမြဲဆောင်ထားလေ့ရှိသည်။ ကျွန်ုပ်၏လွယ်အိတ်ထဲတွင် အရေးပေါ်အသုံးပြုရန် လက်နှိပ်ဓာတ်မီး၊ ရေဘူးနှင့် ခြောက်လုံးပြူးကလေး အမြဲပါသည်။ ဖိုးကျော်ထံမှ ဝယ်ထားသော ကျောက်ထုပ်ကလေးကလည်း ဘေးအိတ်ထဲ၌ ရှိနေသည်။

''ဟုတ်ကဲ့ ... အဘ၊ ဒီမှာပါ ခင်ဗျာ''

''ငါ့သားကြီးက ဆေးလိပ်မသောက်တတ်ပေမဲ့ မီးခြစ်တော့ဆောင်ထားတတ်သကိုးကွယ့်။ လိုရမည်ရ ကောင်းတာပေါ့ကွယ်''



www.burmeseclassic.com

www.burmeseclassic.com



အသက်(၇၀)အရွယ်ခန့် အဘိုးအိုမှာ သူ၏ဆေးပြင်းလိပ်ကြီးအား မီးညှိပြီး အားရပါးရ ဖွာရှိုက်နေသည်။ ပြီးနောက် ကျွန်ုပ်အား မီးခြစ်ကလေးကို ပြန်ပေးသည်။

"အဘ . . . အသုံးလိုရင် ယူထားပါ။ ကျွန်တော်က လိုရမည်ရ ဆောင်ထားတာပါ"

"အေး . . . အေး . . . ကျေးဇူးပဲ . . . သားကြီးရေ။ အဘလည်း ခရီးသွားနေရင်း မီးခြစ်က ဘယ်မှာကျန်နေခဲ့မှန်း မသိပါဘူးကွယ်။ သာဓု သာဓု . . . သာဓု"

"ဒါနဲ့ အဘက ဘယ်ကလာလို့ ဘယ်သွားမှာလဲ"

"ဂန္ဓာရီခရီးသည်ပေါ့ . . . သားကြီးရယ်။ ဘုရားဖူးလာတာပါ"

"အဘ . . . ထမင်းကော စားပြီးပြီလား"

"မစားရသေးပါဘူး . . . သားကြီးရယ်၊ ကြုံရာပေါ့"

"ကျွန်တော် ကျွေးပါရစေ။ ကျွန်တော်လည်း ရန်ကုန်ကလာမယ့် သင်္ဘောကိုစောင့်ရင်း အချိန်ရပါတယ်"

"အေး . . . အေးပါကွယ်၊ ငါ့သားကြီးက သဒ္ဓါတရား ထက်သန်ဘာကိုး။ အဘကလည်း ပြန်ကူညီဦးမှာပေါ့။ ငါ့သားကြီးက သောကြာသားမဟုတ်လားကွယ့်။ နေ့နံသင့် ကျောက်ကောင်းတစ်ပွင့်ကို ဆောင်သင့်တယ်။ ငါ့သားကြီးက စိတ်ကောင်းရှိပေမဲ့ ရန်သူတွေပေါ်လာတတ်တယ်ကွယ့်။

သောကြာသားအတွက် ဆောင်သင့်တာက နီလာ၊ စိန်နဲ့ ပုလဲပဲ မိတ်ဖက်ကျသကွယ့်။ ခုတ်တူနံ့တူ မိတ်ဖက်ယူဆိုတဲ့ စကားကိုတော့ သားကြီးကြားဖူးမှာပေါ့။ မင်းမှာရှိတဲ့ နီလာဂေါ်ကြိုးကို လက်စွပ်ကွင်းပြီး ဆောင်လိုက်ပါ။ အန္တရာယ်ကင်းပြီး စိတ်သွားတိုင်းကိုယ်ပါ လိုရာပြီးမြောက်တာပေါ့ကွယ်"

တစ်ခဏကလေးအတွင်းမှာတွေ့ရသော အဘိုးကြီးက ကျွန်ုပ် သောကြာသားဖြစ်မှန်း၊ နီလာတစ်ပွင့်ရှိမှန်းလည်းသိနေ၍ ကျွန်ုပ် အံ့သြမိသည်။ ကျွန်ုပ် အံ့သြမှန်းသိ၍ အဘိုးကြီးက . . .





"မအံ့သြပါနဲ့ . . . ငါ့သားကြီး၊ အဲဒီနီလာဂေါ်ကြိုးက ငါ့သားကြီးနဲ့သာ ထိုက်တန်အပ်စပ်လို့ တမင်ကျန်နေခဲ့တာ။ အဖိုးတန်အဆောင်ကောင်းကွယ့်။ လက်စွပ်ကွင်းပြီးသာ ဝတ်လိုက်၊ မင်းဘဝအန္တရာယ်ကင်းပြီး ဘုန်းတက်ကြီးပွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ . . . အဘ။ ကျွန်တော်ဒီကနေ့ပဲ ပန်းထိမ်ဆိုင်ကို အပ်လိုက်ပါ့မယ်"

ထိုနေ့က ကျွန်ုပ်အဘိုးကြီးအား ဦးကျော်ဆိုင်တွင် ခေါက်ဆွဲကျွေးလိုက်သည်။ အသားမစား၊ သက်သတ်လွတ်ဆို၍ ဦးကျော်က အသီးအရွက်ဖြင့် အဆင်ပြေအောင် ကြော်ပေးသည်။ စားပြီးသည်နှင့် အဘိုးအိုက တောင်ဝှေးတစ်ချောင်းဖြင့် ဘုရားပေါ် ပြန်တက်သွားသည်။ ကျွန်ုပ်လည်း ဆိုင်ကယ်ဖြင့် ဆိပ်ကမ်းသို့ ဆင်းခဲ့သည်။

သင်္ဘောကြီးက မလာသေးသဖြင့် ပန်းထိမ်ဆိုင်အား စုံစမ်းရာ ဈေးထဲ၌မရှိဘဲ ဆေးရုံအနီးတွင်ရှိသည်ဆိုသောကြောင့် ချက်ချင်းပင် သွားအပ်လိုက်သည်။ တစ်ပတ်ခန့်ကြာမှ ရမည်ဟုဆိုသည်။ တစ်မတ်သားရွှေဖြင့် လက်စွပ်ကွင်းခိုင်းလိုက်သည်။ ထိုစဉ် သင်္ဘောကြီးအသံကြားရသဖြင့် ဆိပ်ကမ်းသို့ ပြန်ဆင်းပြေးခဲ့ရသည်။

ဟားခါးသင်္ဘောကြီးဖြစ်သည်။ ကျွန်ုပ်တို့ဌာနက စင်းလုံးငှားထားခြင်းဖြစ်သည်။ ရဲဘက်၊ ဝန်ထမ်းနှင့် ရိက္ခာများပါလာသည်။ ကျွန်ုပ်တို့ ဆိပ်ကမ်းတွင် အသင့်ငှားထားသော စက်လှေကြီးများဖြင့် ရေလယ်သို့သွား၍ ရဲဘက်နှင့် ဝန်ထမ်းများကို ပထမသယ်ဆောင်ပြီး အသင့်စောင့်နေသည့် Hino ကားကြီးများဖြင့် စခန်းသို့ ပို့ရသည်။ ရိက္ခာများကိုတော့ စက်လှေကြီးများဖြင့်ထည့်ပြီး ဆိပ်ကမ်းတွင် စုပုံရသည်။ ယနေ့တစ်နေ့လုံးတစ်ညလုံး ပစ္စည်းများအား အနီးဆုံး ရေတံခွန်စခန်းသို့ စုပုံရမည်ဖြစ်သည်။

နောက်တစ်ပတ်တွင် ကျွန်ုပ်ကော့သောင်းမြို့သို့ စာပို့ဆင်းရင်း ရွှေပန်းထိမ်တွင်အပ်ထားသော နီလာလက်စွပ်ကို ရွေးယူသည်။ ပန်းထိမ်ဆရာ တော်ပါပေသည်။ တစ်မတ်သားလက်စွပ်မှာ ခံ့ခံ့ကြွားကြွားကြီး ဖြစ်နေသည်။ ကျွန်ုပ်လက်နှင့်လည်း အတော်ပင် အဆင်ပြေသည်။ ထိုလက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ဆင်လိုက်သည်နှင့် ကျွန်ုပ်မှာ ကာယသိဒ္ဓိတိုးသလို ပေါ့ပါးသွက်လက်နေသည်။

ထုံးစံအတိုင်း မြို့ဦးဘုရားပေါ်တက်၍ ဘုရားဝတ်ပြုပြီး ယခင်အပတ်က တွေ့ခဲ့ရသည့် အဘအား ရှာဖွေသော်လည်း မတွေ့ရတော့ပါ။ ဂန္ဓာရီအဘ ဘယ်ဆီကြွလှမ်းသွားသည် မသိနိုင်တော့ပါ။ ကျွန်ုပ် ဘုရားရင်ပြင်ပေါ်မှဆင်းပြီး ဦးကျော်ဆိုင်တွင် ခေါက်ဆွဲကြော်စားသည်။ ထိုစဉ် ဦးကျော်က ...

''ဆရာထောင်မှူးရေ ... ဆရာ့အဘ နောက်တစ်နေ့မနက် လာသေးတယ်။ သက်သတ်လွတ် ခေါက်ဆွဲကြော်ပဲမှာလို့ ကျွန်တော် ဒါနပြုလိုက်ပါတယ်။ ဘုရားရင်ပြင်တော်မှာပဲအိပ်ပြီး တစ်နေ့တစ်နပ်ပဲ စားဟန်တူတယ်''

''အေးဗျာ ... ဦးကျော်ရယ်၊ ဒီနေ့များတွေ့ရဦးမလားလို့ ကျွန်တော်ဘုရားပေါ် အရင်တက်သွားတာ မရှိတော့ဘူးဗျို့''

''အင်း ... သူတော်စင်တွေ ထင်ပါရဲ့ဗျာ။ ကျွန်တော်လည်း တစ်နပ်ကုသိုလ်ပြုလိုက်ရလို့ ဝမ်းသာပါသဗျာ။ တစ်ခုထူးခြားတာကတော့ ကျွန်တော့်ကို နွယ်ဝင်ခွေတစ်ခု ပေးသွားတယ်။ ရွှေချပြီး ဆိုင်အပေါက်ဝအပေါ်မှာ ချိတ်ထားဆိုလို့ ကျွန်တော်လည်း လုပ်ထားတယ်။ ဟောဟိုမှာလေဗျာ''

''ဦးကျော် ... ဘာထူးခြားသလဲဗျ''

''ထူးတယ် ... ဆရာရေ၊ ဆိုင်ကအရင်ထက် နှစ်ဆရောင်းရတယ်။ အခုလည်း အဘက ဆရာနဲ့ပတ်သက်တာမို့ ဆရာ့ကို ဒါနပြု ကျွေးမွေးပါရစေ။ ကြိုက်ရာမှာစားပါ ဆရာ''

''ကျေးဇူးတင်ပါတယ်ဗျာ၊ ပုဂ္ဂိုလ်ထူးနဲ့တွေ့ရတာ ထင်ပါရဲ့။ ကျွန်တော်တို့ အသိနောက်ကျတယ် ဆိုရမှာပေါ့နော်''

''ဟုတ်ကဲ့ပါ ... ဆရာရယ်၊ ကျွန်တော့်မိန်းမလည်း ကျွန်တော်ပြောလို့ ဘုရားပေါ်ကို နေ့တိုင်းသွားကြည့်တာ အဘကို မတွေ့တော့ပါဘူးဗျာ''





''အေးဗျာ ... ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒါနပြုလိုက်ရတာ အမြတ်ပေါ့။ နောက်ထူးခြားရင်လည်း ကျွန်တော့်ကို ပြောဦးဗျာ''

''စိတ်ချ ... ဆရာရေ၊ တစ်မြို့လုံးက ကျွန်တော်ပြောထားလို့ ဝင်စားနေကြတာ။ တချို့ဆိုရင် မြေတော်ကျွန်းဘက်တောင်သွားပြီး အဘကို ရှာကြသေးတယ်။ မတွေ့တော့ပါဘူးဗျာ''

''ပုဂ္ဂိုလ်ထူးဆိုတာ ဒီလိုပဲဗျို့။ မထင်မှတ်ဘဲ ဖူးထိုက်မှ တွေ့ရတာ။ ဦးကျော်နဲ့ကျွန်တော် ပဋ္ဌာန်းဆက်ရှိလို့ အဘကိုတွေ့ရတာ ထင်ပါရဲ့ဗျာ နော်''

''ဟုတ်ပါရဲ့ ... ဆရာရယ်။ ဒီတစ်ခါတွေ့ရင်တော့ ကျွန်တော် အိမ်အပေါ်မှာပင့်ပြီး ခေါ်ထားမှာ''

''ဒီလိုပုဂ္ဂိုလ်ထူးမျိုးကို နောက်တစ်ခါတွေ့ဖို့ မလွယ်တော့ပါဘူးဗျာ။ ကဲ ... ဦးကျော် ကျွန်တော်ပြန်ဦးမယ်။ ကျေးဇူးပဲဗျို့''

နောက်တစ်ပတ်အကြာတွင် စခန်းသို့ အမိန့်စာကြေးနန်း ဝင်လာသည်။ ကျွန်ုပ် ရာထူးတိုးခြင်းဖြစ်သည်။ ထောင်မှူးမှ ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ပေးခြင်းဖြစ်သည်။ ထူးဆန်း'စွာ' တိုက်ဆိုင်သည်မှာ ကျွန်ုပ် အဘလက်စွပ်ကလေးအား ပန်းထိမ်ဆိုင်မှရွေးယူ၍ စတင် ဝတ်ဆင်သောနေ့မှာ ရာထူးစတင်တိုးသောနေ့ ဖြစ်နေခြင်းပင်။ ကျွန်တော် အလွန်အံ့သြဝမ်းသာမိသည်။

နောက်ပိုင်း၌လည်း ကျွန်ုပ် ဆိုင်ကယ်(၂)ခါမှောက်သည်။ ဘာမျှမဖြစ်၊ တနင်္သာရီရိုးမပေါ်တက်၍ အမဲပစ်စဉ် တောဝက်အလိုက်ခံရသည်။ ကျွန်ုပ်ကသာ လက်ဦး၍ အန္တရာယ်မဖြစ်ပါ။ ကျားနက်နှင့် တိုးစဉ်ကလည်း ကျွန်ုပ် ဘာမျှမဖြစ်ခဲ့ပါ။

နောက်ဆုံး တောင်မြောင်ပေါ်၌ လူသတ်မှုအား ကျွန်ုပ် ရေဆုံးရှာလိုက်ပြီး ဖော်ထုတ်ခဲ့၍ အမှုမှန်ပေါ်ခဲ့သည်။ သတင်းပေးဆေးမှူး ဆေးနိုင်တစ်ယောက် ရေတံခွန်ချောက်၌ လူသတ်တရားခံဘက်မှ ချောင်းမြောင်းလုပ်ကြံ၍ သေဆုံးခဲ့သော်လည်း ကျွန်ုပ် ဘာမျှမဖြစ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ကံကြောင့်လား၊ အဘပြောခဲ့သည့် နီလာ ဂေါ်ကြိုး လက်စွပ်၏ အစွမ်းကြောင့်လားတော့ မသိနိုင်ပါ။ အဘကတော့ ကျွန်ုပ်အား ကြိုတင်၍ အန္တရာယ်ရှိကြောင်း သတိပေးခဲ့သည်ကိုတော့ ကျွန်ုပ် အမှတ်ရမိသည်။

ကျွန်ုပ် ရာထူးတက်ခြင်း၊ အသက်အန္တရာယ်ရှိခြင်းတို့ကို ကြိုတင်သိနေသည့် အဘပညာကို လေးစားမိသည်။ တိုက်ဆိုင်မှုဖြစ်စေ၊ အဘပညာဖြစ်စေ၊ ကျွန်ုပ်၏ဘဝ အောင်မြင်မှုရလာသည်ကတော့ လက်တွေ့အထင်ကရဖြစ်သည်ကို ငြင်း၍မရနိုင်ပါ။

ကျွန်ုပ် ကော့သောင်းဆီအုန်းစခန်းတွင် တာဝန်ထမ်းဆောင်ခြင်း (၂)နှစ်ပြည့်တော့ အင်းစိန်ထောင်သို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ အချုပ်ရုံးတာဝန်ခံ (၂)ဆောင် အဆောင်မှူး၊ ပုံသေပစ္စည်းတာဝန်ကို တစ်ပြိုင်တည်း ထမ်းဆောင်ရသည်။ အချုပ်ရုံး၌ တာဝန်ထမ်းဆောင်ရသည်မှာ နိုင်ငံခြားသားကိစ္စများလည်းပါသည်။

မူဂျာဟစ်များ၊ ယိုးဒယား ငါးခိုးသင်္ဘောသားများ၊ ကပ်ပက်ထရစ်တို့လို လူသတ်မှုကျူးလွန်သည့် အင်္ဂလိပ်လူမျိုးများလည်း ပါဝင်သည်။ သက်ဆိုင်ရာသံရုံးများက ထောင်ဝင်စာ လာရောက်တွေ့ဆုံလျှင် ကျွန်ုပ်တို့က (လ-ဝ-က) (စသုံးလုံး) နှင့်အတူ (Interview) စီစဉ်ပေးရသည်။ ယိုးဒယားသင်္ဘောသားများထဲမှ ခေါင်းဆောင်အခန်းလူကြီး နိုင်လတ်မှာ ကျွန်ုပ်နှင့် အတော်ခင်သည်။

ကျွန်ုပ်၏တပည့် ရုံးအဖွဲ့မှ အောင်မြင့်တင်မှာ ထိုင်းစကားတတ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်နှင့် ယိုးဒယားအဖွဲ့မှာ အတော်အဆင်ပြေသည်။ ကျွန်ုပ်ကိုတွေ့သည်နှင့် လက်အုပ်ချီကာ 'ဆဝါဒီခပ်'ဟု ပြောဆို၍ နှုတ်ဆက်ကြသည်။ ကျွန်ုပ်ကလည်း သူတို့ စားရေး၊ သောက်ရေး နေထိုင်ရေး၊ ကျန်းမာရေးတို့အား ဂရုစိုက်ဆောင်ရွက်ပေးသည်။

Interview တွေ့ပြီးသည်နှင့် ကျွန်ုပ်အား မုန့်များ၊ အသုံးအဆောင်များဖြင့် လက်ဆောင်ပေးတတ်သည်။ အားရက်များတွင် ကျွန်ုပ်က ခေါင်း





ဆောင်နိုင်လတ်ကိုခေါ်ပြီး ယိုးဒယားစကားသင်သည်။ သူ့ကိုလည်း မြန်မာစကားသင်ပေးသည်။ ကြားခံစကားပြန်က အောင်မြင့်တင်ပင်ဖြစ်သည်။ နှစ်လတ်ကြာတော့ နိုင်လတ်နှင့်ကျွန်ုပ် ညီအစ်ကိုလို ရင်းနှီးသွားကြသည်။

နိုင်လတ်တို့ လွတ်သောနေ့တွင် ကျွန်ုပ်က ထောင်ပိုင်ထံ၌ အရင်းဖြင့်အပ်ထားသော လက်စွပ်၊ နာရီ၊ ဆွဲကြိုး၊ အသုံးအဆောင်များကို ထုတ်ပေးရသည်။ ထောင်မှမထွက်မီ (လ-ဝ-က) အရာရှိများရှေ့တွင် ပစ္စည်းများကို အပ်ရသည်။

ထိုင်းဘတ်ကြိုးများနှင့် Mido, Rado, Rolex နာရီကောင်းများပါသည်။ နိုင်လတ်က အဝတ်အစားများ လဲလှယ်ပြီးသည်နှင့် ကျွန်ုပ်အား Rolex နာရီကလေးတစ်လုံးကို လက်ဆောင်ပေးသည်။ ကျွန်ုပ်၌လည်း ကော့သောင်းမြို့မှ ဝယ်လာသော Mido နာရီရှိနေသဖြင့် ငြင်းပယ်ရာ သူက (လ-ဝ-က) လူကြီးများအား ခွင့်တောင်း၍ အတင်းပေးနေပြန်သည်။

နောက်ဆုံးတွင် ကျွန်ုပ် လက်ခံရတော့သည်။ သို့သော် သူတို့ ဓလေ့ထုံးစံကို ကျွန်ုပ်သိသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သလို လက်ဝတ်ရတနာကို နာရီမှလွဲ၍ တန်ဖိုးမထားတတ်သော ကျွန်ုပ်က လက်ဆောင်ပြန်အဖြစ် ကျွန်ုပ်တွင် အလွယ်တကူရှိနေသော ရွှေတစ်မတ်သားထည့်ထားသည့် နီလာလက်စွပ်ကလေးအား ခေါင်းဆောင်နိုင်လတ်အား (လ-ဝ-က)အရာရှိရှေ့တွင် ခွင့်တောင်း၍ ချွတ်ပေး လိုက်တော့သည်။ နိုင်လတ်မှာ ကျွန်ုပ်အား 'ဆဝါဒီခပ်' အကြိမ်ကြိမ်လုပ်၍ ကန်တော့သည်။

နိုင်လတ်တို့ ယိုးဒယားပြန်သွားပြီး တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်၏ လက် ယားနေသည်ဆိုသဖြင့် ဇနီးဖြစ်သူက အရွယ်ကောင်း အလုံးလုံသော ပုလဲလက်စွပ်ကလေးတစ်ကွင်း လုပ်ပေးပြန်သည်။ နီလာ လက်စွပ်လိုတော့ ခံတတ်သည့်ဟန်မတူပါ။

ကျွန်ုပ်လက် ယားမြဲယားနေသည်။ နောက်တစ်ပတ်ခန့်အကြာတွင် မြစ်ဝကျွန်းပေါ် သေိုင်းချောင်းမြို့ဘက်မှ အဘိုးကြီးတစ်ဦး ကျွန်ုပ်အိမ်သို့ ရောက်လာသည်။ အချုပ်ခံနေရသော သူ၏သားအား ကြည့်ရှုစောင့်ရှောက်ပေးရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ထမင်းစားနေချိန်ဖြစ်၍ ညွှန်သည်အဘိုးအားလည်း နေ့လယ်စာ ထမင်းကျွေးလိုက်သည်။ ထမင်းစားအပြီး ကျွန်ုပ်နှင့် အဘိုး လက်ဖက်ရည်သောက်ရင်း စကားပြောနေကြစဉ် အဘိုးက ကျွန်ုပ်၏ လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်ထားသော ပုလဲလက်စွပ်ကလေးအား မကြာခဏ ကြည့်နေတတ်သည်။

''လူကလေးလက်စွပ်က ဝတ်ရတာ အဆင်မပြေဘူးမဟုတ်လား။ နေ့နံ့တော့ တည့်ပါရဲ့၊ ခါတ်မတည့်ဘူး ဖြစ်နေတယ်''

''ဟုတ်ပါတယ် အဘ၊ အရင် နီလာလက်စွပ် ဝတ်ပါတယ်။ နိုင်ငံခြားပြန် တပည့်တစ်ယောက်ကို လက်ဆောင်ပေးလိုက်လို့ ဇနီးသည်က နေ့နံ့တည့်တယ်ဆိုပြီး ပုလဲလက်စွပ်လုပ်ပေးတာပါ။ အဲဒါ လက်က ယားယားနေတယ်''

''နေ့နံ့တည့်ပေမဲ့ ခါတ်မတည့်လို့ပါ။ လူကလေးလက်စွပ်ကို ချွတ်လိုက်စမ်း။ အဘလက်စွပ်ကို ဝတ်ကြည့်စမ်း''

ကျွန်ုပ်က အဘပေးသော ခါတ်လုံးကွပ်ထားသည့် ငွေရောင်လက်စွပ်ကလေးကို ကျွန်ုပ်၏ ဘယ်လက်သူကြွယ်တွင် ဝတ်ကြည့်လိုက်သည်။ အံ့ကိုက် အနေတော်ပင်။ စိတ်ထင်၍လားမသိ၊ လက်ယားသည်မှာ ပျောက်သွားသည်။

''ကဲ ... လူကလေး၊ အဘပေးနိုင်တာ ဒါပဲရှိတယ်။ ငွေလက်စွပ်ဆိုပေမဲ့ တန်ဖိုးမရှိဘူး မထင်ပါနဲ့။ သိဒ္ဓိဝင်အဆောင်ကောင်းပါ။ အဘတို့က အသက်အရွယ်ကြီးလာတော့ မလိုတော့ပါဘူး။ ဒီလက်စွပ်ကလေးက လူကလေးတို့လို မင်းစိုးရာဇာတွေနဲ့သာ လိုက်ဖက်တာပါ။ ပြောစရာဆိုစရာ ကြီးကြီးကျယ်ကျယ်ရှိရင် လက်စွပ်ကလေးနဲ့ နှုတ်ခမ်းကိုပွတ်ပြီး ပြောပါ။ မုချ အောင်မြင်စေရမယ်။

ခရီးသွားရင် လည်ပင်းကိုပွတ်ပါ။ မုချ အသက်အန္တရာယ်ကင်းတယ်။ လူကလေး ကြားဖူးမှာပါ။ မဟိဒ္ဓိနဲ့ ဣဒ္ဓိဆိုတာလေ။ မဟိဒ္ဓိဆိုတာက မိမိအားကိုးရာ၊ ပူဇော်ရာ ဆေးဝါး၊ အင်းအိုင်၊ ဂါထာ၊ မန္တန်အဆောင်လက်ဖွဲ့တို့ တန်ခိုးကြောင့် ရရှိလာအပ်တဲ့အကျိုးကို မဟိဒ္ဓိလို့ မှတ်ယူရတယ်။





တစ်စုံတစ်ဦးရဲ့ အကူအညီအထောက်အပံ့ တန်ခိုးကိုလည်း မဟိဒ္ဓိလို့ မှတ်ယူနိုင်တယ်။

''ဣဒ္ဓိဆိုတာကတော့ အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိ၊ သမထ၊ ဝိပဿနာ၊ အကျင့်တရားကြောင့် ရရှိလာအပ်တဲ့အကျိုး 'ကိုယ်ပိုင်တန်ခိုး'ကို ဣဒ္ဓိဟု မှတ်ပါလူကလေး၊ မဟိဒ္ဓိတန်ခိုးကြောင့်လည်း ဣဒ္ဓိပေါက်မြောက် အောင်မြင်နိုင်ပါတယ်။ အဆက်အစပ်အထောက် အကူတရားတွေပေါ့ကွယ်။ ကဲ ... အဘလည်း ပြန်ဦးမယ် ... လူကလေး။ ရွာကို မိုးမချုပ်ခင် အရောက်ပြန်ရမှာ''

''ဟုတ်ကဲ့ ... အဘ၊ ကျေးဇူးတင်ပါတယ်။ မဟိဒ္ဓိနဲ့ ဣဒ္ဓိတန်ဖိုးတွေကို ရှင်းပြလို့လည်း ကျေးဇူးအထူးတင်ပါတယ်။ အဘသားကလေးကိုလည်း ကျွန်တော်ရှာဖွေပြီး စောင့်ရှောက်ထားပါ့မယ်။ ကျွန်တော့်ရဲ့ အကျင့်က လက်ဆောင်ပေးရင် လက်ဆောင်ပြန်ပေးရမှ ကျေနပ်တဲ့အတိုင်း ကျွန်တော့်ရဲ့ ဒီပုလဲလက်စွပ်ကလေး အဘကို ကန်တော့ပါတယ်။ လက်ခံပါ အဘရယ်''

''အိမ်း ... အိမ်း ... သာခုကွယ်၊ သာခု ... သာခုပါ။ လူကလေး ... ဘုန်းကြီးလို့ သက်ရှည်ပါစေ၊ သာသနာ့ဒါယကာဖြစ်ပါစေ။ မဟိဒ္ဓိတန်ခိုးကြောင့် ဣဒ္ဓိပေါက်မြောက် အောင်မြင်ပါစေ''

ထိုနေ့မှစ၍ ကျွန်ုပ်၏ဘဝတွင် တိုးတက်အောင်မြင်မှုများ ရခဲ့သည်။ အလှူအတန်းများစွာလည်း လုပ်ခဲ့ရသည်။ စိတ်ထင်တိုင်း သွားလာလှုပ်ရှားခဲ့သည်။ ဘေးအန္တရာယ်အမျိုးမျိုးမှလည်း ကင်းဝေးခဲ့သည်။ နီလာလက်စွပ်နှင့် ခါတ်လုံးငွေရောင် လက်စွပ်ကလေးနှစ်ကွင်းအနက် မည်သည့်လက်စွပ်က ပိုစွမ်းသည်တော့ မသိတော့ပါ။ မဟိဒ္ဓိအဆောင်ကောင်းများဖြစ်သည်ကတော့ အသေအချာပင်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[၁]

❏

ကျွန်တော်က 'ဖွဲမာန်'စက်လှေကြီးရဲ့ ဦးစီးပဲ့နင်းပါ။ စက်လှေပိုင်ရှင် ဦးလှမြင့်နဲ့ ဒေါ်လှတို့ရဲ့သမီး၊ ကျွန်တော်နဲ့ ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်း မလှဖြူဝင်းနဲ့ လက်ထပ်ပြီးတာနဲ့ လှဖြူဝင်းက ကျွန်တော့်ကို စိတ်မချဘူးဆိုတာနဲ့ ဦးစီးပဲ့နင်းကနေ မန်နေဂျာစက်ပြင် ဖြစ်လာပါတယ်။

ဘီးလူးကျွန်းချောင်းဆုံရွာမှာပဲနေပြီး ကျွန်တော်တို့ပိုင်ဆိုင်တဲ့ 'ဖွဲမာန်၊ ရဲမာန်၊ အားမာန်' ဆိုတဲ့ စက်လှေ (၃) စီးကို ပြင်ပေးရတော့တာပါပဲ။ တခြားစက်ပြင်ဆရာတွေရှိပေမဲ့ ကျွန်တော်က စက်ပြင်အလုပ်ကို ဝါသနာပါပြီး စက်လှေ(၃)စီးရဲ့ စက်တွေအထာကိုလည်း ကျွမ်းကျင်နေလို့ပါပဲ။

ကျွန်တော်ဦးစီးခဲ့တဲ့ 'ဖွဲမာန်' စက်လှေကြီးက စက်ပြင်ဆရာ ကိုညိုကြီး ပင်လယ်အူနာရောဂါနဲ့ဆုံးလို့ ဒီနေ့ စက်ဆရာ ကိုမြင့်စိုးကို တင်ပေးလိုက်ရတယ်။ ကိုမြင့်စိုးက အရက်သောက်ပြီး သွေးဆိုးတတ်တော့ ကျွန်တော် စိတ်မချပါဘူး။

ဒါပေမဲ့ စက်ဆရာ ကိုညိုကြီးဆုံးတော့ အသုဘကိစ္စလုပ်တာနဲ့ 'ဖွဲမာန်' စက်လှေကြီးကို တစ်ပတ်လောက် နားထားရတယ်လေ။ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



စက်လှေထွက်တော့လည်း စိတ်တိုင်းကျ စက်ဆရာ ရှာမရတာနဲ့ နီးစပ်ရာ စက်ဆရာ ကိုမြင့်စိုးကို ယာယီငှားပြီး တင်ပေးလိုက်ရတာပါ။

ကျွန်တော်စိုးရိမ်တဲ့အတိုင်းပဲ နောက်တစ်နေ့မှာ ငှက်သိုက်ကျွန်း အနီးမှာ 'ဖွဲ့မာန်' စက်လှေပျက်လို့ဆိုပြီး စက်လှေကြုံနဲ့ အကြောင်းကြား လာပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ငါးချပြီး ပင်လယ်ပြန်ထွက်မယ့် 'ရဲမာန်' စက်လှေကြုံနဲ့ ပင်လယ်ပြင်ထွက်ဖို့ စီစဉ်နေတုန်း ဇနီးသည် မလှဖြူဝင်းက သူပါလိုက်မယ်လို့ ပူဆာတော့တာပါပဲ။

✿ ✿ ✿

# [၂]

ကျွန်တော်လည်း ချစ်လွန်းလှတဲ့ ဇနီးသည်ကို ခေါ်ချင်ပါတယ်။ ဒါပေမဲ့ ပင်လယ်ပြင်ဆိုတာ တစ်နေ့တစ်မျိုး, မရိုးနိုင်အောင် ရာသီဥတုက ပြောင်းလဲနေတတ်သမို့ စိုးရိမ်စိတ်နဲ့တားပေမဲ့ မရပါဘူး။ မလှဖြူဝင်းက စိတ်အလွန်ကြီးတာလေ။

ဒါနဲ့ နောက်ဆုံး တားမရတော့ ခေါ်ခဲ့ရတာပေါ့။ ငှက်သိုက်ကျွန်း ရောက်တော့ ကျွန်တော်တို့ ဖွဲ့မာန်စက်လှေပေါ် ရောက်တာနဲ့ စက်ပြင်ဆရာ ကိုမြင့်စိုးက ဆီအလူးလူး၊ အရက်နံ့ တထောင်းထောင်းနဲ့ စက်ခန်းထဲ က ထွက်လာပါတယ်။

"ကိုမြင့်စိုး . . . ဘာဖြစ်တာလဲဗျ"

"နော်ဇယ်ခေါင်းက ဆီမလိုက်လို့ ကျွန်တော် ဆီပိုက်လိုင်းတွေ ကို စစ်ကြည့်တယ်ဆရာ၊ အမှိုက်တွေ ပိတ်ဆို့နေတယ်ထင်လို့ပါ။ အပြစ် မတွေ့ရပါဘူး။ ဒါပေမဲ့ ဆီကမလိုက်လို့ (pump) ကို စစ်ဆေးကြည့် တယ်၊ အပြစ်မတွေ့ဘူး။ ဒါကြောင့် ဆရာ့ကို လူကြုံနဲ့ အကြောင်းကြား ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်တုန်းက စပျက်တာလဲ''

''မနေ့က ညနေကတည်းက ဆရာ''

''ဒီဇယ်အင်ဂျင်တစ်ခုမှာ (pump)ရော၊ နော်ဇယ်ရော ကောင်းနေရင် ဘာဖြစ်နိုင်သေးသလဲ''

''ကျွန်တော်ထင်တာတော့ ဂတ်စ်ကက်ပြတ်တယ်လို့ ထင်တယ်ဆရာ။ ကျွန်တော် အင်ဂျင်လုံးကြီးကိုတော့ မနိုင်ဘူးဆရာ''

''ကိုမြင့်စိုးရာ ခင်ဗျား စက်ဆရာလုပ်ပြီး မေ့နေတယ်ထင်ပါရဲ့။ ဆီမလိုက်ရင် နော်ဇယ်ခေါင်းနဲ့ လက်ရိုက် (pump) ကို အပြစ်ရှာမယ်။ အပြစ်မတွေ့ရင် နောက်ဆုံးအပြစ်ရှာရမှာက ဆီစစ် (filter) ပဲမဟုတ်လား။ ဒါလောက်တော့ ခင်ဗျား သိကောင်းပါတယ်ဗျာ''

ကျွန်တော် စက်ခန်းထဲဆင်းခဲ့တော့ ကျွန်တော် အလွန်တန်ဖိုးထားသော 'ဖွဲမာန်'စက်လှေကြီး၏ ဒီဇယ်အင်ဂျင်မှာ ပွစာကြဲနေသည်။ ကျွန်တော် အဝတ်အစားလဲပြီး ပစ္စည်းအစိတ်အပိုင်းများအား ပြန်လည်တပ်ဆင်၍ အပိုဆောင်ထားသော ဆီစစ် (filter) ကို လဲလှယ်တပ်ဆင်ပြီး၊ လက်ရိုက် (pump)အား (၁၀)ချက်ခန့်နှိပ်ပြီး စက်နှိုးခိုင်းရာ ဂူးခနဲ နိုးတော့သည်။ စက်ပြင်ဖြစ်သော်လည်း မကျွမ်းကျင်သော စက်ဆရာကို ကျွန်တော် အသုံးမပြုလိုတော့ပါ။ ပင်လယ်ပြင်ထဲမှာသာ စက်ပျက်ပါက စက်လှေသမားများ အတော်ဒုက္ခရောက်ကြပေရော့မည်။

ငှက်သိုက်ကျွန်းတွင် ကပ်နေသော ကျွန်တော်တို့စက်လှေများကို မြင်ရတော့ ငါးဖမ်းပြီး ပြန်ဝင်လာသော 'အားမာန်' စက်လှေကြီးကျွန်းသို့ ကပ်လာသည်။

''ဆရာအေးဟန် ... ဘာဖြစ်လို့လဲ''

''ဖွဲမာန် စက်ပျက်လို့ဗျာ။ (filter) က ဆီပိတ်တာပါ။ အခုတော့ ကောင်းသွားပါပြီ။ ကဲ ... စက်ဆရာ ကိုမြင့်စိုး၊ ခင်ဗျားလုပ် အားခထုတ်ပြီး အားမာန်စက်လှေနဲ့ ပြန်လိုက်သွားပေရော့။ ကျွန်တော်ပဲ ဒီတစ်ခေါက် ပင်လယ်ပြင်ကို လိုက်တော့မယ်။ စက်ကို စိတ်မချလို့ပါ''





အားမာန်စက်လှေ ထွက်သွားတော့ ကိုမြင့်စိုး ပါသွားသည်။

မလှဖြူဝင်းက ...

''အစ်ကို ညီမတို့က 'ဖွဲမာန်' စက်လှေနဲ့ ပင်လယ်ပြင်ကို ငါးဖမ်းထွက်ဖို့လား''

''ဟုတ်တယ်လေ ... ညီမရဲ့။ အစ်ကိုပါတာပဲ မကြောက်ပါနဲ့။ အတွေ့အကြုံရတာပေါ့''

''ဟုတ်ကဲ့ပါ ... အစ်ကို၊ ညီမ မကြောက်ပါဘူး။ ပျော်တောင်ပျော်သေးနော် အစ်ကို''

ကျွန်တော်တို့ စက်လှေတွေဖြစ်တဲ့ ရဲမာန်နဲ့ဖွဲမာန်ဟာ ရှေ့ဆင့်နောက်ဆင့် ပင်လယ်ပြင်ကို ထွက်ခဲ့ကြပါတယ်။ တစ်နာရီလောက်ကြာတော့ ငါးဖမ်းကွက်ချင်းမတူလို့ လှေနှစ်စီး ကွဲသွားပါတယ်။ ပင်လယ်တွင်းမှာ်စက်ပိုင်းအောက်မှာ ရဲမာန်ကို အစက်အပြောက်ကလေးအဖြစ်ပဲ မြင်ရပါတော့တယ်။

ညစာကို ပင်လယ်ငါး လတ်လတ်ဆတ်ဆတ်ကို ဖမ်းပြီး နနွင်းများများနဲ့ ချက်ထားတဲ့ ပင်လယ်တံငါဟင်း၊ ငါးစည်ဖောင်းဟင်းချိုနဲ့ ကင်းမွန် (ပြည်ကြီးငါး) သုပ်ကို စားရတာ ကျွန်တော် ထမင်းအလွန်မြိန်ပါတယ်။ လှဖြူဝင်းလည်း လက်ရာပြောင်းပေမဲ့ စားနိုင်လို့ ဝမ်းသာရပါတယ်။

ညနေ နေဝင်ရီတရော ဆည်းဆာအချိန်ဟာ ပင်လယ်ပြင်ကြီးက အလွန်သာယာပါတယ်။ ကောင်းကင်မှာ တိမ်တွေက ငါးကြင်းကွက်ထနေတယ်။ ရွှေအိုရောင်နေမင်းကြီးက ပင်လယ်ထဲကို ငုပ်လျှိုးဖို့ပြင်ဆင်နေပြီး ပင်လယ်တစ်ပြင်လုံး ရွှေဝါရောင်သန်းနေတယ်။ ရာသီဥတုက အလွန်သာယာနေပါတယ်။ ဆောင်းဦးပေါက်ကာလမို့ ထင်ပါရဲ့။ မြောက်ပြန်လေကလေးက ဆော့မြူးလာပြီး လှိုင်းကြက်ခွပ်ကလေးတွေ ထနေပါတယ်။

''အစ်ကိုရယ် ... ပင်လယ်ပြင်ကြီးက အလွန်လှတာပဲနော်၊ တစ်ပြင်လုံး ရွှေဝါရောင်သန်းနေတာ ဘယ်လောက်လှသလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါ့ . . . ညီမရယ်။ ညီမလိုက်လာတဲ့နေ့ကျမှ ရာသီဥတုက သာယာလိုက်တာ အလွန်ပါပဲ''

ထိုစဉ် ဦးစီးပွဲနင်း ဦးစိုးကြည်က . . .

''ရှေ့မှာ ငါးအုပ်တွေ့တယ် . . . ဆရာ''

''ဟုတ်ကဲ့ . . . ဦးစိုးကြည်၊ ကျွန်တော် စက်ရှိန်လျှော့ပေးမယ်''

စက်ဆရာကိုမြင့်စိုး မရှိတော့၍ ကျွန်တော်ပင် စက်ဆရာ ဖြစ်ပါသည်။

✿ ✿ ✿

|၃|

❑

စက်ခန်းထဲဆင်း၍ စက်ရှိန်လျှော့ပေးရသည်။ မကြာမီ ဦးစီးပွဲနင်း ဦးစိုးကြည်က အချက်ပေးသဖြင့် စက်ရပ်ပေးလိုက်ရာ အလုပ်သမားများ ဒိုက်ချသံကို ကြားရတော့သည်။ ဦးစီးပွဲနင်းမာ ကျွမ်းကျင်စွာ ငါးအုပ်ကို ဝိုက်၍ စက်သံမကြားအောင် ပွဲကိုင်ပေးသည်။

နာရီဝက်ခန့်ကြာတော့ ပိုက်နှင့် ငါးအုပ်ကို ဝိုင်းပတ်မိပြီး ပိုက်ဆွဲဆင်ရန် အချက်ပေးသံကို ကြားရတော့သည်။ ပိုက်ဆွဲတင်လိုက်သည်နှင့် ငါးကုန်၊ ပင်လယ်ငါးပြေမ၊ ငါးရှောင်၊ ပင်လယ်ငါးခူ၊ ငါးလိပ်ကျောက်နှင့် ငါးမွှန်များ တစ်ထွေးကြီး ပါလာသည်။

ငါးများမှာ များပြားလွန်း၍ လူအားဖြင့်မနိုင်။ စက်သီးဖြင့် ကရိန်းဆော်မောင်း၍ ဆွဲတင်ရသည်။ လှေဝမ်းထဲတွင် ငါးများ ဖွေးဖွေးလှုပ်သွားသည်။ ဤလိုသာ နောက်တစ်ချီရပါက လှေဝမ်းပြည့်သွားတော့မည်ထင်သည်။ စက်လှေသမားများ အလွန်ပျော်ကြသည်။

ငါးကောင်း၊ ငါးသန့်ကိုရွေး၍ ချက်ပြုတ်စားရန် ပြင်ဆင်ကြသည်။ ရွှန်တုပ်ကြီးများလည်း ပါလာ၍ မလုဖြုအတွက် မီးဖုတ်ပေးကြသည်။ ဆတ်ဆတ်သော ပင်လယ်ပုစွန်တုပ်သားမှာ ချိုပြီးဆိမ့်နေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညဘက်ရောက်တော့လည်း ပြည့်ဝနေသော လမင်းကိုကြည့်ရင်း ကျွန်တော်နှင့် မလှဖြူတို့ ကြယ်ကလေးများကို ရေတွက်နေကြသည်။ လမင်းကြီးနှင့် ကြယ်ကလေးများ အလင်းရောင်ကြောင့် ပင်လယ်ပြင်မှာ မှောင်မည်းမနေပါ။ ကောင်းကင်ကြီးမှ ရောင်ပြန်ဟပ်ပြီး အလင်းရောင်ရနေသည်။ ပင်လယ်ပြင်မှ မီးစုန်းခါတ်များကြောင့်လည်း ပင်လယ်ပြင်မှာ မှန်သဖွယ် အလင်းရောင်ထွက်နေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ မော်တော်ပေါ်တွင် အချက်ပြမီး မှလွဲ၍ မီးထွန်းမထားဘဲ ပြတ်သားစွာ မြင်နေရသည်။ ငါးအုပ်ရှာချိန်ဖြစ်၍ စက်နှိုးမထားဘဲ ရွက်သာဖွင့်ထားသဖြင့် ကျွန်တော်အားနေသည်။ စက်လှေကြီးမှာ မြောက်ပြန်လေအဆော်တွင် တငြိမ့်ငြိမ့်ပြေးနေသည်။

ကျွန်တော်တို့ ပင်လယ်ငါးဖမ်းခြင်းအလုပ်မှာ မနက်စောပိုင်းနှင့် ညပိုင်းမှာ ပို၍ ဂရုစိုက်ရသဖြင့် လှေသမားအားလုံး အနားမနေကြရပါ။ ငါးအုပ်ကို မျက်စိဒေါက်ထောက်၍ ရှာနေကြရသည်။ အချိန်မှာလည်း ခုနစ်စင်ကြယ်ပြောင် အမြီးထောင်နေသဖြင့် သန်းခေါင်ချိန်ရောက်ပြီဟု ခန့်မှန်းရပါသည်။ ထိုစဉ် ဦးစီးပဲ့နင်း ဦးစိုးကြည်က . . .

"ရှေ့မှာ မီးရောင်လက်လက် တွေ့တယ်ဆရာ။ ငါးဖမ်းစက်လှေ တစ်စီးထင်တယ်။ ကျွန်တော့်တို့ စက်လှေဆီကို ပြေးလာနေသလို"

"ဘယ်ဘက်ကလဲ . . . ဦးစိုးကြည်"

"တောင်ဘက်က ဆရာ။ စက်လှေဦးတည့်တည့်ကပဲ"

ကျွန်တော်နှင့် မလှဖြူတို့က ကုန်းပတ်ပေါ်တွင် ပက်လက်ကုလားထိုင်ကိုယ်စီဖြင့် ထိုင်နေကြ၍ မမြင်ကြရ။ ပဲ့စင်ပေါ်က စက်လှေဦးစီးကတော့ အပေါ်စီးက လှမ်းမြင်နေရဟန်တူပါသည်။ ကျွန်တော် စက်လှေဦးဘက်သွား၍ ရွက်တိုင်ခုံပေါ်တက်ကြည့်မှ မြင်ရသည်။ မီးရောင်မှာ တလက်လက်တောက်ပနေပြီး တစ်နေရာတည်းမဟုတ်၊ လေးငါးနေရာမှ ပေါ်နေခြင်းဖြစ်သည်။ ထိုစဉ် ကျွန်တော်တို့ စက်လှေပေါ်တွင် အပုပ်နံ့များ လှိုက်၍တက်လာသည်။





"ဘာနံ့ကြီးလဲ . . . အစ်ကို၊ နံလိုက်တာ အလွန်ပဲ"

"ပင်လယ်ထဲမှာ ဒီလိုပဲ . . . ညီမရေ၊ ရေနက်ပိုင်းရောက်လို့ ဆားခါတ်များလာရင် အပုပ်နံ့နံတတ်တယ်။ အစောပိုင်းက ဖမ်းမိတဲ့ ငါးတွေအထဲမှာလည်း ငါးသေကောင်ပုပ်ပါလို့လည်း ဖြစ်ချင်ဖြစ်မယ်"

ကျွန်တော် မလှဖြူအား မကြောက်လန့်အောင် နှစ်သိမ့်နေစဉ် ပဲ့စင်ပေါ်မှ ဦးစီးဦးစိုးကြည်က ကျွန်တော့်အား လှမ်းခေါ်သည်။

"ဆရာအေးဟန် . . . ပဲ့စင်ပေါ် ခဏတက်ခဲ့ပါဦး"

ကျွန်တော် ပဲ့စင်ပေါ်ရောက်သွားတော့ ဦးစီးဦးစိုးကြည်က တိုးတိုးကလေး ပြောလေသည်။

"ဆရာ . . . ရှေ့မှ ငါးဖမ်းစက်လှေတစ်စီး မီးလောင်နေတယ် ထင်တယ်။ ပင်လယ်ဓားပြတွေ လက်ချက်ကင်တယ်၊ နောက်ပြီး ကျွန်တော်တို့ စက်လှေပေါ်မှာ အပုပ်နံ့ရတာကလည်း ဆန်းနေတယ်။ စက်ဆရာ ဦးညိုကြီးဆုံးတာကလည်း ဒီနေ့ဆိုရင် (၇)ရက်မြောက်ပဲ"

"ထားပါဗျာ . . .။ ပင်လယ်ထဲမှာ ဒါမျိုးတွေ ဖြစ်တတ်ပါတယ်။ သတိတော့ထား။ ရှေ့က မီးလောင်စက်လှေနဲ့ ထိပ်တိုက်မတိုးမိအောင်ရှောင်။ စက်လှေအရှိန်ရအောင် ကျွန်တော် စက်နှိုးပေးထားမယ်။ လှေသမားတွေကို လက်နက်ကိုယ်စီနဲ့ အသင့်ပြင်ဆင်ခိုင်းပါ။ ကျွန်တော် စက်ခန်းထဲဆင်းမယ်"

ကျွန်တော် စက်ခန်းထဲဆင်း၍ စက်နှိုးရန်ပြင်ခါင်မှာ မလှဖြူက–

"အစ်ကို . . . ညီမလည်း လိုက်မယ်နော်"

"အပေါ်မှာပဲနေပါ . . . ညီမရယ်။ စက်လှေစက်နှိုးဖို့ အစ်ကို အောက်ခဏလေး ဆင်းမှာပါ။ စက်ခန်းထဲ... မှောင်အိုက်ပြီး အနံ့ဆိုးတယ်"

"အစ်ကို . . . မြန်မြန်ပြန်လာနော်။ လှဖြူ ကြောက်တယ်"

"အေးပါကွယ် . . . အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



စက်ခန်းထဲတွင် မီးစက်ပါပိတ်ထား၍ မှောင်မည်းနေသည်။ အဓော ပိုင်းက ကုန်းပတ်ပေါ်တွင် နံသည့်အပုပ်နံ့မှာ ယခုတော့ စက်ခန်းထဲသို့ ရောက်နေသည်။ ကျွန်တော့်တွင် အသင့်ပါလာသော လက်နှိပ်ဓာတ်မီး ကလေးဖြင့် ထိုးကြည့်ရင်း မီးစက်နှိုး၍ မီးဖွင့်လိုက်သည်။ မီးအလင်းရောင် ရသည်နှင့် အပုပ်နံ့မှာ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။ ထူးဆန်းတာ တော့ အမှန်ပင်ဖြစ်သည်။

✿ ✿ ✿

|၄|

❑

ထို့နောက် (Yamar) ဒီဇယ် အင်ဂျင်စက်ကို နှိုးသည်။ တစ်ကြိမ် သည်းမရ၊ လက်ရိုက် (Pump) ကို လေးငါးချက်ရိုက်ပြီး နှိုးမှ စက်နိုးတော့ သည်။ အရေးပေါ်သုံးနိုင်ရန် ကျွန်တော် လီဘာကို တင်ထားပေးခဲ့သည်။ ကျွန်တော် ကုန်းပတ်ပေါ်ပြန်ရောက်တော့ မီးလောင်နေသည့် စက်လှေအား သဲကွဲစွာ မြင်ရတော့သည်။

ဦးစီးပဲ့နင်းက အရေးပေါ် အချက်ပေးထား၍ စက်လှေသမား အားလုံး လက်နက်ကိုယ်စီဖြင့် သင့်နေရာယူထားကြသည်။ မလှဖြူ အလွန် ကြောက်နေ၍ ဆလင်ခန်းထဲသွင်းပြီး အိပ်ခိုင်းထားရသည်။ ကျွန်တော် ကုန်းပတ်ပေါ်ပြန်ရောက်တော့ မီးလောင်နေသော စက်လှေကြီးကို ပြတ်သား စွာ မြင်ရပြီဖြစ်သည်။

ဖွဲ့စည်းတည်ဆောက်ပုံကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရှေ့ မှ ထွက်သွားသော 'ရဲမာန်' စက်လှေဖြစ်ကြောင်း ကျွန်တော်သိသည်။ သို့ သော် စက်လှေပေါ်တွင် လှုပ်ရှားမှုတစ်စုံတစ်ရာကို မမြင်ရ။ စက်လှေရော



www.burmeseclassic.com

www.burmeseclassic.com



ပေါ် မီးလောင်နေသော်လည်း မနှစ်မြှုပ်သေး။ အနီးကပ်လာမှ ကုန်းပတ်ပေါ်တွင် လဲပြိုနေကြသော လူများကို လှမ်းမြင်ရသဖြင့် ...

''မဲကြီးတို့ ... ရေစုပ်စက်တွေကို နှိုး။ ပင်လယ်ရေနဲ့ အမြန်မီးငြိမ်းကြပါ။ ဒါ တို့စက်လှေ ရဲမာန်ပဲ။ ဘယ်လိုဖြစ်လဲမသိဘူး''

မဲကြီးတို့က ပင်လယ်ရေကို စုပ်၍ ပက်ကြတော့ ရဲမာန်ပေါ်တွင် လောင်နေသော မီးမှာ ရေနှင့်ထိတော့ ဖျစ်ဖျစ်ရွဲရွဲမမြည်ဘဲ ဖောင်းဖောင်းဟုမြည်ကာ ရုတ်ခြည်း ငြိမ်းသွားသည်။ ပင်လယ်ထဲ လွင့်စဉ်ကျသော မီးစများမှာ တဖောင်းဖောင်းမြည်၍ ငြိမ်းသွားကြသည်။

ကျွန်တော်၏ အတွေ့အကြုံအရ ဤမီးမှာ ရိုးရိုးမီးမဟုတ်ဘဲ ပင်လယ်စုန်းမီးဖြစ်ကြောင်း သိလိုက်ပါသည်။ ပင်လယ်စုန်းမီးသဘောမှာ အငန်ဓာတ်များသော ပင်လယ်ရေ အချို့နေရာများတွင် မီးစုန်းဓာတ်ဖြစ်ပေါ်လာပြီး နီးစပ်ရာပစ္စည်းကို ကပ်ငြိတွယ်၍ အဆပွားကာ မနိုင်မနင်းဖြစ်ပြီး မီးလောင်နိုင်ခြင်း ဖြစ်တတ်ပေသည်။

ကျွန်တော်တို့ 'ရဲမာန်' စက်လှေ ရှေ့ကုန်းပတ်ပေါ်တွင် လူတစ်ဦးမျှ မတွေ့ရ။ ပဲ့ထိန်းစင်ပေါ်တွင် ပဲ့နင်းဦးစီး ဦးစံရွှေမီးလောင်ခံ၍ သေဆုံးနေရှာသည်။ စက်လှေအနောက်ဘက် ရေခဲခန်းပေါ်တွင်မှာတော့ စက်လှေအဖွဲ့သားများ ဒဏ်ရာကိုယ်စီဖြင့် အတုံးအရုံး လဲပြိုနေကြသည်။

စက်လှေအပေါ်ပိုင်းကတော့ ရွက်တိုင်ပါ မကျန်မီးလောင်သွားပြီ ဖြစ်သည်။ ရေခဲခန်းကြောင့်သာ စက်လှေကြီး မီးမလောင်ခြင်းဖြစ်လေသည်။ ကျွန်တော်တို့ မေ့မြောနေသူများအား ပြုစုကြတော့ အားလုံး သတိရလာကြသည်။ သို့သော် ဒဏ်ရာများကိုယ်စီရကြ၍ ကျွန်တော်ဆောင်ထားသော အရေးပေါ်သုံး ဆေးသေတ္တာကို ဖွဲမာန်စက်လှေပေါ်မှယူပြီး ပြုစုကြရသည်။

လူစစ်ဆေးကြည့်တော့ စက်လှေပေါ်၌ လူတစ်ယောက်ပျောက်နေသည်။ စက်ဆရာ မှုံကြီးဖြစ်သည်။ ကျွန်တော်တို့ စက်ခန်းထဲ ဆင်းကြည့်မှ ဒဏ်ရာမရှိဘဲ မေ့လဲနေသော မှုံကြီးအား တွေ့ရသဖြင့် ပြုစုကြပြန်သည်။

စိပ်ကူးသစ်စာပေ



ကျွန်တော်တို့ ဖွဲမာန်စက်လှေကြီးဖြင့် ရဲမာန်စက်လှေကိုတွဲကာ ငါးဆက်လက်မဖမ်းတော့ဘဲ ဘီးလူးကျွန်း၊ ချောင်းဆုံရွာကို ပြန်ခဲ့ကြပါတော့သည်။ လမ်းတွင် ဒဏ်ရာသက်သာသော ကုန်စာရေးမောင်တင်ဦးက အဖြစ်အပျက်များအား ပြောပြရာ အောက်ပါအတိုင်းဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❏

"ဆရာ ... ကျွန်တော်တို့ ရဲမာန်စက်လှေက ဆရာတို့ ဖွဲမာန် စက်လှေကြီးနဲ့ခွာပြီး မြိတ်ကျွန်းစုဘက်ကို ဦးတည်ခုတ်မောင်းပါတယ်။

ပင်လယ်ရေနက်ပိုင်း ငါးသိုက်ရောက်တာနဲ့ ညဦးပိုင်းတစ်ခါ၊ ညနက်ပိုင်းတစ်ခါ ပိုက်ချတာနဲ့ ငါးတွေ တစ်လှေကြီး ပြည့်သွားတယ်။ ငါးတွေကို လူအားနဲ့မနိုင်လို့ ကရိန်းစက်နဲ့ဆွဲတင်ရတာ လှေဝမ်းထဲကို ပြည့်သွားတာပဲ။ ဒါနဲ့ ကျွန်တော်တို့လည်း ငါးတွေကိုရေခဲရိုက်ပြီး ပျော်လွန်းလို့ ဖုတ်ကင်၊ ချက်ပြုတ်ပြီး အရက်နဲ့မြည်းကြတယ်။

အဲဒီအချိန်မှာ ဦးစီးပွဲနင်းကြီးက အရေးပေါ် အချက်ပေးခေါင်းလောင်းကြိုးဆွဲသံ ကြားကြလို့ နီးစပ်ရာ တုတ်၊ ဓားတွေဆွဲကြပြီး သင်္ဘောဦးဘက် ထွက်ခဲ့ကြတယ်။ ဦးစီးပွဲနင်းကြီးက ရွက်တိုင်ထိပ်ဖျားကို လက်ညှိုးထိုးပြတယ်။ မီးလုံးနီနီကြီးတစ်လုံးဟာ ရွက်တိုင်ထိပ်ဖျားမှာ ကပ်နေတယ်။ ဦးစီးကြီးအပြောကတော့ စုန်းမီးတဲ့။

ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိဘဲ ငေးမောကြည့်နေကြတုန်း မီးလုံးကြီးဟာ အစိတ်အစိတ် အမြွှာမြွှာကွဲပြီး သင်္ဘောရှေ့ပိုင်း ရေပေါ်ကို





ပြုတ်ကျလာတယ်။ ရေပေါ်ရောက်တာနဲ့ တစ်စကနေ နှစ်စဖြစ်လာပြီး မီးလုံးတွေပွားလာတာ အများကြီးပဲ။

အဲဒီအချိန်မှာ ဦးစီးပွဲနင်းကြီးက 'ရိုက်ရိုက် ... ခုတ်ခုတ်' လို့ အော်တာနဲ့ ကျွန်တော်တို့ဝိုင်းရိုက်ကြတာ မနိုင်တော့ဘဲ စက်လှေကြီး မီးခွဲလောင်တော့တာပဲ။

ကျွန်တော်တို့အဖွဲ့လည်း ရိုက်ရင်းရိုက်ရင်း ခုတ်ရင်းနဲ့ လူမှားပြီး အချင်းချင်း သတ်ဖြတ်မိကြတာပါ ဆရာ။ ဆရာတို့စက်လှေနဲ့ မကြုံရင်တော့ ကျွန်တော်တို့အဖွဲ့ သွေးထွက်လွန်ပြီး သေမလား၊ မီးလောင်ရေနစ်ပြီး သေမလား တစ်ခုခုပဲဆရာ။ စုန်းမီးဟာ အလွန်ကြောက်ဖို့ ကောင်းတာပဲ နော်"

"ဒါနဲ့ မင်းတို့စက်လှေကြီးက လေဆန်ကြီး စက်မနိုးဘဲ ဘာကြောင့် ဆန်တက်လာရတာလဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး ဆရာ။ စက်ဆရာ ဆရာမှူးကြီးကို မေးကြည့်ပါ"

စက်ဆရာမှူးကြီးက သူ့အတွေ့အကြုံကို ပြောပြပြန်ပါသည်။

"ဆရာ ... ရဲမာန်စက်လှေကြီး ငါးသိုက်မှာ ငါးဖမ်းနေတော့ စက်ရပ်ထားရတယ်။ ဒါဟာ ကျွန်တော့်အားလပ်ချိန်မို့ ကုန်းပတ်ပေါ် ခဏ ဆက်၊ စားသောက်၊ အပျော်အပါးသွားပြီး စက်ခန်းထဲမှာ ပြန်နှပ်တာပေါ့။ ကျွန်တော်အိပ်ပျော်နေတုန်း အိပ်မက်မက်တယ်ဆရာ။ ဆရာတို့စီးတဲ့ ဖွဲမာန် စက်လှေကြီးက စက်ဆရာ ဦးညိုကြီးပဲ။ ကျွန်တော့်ကိုလာနှိုးပြီး 'မှူးကြီး ဆထ၊ အပေါ်မှာ မီးလောင်နေပြီ' လို့ အော်ပြောတယ်။

ကျွန်တော်လည်း အိပ်မှုံစုံမွှားနဲ့ ကုန်းပတ်ပေါ် အပြေးတက်လာတာ အပေါက်ဝလည်းရောက်ရော ပွဲစင်အမိုးပြိုကျပြီး ကျွန်တော့်ခေါင်းကို ရိုက်မိရာက စက်ခန်းထဲ ပြုတ်ကျသွားပြီး သတိမေ့သွားတာပါ။ တော်ပါသေး နဲ့ ဆရာရယ်၊ စက်ခန်းသာ မီးလောင်ရင်တော့ ကျွန်တော် သေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးညိုကြီးက သေပြီပဲ၊ မင်းကို အိပ်မက်ပေးပြီး ကူညီလိုက်တာပေါ့နော်။ ဒါနဲ့ မင်းတို့ ရဲမာန်စက်လှေကြီးက လေဆန်ကို ဘာလို့ ပြန်တက်လာရတာလဲ။ ရွက်လည်းမရှိ၊ စက်လည်း မမောင်းဘဲနဲ့။ အတော်ထူးဆန်းတာပဲနော်"

"ဟုတ်ပါတယ် . . . ဆရာ။ ဦးညိုကြီး ကူညီတာလား၊ ရေအောက်ရေစီးကြောင်းက စက်လှေကြီးကို သယ်လာတာလားတော့ မပြောတတ်တော့ပါဘူး . . . ဆရာရယ်။ ဆရာတို့ ဖွဲမာန်စက်လှေကြီးနဲ့ဆုံအောင် ဖန်တီးပေးတာကတော့ အလွန်အံ့ဩစရာ ကောင်းပါတယ်။ ဆရာတို့ အပါအဝင် ကယ်တင်ရှင်တွေကိုလည်း အလွန်ကျေးဇူးတင်ပါရဲ့ . . . ဆရာရယ်။ သေကံမရောက် သက်မပျောက်တာကိုပဲ အလွန့်အံ့ဩ ဝမ်းသာနေမိတယ်"

ဘီးလူးကျွန်း၊ ချောင်းဆုံရွာသို့ ပြန်ရောက်တော့ ရဲစခန်းတွင် တိုင်ကြားပြီး ရဲမာန်စက်လှေကြီးကို ဆိပ်ကမ်း၌ထား၍ ငါးတွေ ချနိုင်ခဲ့သည်။ သေဆုံးသူ ဦးစီးပဲ့နင်းကြီး ဦးစံရွှေအလောင်းနှင့် ဒဏ်ရာရသူ ရဲမာန်စက်လှေအဖွဲ့အား မော်လမြိုင်ဆေးရုံကြီးသို့ ပို့ရတော့သည်။ ရဲစခန်းက အမှုစစ်ဆေး၍ သေမှုသေခင်းဖွင့်သော်လည်း လူအားလုံးအား စစ်ဆေးပြီးသည်နှင့် မတော်တဆ မီးလောင်မှုအဖြစ်အမှုကို ပိတ်သိမ်းလိုက်ပါသည်။

ဤအဖြစ်အပျက်မှာ ကျွန်တော်တို့ ဘီးလူးကျွန်း၊ ချောင်းဆုံရွာတွင် ပြော၍ မဆုံးတော့ပါ။ ထူးဆန်းလှသော ပင်လယ်စုန်းမီးအကြောင်းကလည်း မရိုးနိုင်သောပုံပြင်များ ဖြစ်ပေသည်။ ကျွန်တော်၏ ချစ်လှစွာသော ဇနီးသည် မလှဖြူဝင်းကတော့ ထိုနေ့ထိုအချိန်က အဖြစ်အပျက်ကြီးကို မျက်ဝါးထင်ထင်မြင်ခဲ့ရပြီး နောက်ပိုင်း၌ ပင်လယ်ထဲထွက်၍ ငါးဖမ်းစက်လှေစီးရန် ဘယ်သောအခါမျှ ခေါ်၍ မလိုက်တော့ပါ။

ကျွန်တော့်မှာသာ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းမှုဖြစ်သော စက်လှေလုပ်ငန်းဖြင့် မကင်းနိုင်သေးသဖြင့် ပင်လယ်ပြင်သို့ထွက်၍ နေရပါတော့သည်။ ပင်လယ်ပြင်ကြီးသည် ချစ်စရာအလွန် ကောင်းသည်။





လူတို့ စားသုံးရန် ပင်လယ်စာအမျိုးမျိုးကို ပေးလေသည်။ ခရီးသွားနိုင်ရန် ရေကြောင်းလမ်းခရီးကိုလည်း ဖောက်ပေးသည်။

သို့သော် တစ်ခါတစ်ရံ လှိုင်းကြီးလေထန်၍ ပင်လယ်စုန်းမီးတို့ကဲ့သို့သော မမျှော်လင့်သော အန္တရာယ်များကိုလည်း ပေးတတ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



❑

ကျွန်တော်တို့ ခြံအနီးမှာ ဘောလုံးကွင်းလောက်ကျယ်တဲ့ ခြံကျယ်ကြီးတစ်ခု ရှိတယ်ဗျ။ ခြံကျယ်ကြီးရဲ့ သုံးပုံနှစ်ပုံလောက်မှာ အဓိကရညောင်ပင်ကြီးတစ်ပင်ရှိတယ်။ အဲဒီခြံကျယ်ကြီးကို ဦးပေါ်ဆိုသူက ဝယ်လိုက်ပြီး ဆေးဆိုးပန်းရိုက် စက်ရုံကြီးတစ်ခုဆောက်တယ်။

ဘိလိုင်လာစနစ် ရေနွေးငွေ့ပိုက်လိုင်းဖုတွေတပ်ဆင်ပြီး ပန်းရိုက်တာ၊ ဆေးဆိုးတာ၊ အဝတ်လျှော်တာ၊ အဝတ်အခြောက်ခံပြီး မီးပူတိုက်တာက အစ Roller စက်တွေသုံးပြီး အဲဒီအချိန်က အလွန်ခေတ်မီတွင်ကျယ်တဲ့ စက်ရုံကြီးပေါ့။

ပြည်သူပိုင်သိမ်းတဲ့ ခေတ်ရောက်တော့ အဲဒီစက်ရုံကြီးလည်း ရပ်သွားတယ်။ နောက်တစ်ခေတ်ရောက်တော့ စက်ရုံကြီးကို ဦးပေါ်တို့က ပြန်ရောင်းတယ်။ ဦးမြင့်သိန်းဆိုသူက ဝယ်တယ်။ သစ်စက်နဲ့ သစ်ရောင်းဝယ်ရေး လုပ်တယ်။

အဲဒီအချိန်က သစ်ရောင်းဝယ်ရေးကောင်းတော့ ကျွန်တော်တို့ သမ်းထဲမှာ သစ်စက်တွေ၊ သစ်ရောင်းဝယ်ရေးလုပ်ငန်းတွေ မှိုလိုပေါ်ပေါက်လာတယ်။ ဦးမြင့်သိန်းတို့လည်း ကြီးပွားချမ်းသာလာတာပေါ့။

ဒါကြောင့်လည်း သစ်စက်လုပ်ငန်းအပြင် ဘိလပ်မြေရောင်းဝယ်ရေး၊ သွပ်ရောင်းဝယ်ရေးနဲ့ ရွှေပြည်သာစက်မှုဇုန်မှာ မြေကွက်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပြီး သစ်ခွဲစက်ကြီးတွေ ဆောက်တယ်။ ဝက်သတ်လုပ်ငန်းလည်း လိုင်စင်ခံပြီး လုပ်တယ်။

ထန်းခြောက်ပင်လမ်းခွဲဆုံမှာလည်း မြေတစ်ဧကလောက်ဝယ်ပြီး အပြင်မှာ ဆိုင်ခန်း(၃၁)ခန်း ပတ်လည်ဆောက်ပြီး အတွင်းမှာ သစ်၊ သွပ်နဲ့ ဘိလပ်မြေကို လက်လီလက်ကား ရောင်းတယ်။ တစ်လကို သိန်း(၅၀) လောက် ဝင်ငွေရတယ်။ သမိုင်းက သစ်လုပ်ငန်းနဲ့ပေါင်းရင် တစ်လကို သိန်း(၁၀၀)လောက် ဝင်ငွေရှိတာပေါ့။

အဲဒါကြောင့် သမိုင်းက စက်ရုံကြီးနောက်ပိုင်းမှာ ညှော်ဂေဟာကြီး (လေးထပ်) တစ်ခု ဆောက်ပြန်တယ်။ အဝင်လမ်းကိုလည်း နောက်ဖေးဘက်က လှည့်ဖောက်လိုက်တယ်။ အောင်မြင်ပြန်ပါတယ်။ အအေးခန်း ညှော်ဂေဟာတဲ့လေ။

အဲဒါနဲ့ ဦးမြင့်သိန်းဝင်ငွေတွေ အလွန်ကောင်းပြီး ကားတွေများစွာ၊ အိမ်တွေများစွာနဲ့ စည်းစိမ်ချမ်းသာ ကြီးမားနေချိန်မှာပဲ ပြဿနာက စတယ်ဆိုပါတော့ဗျာ။

ဦးမြင့်သိန်းဟာ လူပျိုကြီးပါ၊ မိန်းမ မရှိပါဘူး။ အလှူအတန်းလည်း ရက်ရောပါတယ်။ ညီမ မိသားစုနဲ့အတူနေပြီး တူတွေ၊ တူမတွေကိုပဲ ချစ်နေရတာ အားမရတော့ မွေးစားသားတွေ မွေးပါတယ်။

အတူနေ မွေးစားသားနှစ်ယောက်အပြင် စက်ရုံတွေ၊ ဝက်သတ်လုပ်ငန်းနဲ့ ဆိုင်လုပ်ငန်းတွေမှာပါ မန်နေဂျာခန့်ပြီး မွေးစားထားတဲ့ သား (၃) ယောက်လည်း ရှိသေးတယ်။ မွေးစားသားတွေကလည်း မျက်နှာလွှဲပြီး စိတ်ချယုံကြည်ရပါတယ်။ လုပ်ငန်းလည်း အောင်မြင်၊ ဝင်ငွေကလည်း အလွန်ကောင်းတဲ့ အချိန်ပေါ့။

အသက်(၄၀)ကျော်အရွယ်မှာပဲ ဦးမြင့်သိန်း ရောဂါတစ်ခုဖြစ်တယ်။ ညာဘက်လက် လက်မောင်းက ကိုက်နေတာပါ။ အပေါ်ကို မြှောက်တာနဲ့ အလွန်နာတယ်။ လူးဆေး၊ လိမ်းဆေး၊ သောက်ဆေး တွေစားပေမဲ့ မသက်သာပါဘူး။ ဒါကြောင့် လက်ကို စလွယ်သိုင်းပြီး လွယ်ထားရတယ်၊ ညာဘက်လက်ဆိုတော့ အတော်ဒုက္ခရောက်တာပေါ့။





အဲဒါနဲ့ တစ်နေ့မှာ အရိုးအကြောဆရာမတစ်ဦးဆီမှာ သွားပြတော့ အကြောညပ်နေတာဆိုပြီး ဆေးလိမ်း၊ နှိပ်နယ်ပေးတယ်။ ညာဘက်လက်က အပေါ်ကိုမြှောက်မရတော့ ဆွဲမြှောက်ပြီး နှိပ်ပေးလိုက်တာ 'ဖြောက်' ဆို လက်မောင်းရိုးကြီး ကျိုးသွားပါရောဗျာ။

ဆရာမက သူ့တာဝန်ပါ၊ ပျောက်အောင်ကုပေးပါ့မယ်လို့ မျက်[illegible]လူးဆန်ပျာ တောင်းပန်ပေမဲ့ ကိုမြင့်သိန်းက လက်မခံတော့ဘူး။ ပိုက်ဆံကလည်း ချမ်းသာတော့ လှိုင်သာယာက အကောင်းဆုံး ခေတ်အမီဆုံး ဆေးရုံကြီးမှာ တက်တယ်။

တစ်နေ့ ခြောက်သောင်းခွဲပေးရတာ နည်းမှတ်လို့၊ လဝက်လောက် ဆေးရုံတက်ရပြီး အရိုးပွရောဂါ ဖြစ်တာတဲ့လေ။ စတီးပြားထည့်၊ ဝက်အူစုပ်ပြီး လည်သိုင်းကြိုးကလေးနဲ့ ဆေးရုံက ပြန်ဆင်းလာပြန်တယ်။ သိန်း(၅၀)ကျော် ကုန်သွားတာပေါ့။ ကျွန်တော်တို့ လူနာသွားမေးတော့ သူ့လက်က မလှုပ်နိုင်သေးပါဘူး။ လက်ချောင်းကလေးတွေကတော့ လှုပ်လို့ရပါတယ်။ ဒါပေမဲ့ ညိုနေတယ်။

တစ်လကြာအောင် အနားယူပေမဲ့ ပြန်မကောင်းတာနဲ့ ဆေးရုံကို ပြန်တက်ရပြန်တယ်။ နောက်ထပ် သိန်း(၅၀)ကျော်ကုန်ပေမဲ့ ပြန်မကောင်းပါဘူး။ အရိုးကင်ဆာလို့ အမည်တပ်ပြန်တယ်။ ကင်ဆာဆိုတာကတော့ သိတဲ့အတိုင်းပဲ။

လူ့ခန္ဓာကိုယ်မှာ ဘယ်နေရာမှာဖြစ်ဖြစ် အသက်အန္တရာယ်ရှိတာမို့ ဦးမြင့်သိန်းခမျာ နိုင်ငံခြားသွားကုဖို့ လုံးပန်းရတော့တာပေါ့။ သာမန် ဆင်းရဲသားတစ်ယောက်အနေနဲ့ဆိုရင်ဖြင့် သေရမယ့်ရက်ကို စောင့်မျှော်နေရုံပါပဲ။

အဲဒါကြောင့် ဦးမြင့်သိန်းတစ်ယောက် တူတော်သူတစ်ယောက်ကို အဖော်ခေါ်ပြီး ဘန်ကောက်ကို ငွေထုပ်ပိုက်ပြီး ထွက်သွားတယ်။ အရိုးကင်ဆာအထူးကု သမားတော်ကြီးကို ပြဖို့ပါ။ တစ်လလောက်တော့ ကြာသွားတယ်။

ဟိုးတစ်ပတ်လောက်ကတော့ ဦးမြင့်သိန်းဘန်ကောက်က ပြန်ရောက်တယ်လို့ ကြားရတယ်။ သူက စက်ရုံခြံဝကို ထွက်မလာတော့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့နဲ့ မတွေ့ဖြစ်ပါဘူး။ သတင်းကြားရတာကတော့ ကင်ဆာဆဲလ်တွေက ပျံ့နှံ့နေပြီဖြစ်လို့ ခန္ဓာကိုယ်ထဲမဝင်နိုင်အောင် လက်မောင်း ညာဘက်ဆုံကြီးတစ်ခုလုံးကို ဖြတ်ပြီး လှီးထုတ်လိုက်ရကြောင်း သိရတာပါပဲ။ ကျွန်တော်တို့လည်း အတော်စိတ်မကောင်း ဖြစ်ကြရပါတယ်။ သူကလည်း ရှက်လို့လား၊ စိတ်မကောင်းဖြစ်လို့လားတော့ မသိပါဘူး၊ အပြင်ကို ထွက်မလာတော့ပါဘူး။

တစ်နေ့တော့ ပြည်(ဝက်ထီးကန်)က ပြန်လာတဲ့ သူငယ်ချင်း ကျော်စိန်ဝင်းက ကိုမြင့်သိန်း သတင်းမေးသွားရအောင်ဆိုပြီး ကျွန်တော့်ကို အဖော်စပ်ပါတယ်။ ကျွန်တော်က အားနာလို့ သတင်းသွားမမေးဖြစ်ဘူးဆိုတော့ ကျော်စိန်ဝင်းက မိတ်ဆွေချင်းဖြစ်လို့ သတင်းသွားမေးသင့်ကြောင်း ပြောပြန်တယ်။

ဒါကြောင့် ကျွန်တော်လည်း စဉ်းစားချင့်ချိန်ပြီး သတင်းမေးသွားဖို့ ဆုံးဖြတ်လိုက်ပြီး ဦးမြင့်သိန်းတို့ စက်ရုံနောက်ပိုင်းကို ဝင်ခဲ့ပါတော့တယ်။ သူ့မွေးစားသားတွေကလည်း ဧည့်ဂေဟာတွင် ဦးမြင့်သိန်းရှိကြောင်း ကျွန်တော်တို့ကိုသတင်းပေးပြီး ဝင်ခွင့်ပြုပါတယ်။ စက်ရုံကြီးက အရှည်ကြီးပါ။

ရှေ့ပိုင်းမှာ သစ်ခွဲစက်၊ အလယ်မှာ ဝက်လုပ်ငန်းဖြစ်လို့ အရိုးတွေ တောင်လိုပုံနေတယ်။ အနံ့ကလည်း ညှီစို့စို့နဲ့ အတော်ဆိုးတယ်။ လေးထပ်ဧည့်ဂေဟာကြီးက အတော်ခေတ်မီတယ်။ ဂေဟာရှေ့မှာလည်း ပန်းအလှပင်တွေနဲ့ အတော်သပ်ရပ်သားနားတယ်။ အမိုးအောက်မှာ ကားရပ်နားရာနေရာနဲ့ ထိုင်ခုံတန်းရှည်ကြီးတွေ ချထားတယ်။ ဘေးမှာတော့ မီးဖိုဆောင်၊ အနောက်ဘက်ဝင်လမ်းကလည်း ကွန်ကရစ်လမ်း။

ကျွန်တော်တို့ သတင်းပို့ပြီး စောင့်နေကြရတယ်။ (၁၅)မိနစ်လောက်ကြာတော့ စွပ်ကျယ်အင်္ကျီလက်တိုဝတ်ထားပြီး ညာဘက်လက်မောင်းရင်းဆုံပါမရှိတော့တဲ့ ဧည့်ဂေဟာပိုင်ရှင် ဦးမြင့်သိန်း အအေးခန်းဧည့်ဂေဟာထဲက ထွက်လာတယ်။

''ဩော် . . . ကိုသိန်းဝင်းတို့ကိုး''





''ဟုတ်ပါ့ဗျာ . . .။ တော်ဒါကြီးအခြေအနေ လာကြည့်တာ။ သက်သာရဲ့လား''

''အေးဗျာ . . . ဒုက္ခပေးနေတဲ့ လက်တစ်ဖက်ကို အရင်းက ဖြတ်ပစ်လိုက်ရတော့ အတော်တော့ စိတ်ပျက်မိတာပေါ့။ ဒါပေမဲ့ ဒါကြီးကို မဖြတ်ဘူးဆိုရင်တော့ အသက်အန္တရာယ်ကို ရန်ရှာတော့မှာ အမှန်ပဲလေ''

''ဦးမြင့်သိန်းရယ် . . . အဲဒီလို ဆုံက ဖြတ်ရမယ်ဆိုရင်လည်း ဒီအကုန်မှာတင် မဖြစ်နိုင်ဘူးလား။ အကုန်အကျသက်သာတာပေါ့''

''နည်းပညာချင်း အလွန်ကွာသွားပြီ . . . ဦးသိန်းဝင်းရေ။ ဟိုမှာက အရိုးကင်ဆာ အထူးကုဆိုတာရှိတယ်။ ဒီမှာက အရိုးအထူးကုပဲ ရှိတာ။ ခွဲစိတ်ပြီး ဖြတ်တာတောက်တာတောင် လုံးဝမနာဘူး။ ခွဲပြီးတော့လည်း မနာဘူး။ ဒီမှာကြည့်ပါလား။

ကျွန်တော့်ညာဘက်ပခုံးက လက်နှစ်လုံးပဲ ကျန်တော့တယ်။ ဆုံထိုက်မဖြတ်ပြန်ရင်လည်း ကင်ဆာဆဲလ်တွေက လည်ပင်းကတစ်ဆင့် တစ်ကိုယ်လုံး အနှံ့ပျံ့တော့မှာ။ အချိန်မီရုံကလေးပါပဲဗျာ။ သိန်း(၁၅၀) လောက်ကုန်ပေမဲ့ တန်ပါတယ်။ လက်တစ်ဖက် ဆုံးရှုံးခဲ့ရပေမဲ့ အသက်အန္တရာယ် မရှိတော့ပါဘူး''

''ဒါပေါ့ဗျာ။ ခင်ဗျားလည်း စီးပွားရေးအဆင်ပြေပြီး ချမ်းသာတဲ့သူပဲ၊ နားနားနေနေ နေပြီး လောကစည်းစိမ်ချမ်းသာကို အပြည့်အဝ ခံစားပေါ့ဗျာ။ အားလပ်ချိန်များများရနေတော့ ဘာသာရေးဘက်လည်း လုပ်ဦး။ လောကီစည်းစိမ်ချမ်းသာဆိုတာ လောကုတ္တရာကို မပါနိုင်ဘူး။ ပါချင်ရင်တော့ ကောင်းမှုကုသိုလ်လုပ်ပြီး ကျင့်ကြံအားထုတ်ရမယ်''

ကိုကျော်စိန်ဝင်းက အကြံပေးရာ . . .

''ဟုတ်ပါတယ် . . . ကိုကျော်ရေ၊ ကျွန်တော်က အလှူအတန်းလုပ်ပေမဲ့ ကျင့်ကြံအားထုတ်တဲ့ဘက်မှာ အားနည်းနေတယ်။ ခင်ဗျား အကြံပေးတာ ကျေးဇူးပဲဗျာ။ အခုတော့ လုပ်ငန်းတွေနဲ့ ကလေးတွေကို စိတ်ချရတော့ လောကုတ္တရာကိစ္စကို ဇောက်ချပြီး လုပ်ရတော့မှာပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



အသက်(၄၀)ကျော်မှ ဘဝစသည်ဆိုပါလျှင် ဦးမြင့်သိန်းက ဘယ်ဘဝကို စမှာပါလဲ။ ကျွန်တော်တို့ စောင့်ကြည့်ရပေဦးမည်။ အထက်တွင် ဖော်ပြခဲ့သလို ဦးမြင့်သိန်းက တစ်ကိုယ်တည်း လူပျိုကြီး မိန်းမမရှိ၊ သားသမီးမရှိ၊ ပစ္စည်း ဥစ္စာကလည်း အလွန်ချမ်းသာ တောင့်တင်းသည်။ နောက်ဆံတင်းစရာ အကြောင်းမရှိ။

ဘာသာရေးဘက်ကို လွတ်လပ်စွာ လိုက်စားကျင့်ကြံရန် လွန်စွာကောင်းမွန်သော အချိန်အခါကာလသမယ ဖြစ်ပေသည်။ သို့သော် သူက သူ၏စီးပွားရေးလုပ်ငန်းများကို စိတ်ချသေးဟန်မတူပါ။ သံယောဇဉ်ဖြတ်နိုင်သေးဟန်လည်း မတူပါ။ ကိလေသာအနှောင်အဖွဲ့က ပြတ်ပြတ်သားသားရုန်းထွက်ချင်သေးဟန်လည်း မတူပါ။

ကျွန်တော်တို့ စကားပြောဆိုပြီးတော့ ဦးမြင့်သိန်းက သူ၏ အအေးခန်း ညှော်ဂေဟာအတွင်းသို့ လိုက်ပြသည်။ ခမ်းနားပါသည်။ ကြီးကျယ်ပါသည်။ သစ်လွင်ခံ့ညား ပြည့်စုံပါသည်။

ကျွန်တော်တို့ ဦးမြင့်သိန်းအား နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ အအေးခန်း ညှော်ဂေဟာထဲက ထွက်တော့ အပူငွေ့က 'ရှိန်'ခနဲ လာဟပ်သည်။ လောကီစည်းစိမ်ချမ်းသာကို အပြည့်အဝ ခံစား စံစားနေပြီး လောကုတ္တရာဘက်ကူးလျှင်တော့ တရားထူးမရမီ ဒုက္ခဆင်းရဲတော့ ရောက်ပေမည်။

ဥရုဝေလတောတွင် ဒုက္ကရစရိယာ(၆)နှစ် ကျင့်ကြံသော မြတ်စွာဘုရား၏ဒုက္ခနှင့် နှိုင်းယှဉ်လျှင်တော့ အသေးအဖွဲပင် ဖြစ်ပါလိမ့်မည်။

လူတိုင်းလောကီချမ်းသာ စည်းစိမ်ကို ရလိုကြ၏။ ချမ်းသာသည်ထက် ချမ်းသာအောင် ကြိုးစားကြ၏။ ဘဝတဏှာခွံအတွင်းမှ ရုန်းထွက်နိုင်သူ အလွန်ရှားပါသည်။

ကျွန်တော်တို့အထင် ဦးမြင့်သိန်းလိုလူမျိုးကို လောကပါလနတ်များက အချိန်အခါရောက်၍ သတိပေးနေပြီထင်ပါတယ်။ ကျွန်တော်တို့ ဝက်သတ်လုပ်ငန်း အရိုးပုံကြီးအနီးမှ ဖြတ်ခဲ့သည်။ ထောင်းခနဲ ညှီစို့စို့အနံ့ကြီးက မသတီစရာ ထလာသည်။ ထိုစဉ် ကိုကျော်စိန်ဝင်းက မှတ်ချက်ပြုသည်။

---

စိတ်ကူးသစ်စာပေ



"ဦးမြင့်သိန်းခံရတာ ဝဋ်လိုက်တာပဲ . . . ကိုသိန်းဝင်းရေ။ တစ်နေ့ကို အကောင်(၂၀)ကျော် သတ်ရတဲ့ဝက်တွေရဲ့ ကျိန်စာလားတော့ မသိဘူး။ ဒီလူ ဒီလောက်ချမ်းသာနေတာ ဒီဝက်သတ်လုပ်ငန်းကြီးကို ရပ်စဲဖို့ ဘိုလ်တွေက သတိပေးနေတာလို့ ကျွန်တော် ထင်တယ်ဗျာ"

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




[၁]

❑

၁၉၇၂ ခုနှစ်က ဖြစ်သည်။ ကျွန်တော် ဘွဲ့ရပြီးသော်လည်း အလုပ်အကိုင်မရသေးသဖြင့် မန္တလေးမြို့သို့ မီးရထားဖြင့် ထွက်ခဲ့သည်။ ဒီဇင်ဘာကျောင်းပိတ်ရက် အလုပ်အားကြမည်ဖြစ်သော သူငယ်ချင်း ကျောင်းဆရာကိုခင်မောင်ဝင်း၊ ကိုထွန်းတို့နှင့်အတူ အသုံးလုံးကျောင်းဆရာအဖြစ် လုပ်အားပေးခဲ့သော အမရပူရမြို့နယ်၊ ရှမ်းရွာကြီးနှင့် ရေပုတ်ရွာများသို့ သွားရောက်လည်ပတ်ရန် ဖြစ်လေသည်။

တော်ဝင်ရုပ်ရှင်ရုံအနားတွင်နေသော ကိုခင်မောင်ဝင်းအိမ်သို့ ဦးစွာသွားရောက်ရာ ကိုခင်မောင်ဝင်းကို အသင့်တွေ့ရသဖြင့် ဝမ်းသာရသည်။

''လာဗျို့ . . . ကိုသိန်းဝင်း၊ ခင်ဗျားစာရေးထားပေမဲ့ ဘယ်နေ့လာမယ်မသိလို့ ဆင်းမကြိုဖြစ်တာ။ ကိုထွန်းကလည်း ခင်ဗျားကို မျှော်နေတာအတော်ပါပဲ''

''အားလုံး နေကောင်းကြရဲ့နော်။ ကျွန်တော်လည်း လာမယ့်ရက်သေချာတာနဲ့ ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း လာမယ်လို့ စာရေးလိုက်တာ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာစားပြီးပြီလဲ၊ Breakfast စားရင်း ကိုထွန်းအိမ် သွားကြရအောင်။ ခင်ဗျားက ညရထားစီးလာတော့ မနက်စောစော ရောက်လာတာပေါ့နော်"

"ဟုတ်ပါ့ဗျာ ...။ လက်ဖက်ရည်တော့ ဘူတာမှာ သောက်ပြီးပါပြီ။ တစ်ခုခု စားကြတာပေါ့"

ကျွန်တော် ပစ္စည်းများထားခဲ့ပြီး ကိုခင်မောင်ဝင်းနှင့်အတူ ကိုထွန်းအိမ်သို့ ဘတ်စ်ကားစီး၍ ထွက်လာကြ သည်။ ကိုထွန်းအိမ်မှာ ဈေးချိုအနောက်ဘက်၊ ဂေါဝိန်ဆိပ်သို့ဆင်းသော လမ်းဘေး၌ရှိသည်။ ကိုထွန်းနှင့် ကိုခင်မောင်ဝင်းတို့သည် ကျွန်တော့်ထက် အသက်ကြီးသော်လည်း လူပျိုကြီးများဖြစ်ကြပြီး မိဘ၊ မောင်နှမသားချင်းများဖြင့် နေထိုင်ကြသည်။

ကိုထွန်းကိုလည်း အိမ်တွင် အသင့်တွေ့ရသည်။ သူတို့အိမ်တွင် မန္တလေးနန်းကြီးသုပ် လုပ်စားသဖြင့် ကျွန်တော်တို့ Breakfast ကို အသင့်စားကြရင်း စကားပြောကြသည်။

"ကိုသိန်းဝင်းရေ .. ခင်ဗျား သပိတ်ကျင်းကို ရောက်ဖူးသလား"

"မရောက်ဖူးဘူး ... ကိုထွန်း၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် ဒီလို စီစဉ်ထားတယ်။ သပိတ်ကျင်းမြို့နယ်က မလည်ရွာကို အရင်သွားလည်မယ်။ ကျွန်တော်တို့ အမျိုးတွေရှိတယ်။ အဲဒီကပြန်မှ အလုပ်ပြန်ဝင်ရင်း အမရပူရကို သွားကြမယ်။ ဒီဇင်ဘာ ကျောင်းပိတ်ရက်က တိုတယ်လေ။ ကျွန်တော်တို့လည်း အလုပ်မပျက်တော့ဘူး။ ခင်ဗျားလည်း အမရပူရမှာ အကြာကြီး နေနိုင်တာပေါ့"

"ကောင်းတယ် ... အဲဒီအစီအစဉ် ကောင်းပါတယ်။ မရောက်ဖူးသေးတဲ့ နေရာကိုလည်းရောက်ပြီး ဒေသန္တရဗဟုသုတ ရတာပေါ့။ ဘယ်တော့ သွားကြမှာလဲ"

"မနက်ဖြန် စောစောသွားမယ်။ ဂေါဝိန်ဆိပ်က သင်္ဘောစီးရမှာဆိုတော့ ခင်ဗျားတို့လာခဲ့ကြ။ Breakfast လည်း ဒီမှာပဲ စီစဉ်ထားတယ်။ မနက် ၆ နာရီ အရောက်လာကြ။ သင်္ဘောက ၇ နာရီမှာ ရှိတယ်"

"ကောင်းပြီဗျာ ...။ ဒါဆို ကျွန်တော်တို့ ပြန်ဦးမယ်။ မနက်ဖြန်မှ တွေ့ကြတာပေါ့နော် ... ကိုထွန်း"





"မဟုတ်သေးဘူးလေ။ ဒီမှာ နေ့လယ်စာစားပြီးမှ ပြန်ပါ။ ဟိုမှာ ညီမတွေ နေ့လယ်စာကျွေးဖို့ ပြင်ဆင်ချက်ပြုတ်နေကြပြီ။ ညစာကို ကိုခင်မောင်ဝင်းအိမ်မှာ စားပေါ့"

"ကောင်းပါပြီဗျာ"

ကျွန်တော်တို့ ကော်ဖီသောက်ရင်း ကျွန်တော် အသုံးလုံးဆရာ လုပ်ခဲ့သော ရှမ်းရွာကြီးနှင့် ရေပုတ်ရွာမှ မိတ်ဆွေများအကြောင်း ပြောကြသည်။ ရှမ်းရွာကြီးမှ ကျွန်တော် ၄၅ ရက်တိုင်တိုင် တည်းခိုနေထိုင်ခဲ့သော ဦးသာနိုးတို့ မိသားစုနှင့် ရေပုတ်ရွာမှ ကျွန်တော်တို့ စားအိမ်သောက်အိမ် ဦးအုန်းမောင်တို့မိသားစုက ကျွန်တော့်အား မျှော်နေကြကြောင်းလည်း ပြောကြသည်။ ဆွေမျိုးအရင်းများ မဟုတ်ကြသော်လည်း အလွန်အယောဇဉ်ကြီးကြသော မိသားစုများဖြစ်ကြသည်။

နောက်တစ်နေ့ မနက်စောစောတွင် ကျွန်တော်တို့ ကိုထွန်းအိမ်ကို သွားကြပြီး Breakfast စား၍ ဂေါဝိန်သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြပါသည်။ ပြဒါးရှင်ဟူသော နှစ်ထပ်သင်္ဘောကြီးက ဆိပ်ကမ်းတွင် အသင့်ဆိုက်ကပ်ထားသည်။ ကျွန်တော်တို့အဖွဲ့ အပေါ်ထပ်တွင် နေရာယူကြသည်။

နံနက် (၇) နာရီတွင် သင်္ဘောကြီးဥသြဆွဲ၍ ရေဆန်ခရီးကို ထွက်သည်။ ကမ္ဘာစစ်လက်ကျန်နံဘေး ဒလက်ကြီးများနှင့်ယက်၍ ခုတ်မောင်းသော သင်္ဘောအိုကြီးများဖြစ်၍ အလွန်နှေးသည်။ ရေဆန်ခရီးဖြစ်၍ သင်္ဘောအိုကြီးမှာ မနည်း ရုန်းကန်နေရဟန်တူသည်။

ကျွန်တော်တို့သင်္ဘောကြီးသည် မင်းကွန်း၊ စစ်ကိုင်း၊ စဉ့်ကိုင်၊ ကားကိုကျော်ပြီး ရောဝတီမြစ်ကမ်းဘေးရှိ ဟသ်ာကြီး၊ သစ်ဆိမ့်ကြီး၊ ဆိုးကြီး၊ ဆီသည်၊ ခက်သင်ရွာစဉ်များကို ဖြတ်ပြီး စည်ကူးသို့ ရောက်သည်။ ထိုမှ ရွှေဘိုဆိပ်ကမ်း (ကျောက်မြောင်း) ကိုကျော်ပြီး စည်ကားလှသော ရွှေကျင်စခန်းကြီးသို့ ရောက်သည်။

ထိုမှ ဆက်လက်ခုတ်မောင်းလာရာ ဘိုးဖြူတောင်၊ မယ်ဖြူတောင်ကြား ကျဉ်းလွန်းသည့် ဧရာဝတီတတိယမြစ်ကျဉ်းသို့ ရောက်သည်။ သင်္ဘောကြီးမှာ ကျဉ်းလွန်းသည့်နေရာအား တဖြည်းဖြည်း ဖြတ်ကျော်ရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကျဉ်းကိုလွန်သည်နှင့် ကျော်ရဲကြီး၊ ကျော်ရဲလေး၊ ကျောက်ဆောင်ဝံကို သတိကြီးစွာ ဖြတ်ကြရပြန်သည်။ အညာသီဟတောဘုရားလွန်သည်နှင့် သပိတ်ကျင်းမြို့နယ်၊ မလည်ရွာဆိပ်ကမ်းသို့ သင်္ဘောကြီးချဉ်းကပ်လာသည်။

မလည်ဆိပ်ကမ်းတွင် ငွေသိမ်းရေယာဉ်က ဆိုက်ကပ်နေပြီး ကမ်းပါးပေါ်၌ ဝါးပုံကြီးများက နေရာအနှံ့ ဖြန့်၍ပုံထားသည်။ ကျွန်တော်တို့သင်္ဘောကြီး မလည်ဆိပ်ကမ်းကပ်တော့ ညနေလည်း စောင်းချေပြီ။

ကျွန်တော်တို့ ဆိပ်ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ ကမ်းနားမှ ဈေးဆိုင်များကလည်း စည်ကားလှသည်။ ကျွန်တော်တို့အဖွဲ့ကို ကိုထွန်းက ဦးဆောင်ပြီး မလည်ရွာလယ်ပိုင်းသို့ လမ်းလျှောက်ခဲ့ကြသည်။ ရွာလယ်မှ နှစ်ထပ်အိမ်ကြီးတစ်အိမ်ရှေ့ရောက်တော့ ကိုထွန်းက . . .

"ဦးလေးမောင် . . . ဦးလေးမောင် . . ."

ဟုခေါ်ရာ အသက်(၆၀)ခန့် လူကြီးတစ်ဦး ထွက်လာပြီး . . .

"ဟာ . . . ကိုထွန်းတို့ပါလား။ လာကြ၊ ထိုင်ကြ။ အခါးရည်အသင့်ရှိတယ်။ နေဦး . . . အကြော်ပူပူနွေးနွေးလည်း ရမယ်"

ကျွန်တော်တို့အဖွဲ့ အောက်ထပ် ကွပ်ပျစ်များအပေါ်တွင် ပစ္စည်းများတင်ကြပြီး အညာခုံရှည်စားပွဲကြီးအား ဝိုင်းထားသည့် ခုံတန်းလျားအရှည်ကြီးများပေါ်တွင် ထိုင်ကြသည်။ မကြာမီ ရေနွေးကရားကြီးနှင့် ပန်းကန်များ၊ အကြော်ပူပူနွေးနွေးများ ရောက်လာပါသည်။

ဘူးသီးကြော်ကြီးများက လက်ဝါးခန့်ရှိသည်။ မန္တလေးပဲကြော်နှင့် ပဲကပ်ကြော်များကလည်း အောက်ခံအချိုပန်းကန်ခန့်ရှိသည်။ လတ်ဆတ်၍ ချိုဆိမ့်နေသည်။ ကျွန်တော်တို့လည်း ဆာဆာနှင့် အားပါးတရစားကြသည်။ မလည်ရွာ၏ ဆောင်းညချမ်းမှာ အေးလွန်းလှသည်။ ခရီးပန်းလာသော်လည်း ရေမချိုးနိုင်ကြတော့။ ကိုယ်လက်သုတ်သင်ရုံသာ တတ်နိုင်ကြတော့သည်။

✿ ✿ ✿

[၂]

❑

မနက်ခင်းဖြစ်သော်လည်း ဆောင်းနေသည် တောက်ပနေသည်။ ဧရာဝတီမြစ်ယံမှ လေတိုသည် ကမ်းပေါ်သို့ဝေ့၍ တသဲသဲ တိုက်ခတ်ထွက်ရှိသည်။ ရွှေတောင်ဦးကုန်းတော်သည် နံနက်ခင်းအလှကို ပို၍ လှပအောင် ဖြည့်ဆည်းထားသည်နှင့် တူနေပေသည်။

မလည်ရွာ ရွှေတောင်ဦးကုန်းတော်ပေါ်တွင် ရွှေမုဋ္ဌောစေတီတော်ရှိသည်။ ရွှေတောင်ဦးကုန်းတော်သည် ဧရာဝတီမြစ်ကမ်းအနီးမှ ထင်ရှားသည့် ကုန်းတော်ဖြစ်သည်။ ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်းတို့နှင့်လည်း တင့်တယ်နေသည်။ ဘုရားပရိဝုဏ်အတွင်း၌ တရုတ်စံကားပင်များ ပေါက်ဆောက်နေကြရာ အရွက်ကြီးများ ဖားဖားဝေ၍ သန့်စွမ်းလှသည်။

စံကားပွင့်တို့ မြိုင်မြိုင်ပွင့်ကြ၍ စံကားပန်းရနံ့များ သင်းပျံ့နေသည်။ ထိုနေရာကမ်းပါးစွန်းမှ ရပ်လျက် ကျွန်တော်တို့ ဧရာဝတီမြစ်ပြင်ကြီးကို ကြည့်လိုက်ရာ အသည်းအေးသွားမိသည်။ ရေကျချိန်ဖြစ်၍ အောက်ပေ(၃၀၀)ခန့်တွင် ဧရာဝတီမြစ်ကြီးက စီးဆင်းနေသည်။

ကမ်းတွင် မြင်သာအောင်စိုက်ထားသော ရေကြောင်းပြမှတ်တိုင်အား ဝါးလုံးရှည်ကြီးသည် ကျွန်တော်တို့အောက်သို့ ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ပြင်ကျယ်အတွင်း လှေနှင့်သမ္ဗန်ကလေးများ ရေမျောနေသည့်အတိုင်း ပင်။ ထိုစဉ် အဘဦးလေးမောင် ရောက်လာပြီး . . .

''ဟိုး စားလွယ်ခုတ်မှာ မြင်ရတာ သိမ်းတောင်ပေါ့။ ရောဝတီ တတိယမြစ်ကျဉ်းရဲ့ ပထမဆုံး အဝင်နေရာပေါ့''

သိမ်းတောင်မှာ ကျွန်တော်တို့ရပ်နေကြသည့် ရွှေတောင်ဦး ကုန်း တော်နှင့် စားလွယ်ခုတ်တစ်ဖက်ကမ်းပါးတွင်ရှိသည်။ သိမ်းတောင်နှင့် ရွှေ တောင်ဦးကြားတွင် ရောဝတီမြစ်ကြီးက စီးဆင်းနေရာ ရေဦးတိုက်သဖြင့် သိမ်းတောင်ခြေရင်းတွင် ဂွေ့ဝဲကြီးဖြစ်နေသည်။

သိမ်းတောင်ဝဲကြီးသည် အလွန်အန္တရာယ်ကြီးသည့် နာမည်ကျော် ဝဲကြီးဖြစ်သည်။ မှုတ်ဝဲလည်းမဟုတ် စုပ်ဝဲကြီးဖြစ်သည်။ ထိုစဉ် ရေစုန် ခရီးမှ ပျပျကလေးမြင်ရသော လှေတွဲပြီး မော်တော်ဆွဲလာသည့် သစ်ဖောင် တန်းကြီးကို မြင်ရသည်။

''ကဲ . . . သရာလေးတို့ကို သိမ်းတောင်ဘက်ကမ်းကို လိုက်ပြ မယ်။ အလွန်သာယာတဲ့ နေရာပဲ။ ဒါပေမဲ့ အလွန်နတ်ကြီးတယ်။ အပေါ့ အလေး မသွားရဘူး။ ဆဲတာဆိုဘာကိုလည်း ဆင်ခြင်ကြပါ။ ဗဟုသုတ အဖြစ်ပေါ့''

ကျွန်တော်တို့ မော်တော်ကလေးတစ်စင်းဖြင့် တစ်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။ သိမ်းတောင်ဝဲကြီး လွတ်ရာကိုက်(၂၀၀)ကျော်ခန့်မှ ရောဝတီ မြစ်ကို ဖြတ်ကြခြင်းဖြစ်သည်။ တတိယမြစ်ကျဉ်းအဝဖြစ်၍ အနီးကပ် ကြည့်မှ အလွန်သာယာသည်။ သိမ်းတောင်ဝဲကြီးမှာ တဟဲဟဲ အော် မြည်ပြီးအလယ်၌ အပေါက်ကြီးဖြစ်၍ မီးတောင်အဝကြီးနှယ် အရုပ်ဆိုးပြီး ကြောက်စရာ ကောင်းလှသည်။

ကျွန်တော်တို့မော်တော်ကလေး သိမ်းတောင်ခြေ ရေငြိမ်ရာတွင် ဆိုက်ကပ်ကြိုးချည်ပြီး သိမ်းတောင်ပေါ်သို့ တက်ခဲ့ကြသည်။ ထိုစဉ် အစော ပိုင်းက ပျပျကလေးသာမြင်ရသော သစ်ဖောင်တွဲကြီးမှာ ရေစုန်ခရီးဖြစ်၍ သိမ်းတောင်အနီးသို့ ရောက်ရှိလာသည်။

---

စိတ်ကူးသစ်စာပေ



''ဟောဟိုမှာ . . . ကျွန်တော်တို့မြင်ခဲ့တဲ့ ဖောင်တန်းကြီးမဟုတ် လား''

ကျွန်တော်ကပြောရာ ကိုထွန်းကလည်း . . .

''ဟင် . . . မြန်လှချည်လား''

''ဟုတ်ပါရဲ့ . . .။ စောစောက ရွှေတောင်ဦးကနေ ကျွန်တော် တို့မြင်ခဲ့ရတဲ့ ဖောင်တန်းကြီးမဟုတ်လား''

ကိုခင်မောင်ဝင်းကလည်း မှန်ချက်ချပြန်သည်။

''ဟုတ်တယ်လေ . . . ရေစုန်ခရီး ရေကျချိန်လည်းဖြစ်တော့ မော် တော်ဆွဲအားကလည်း ကောင်းပြီး မြန်မြန်ရောက်လာကြတာပေါ့''

ဦးလေးမောင်ကလည်း ရှင်းပြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

❑

တရွေ့ရွေ့ စုန်ဆင်းလာသော သစ်ဖောင်တွဲကြီးကို ကျွန်တော်တို့ စောင့်ကြည့်နေမိကြသည်။ ရှေ့မှ မော်တော်ကလေးသည် သစ်ဖောင်တွဲကြီးကို အရှည် ကိုက်(၂၀၀) ကျော်ခန့်ရှိ ကြိုးကြီးဖြင့် တငင်ငင်ဆွဲလာသည်။ သစ်ဖောင်တွဲကြီးမှာ နွားသိုးကို ကြိုးဆွဲရသလို တည့်တည့်မလိုက်ဘဲ ဘယ်ညာယိမ်း၍ ကန့်လန့်လိုက်လာသည်။

''ဟာ ... သိမ်းတောင်ဝဲကြီးနဲ့ လွတ်ပါ့မလား''

ဦးလေးမောင်က ပူပန်စွာ စကားဆိုလာသည်။ သိမ်းတောင်မှာ ပေ (၅၀၀) ကျော်ခန့် မြင့်သည်။ ထိုတောင်ခြေတွင် ကျောက်ဦးစွန်းထွက်၍ စုပ်ဝဲကြီးဖြစ်နေသည်။ ဝဲကြီးမှာ ကိုက်(၁၀၀)ကျော်ခန့် ကျယ်ပြန့်သည်။

အလယ်ဘက်ရေကြောသည် ရေနည်းနေပြီး ရေနက်ရာသည် သိမ်းတောင်ဝဲကြီးနှင့် လွတ်ရုံမျှသာ ရှိသည်။ ထိုနေရာတွင် ဧရာဝတီမြစ်သည် ကိုက်(၄၀၀)ခန့်သာ ကျယ်သည်။ သင်္ဘောသွားသည့်ရေကြောင်းသည် ကိုက်(၂၀၀)၊ (၃၀၀) ခန့်သာ အလယ်ကြော၌ရှိသည်။ မလည်ရွာဘက်ကမ်းတွင် ရေကြောင်းကျဉ်းပြီး ရေတိမ်သည်။ သိမ်းတောင်ဘက်ကမ်းတွင် ရေနက်သော်လည်း စုပ်ဝဲကြီးက ရှိနေသည်။





သစ်ဖောင်တန်းကြီးသည် ဤစုပ်ဝဲကြီးကို မည်သို့ဖြတ်ကျော်မည်ပေ၊ သစ်ဖောင်တန်းရှည်ကြီးကလည်း ဆွဲသင်္ဘောကလေးနောက်မှ တည့်တည့်လိုက်လာသည်မဟုတ်။ ရေစုန်ခရီးဖြစ်၍ ဘေးတိုက်၊ ကန့်လန့်လိုက်ပါလာသည်။

သစ်ဖောင်ပေါ်၌လည်း အမိုးအိမ်ကလေးများနှင့် လှေများလည်း တွဲလာသည်။ သစ်ဖောင်တန်းအရှည်မှာ ကိုက် (၄၀၀)ခန့်ရှိသည်။ သစ်ဖောင်ကြီးလေးခုတွဲ၊ တစ်တွဲလျှင် ကိုက်(၁၀၀) ခန့်ကျော်၊ သစ်လုံးရေ စုစုပေါင်း(၂၀၀၀)ကျော်သည်။ ကျွန်းသစ်လုံးများချည်း ဖြစ်သည်။

ကျွန်တော်တို့လည်း စိတ်ဝင်တစား စိုးရိမ်တကြီး စောင့်ကြည့်နေမိကြသည်။ မော်တော်ကလေးကတော့ ရေကြောင်းအတိုင်း တည့်တည့်ဖြတ်သည်။ နောက်က သစ်ဖောင်တွဲကြီးကတော့ ဘယ်၊ ညာ ယိမ်းထိုးပြီး လိုက်လာသည်။

မြစ်တို့၏သဘောတွင် ရေဝဲများ ရှိတတ်သည်။ စုပ်ဝဲ၊ မှုတ်ဝဲဟု ခေါ်ကြသည်။ စုပ်ဝဲမှာ အတွင်းသို့ တဝီဝီလည်ပြီး အလယ်၌ ခွက်ကြီးဖြစ်နေ၍ စုပ်ယူမြှေ့ယမ်းကာ ရေအောက်သို့ ဆွဲနစ်ခြင်းဖြစ်သည်။ မှုတ်ဝဲမှာ မှ အပြင်ခွင်သို့ တဖွားဖွားတွန်းပြီး မြှေ၍ ကန်ထုတ်ခြင်းဖြစ်သည်။

မြစ်ရေပြင်မှာ ဂမ္ဘီရဆန်သော ပဟေဠိများပင် ဖြစ်ကြသည်။ ဤဒုတိယမြစ်ကျဉ်းဝရှိ သိမ်းတောင်ဝဲသည် စုပ်ဝဲကြီးဖြစ်သည်။ မှုတ်ဝဲထက် စုပ်ဝဲက အန္တရာယ်ပိုကြီးလေသည်။

ဤမျှ အန္တရာယ်ကြီးသော သိမ်းတောင်ဝဲကြီးကို စိုးရိမ်၍ မဆုံးမီ တရွေ့ရွေ့ စုန်ဆင်းလာသည့် သစ်ဖောင်တန်းတွဲကြီး၏ နောက်ဆုံးဖောင်တန်းသည် တဖြည်းဖြည်း ကွေးညွှတ်လာတော့သည်။ မြစ်ပြင်၌ ဖောင်တွဲသဘော၊ ဖောင်ဆွဲကြိုးကြီးနှင့် ဖောင်တန်းတွဲကြီးသည် နွားသိုးကြိုးဆွဲဆိုင်ပေါင်တန်း၍ မျောလာတော့သည်။ ထိုစဉ် နောက်ဆုံးဖောင်တန်း၏ အစွန်းကိုဝဲကြီးက စတင်ဖမ်းစုပ်လိုက်တော့သည်။

''ဟာ ... သွားပါဟ''

ဦးလေးမောင်က ထအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲသဘောၤကလေးသည် သတိကြီးစွာ ဖောင်တန်းကြီးကို ထိန်းသိမ်း၍ ချိန်ဆပြီး ရေလမ်းအကွင်း ဝင်ခဲ့သည်။ ထိုစဉ် တစ်တန်းတည်း ရင်ပေါင်တန်း၍ ပါလာသော ဖောင်တွဲတန်းကြီး၏ နောက်ဆုံးဖောင်တန်းသည် ရေဆွဲအားဖြင့် မလွတ်တော့ဘဲ ဝဲကြီး၏စုပ်ဆွဲခြင်းကို ခံလိုက်တော့သည်။

''ဟ . . . ဆွဲပါဟ ငြိတော့မယ်။ မောင်းပါဟ . . . မြန်မြန်''

''ညာကပ်၊ ဆွဲဝဲနဲ့ မလွတ်ဘူး။ ဟော . . . ငြိသွားပြီ''

ဦးလေးမောင်က အားမလိုအားမရ အော်ဟစ်သတိပေးနေသည်။

''ညာကပ်ဆွဲ . . . ညာကပ်ဆွဲ''

ကျွန်တော်တို့ကလည်း အသံကုန်ဟစ်အော်၍ သတိပေးကြသည်။ ထိုစဉ်တွင် ဖောင်ကြီးပေါ်၌ပါလာသည့် ဖောင်လုပ်သားကြီးတို့သည် နေရာအနှံ့ လျင်မြန်စွာ ပြေးလွှားရောက်ရှိသွားကြပြီး တစ်ဦးနှင့်တစ်ဦး အော်ဟစ်သတိပေးနေကြသည်။ ဆွဲသဘောၤကလေးကလည်း စက်ကုန်ဖွင့်၍ ရုန်းနေသည်။ သဘောၤကလေးနှင့် ဖောင်ဦးဆက်သွယ် ချည်နှောင်ထားသည့် ခြေချင်းဝတ်ခန့်ရှိ အုန်းဆံကြိုးများမှာ ပြတ်ထွက်တော့မတတ် တောင့်တင်းနေသည်။

ဝဲကြီးကလည်း သစ်ဖောင်ကြီးကို သူ့ဘက်ပါအောင် တဝီဝီအော်သံပေးပြီး အတင်းစုပ်ဆွဲနေသည်။ သဘောၤကလေးကလည်း အလျော့မပေးဘဲ အားကုန် ရုန်းနေရရှာသည်။ လွန်ဆွဲပွဲကြီးက လွန်စွာ ကြောက်စရာကောင်းလှသည်။ ဖောင်လုပ်သားကြီးများကလည်း ထိုးဝါးအကူဖြင့် ဖောင်တွဲကြီးကို ပြေးလွှားထိန်းသိမ်းနေကြသည်။

ထိုစဉ် ဖောင်ကြီးကိုတွဲထားသည့် မျောတိုင်များ လုံးပတ်တစ်ပေခွဲခန့်အရှည် ပေ(၃)ခန့်ရှိ မျောတိုင်ကြီးတစ်တိုင်မှာ ဖြောင်းခနဲ ကျိုးထွက်သွားသည်။ ထိုမျောတိုင်အစွန်းသည် ဖောင်လုပ်သားကြီးတစ်ဦး၏ နောက်ကျောမှ ဝှီးခနဲကပ်၍ မြောက်တက်သွားရာ သူ၏အကျီမှာ ဖြန်းခနဲကွဲသွားပြီး သုပ်သားကြီးမှာ သစ်လုံးဖောင်ပေါ်သို့ ကားခနဲ လဲကျသွားသည်။





''ဟိုက် . . . သွားပါဟ''

ဦးလေးမောင်က အော်ပြန်သည်။ သို့သော် ဖောင်လုပ်သားကြီးမှာ လွှားခနဲ ပြန်ခုန်ထလာသည်။ အန္တရာယ်ကြားမှ လွတ်ကင်းရန် အခြားသစ်လုံးများပေါ်သို့ ပြေးရတော့သည်။ မျောတိုင်ကြီးမှာ ထက်ပိုင်းကျိုးပြီး သစ်လုံးကြီးများကြားတွင် ထောင်နေသည်။ ထိပ်ပိုင်းတွင် ချွန်ထက်နေသည်။ ရာနှုန်းကိုယ်အား ထိုးမိပါက မတွေးရဲစရာပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ထိုစဉ် ဝဲကြီး၏ ကျောက်စွန်းသည် ဖောင်နောက်ဆုံးတန်း၏ ခါးလယ်ကို ကျိုးကျိုးကျွတ်ကျွတ်မြည်အောင် ရိုက်ချိုးပစ်လိုက်သည်။ ဖောင်ကြီးမှာ ဖျိုးဖျိုးဖျစ်ဖျစ်မြည်၍ တဖြောင်းဖြောင်း ကျိုးပဲ့ကုန်သည်။ ဖောင်ပေါ်ရှိ တဲအိမ်ကလေးတို့မှာ တဖြောက်ဖြောက် ကျိုးပဲ့၍ ပြိုပျက်ကုန်သည်။ ဝဲကြီးသည် ဒေါသကြီးစွာဖြင့် ဆွဲမိသမျှတို့အား တဖြင်းဖြင်း၊ တဖြိုဖြို ဆွဲခြေပစ်နေသည်။

အသက်အန္တရာယ် အလွန်နီးကပ်နေကြပြီဖြစ်သည့် လုပ်သားကြီးတို့မှာ နီးကြားဖျတ်လတ်စွာ လှုပ်ရှားနေကြသည်။ ဝဲကြီးကလည်း အရှုံးမပေးပါ။ နောက်ဆုံးဖောင်တွဲကြီးကို အပိုင်စုပ်၍ ဆွဲထားလေပြီ။ ထိုစဉ် ဖောင်စီးခေါင်းဆောင်က . . .

''နောက်ဆုံး တွဲကြိုးတွေကို ခုတ်ဖြတ်ကြဟေ့ မြန်မြန်လုပ်''

ဟူးရှူးစွာ သတိပေးသံကြီးပေါ်လာသည်နှင့် ဖောင်သမားများသည် လျင်မြန်စွာပင် သစ်လုံးများကို တွဲထားသော လက်ကောက်ဝတ်ခန့်ရှိ အုန်းဆံ





ကြိုးများ၊ ကြိမ်ကြိုးကြီးများကို ဓားကိုယ်စီဖြင့် လျင်မြန်သွက်လက်ကျွမ်းကျင်စွာ ခုတ်ဖြတ်ပစ်လိုက်ကြတော့သည်။

နောက်ဆုံး ဖောင်ဆိုင်းကြိုးများသည် ထောင်းထောင်းပြတ်သွားပြီး သစ်လုံးကြီးများလည်း ဦးထောင်ပဲ့နှင်းဖြစ်ကုန်သည်။ အချို့သစ်လုံးများသည် စုပ်ဝဲကြီးအတွင်း ပြုတ်သွားပြီး ဝဲထဲ၌ တဝီဝီ လည်ပတ်နေကြသည်။ ဝဲကြီး၏အရှိန်မှာ မည်မျှပြင်းထန်သည်မသိပါ။ ဝဲထဲရောက်နေသည့် သစ်လုံးကြီးများ ရိုက်သံမှာ တဖြောင်းဖြောင်းမြည်၍ သစ်လုံးအစများမှာ သန့်ကျဲကုန်သည်။

သစ်ဖောင်တန်းကြီးမှာ နောက်ဆုံးဖောင်တွဲ ပြုတ်သွားသော်လည်း စုပ်ဝဲကြီးအတွင်းက မလွတ်မြောက်သေးပါ။ စုပ်ဝဲကြီးက ဒုတိယ သစ်ဖောင်အား အားကုန်ဆွဲထားပြန်သည်။ ထို့ကြောင့်လည်း ဖောင်လုပ်သားကြီးများက ဒုတိယတွဲဆိုင်းကြိုးများအား ခုတ်ဖြတ်ကြပြန်သည်။ သစ်လုံးကြီးများ ပြုတ်ထွက်ပြီး ဝဲကြီးအတွင်း ပါသွားကြပြန်သည်။

ရေစီးအရှိန်ဖြင့် မော်တော်ကလည်း အရုန်းကောင်းသဖြင့် ဤတစ်ခါတော့ စုပ်ဝဲကြီးက ဆွဲမထားနိုင်တော့။' ဖောင်တွဲကြီးလွတ်သွားပြီး မော်တော်ကလေးဆွဲရာနောက်သို့ ပါသွားတော့သည်။ မကြာပါ။ နောက်ဖောင်တွဲတစ်စီး ရောက်လာပြန်သည်။

ဒုတိယဖောင်တွဲကိုလည်း ဝဲကြီးက အမိအရ ဖမ်းပြန်သည်။ ဖောင်လုပ်သားကြီးများက လျင်မြန်စွာ နောက်ဆုံးဖောင်တွဲကို ခုတ်ဖြတ်နိုင်သဖြင့် ဤတစ်ကြိမ်တွင်တော့ စုပ်ဝဲကြီးက အရှုံးပေးသွားရသည်။

ဖောင်တန်းရှည်ကြီးနှစ်ခုမှာ ဝဲကြီးလွတ်ရာတွင် ကမ်းကပ်ရပ်နားကြပြီး လှေများချ၍ ဖောင်လုပ်သားကြီးများက ရေမျောသစ်လုံးများကို ထိုက်ဆယ်ကြပြန်သည်။ ကျွမ်းကျင်ရာလိမ္မာရာဟူသော စကားပုံအတိုင်း ရေမျောသစ်လုံးများကို နဖားကြိုးထိုး၍ ဖောင်ဖွဲ့ကြပြန်သည်။ ပြီးမှ မော်တော်များဖြင့် ပြန်လည်ဆွဲယူကာ ဖောင်ဆွဲကြပြန်သည်။ အာဂဖောင်လုပ်သားကြီးများ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစီးထဲမျောပါသွားသော သစ်လုံးများကို ဆယ်ယူနိုင်သော်လည်း စုပ်ဝဲကြီးအတွင်းကျန်ခဲ့သည့် သစ်လုံးကြီးများကိုတော့ ဆယ်ယူခြင်း မပြုနိုင်ကြတော့ပါ။ သိမ်းတောင်စုပ်ဝဲကြီးသည် လွန်စွာ အားသန်၏။

သို့သော် ဖောင်လုပ်သားကြီးများကလည်း စုပ်ဝဲကြီးကို အလျှော့မပေး။ အနိုင်မခံ၊ အရှုံးမပေး ကြိုးပမ်းခဲ့ကြသော ဖောင်လုပ်သားကြီးများ၏ အားမာန်သည် အံ့ဩလောက်စရာပင်။ ဧရာဝတီမြစ်အတွင်း စုပ်ဝဲကြီးများက များစွာရှိသည်။ ကသာမြို့မှ မန္တလေးမြို့အထိ သစ်ဖောင်တွဲကြီးများကို အရောက်ပို့ဆောင်နိုင်ကြသော သစ်ဖောင်လုပ်သားကြီးများ၏ ဘဝမှာ ခက်ခဲကြမ်းတမ်းလှသည်။

အသက်စွန့်၍ လုပ်ကိုင်ရသော အလုပ်ဖြစ်သည်။ 'ယောက်ျား ဖောင်စီး၊ မိန်းမ မီးနေ' ဆိုသော စကားပုံမှာ အန္တရာယ်ကြီးမားသောကြောင့် ပေါ်ပေါက်ခဲ့သော စကားပုံဖြစ်သည်။

"ဒီမြစ်ထဲမှာပဲ ဖောင်လုပ်သားကြီးတွေဟာ လုပ်ငန်းအားလုံး ပြီးစီးအောင် လုပ်ကြလိမ့်မယ်။ စိတ်တိုင်းကျ ဖောင်ဖွဲ့ပြီးမှ ဆက်စုန်ကြလိမ့်မယ်။ လမ်းမှာ အခုလို အန္တရာယ်မတွေ့အောင် သတိထားကာမှ မန္တလေးရောက်မှာ။ အခုအချိန်ဟာ ရှေ့ခရီးမှာလည်း ရေကြောင်းက ကျပ်ဦးမှာပဲ"

ဦးလေးမောင်က ဖောင်လုပ်သားကြီး၏ဘဝကို ရှင်းပြသည်။

ဖောင်စီးလုပ်သားကြီးများသည် အားမာန် ကြီးမားလှသည်။ ရေသရဲကြီးများ ပမာပင်တည်း။ အသက်အန္တရာယ်ကြီးလှသော အလုပ်တွင် လုပ်ငန်းကျွမ်းကျင်ရုံသာမက တစ်ဦးကိုတစ်ဦး အသက်ပေး၍ စွန့်စားကူညီမှု၊ နိုင်ငံတော်ပိုင်သစ်လုံးများအား အလေအလွင့် အဆုံးအရှုံးမခံဘဲ စွန့်စွန့်စားစား လိုက်လံဆယ်ယူမှုများက ကျွန်တော်တို့ရှေ့တွင် မျက်ဝါးထင်ထင် ရှုမြင်ခဲ့ရ၍ အလွန်လေးစား ဂုဏ်ယူမိပါသည်။





သိမ်းတောင်သဘာဝစုပ်ဝဲကြီးကတော့ တဟဲဟဲမြည်၍ အောင်ပွဲခံလျက်ပါပင်။ ရေဝဲကြီးအတွင်း၌ လူနှစ်ဖက်စာခန့် ကျွန်းသစ်လုံးများ ထုနှင့်ချီ၍ စုပ်ယူမျိုချထားကြောင်း ဦးလေးမောင်ပြော၍ သိရပါသည်။ အလေးချိန်တန်ပေါင်းများစွာ စုပ်မျိုထားသော်လည်း သိမ်းတောင်စုပ်ဝဲကြီးက အစာဝဟန် မတူသေးပါ။ အားကောင်းမောင်းသန်တုန်းပင်။

နားလည်ကျွမ်းကျင်သူ ပညာရှင်များက ခေတ်မီကိရိယာများကို အသုံးပြုပြီး ရေအားလျှပ်စစ် ထုတ်ယူနိုင်လျှင်တော့ နိုင်ငံတော်အတွက် အကျိုးရှိမည်လားဟု ကျွန်တော် တွေးဆနေမိပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

တစ်နေ့ ကျွန်တော် နေ့လယ်စာစားရန် နေ့လယ် ၁၂ နာရီခန့် ၌ အချုပ်ရုံးမှ ထောင်ဘူးဝတံခါးကြီးသို့ ထွက်လာခဲ့သည်။ နေ့လယ်စာ ချိန်ဖြစ်၍ Main Jail တွင် လူစည်ကားနေသည်။ ထောင်အလုပ်မှာ (၁၂)နာရီ ဂျူတီဖြစ်သဖြင့် မအားလပ်သူ အရာရှိများနှင့် လူပျိုလူလွတ် ထမ်းများက Main Jail ၌ပင် စုပေါင်း၍ စားသောက်ကြသည်။

ထောင်တွင်း၌ အစားအသောက်က ပေါသည်။ Main Jail အနောက် ဘက်တွင် ဖိုကြီးရှိသည်။ ဖိုကြီး၌ အနည်းဆုံး ကုလားပဲဟင်းနှင့် လုံးတီး ပြင်းပူပူနွေးနွေးက အချိန်ပြည့် အဆင်သင့်ရှိနေသည်။

ထောင်တွင်းတောင်ယာများကလည်း အသီးအနှံမျိုးစုံအောင်ရ သည်။ ကြက်၊ ဝက်၊ ငုံးများလည်း မွေးမြူထားသဖြင့် ဥနှင့်အသားလည်း ပေါတတ်သည်။ ဖိုကြီးက ဝမ်ချူးတို့ကလည်း တရုတ်အစားအစာကို ကောင်း ကောင်းစွာ ချက်ပြုတ်ပေးတတ်သည်။ ထို့ကြောင့် အပြင်ထွက်ရန် အချိန်မရသော အလုပ်များသူများ Main Jail ၌ပင် နေ့လယ်စာထမင်း စားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် Main Jail ရှေ့က ဖြတ်အလျှောက်၌ပင် ထောင်မှူးကြီးဦးလှမြင့်က ထမင်းစားနေရင်း လှမ်းခေါ်သည်။

''ကိုသိန်းဝင်း . . . လာဗျို့။ ဒီမှာ ဟင်းကောင်းတယ်။ ဒီနေ့ သောင်မွေးမြူရေးက ဦးကြည်မောင်တို့ ဝက်ပေါ်လို့ ဝက်သားဟင်းကောင်းကောင်း ချက်ထားတယ်။ ဖိုကြီးက ဝမ်ချုံးလက်ရာပေါ့။ လာပါ . . . တစ်ခါတည်း ဝင်စားသွားဗျာ''

ကျွန်လည်း တရုတ်ဝမ်ချုံးလက်ရာဆိုသဖြင့် ထမင်းဆာဆာနှင့် ဝင်စားလိုက်သည်။ တရုတ်လက်ရာဟင်းများမှာ စုံလင်လှသည်။ ဟိုတယ်လက်ရာအတိုင်းဖြစ်သည်။ ဝက်သားပေါင်းအပြင် ဟင်းသီးဟင်းရွက်များဖြင့်လည်း မျိုးစုံအောင်ချက်ထားသည်။ ရှားရှားပါးပါး ဝက်နံရိုးကြံမဆိုင်ဟင်းချိုနှင့် ဝက်ခေါင်းသုပ်ပင် ပါလိုက်သေးသည်။

စားသောက်ပြီးတော့ လက်ဖက်ရည်ကြမ်းဝိုင်း ထိုင်ကြရင်း စကားဝိုင်းဆက်ကြပြန်သည်။ အကျဉ်းထောင်အဖွဲ့နှစ်ဖွဲ့ ခွဲထားသည်။ (က) အဖွဲ့နှင့် (ခ) အဖွဲ့ဖြစ်သည်။ နေ့လယ်စာကို (က) အဖွဲ့က နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အပြင်ထွက်၍ အနားယူရင်း နေ့လယ်စာစားနိုင်ကြသလို (ခ) အဖွဲ့ကလည်း နေ့လယ် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ အပြင်ထွက်အနားယူရင်း စားနိုင်သည်။

(က) အဖွဲ့က ညနေ ၄ နာရီတွင် အလုပ်ချိန်ပြီးလျှင် အိမ်ပြန်အနားယူခွင့်ရသည်။ (ခ) အဖွဲ့က ည၌ ၇ နာရီ ၈ နာရီအထိ ထောင်ပိတ်ပြီး လူပေါင်းကိုက်မှ အိမ်ပြန်အနားယူ အိပ်ခွင့်ရသည်။ ညတာဝန်ကိုတော့ တာဝန်မှူးကြီး၊ တာဝန်မှူးနှင့် တာဝန်ကြပ်အဖွဲ့က တစ်ညလုံး တာဝန်ယူရသည်။

မနက် ၅ နာရီတွင်တော့ ယခင်နေ့က ညနေ ၄ နာရီ ထွက်ခွာခွင့်ရသော (က) အဖွဲ့က ထောင်ဖွင့်ဝင်ရပြီး ညက ထောင်ပိတ်ပြီးမှ ည ၇ နာရီ ၈ နာရီ ထွက်ခွင့်ရသော (ခ) အဖွဲ့က မနက် ၇ နာရီတွင်





အားဆေးစွာ အလုပ်ဝင်ရသည်။ (ခ) အဖွဲ့ဝင်လာသည်နှင့် (က) အဖွဲ့က ဆောင်ပြင်ထွက်၍ Breakfast စားပြီးမှ မနက် ၈ နာရီတွင် ထောင်တွင်းပြန် ဝင်ပြီး အလုပ်လုပ်ရသည်။

ဤသည်တို့မှာ သာမန်အေးချမ်းချိန်တွင် ထောင်၌ တာဝန်ထမ်းဆောင်ကြရသော ထောင်အရာရှိများ၏ အလုပ်ချိန်ဇယားဖြစ်သည်။ (က) အဖွဲ့နှင့် (ခ) အဖွဲ့တို့သည် စနေ၊ တနင်္ဂနွေနေ့များ၌လည်း တစ်ရက်စီခွဲခြား၍ အနားယူနိုင်ပါသေးသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ထောင်တွင်း၌ အရေးပေါ်ချိန်၊ ထောင်ဖွင့် ထောင်ပိတ်မရ၍ အကျဉ်းသား၊ အချုပ်သားပျောက်နေလျှင်တော့ နှစ်ဖွဲ့စလုံး အရေးပေါ် ဝင်ရောက်တာဝန် ထမ်းဆောင်ရပြီး Stand by အနေအထားဖြင့် ပြဿနာမပြီးမချင်း ထောင်တွင်း၌ နေရတော့သည်။ ထို့ကြောင့် Main Jail တွင် စုဝေး၍ဖြစ်သလို စားကြရသည်။

ထို့ကြောင့် Main Jail မှာ ကျွန်တော်တို့၏ ထမင်းဆိုင်ဖြစ်သည်။ စနေ၊ တနင်္ဂနွေနားရက်များ၌ အဖွဲ့နှစ်ဖွဲ့အနက် တစ်ဖွဲ့နားပြီး တစ်ဖွဲ့သာဝင်ရ၍ အင်အားနည်းသဖြင့် အပြင်ထွက်ပြီး နေ့လယ်စာ စားခွင့်မရပါ။ Main Jail ထောင်မှူးကြီးကပင် နေ့လယ်စာကိစ္စကို စီစဉ် ဆောင်ရွက်ပေးသည်က များသည်။

နေ့လယ်စာစားပြီးကြသော်လည်း မိမိတို့တာဝန်ကျရာသို့ မပြန်ကြသေးပါ။ အဖွဲ့စုံသည်နှင့် Chess ထိုး၍သော်လည်းကောင်း၊ Scrabble ကစား၍သော်လည်းကောင်း ဝိုင်းထိုင်နေကြပြန်သည်။ အရေးကြီးသည်မှာ တာဝန်ကျသော ထောင်အရာရှိများ နီးကြားဖျတ်လတ်၍ Stand by ရှိနေရန်သာ အရေးကြီးပေသည်။





စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် အကျဉ်းသားများလည်း အနားရသည်။ အလုပ်ကြီးဘက် အလုပ်ရုံများပိတ်သည်။ ရုံးထုတ်ရုံးပြန်လည်း မရှိပါ။ ထို့ကြောင့် ရုံးလုပ်ငန်းများလည်း နား၍ ကျွန်တော်တို့ အအားရကြခြင်းဖြစ်သည်။

ယနေ့က သောကြာနေ့ဖြစ်သည်။ အလုပ်မပိတ် ရုံးမပိတ်။ ထို့ကြောင့် ကျွန်တော် Main Jail ၌ နေ့လယ်စာ စားပြီးသော်လည်း ထောင်အပြင်အိမ်၌ လုပ်စရာကလေးများရှိ၍ ထွက်ခဲ့ပါသည်။ ဘူးတံခါးကြီးသို့ရောက်တော့ ရုံးပြန်ကားတစ်စီး အစောကြီးဝင်၍ စောင့်စားရင်း တံခါးထောင်မှူးဦးဝင်းဆန်းနှင့် စကားပြောနေကြသည်။

''ရုံးပြန်ကား စောလှချည်းလား ... ဦးဝင်းဆန်းရဲ့''

''အရေးပေါ်စီမံချက်နဲ့ ပို့တာဗျို့။ အမျိုးသမီး သီးသန့်ကားပဲ''

''ဘာအမှုတွေလဲဗျ''

''ဟဲ ... ဟဲ ... ဟိုအမှုတွေလေ။ ပြည့်တန်ဆာအမှုတွေပေါ့ဗျာ။ နယ်မြေရုံးက ဖမ်းလာကြတာ''

မကြာမီ အမျိုးသမီးကလေးများ လက်ပိုက်၍ တစ်ယောက်ချင်း ဘူးတံခါးကြီးအတွင်းသို့ ဝင်လာကြသည်။ သိမ်သိမ်ငယ်ငယ်ဖြင့် ဖြစ်သလို အချို့ကလည်း သားသားနားနား ကြော့ကြော့ရှင်းရှင်း၊ သပ်သပ်ရပ်ရပ် ဝင်း၊

အချို့က ရောက်ဖူးနေကျသဘောဖြင့် ထောင်စည်းကမ်းကို သိကြသလို အချို့အစိမ်းဖြစ်၍ ထောင်တွင်းရောက်သည်နှင့် ကြောက်လန့်နေကြသည်။ အကျဉ်းထောင် အမျိုးသမီးဝန်ထမ်းများက စစ်ဆေးပြီး ထောင်တွင်းအိပ်ဆောင်များသို့ တန်းစီ၍ ခေါ်သွင်းသွားကြသည်။

''ကိုသိန်းဝင်း ... စောစောက အုပ်စုထဲက ရှေ့ဆုံးကဝင်လာတဲ့ ခပ်တောင့်တောင့်၊ ခပ်ဖြောင့်ဖြောင့် ညိုချောကလေးတစ်ယောက်ကို တွေ့လိုက်သလား''

''တွေ့ပေါ့ဗျာ ...။ အဝတ်အစားက ဟောင်းနွမ်းပေမဲ့ သူ့ခန္ဓာကိုယ် အချိုးအစားနဲ့ ပင်ကိုအလှက ပေါ်လွင်နေပါတယ်။ မကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စားပေမဲ့ သူ့မျက်နှာကလေးက ကြည်လင်နေပြီး ထောင်ထဲရောက်တာကိုပဲ ပျော်ရွှင်နေသယောင် မြင်နေရတယ်။ ဘာလဲ သူက ထောင်ထဲရောက်နေကျ ဖောက်သည်လား . . . ကိုဝင်းဆန်း''

''ဟုတ်ပါ့ဗျာ . . . ထောင်ထဲလာနေကျ ဖောက်သည်ပါပဲ။ သူ့မနာမည်က မအေးချမ်းတဲ့။ ဒါပေမဲ့ ဘဝအခြေအနေက အေးချမ်းဟန် မတူပါဘူး။ ထောင်ထဲကိုတော့ ထွက်လိုက်၊ ဝင်လိုက်ပဲ။ ထောင်ကို ခြင်ထောင်မှတ်နေတဲ့ အထဲမှာ သူမလည်း ပါလိမ့်မယ်''

''အေးဗျာ . . . ငယ်ငယ်ရွယ်ရွယ်၊ လှလှပပနဲ့ လင်ကောင်းသားကောင်း ရနိုင်လျက်သားနဲ့ ဘဝကံက ဆိုးရှာတယ်ထင်ပါရဲ့''

''အေးဗျာ . . . သူ့စရိုက်လား၊ ဝါသနာလား၊ ဘဝပေးကုသိုလ်ကံလားတော့ မပြောတတ်ဘူး။ ထောင်ထဲကိုတော့ ဝင်ချည်ထွက်ချည်ပဲ။ ကျွန်တော် ဒီတံခါးကြီးမှာ တာဝန်ကျတာ ၆ လအတွင်း သူရောက်လာတာ အခုအကြိမ်နဲ့ဆို ၂ ကြိမ်ရှိပြီ''

''အေးဗျာ . . . သနားစရာ ဘဝတွေပါပဲ''

ကျွန်တော် တံခါးကြီးထောင်မှူးကြီး ဦးဝင်းဆန်းနှင့် စကားပြောပြီး ထောင်ပြင်သို့ ထွက်လာခဲ့သည်။ အိမ်တွင် ခေတ္တနား၊ ခြံတွင်းဆင်း၍ ပန်းပင်များအား ရေလောင်း၊ ရေချိုးပြီးနောက် ယူနီဖောင်းလဲလှယ်၍ ထောင်တွင်းပြန်ဝင်ခဲ့သည်။ ထောင်ထဲရောက်သည်နှင့် အလုပ်များက တန်းစီစောင့်နေကြသည်။

မနေ့ကဝင်လာကြသော အချုပ်လူသစ်(၁၀၀)ခန့်ကို မှတ်ပုံတင်ရသည်။ ပြီးတော့ ရုံးခန်းထိုင်ပြီး ရုံးထွက်စာများအား စိစစ်လက်မှတ်ထိုးရသည်။ ညနေစောင်းတော့ အချုပ်အာမခံလွှတ်လူများကို ကြည့်ရှုစစ်ဆေးရသည်။

အာမခံလွှတ်လူများမှာ တရားရုံးမှ တိုက်ရိုက်လွှတ်ခြင်း၊ ထောင်သို့ အာမခံလွှတ်ဝရမ်းပို့၍ လွှတ်ခြင်း စသဖြင့် နှစ်မျိုးရှိသည်။ ညနေ ၄း၃၀ နာရီအထိ စောင့်ဆိုင်းပြီး စိစစ်၍ လွှတ်ရသည်။

✿ ✿ ✿

[၃]

❑

နောက်တစ်နေ့တွင် ကျွန်တော် တာဝန်မှူးတာဝန် ထမ်းဆောင်ရသည်။ တာဝန်မှူးတာဝန်မှာ နေ့ဘက်တွင် ဌာနတိုင်း၌ အရာရှိများ ကိုယ်စီရှိကြ၍ တာဝန်ပေါ့သည်။ ညဘက်တွင်တော့ အသီးသီး လုပ်ငန်းတာဝန်ထမ်းဆောင်ကြအပြီး အိမ်ပြန်အနားယူရကြသဖြင့် ထောင်တစ်ခုလုံးကို တာဝန်မှူးက ထောင်ပိုင်ကိုယ်စား တာဝန်ယူရတော့သည်။

ထောင်အတွင်းအပြင်နှင့် သီးသန့်ထောင်၊ ကင်းပုတ်များ၊ မျှော်စင်များ၊ သင်တန်းကျောင်းနှင့် ထောင်ဝင်းဧရိယာတစ်ခုလုံးကို စစ်ဆေးလှည့်လည်ပြီး တာဝန်ယူရသည်။ မဖြေရှင်းနိုင်သော ပြဿနာဖြစ်မှသာလျှင် တာဝန်ခံထောင်ပိုင်ကြီးအား သတင်းပို့ရသည်။

ထိုညက တိုက်ခန်းများအား စစ်ဆေးပြီး Main Jail ၌ ခေတ္တနားချင်း ရေနွေးကြမ်းသောက်နေစဉ် ဖုန်းသံမြည်လာသည်။ အမျိုးသမီးဆောင်က ဆေးမှူးခေါ်ခြင်းဖြစ်သည်။ ထောင်ဆေးရုံကို ဖုန်းဆက်၍ ဆေးမှူးခေါ်ပြီး ကျွန်တော်နှင့် တာဝန်ကြပ်ပါ ဆေးမှူးနှင့်အတူ အမျိုးသမီးအချုပ်ဆောင်သို့ သွားကြသည်။

အမျိုးသမီးအချုပ်ဆောင်မှာ ထောင်အရှေ့ဘူးဝအနီး၌ပင် ရှိသည်။ တာဝန်ကြပ်က ဘူးတံခါးကြီးမှ သော့ယူပြီး အမျိုးသမီးအချုပ်ဆောင်ဝင်း တံခါးမကြီးကို ဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆရာတို့ . . . ကြွပါ။ အမျိုးသမီးအချုပ်သစ်တစ်ယောက် ဗိုက်အောင့်ပြီး အော်နေလို့ပါ''

''ဘယ်သူလဲ . . . အခေါ်ပြုံ၊ ခေါ်ခဲ့ပါ''

''ဆရာ . . . ကန်တော့ပါရဲ့။ အိပ်ရာက မထနိုင်ဘူး။ အခန်းထဲဝင်ကြည့်ပေးပါ''

ကျွန်တော်တို့ အချုပ်ဆောင်အမှတ် (၆) Hall ခန်းကြီးအတွင်း ဝင်ခဲ့ကြသည်။ အမျိုးသမီးအဆောင်များမှာ အမျိုးသားအဆောင်လိုမဟုတ်။ အနံ့ပေါင်းစုံနေသည်။ အခန်းနေသူများကတော့ ရှိုးနေဟန် တူပါသည်။

လူနာမှာ အခန်းကြီးအလယ်နေရာ၌ လဲလျောင်းရင်း ညည်းညူနေသည်။ အသေအချာကြည့်မှ ယမန်နေ့ နေ့လယ်က ထောင်သို့ စီမံချက်ဖြင့် ရောက်လာသော မအေးချမ်းဖြစ်နေသည်။ ကျွန်တော်တို့ အမျိုးသမီးဝန်ထမ်းများရှေ့၌ပင် ဆေးမှူးစစ်ဆေးသည်ကို ကြည့်ကြရသည်။

ဆေးမှူးက ရောဂါအခြေအနေကို မေးသည်။ နားကြပ်နှင့်ထောက်၍ စမ်းသပ်သည်၊ သွေးတိုးနှုန်းတိုင်းသည်။

''အစာစားမမှန်လို့ ဖြစ်တာပါ။ အစာနည်းနည်းကျွေးပြီး ဒီဆေးကို ၂ နာရီကြားတစ်ခါ တိုက်ပါ။ ဗိုက်ကိုလည်း ပရုတ်ဆီလူးပေးပါ။ ခြေထောက်ကို အအေးမမိစေနဲ့။ စောင်ခြုံထားပါ။ ဆေးလည်း ထိုးပေးသွားမယ်။ အချဉ်အစပ်၊ အဆီများတဲ့အစာတွေ မစားနဲ့။ တစ်ရက်နှစ်ရက်နဲ့ ပျောက်သွားမှာပါ''

''ဟုတ်ကဲ့ပါ . . . ဆရာ၊ ကျေးဇူးတင်ပါတယ်''

မအေးချမ်းက တိုးတိုးလေးပြန်ပြောရင်း ကျွန်တော်တို့အား ကြည့်၍ ကျေးဇူးတင်စကားဆိုသည်။ ညအိပ်ချိန် မခြယ်မသနှင့် ပင်ကို လှပသူကလေးဖြစ်သည်။ ခန္ဓာကိုယ်အချိုးအဆစ်က ပြေပြစ်သည်။ ပိတုန်းရောင်ကေသာကလည်း သန်စွမ်းလှသည်။ မျက်ခုံးမွေးက စင်ရော်တောင်၊ မျက်ဝန်းမျက်ဖန်ကလည်း သမင်ပျိုမမျက်လုံးနှင့် အလှကြွယ်သူကလေးတစ်ဦး ဖြစ်ပေသည်။

✿ ✿ ✿

# [၄]

❑

နောက် ၃ လခန့်အကြာ သောကြာနေ့မနက်ခင်း ကျွန်တော်အင်းစိန်စျေးဘက်သွား၍ မိသားစုစားရန် ဒေါ်အမာစိန် မုန့်ဟင်းခါးဝယ်၍ ကော်ဘီးကလေးဖြင့်အပြန်၊ ထောင်ဝင်းတံခါးကြီးထိပ်တွင် ယောကျ်ား၊ မိန်းမများ အတော်စည်ကားနေသဖြင့် တံခါးတာဝန်ခံအား မေးကြည့်ရာ . . .

''ကိုဇော်ကြီး . . . ဘာကိစ္စရှိလို့ လူစည်ကားနေတာလဲ''

''ဒီနေ့ စီမံချက်လွတ်လူ အမျိုးသမီးတွေ လွတ်မယ်ဆရာ''

''ဘာအမှုတွေလဲ''

''မှောင်ခိုပိုမှုနဲ့ ပြည့်တန်ဆာအမှုတွေပါ ဆရာ''

''ဟ . . . ဒီအမှုမျိုးကို လာကြိုသူတွေက များလှချည်လား''

''ဆရာရေ . . . ပြည့်တန်ဆာခေါင်းတွေ နေမှာပေါ့ ဆရာရယ်။ လာကြိုပြီး ပြန်အလုပ်လုပ်ခိုင်း၊ ပြီးတော့လည်း ထောင်ထဲ ပြန်ရောက်လာကြပြန်တာပဲ။ သံသရာကို လည်နေတာပဲ . . . ဆရာရေ့''

''သူတို့ကကော လာခေါ်သူတွေနောက်ကို အသာတကြည့်နဲ့ လိုက်ကြတာပဲလား''



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလည်း အသာတကြည်နဲ့ လိုက်သပေါ့ ... ဆရာရယ်။ တချို့ကလည်း မလိုက်ချင်လို့ ငိုယိုတောင်းပန်တာတောင် ရိုက်နှက်ပြီး ကားပေါ် အတင်းဆွဲတင်သွားကြတာ''

''ဟ ... ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ ပြည့်တန်ဆာပပျောက်ရေး စီမံချက်တွေလည်း ရေးဆွဲပြဋ္ဌာန်းထားတာပဲ။ ဝန်ထမ်းတစ်ယောက်ကိုခေါ်ပြီး ငါဝယ်လာတဲ့ မုန့်ဟင်းခါးတွေကို ငါ့အိမ်ပို့ပေးစမ်းကွာ။ ဒီနေ့တော့ ဒီကိစ္စကို ငါရှင်းမယ်။ တံခါးဝန်ထမ်းနှစ်ယောက်လောက် ငါ့ကို ကူညီစမ်း။ သူတို့မိသားစုက လာခေါ်လို့ အသာတကြည်လိုက်သွားရင် ထည့်လိုက်''

''မလိုက်ချင်လို့ ငြင်းဆန်နေတာကို အတင်းဆွဲခေါ်ရင် အဲဒီဆွဲခေါ်တဲ့ ယောက်ျား၊ မိန်းမတွေကို ထောင်ဝင်းထဲ သွင်းထားလိုက်။ သွေးဆောင်ဖြားယောင်းမှုနဲ့ ရဲစခန်းပို့ပြီး တရားစွဲမယ်''

''ဟုတ်ကဲ့ပါ ... ဆရာ''

မကြာမီ လူလွတ်အမျိုးသမီး ၁၅ ယောက်အား ဝန်ထမ်းများက လိုက်ပို့ပြီး ထောင်ဝင်းတံခါးကြီးအနီးတွင် တန်းစီထိုင်စေပြီး လွတ်လက်မှတ်များအား စစ်ဆေးသည်။ ကျွန်တော် တာဝန်ပေးထားသော ဝန်ထမ်း ၂ ဦးက တံခါးကြီးရှေ့တွင် ရပ်ကြသဖြင့် လာကြိုကြသူများမှာ တံခါးကြီးအနီးသို့ မကပ်ရဲကြပါ။ ကျွန်တော်က တစ်ဦးချင်း စိစစ်မေးမြန်းပြီး ...

''ကဲ ... ဒီကညီမ ... မင်းနာမည် ပြော။ ဘယ်မှာနေတာလဲ''

''မကြည်ပြာပါ။ ဒေါပုံမှာနေတာပါ ... ဆရာ''

''ဟိုရှေ့က လာကြိုသူတွေအထဲမှာ မင်းမိသားစု၊ အသိမိတ်ဆွေတွေ ပါသလား''

''ပါပါတယ် ... ဆရာ။ ဟောဟိုမှာ ကျွန်မယောက်ျားကို အောင်တင့်ပါ၊ သမီးကလေးလည်း ပါပါတယ်''

''ဝန်ထမ်းတွေ ကိုအောင်တင့်ကို ခေါ်လိုက်''

မကြာမီ လူငယ်တစ်ဦးရောက်လာသည်။

''မင်းနာမည် ကိုအောင်တင့်လား။ ဘယ်မှာနေတာလဲ။ ဒီသူငယ်မ





နာမည် ဘယ်သူလဲ သိသလား''

''ကျွန်တော် အောင်တင့်ပါခင်ဗျာ။ ဒီက မကြည်ပြာရဲ့ယောက်ျားပါ။ ကျွန်တော်တို့ ဒေါပုံမှာ နေကြပါတယ်။ သူ မိုးချုပ်စ ဖယောင်းတိုင်ထွက်ဝယ်ရင်း အဖမ်းခံရတာပါ''

''အေး ... ဟုတ်ပြီ၊ ခေါ်သွားတော့။ နောက် ဆင်ဆင်ခြင်ခြင်နေကြ။ ဖယောင်းတိုင်ထွက်ဝယ်ရုံနဲ့တော့ မဖမ်းဘူး။ ကိုအောင်တင့်က ဘာအလုပ်လုပ်သလဲ''

''ကျွန်တော်က ဆိုက်ကားနင်းပါတယ် ခင်ဗျာ''

''အေး ... အေး ... ကောင်းပြီ။ နောက်တစ်ယောက် ...''

''မင်းနာမည် ဘယ်သူလဲ။ ဘယ်မှာနေတာလဲ''

''ကျွန်မနာမည် နီနီမာပါ။ ဒေါပုံမှာပဲ နေပါတယ်''

''ဘာဖြစ်လို့ အဖမ်းခံရတာလဲ။ ဖယောင်းတိုင် အဝယ်ထွက်တာပဲလား''

''မဟုတ်ပါဘူး ဆရာ။ ကျွန်မယောက်ျားအတွက် အရက်ထွက်ဝယ်ပေးရင်း မှောင်ရိပ်ခိုမှုနဲ့ အဖမ်းခံရတာပါ''

''မင်းယောက်ျားက ဘာအလုပ်လုပ်သလဲ။ နာမည်က ဘယ်သူလဲ။ အခုလာကြိုတဲ့အထဲမှာ ပါသလား''

''ပန်းချီဆရာ မြတ်မင်းဟန်ပါ ဆရာ။ ဟောဟိုမှာ သူစောင့်နေပါတယ်''

''ခေါ်လိုက်''

မကြာမီ မဟာနဖူး ငယ်ထိပ်အထိပြောင်နေသော အရပ်ရှည်ရှည်၊ ပိန်ပိန် လင်းတငှက်ကြီးနှင့်တူသော လူတစ်ယောက်၊ ကုပ်ချောင်းချောင်းဖြင့် ရောက်လာပါသည်။

''ဒါ မင်းဇနီးဆိုတာ ဟုတ်သလား၊ နာမည် ဘယ်လိုခေါ်သလဲ။ မင်းနာမည်နဲ့ အလုပ်အကိုင်ကရော ဘာလဲ''

''ကျွန်တော်က ပန်းချီဆရာ မြတ်မင်းဟန်ပါဆရာ။ ဒေါပုံမှာ နေပါတယ်။ ဒါ ကျွန်တော့်ဇနီး နီနီမာပါ''



www.burmeseclassic.com

www.burmeseclassic.com



''အေး . . . ဟုတ်ပြီ၊ ခေါ်သွားတော့။ နောက် မိန်းမကို အရက်မဝယ်နိုင်းနဲ့။ ကိုယ့်ဘာသာသောက်ချင်ရင် အပြင်ထွက်သောက် ကြားလား''

''ဟုတ်ကဲ့ပါ ဆရာ''

''နောက်တစ်ယောက် . . .''

''ဩော် . . . မင်းကို၊ မအေးချမ်း''

''ဟုတ်ပါတယ် ဆရာ။ ကျွန်မ မအေးချမ်းပါ''

''ဗိုက်အောင့်တာ ပျောက်သွားပြီလား''

''ပျောက်သွားပါပြီ ဆရာ။ ဒီလိုပဲ ကျွန်မက ထောင်ထဲမှာ နှစ်လသုံးလ အနားယူလိုက်ရင် ပျောက်သွားတာပါပဲ''

''ဘယ်လိုကွယ့် . . .။ ထောင်ထဲမှာ လာအနားယူတယ်။ ဟုတ်သလား''

''ဟုတ်ပါတယ် ဆရာ။ ကျွန်မ မိဘနှစ်ပါးကို လုပ်ကျွေးနေရတာပါ။ ပထမ အထည်ချုပ်စက်ရုံမှာ လုပ်ပါတယ်။ အထည်ချုပ် စက်ရုံပိတ်သွားတော့ ဒီဘက်လိုင်းထဲ ရောက်လာရတာပါ . . . ဆရာရယ်။ ဝါသနာပါလို့ မဟုတ်ပါဘူး။ မတတ်သာလွန်းလို့ပါ''

''အခု မင်းကိုလာကြိုတဲ့သူ ရှိသလား''

''ရှိတော့ ရှိတယ်ဆရာ။ ကျွန်မ မိဘဆွေမျိုးတွေ မဟုတ်ပါဘူး။ ခေါင်းတွေပါ။ ကျွန်မ အရင်အလုပ်ကို ပြန်မလုပ်ချင်တော့ဘူး''

''အေး . . . ကောင်းပြီ၊ ခဏထွက်ထိုင်နေ''

''ဟုတ်ကဲ့ ဆရာ''

''နောက်တစ်ယောက်''

ကျွန်တော် အမျိုးသမီးလွတ်လူ ၁၅ ဦးအား အသေအချာစိစစ်ပြီး ဆွေမျိုးသားချင်းလာကြိုသူ ၁၀ ယောက်အား ထည့်ပေးလိုက်သည်။ ကျန် ၅ ယောက်က လာကြိုသူ မိသားစုမရှိ။ ခေါင်းများက ချောင်းနေကြသည်။

ကျွန်တော်တို့ စစ်ဆေးကြီးကြပ်နေမှန်း သိသဖြင့် မကြာမီ ခေါင်းများTaxi ကားများဖြင့် အလျိုလျို လစ်သွားကြသည်။ ပြည့်တန်ဆာခေါင်း

---

စိတ်ကူးသစ်စာပေ



များတွင် အမျိုးသားများပါသလို အမျိုးသမီးများလည်း ပါကြသည်။ ဘဝနွံအတွင်းသို့ အတင်းအကျပ်သွတ်သွင်းနေကြသော လူ့အတ္တများ ဖြစ်ကြပေသည်။

''ကဲ . . . လာကြ၊ မင်းတို့ ၅ ယောက်ကို ဆရာက ထမင်းကျွေးမယ်၊ လမ်းစရိတ်ပေးမယ်။ မင်းတို့အကြောင်းကိုတော့ ပြောပြကြ။ ပြီးရင် အိမ်လိပ်စာပေး။ ဆရာ့မှာ ကုမ္ပဏီကသူဌေးတွေ အဆက်အသွယ်ရှိတယ်။ တစ်ပတ်ကြာရင် မင်းတို့အိမ်တွေကို ခေါ်စာရောက်လာလိမ့်မယ်။ ကိုယ်နဲ့ နေရာ အလုပ်ကိုယ်စီ ရကြလိမ့်မယ်။ အရင်အလုပ်မျိုးကိုတော့ နောင် ဘယ်တော့မှ ပြန်မလုပ်တော့ပါဘူးလို့ ကတိပေးရမယ်''

''ဟုတ်ကဲ့ပါ . . . ဆရာ။ ကျွန်မတို့ လေးလေးနက်နက် ကတိပေးပါတယ်။ ကျွန်မက ဒီအလုပ်ကို မလုပ်ချင်တော့လို့ ပတ္တရောင်ရဲကို အယောင်ပြီး တမင်အဖမ်းခံတာပါ။ တစ်နေ့တစ်နေ့ ညှော်သည် ၁၀ ယောက်လောက်ကို ညှော်ခံရပြီး ရတော့လည်း နှစ်ပြားတစ်ပဲ။ အစားအစာကိုလည်း အချိန်မှန် ကောင်းကောင်းမွန်မွန် မစားရဘူး။ ဒါကြောင့် ထောင်ထဲမှာ နေရတာကို ကျွန်မ ပျော်မိတယ်။

အချိန်မှန်အိပ်၊ အချိန်မှန်စား၊ ဆေးလည်း ကုပေးသေးတယ်။ မိဘများအတွက်တော့ ပူမိပါတယ်။ ဒါပေမဲ့ အဖေက ဗိန္ဒောဆေးဆရာဆိုတော့ အနိုင်သောက်နိုင်ရုံလောက်တော့ ဝင်ငွေရှာတတ်ပါတယ်''


''အေး . . . အေး . . . မအေးချမ်း၊ မင်းတို့ဘဝက ဒီနေ့ကစပြီး အေးချမ်းသွားပြီလို့ မှတ်လိုက်ပေတော့။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဖြစ်ကြလို့ မင်္ဂလာတရားတော်နဲ့အညီ နေထိုင်ကြလေရော့''

''ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မတို့ ဆရာ့ကို ကန်တော့ပါတယ်''

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



|၁|

❑

သဘော်ပင်ဆိုသည်မှာ ဆေးဘက်အလွန်ဝင်သော အပင်တစ်မျိုးဖြစ်သည်။ အရွက်က လေကိုကြေစေသည်။ အသီးက အစာကို ကြေညက်စေသည်။ နှုတ်ခံတွင်းကို မြိန်စေသည်။ သွေးသားလှည့်ပတ်မှု အားကောင်းပြီး အသားအရေကို စိုပြည်စေသည်။

ဝမ်းတွင်းအပူအပုပ်ကို ကင်းစင်စေပြီး ဝမ်းကိုပျော့စေတတ်သည်။ မြန်မာအများသုံးစွဲကြသော အစာကြေလျက်ဆားများမှာ သဘော်သီးစိမ်းကို အခြောက်လှန်းပြာချပြီး ဆားမီးဖုတ်၊ နွယ်ချိုတို့ကို အမှုန့်ကြိတ်၍ ဖော်စပ်ထားခြင်းသာ ဖြစ်သည်။

သဘော်ရွက်နုကို မြန်မာအမျိုးသမီးများ လက်ဖက်သုပ်ဖြင့် ရောစားကြသည်။ လက်ဖက်၏အာနိသင်ချုပ်ခြင်းကို သဘော်ရွက်နုက ဖြေပေးသည်ဟု ယုံကြည်ကြသည်။ သဘော်သီးအစိမ်းကိုလည်း ခြစ်၍ လက်သုပ်သော်လည်းကောင်း၊ ပါးပါးလှီး၍ ငါးချဉ်ရည်ဟင်းသော်လည်း ချက်ပြုတ်စားသောက်ကြသည့်အပြင် သဘော်သီးနုကလေးများကိုလည်း ပြုတ်၍ ထို့စားကြပြန်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပင်မှာ အဘက်ဘက်က အသုံးတည့်သည်။ သင်္ဘောသီး မှည့်က ချိုအေးသောအရသာရှိသည်။ ဆေးဘက်အသုံးတည့်သည်။ နာလန် ထစ လူမမာများနှင့် သွေးသားမစင်ကြယ်သူ၊ အသားအရေ ခန်းခြောက် သူများကိုလည်း မြန်မာသမားတော်များက 'ဓာတ်စာ' အဖြစ် ပေးလေ့ရှိ သည်။

သို့သော် သင်္ဘောပင်မှာ ဂမ္ဘီရဆန်သော အပင်တစ်မျိုးဖြစ်သည် ကို လူတိုင်း မသိကြပါ။ သင်္ဘောမြစ်မှ ပြဒါးကို ထုတ်ယူနိုင်သည်။ သင်္ဘော ပင်ကို အိမ်နံဘေးပတ်လည်နှင့် အိမ်အနောက်တွင် စိုက်ပျိုးနိုင်သည်။ သို့ သော် အိမ်ရှေ့ဘက်တွင် စိုက်ပျိုးသောအခါ . . . ။

✿ ✿ ✿

| ၂ |

❑

မအူပင်ထောင်ပိုင် ဦးထွန်းငြိမ်းသည် ကျွန်တော်တို့ ထောင်မှူး သင်တန်းအပတ်စဉ် (၆) မှ သူငယ်ချင်းတစ်ဦးဖြစ်သည်။ သူက အနေအေး သည်။ ရခိုင်လူမျိုးတစ်ဦးလည်း ဖြစ်သည်။ ကျွန်တော်တို့ ငယ်စဉ်က အသုံး ပြုခဲ့သော 'ဦးထွန်းငြိမ်း' အဘိဓာန်စာအုပ်ကြီးဖြင့် နာမည်တူသဖြင့် သူ့ကို အပေါင်းအသင်းများက 'အဘိဓာန်'ကြီးဟု နောက်ပြောင်ခေါ်ခဲ့ကြသည်။

သူလည်း အကျဉ်းထောင်ဝန်ထမ်းတစ်ဦးဖြစ် အမြို့မြို့ အနယ် နယ်နှင့် တောတွင်းရဲဘက်စခန်းများ၌လည်း တာဝန်ထမ်းဆောင်ခဲ့ရပေ သည်။

မအူပင်ထောင်နှင့် ယခု ခ-ရ-က၊ မ-ရ-က ခရိုင်ဝန်းရုံး (VIP နိုင်သာ) တို့ကို အင်္ဂလိပ်ခေတ်က ၁၈၇၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ် သည်။ ရှေးထောင်ဟောင်းကြီးဖြစ်၍ ဂမ္ဘီရဆန်သော အဖြစ်အပျက်များက မကြာခဏဖြစ်တတ်သည်။ သို့သော် ထောင်ဝန်ထမ်းနှင့် ဂမ္ဘီရဆန်သော အဖြစ်အပျက်များမှာ အမြဲတမ်း ဆက်နွယ်နေတတ်သဖြင့် ထူးဆန်းသည် တော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မအူပင်ထောင်မှာ မအူပင်ဆိပ်ကမ်းအနီး ကမ်းနားလမ်းကို မျက်နှာမူ တင်၍ ဆောက်လုပ်ထားသည်။ ကမ်းနားလမ်းနှင့် မင်းလမ်းအကြားတွင်ရှိ သည်။ ထောင်ဖွဲ့စည်းပုံမှာ စတုရန်းပုံစံ၊ လေးထောင့်စပ်စပ်ဖြစ်သည်။ ကမ်း နားလမ်းဘက်၌ ထောင်ဘူးဝတံခါးကြီးအပေါ်၌ ထောင်ပိုင်အိမ်၊ လက်ဝဲ တွင် ဂါတ်မကြီး၊ ထောင်တွင်းဝင်သည်နှင့် လက်ယာဘက်၌ ရေချိုးကန်၊ အလုပ်ရုံနှင့် ထောင်ကျအိပ်ဆောင်(၂) နှင့် အမှတ် (၂) မျှော်စင်ထောင် အုတ်ရိုးကြီးသာ ရှိသည်။

လက်ဝဲဘက်၌ ဘူးတံခါးကြီးဖြင့်ကပ်လျက် စေတီတစ်ဆူနှင့် ဘုရားဆောင်၊ Main Jail ၊ ဖိုကြီးနှင့် အချုပ်ဆောင် (၁)၊ တိုက်ခန်းများ မိလ္လာဆောင်ရှိသည်။ အနောက်ဘက်၌ အမျိုးသမီးဆောင်၊ ထောင်ကျရုံး စတိုနှင့် ရိက္ခာဂိုဒေါင်ရှိသည်။ ရှေးခေတ်ဟောင်းထောင်ဖြစ်၍ ပုံစံတော့ စနစ်မကျပါ။

တစ်နေ့တွင် ရန်ကုန်ရုံးချုပ် ဗဟိုပစ္စည်းသိုလှောင်ရုံသို့ ပစ္စည်းများ ထုတ်ရင်း တာဝန်ခံထောင်ပိုင်ကြီးက နိုင်ငံခြားမျိုး သဘော်သီးကြီး တစ် လုံးကို မအူပင်ထောင်ပိုင် ဦးထွန်းငြိမ်းအား ပေးလိုက်သည်ဟု ဆိုသည်။ လက်ဆောင်ရသော သဘော်သီးကြီးမှာ ဘူးသီးခန့်ရှိပြီး အလွန်ချိုသဖြင့် ဦးထွန်းငြိမ်းက ဝေမျှစားပြီး အစေ့များအား ထောင်တွင်းတန်းစီကွင်း၊ အုတ်ခုံ ပတ်လည်၌ စိုက်ပျိုးထားသည်ဟု ဆိုသည်။

သဘော်ပင်များသဘောမှာ အင်္ဂတေကို အလွန်ကြိုက်သည်။ ထို့ ကြောင့်လည်း သန်မာထွားကျိုင်းပြီး အသီးကြီးများမှာ မြေကြီးနှင့်ကပ်လျက် အပင်ရင်းမှ အပေါ်အညွန့်နားအထိ ပြွတ်သိပ်နေအောင် သီးသည်။ အရာရှိ ဝန်းထမ်း၊ အကျဉ်းသားများ ဖူလုံအောင်စားရသည်ဟု အဆိုရှိသည်။

အချို့သူများကလည်း အသီးသီးလွန်းလျှင် စိုက်ပျိုးသူကို နိုက် တတ်သည်ဟု ဆိုကြပြန်သည်။ ထောင်ပိုင်ဦးထွန်းငြိမ်းက မယုံကြည်ပါ။ သဘော်ပင်များဖြစ်ထွန်းသည်ကို မနာလို၍ ပြောသည်ဟုသာ မှတ်တွေး ထားသည်။

---

စိတ်ကူးသစ်စာပေ



သဘော်ပင်ပေါက်များကိုလည်း ကွန်ပျူတာတက္ကသိုလ်နှင့် စိမ်း မြကန်သာ ဘုရားအနီးရှိ (၅) ကေ ကျယ်ဝန်းသော ထောင်တောင်ယာ ပတ်လည်၌ ထပ်မံစိုက်ပြန်သည်။ အလွန်ဖြစ်ထွန်းသည်။ သဘော်သီးများကို ဆေးထဲသို့ ရောင်းစားရသည့် အထိအောင်မြင်သည်။

သို့သော် မကြာပါ။ စိမ်းမြကန်သာ လယ်ယာမြေကွက်အား Auto Exchange (တယ်လီဖုန်း) ဆောက်ရန်အတွက် အစိုးရသိမ်းယူပြီး ထောင်ပိုင် ဦးထွန်းငြိမ်းအား (ပေ ၄၀ x ပေ ၆၀) မြေကွက်တစ်ကွက် အပိုင်ပေးသည့် အပြင် မြို့အပြင် မြို့ရှောင်လမ်းထိပ်၌ သိမ်းယူခံခဲ့ရသော လယ်ယာမြေ (၁) ကေအစား၊ လယ်မြေ (၂၄) ကေကို အစားပေးသည်။ အလုပ်မဲ့သော် လည်း မအူပင်ထောင်အတွက် စိုက်ပျိုးမြေ ကျယ်ကျယ်ဝန်းဝန်းရသဖြင့် ဝမ်းမြောက်ပင် အဆင်ပြေတော့သည်။

မြေယာသစ်တွင် ထောင်ပိုင်ဦးထွန်းငြိမ်းက စပါး၊ ပဲအမျိုးမျိုး အပြင် နိုင်ငံခြားသဘော်မျိုးများကို စီးပွားဖြစ်စိုက်သည်။ အောင်လည်း အောင် မြင်ပါသည်။ ပင်စင်ယူရန်လည်း နီးပြီဖြစ်၍ စိမ်းမြကန်သာရှိ အပိုင်ရသော မြေကွက်တွင် နေထိုင်ရန်အိမ်နှင့် နှစ်ထပ်ဆောင်တစ်ခုကိုလည်း ဆောက် သည်။ ကွန်ပျူတာတက္ကသိုလ်ဖြင့်နီးသဖြင့် ဘော်ဒါဆောင်ငှားစားရန်လည်း အကြံအစည်ရှိသည်။

ထို့ကြောင့်လည်း အကျိုးပေးသည်ဟုထင်သော သဘော်ပင်များကို အိမ်ရှေ့အိမ်နောက်က တန်းစီ၍ စနစ်တကျ စိုက်တော့သည်။ သဘော်သီး များကလည်း အလွန်သီးသည်။ ဘော်ဒါဆောင်၌လည်း ကျောင်းသားများ ဖြင့် ပြည့်နေသည်။ အိမ်ကြီးကိုတော့ လူမနေသေး၍ ပိတ်ထားရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

၁၅-၁၂-၂၀၀၉ ရက်နေ့တွင် ကျွန်တော်တို့ ထောင်မှူးသင်တန်း အပတ်စဉ် (၆) အဖွဲ့ဝင်များ နှစ်ပတ်လည်ဆုံနေကျအတိုင်း ကွယ်လွန်သွားသူ အပတ်စဉ် (၆) ထောင်အရာရှိများကို အမှူအတန်းဝေပြီး ဝိဇ္ဇာသိပ္ပံ ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်များအား ဆွမ်းကျွေးသည်။

ပြီးနောက် ကျွန်တော်တို့ အပတ်စဉ်(၆)မှ တက်ရောက်လာသူ (၁၈)ဦး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး မိတ်ဆုံစားပွဲ ပြုလုပ်ကြသည်။

ဤပွဲတွင် ထူးထူးခြားခြား မအူပင်ထောင်မှ ဦးထွန်းငြိမ်း တက်ရောက်လာပါသည်။ ကျွန်တော်တို့ အပတ်စဉ် (၆)တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူ လေးငါးဦးသာ ရှိတော့သည်။ သင်တန်းသား (၆၆) ဦး ရှိရာ သေဆုံးသွားသူများက (၂၀) ယောက်တိတိ၊ နုတ်ထွက်၊ ထုတ်ပယ်၊ ပင်စင်ရသူများက (၄၁) ယောက်ဖြစ်သည်။

ဦးထွန်းငြိမ်းမှာ အတော်ပိန်သွားပြီး အသားမှာ ကုလားတစ်ယောက်အလား မည်းနက်နေသည်။ ကျန်းမာရေးလည်း ကောင်းပုံမရ။ ဆေးပေါ့လိပ်ကြီးကိုတော့ တစ်ချိန်လုံး ဖွာနေသည်။

"ကိုထွန်းငြိမ်း ... နေကောင်းရဲ့လားဗျ။ အတော်ပိန်သွားတယ်။ ပင်စင်ရပြီတော့ ကြားတယ်။ အခု မအူပင်က အိမ်ကြီးမှာနေတာ မဟုတ်





လား။ မိသားစုရော နေကောင်းကြရဲ့လား။ စီးပွားရေးလည်း အဆင်ပြေတယ် မဟုတ်လား"

ကျွန်တော်တို့ မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းကို 'လား' ပေါင်းများစွာဖြင့် ဝိုင်းမေးကြသည်။

ကိုထွန်းငြိမ်းက မျက်နှာမကောင်း၊ ဆေးပေါ့လိပ်ကြီးကို တွင်တွင်ဖွာနေရင်းက သိမ်ငယ်စွာဖြင့် ...

"ကျွန်တော့်ဘဝက သွားပါပြီ ... သူငယ်ချင်းတို့ရာ။ ပျက်စီးကုန်ဆုံးသွားပါပြီ။ သားကြီးက ဆုံးတယ်။ သားငယ်က ထောင်ကျတယ်။ အိမ်ကြီးကိုလည်း ပေါင်ထားရာက အကြွေးနဲ့ ထိုးဆပ်လိုက်ရတယ်။ ကျွန်တော်လည်း အခုမှ ကျန်းမာလာတာ။ လှိုင်သာယာက ဘုရင့်နောင်အိမ်ရာမှာ ငှားနေတာပါ"

"နေပါဦး ... ခင်ဗျားဖြစ်စေ၊ ခင်ဗျားမိန်းမဖြစ်စေ နှစ်လုံး သုံးလုံးခဲ့ထိုးလို့လား။ ဒါမှမဟုတ် ခင်ဗျားသား ဆေးစွဲနေလို့လား"

ကျွန်တော်က မေးရာ ...

"တစ်ခုမှမဟုတ်ဘူး ... သူငယ်ချင်း။ ကိုယ်တို့ ချဲလည်းမထိုးဘူး။ သားကလည်း ဆေးမစွဲဘူး။ ရောဂါတွေ တစ်ယောက်ပြီးတစ်ယောက်ဖြစ်ကြရင်း ဆေးဖိုးဝါးခ ရုံးခန့် ကုန်တာပါ"

"အံ့သြစရာပဲဗျာ။ ဘယ်လိုဖြစ်တာလဲ ရှင်းစမ်းပါဦး ... ကိုထွန်းငြိမ်းရာ"

"သားကြီးက ဗိုလ်ကြီးပါ။ ရှေ့တန်းမှာ အသည်းရောင်အသားဝါဖြစ်လို့ နောက်တန်းပြန်ဆေးကုရင်း မင်္ဂလာဒုံစစ်ဆေးရုံကြီးမှာ ဆုံးတာ။ အငယ်ကောင်ကတော့ ဓားခုတ်မှုနဲ့ထောင်ကျတာ။ အားလုံးကိစ္စတွေဟာ ကျွန်တော်ပင်စင်ယူပြီး (L.P.R) ခံစားရင်း စိမ်းမြကန်သာ အိမ်သစ်မှာ ပြောင်းရွှေ့နေထိုင်တုန်း ဖြစ်ခဲ့ရတာဆိုတော့ အလွန်ထူးဆန်းနေတယ်။ တိုက်ဆိုင်မှုတွေ ဖြစ်မှာပေါ့ဗျာ။

အိမ်ရွှေ့တည့်တည့်မှာ သဘောပင်စိုက်လို့လို့ တချို့ဆရာတွေက ပြောကြသားဗျ။ ကျွန်တော်က အယုံအကြည်ရှိတာ မဟုတ်ဘူး။ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပင်က အကျိုးပေးပါတယ်။ သင်္ဘောသီးရောင်းစားလို့ ရတဲ့ငွေဟာ သိန်းဂဏန်းတောင် ကျော်တယ်''

''ခင်ဗျားတို့ ပင်စင်မယူခင်က ဘာမှုမဖြစ်ကြဘူး မဟုတ်လား။ ထောင်အိမ်မှာနေကြတုန်းက ကျန်းမာရေးလည်း ကောင်းကြတယ်။ စီးပွားရေးလည်း အဆင်ပြေကြတယ် မဟုတ်လား''

''အဲဒါတော့ ဟုတ်ပါတယ် ... ကိုသိန်းဝင်းရယ်။ စိမ်းမြကန်သာအိမ်ကိုပြောင်းကြမှ ကျန်းမာရေးညံ့ပြီး စီးပွားရေးလည်း ကျရတာပါ''

''အဲဒါကိုက ထူးခြားနေပြီလေ ... ကိုထွန်းငြိမ်းရဲ့။ ခင်ဗျားတို့ မိသားစု စိမ်းမြကန်သာအိမ်ကြီးကို မပြောင်းခင်ကလည်း အဆောင်က ကလေးတွေ ဘာဖြစ်ကြသေးသလဲ''

''အဲ ... ဟုတ်တယ်။ ရေမသန့်လို့ဆိုပြီး ယားနာတွေပေါက်ကြတယ်။ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါတွေ ဖြစ်ကြတယ်။ အဲဒါကြောင့် လည်း အဆောင်ကို လူလာနည်းပြီး စီးပွားကျတာလည်း ပါလိမ့်မယ်ထင်တယ်''

''ရေမသန့်လို့လည်း မဟုတ်ဘူး၊ မြေမသန့်လို့လည်း မဟုတ်ဘူး။ အဲဒါ သင်္ဘောပင်ကြောင့်ပဲ။ ခင်ဗျားက စာတွေဖတ်၊ စာတွေရေး၊ ကဗျာတွေစပ်ပြီး အဘိဓာန်ကြီးလို့တောင် အခေါ်ခံခဲ့ရတဲ့သူက ဗဟုသုတနည်းလှချည့်လားဗျာ။ သင်္ဘောပင်က မစိုက်ကောင်းတာမဟုတ်ဘူး၊ စိုက်ကောင်းတယ်။ ဒါပေမဲ့ အိမ်ရှေ့မျက်နှာစာမှာ မစိုက်ရဘူး။ အိမ်နောက်ဖေး၊ အိမ်ဘေး၊ ကြိုက်သလို စိုက်လို့ရတယ်။

''ခင်ဗျားက ဆိုးကျိုးပေးတဲ့သင်ခန်းစာကို ဘဝနဲ့လဲပြီး ယူခဲ့တာကိုးဗျ ကိုထွန်းငြိမ်းရဲ့၊ ခင်ဗျားကို သတိပေးတဲ့လူတွေ ရှိပါလျက်နဲ့ ခင်ဗျားက မလေ့လာမဆန်းစစ်ဘဲ ဆင်ကန်းတောတိုး လုပ်ခဲ့တာကိုး။

ထောင်အတွင်းနဲ့ ထောင်ပိုင်လယ်ယာမှာ စိုက်တုန်းက ဘာမှမဖြစ်ခဲ့တော့ မယုံကြည်ဘူးပေါ့။ ပြဿနာတစ်ခုကို လေ့နံ့စားထစ် အသေမှတ်ထားလို့ မရဘူးဗျ။ သင်္ဘောပင်ဆိုတာ ဂမ္ဘီရဆေးပင်ပဲဗျ။ ကျွန်တော်ကိုယ်တွေ့ကို ပြောပြမယ်''

✿ ✿ ✿

|၄|

❏

ကျွန်တော်တို့မှာ တက္ကသိုလ်တက်ကတည်းက ငယ်ပေါင်းသူငယ်ချင်းတစ်ယောက် ရှိခဲ့တယ်။ နာမည်က ကိုအုံးသွယ်တဲ့။ သူက သမဝါယမဦးစီးဌာနမှာ လုပ်ခဲ့တယ်။ နောက်ပိုင်း ဘင်္ဂလီရှိန်းမှာ Chief Cook (၇) နှစ်သွားလုပ်ပြီး စုမိဆောင်းမိတော့ သူ့မွေးဇာတိ ဒေးဒရဲမှာပဲ ပြန်အခြေချ နေထိုင်ခဲ့တယ်။ ဈေးထဲမှာ အထည်ဆိုင်ကြီးနှစ်ဆိုင်လည်း ဖွင့်ခဲ့တယ်။ အထည်ဆိုင်ဆိုတော့ မိသားစုဝိုင်းလုပ်ရတော့ အဆင်ပြေတာပေါ့။ စီးပွားရေးလည်း တောင့်တင်းခိုင်မာပါတယ်။

တစ်နေမှာ သူ့သမီးကြီးက ကိုအုံးသွယ်အတွက် နိုင်ငံခြားသင်္ဘောသီးကြီးတစ်လုံးကို ရန်ကုန်အထည်သွားဝယ်ရင်း ဝယ်လာခဲ့တယ်။ ကိုအုံးသွယ်က Chief Cook ပီပီ၊ အစားအစာတွေထဲမှာ သားငါးအပြင် အသီးအနှံတွေကိုလည်း အချိုးကျစားစေခဲ့လို့ မိသားစုလည်း ကျန်းမာရေး အလွန်ကောင်းကြတယ်။ စီးပွားရေးလည်း ပြေလည်တော့ 'သီရိဂေဟာ' မိသားစုပေါ့ဗျာ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ကိုအုံးသွယ်က သမီးကြီးဝယ်လာခဲ့တဲ့ နိုင်ငံခြားသဘော်သီးကြီး အရသာရှိလွန်းလို့ မျိုးစေ့ကွေကို အိမ်ရှေ့မှာတန်းစိုက်ပြီး ပျိုးတယ်၊ ပျိုးပင်တွေက ပေါက်လာကြပေမဲ့ တစ်ပင်ပဲ သန်သန်စွမ်းစွမ်းနဲ့ ရှင်တယ်။ သဘော်ပင်က ရေဝပ်တာကို မကြိုက်ဘူးလေ။ မိုးတွင်းမှာပျိုးတော့ ကုန်းမြင့်တဲ့နေရာက တစ်ပင်ပဲရှင်တာပေါ့။

အဲဒါနဲ့ သဘော်ပင်ကြီးဖြစ်လာပြီး ပွတ်သိပ်နေအောင် သီးတော့တာပေါ့ဗျာ။ ကိုအုံးသွယ်တို့မိသားစု ဝဝလင်လင် စားရတဲ့အပြင် မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း လက်ဆောင်ပေးနိုင်တယ်။ ကိုအုံးသွယ်ကတော့ သဘော်ပင်ကြီးကိုကြည့်ပြီး အလွန်သဘောကျနေတာပေါ့။

အဲ ... ထူးဆန်းတာတစ်ခုကတော့ သဘော်သီးတွေ စသီးကတည်းက ရန်ကုန်က သဘော်သီးဝယ်လာခဲ့တဲ့ သမီးအကြီးမဟာ တရှောင်ရှောင် ဖြစ်လာတယ်။ အိပ်ရာထဲလဲနေအောင် နေမကောင်းဖြစ်တာလည်း မဟုတ်ဘူး။ ဒါပေမဲ့ အစားအသောက်ပျက်ပြီး ပိန်ချုံးလာတော့တာပေါ့။ ပိုက်ဆံလည်းရှိတော့ အင်္ဂလိပ်ဆရာ၊ မြန်မာဆရာနဲ့ ကုသပေမဲ့ မပျောက်ဘဲ နာတာရှည်ရောဂါ ဖြစ်နေတော့တာပဲ။

တစ်နေ့ ဒီဇင်ဘာလထဲမှာ ကျွန်တော် သူတို့အိမ်ကို ရောက်သွားတယ်။ အိမ်က နှစ်ထပ်တိုက် တိုက်ခံအိမ်။ ကျွန်တော့်ကိုလည်း အပေါ်ထပ်မှာနေရာပေးပြီး ကောင်းစွာ ဧည့်ခံပြုစုပါတယ်။ ကျွန်တော်က စာတိုပေစ၊ ဆေးကျမ်းတွေ၊ သစ်ပင်တွေနဲ့ပတ်သက်တဲ့ အတိတ်နိမိတ်တွေကို သိထားတော့ အိမ်ရှေ့က သဘော်ပင်ကြီးကို မြင်ကတည်းက ဘဝင်မကျမိဘူး။

ညစာ စားပြီးတော့ စကားဝိုင်းမှာ ကိုအုံးသွယ်အမျိုးသမီးက ကျွန်တော့်ကို ဂမ္ဘီရစာရေးဆရာဆိုပြီး မေးလာတယ်။

''ဆရာ ... သမီးကြီး နေမကောင်းတဲ့ကိစ္စကို အမြင်ကလေးလည်း ပြောပါဦး။ ဆောင်ရန် ရှောင်ရန်ပေါ့။ အထည်ဆိုင်ကလည်း ရောင်းမကောင်းဘူး ဖြစ်နေတယ်''





ကျွန်တော်က ကျွန်တော့်အမြင်ကို ချက်ချင်းပဲ ပြောလိုက်ပါတယ်။

''ခင်ဗျားတို့အိမ်ရှေ့က သဘော်ပင်ကြီးကို ခုတ်ပစ်လိုက်ပါ။ အားလုံး ကောင်းသွားလိမ့်မယ်''

''ဟာ ... သူငယ်ချင်းရာ အဲဒါတော့ မလုပ်ပါနဲ့ကွာ။ သဘော်ပင်ကြီးက တစ်နှစ်လုံး ကိုယ့်ကိုကျွေးနေတာ။ အသီးတွေကလည်း ပွတ်နေတာပဲ။ နှမြောစရာကြီးကွာ''

ကိုအုံးသွယ်က တားရာ ...

''ကိုအုံးသွယ် ... ကျွန်တော်လည်း သစ်ပင်ပန်းပင်ကို တန်ဖိုးထားပါတယ်။ နှမြောလည်း နှမြောတတ်ပါတယ်။ သဘော်ပင်ဆိုတာ သန်သန်စွမ်းစွမ်း အသီးများများပေးတဲ့အပင်က ရှားပါတယ်။ ဖြစ်ထွန်းခဲတယ်ပေါ့ဗျာ။ ဆေးဘက်အသုံးတည့်တဲ့ အပင်မျိုးလည်းဖြစ်တယ်။

ဂမ္ဘီရဆန်တယ်။ တစ်ပင်လုံး အသုံးတည့်တဲ့အပြင် သဘော်မြစ်တာနေ ပြဒါးလည်း ထုတ်ယူလို့ရတယ်။ အဲ ... ဒါပေမဲ့ အစိုးရ အဆောက်အအုံနဲ့ ကိုယ်ပိုင်အိမ်ဘေးနဲ့ အနောက်ဘက်မှာ ကြိုက်သလို စိုက်လို့ရတယ်။ အိမ်ရှေ့မှာတော့ မစိုက်သင့်ဘူး။ စိုက်ရင် ဘာဖြစ်သလဲဆိုတော့ စိုက်စမှာ ဘာမျှမဖြစ်ဘူး။ အသီးသီးလာတာနဲ့ တအားသီးလေ တအားခိုက်လေပဲ။ အခုပဲ ခင်ဗျားတို့ လက်တွေ့ ကြုံနေရပြီမဟုတ်လား''

''ဒါဆို အခုပဲ ခုတ်ပစ်လိုက်ပါလား ... ကိုအုံးသွယ်ရယ်''

ဇနီးလုပ်သူက ပြောရာ ...

''နေပါစေဦး ... အစ်မကြီး။ အသီးတွေက ရင့်နေပါပြီ။ လကုန်လောက်မှ ခူးစားပြီး အမြစ်ပါမကျန် ခုတ်ပစ်လိုက်ပါ''

''ကောင်းတယ် ... သူငယ်ချင်း။ နောက်လထဲမှာ သားမင်္ဂလာဆောင်ရှိတော့ မကျောပ်ထိုးရမှာ။ အဲဒီတော့မှ အပြတ်ရှင်းလိုက်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒေးဒရဲမြို့က ပြန်လာခဲ့ပြီး နောက်လဆန်းတွင် ကိုအုံးသွယ် ရန်ကုန်သို့ ရောက်လာပါသည်။ သူ့သားမင်္ဂလာဆောင်အတွက် ဖိတ်စာလာပို့ခြင်းဖြစ်သည်။

“ကျေးရူးတင်လိုက်တာ . . . သူငယ်ချင်းရာ။ သဘော်ပင်ကြီးကို ခုတ်ပစ်လိုက်တာနဲ့ သမီးကြီး ချက်ချင်း နေကောင်းသွားတယ်။ အခုဆို အရင်လို ပိန်ပိန်လိမ်လိမ် မဟုတ်တော့ဘူး။ ဝဝဖြိုးဖြိုးနဲ့ အသားအရေလည်း စိုပြည်ပါတယ်။ ဈေးထဲက အထည်ဆိုင်နှစ်ဆိုင်လည်း ရောင်းအားတွေ တက်လာတယ်”

✿ ✿ ✿

# ၅

❏


“အဲဒါ ကျွန်တော့်ကိုယ်တွေ့ပဲ . . . ကိုထွန်းငြိမ်းရေ။ သီးပင်၊ ပန်းပင်၊ ဂမုန်းပင်တွေစိုက်ရာမှာ တတ်သိနားလည်သူကို မေးမြန်းပြီးမှ စိုက်တာ အကောင်းဆုံးပဲ။ သစ်ပင်အတော်များများဟာ ကာဗွန်ဓာတ်ကိုစုပ်ပြီး အောက်ဆီဂျင်ဓာတ် ထုတ်ပေးတယ်ဆိုတာ လူအများသိတယ်။

ဒါပေမဲ့ ညမှာ အောက်ဆီဂျင်ဓာတ်ကို စုပ်ယူပြီး ကာဗွန်ဓာတ်ကို ထုတ်ပေးတတ်တဲ့ စပျစ်ပင်လို အပင်မျိုးတွေလည်း ရှိသေးတယ်။ ရုက္ခဗေဒဆိုတာ အလွန်ဆန်းကြယ်ပါတယ်ဗျာ”

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



❑

ကျွန်တော်က ဘီလူးကျွန်း၊ ချောင်းဆုံရွာသား။ ကျွန်တော် လူပျို ပေါက်အရွယ်မှာပဲ အဖေဆုံးတယ်။ အဖေက လက်မှုပညာဆရာကြီးပါ။ ဆေးတံနဲ့ လူသုံးကုန်ပစ္စည်းတွေ ထုတ်ရာမှာ နာမည်ကြီးပေါ့။ (Made In Twalook) ဆိုတာ အဖေတို့လက်ရာတွေပဲ။ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား အထိ ပစ္စည်းတွေက ပျံ့နှံ့ပါတယ်။ ရွာလွတ်ဆိုတာက မော်လမြိုင်၊ ဘီလူး ကျွန်းပေါ်က စက်မှုထွန်းကားတဲ့ ရွာကြီးပါ။

ကျွန်တော်ကတော့ ငယ်စဉ်ကတည်းက လက်မှုပညာထက် စက်မှု ပညာကို ပိုဝါသနာပါတယ်။ ဒါကြောင့် အဖေတို့သုံးတဲ့ တွင်ခုံတို့၊ ဖောက်ခုံ တို့ အချောကိုင်စက်တို့ကို ကျွန်တော်လေ့လာပြီး ပြင်ဆင်ပေးနေကျပါ။

အိမ်အနီးက အဖေ့သူငယ်ချင်း ငါးဖမ်းစက်လှေထောင်ထားတဲ့ ဦးလှမြင့်စက်လှေနဲ့လည်း ပင်လယ်ထဲကို အပျော်လိုက်နေကျပါ။ ကျွန်တော် က စက်ပစ္စည်းတွေကို စိတ်ဝင်စားတော့ စက်ပြင်ဆရာ ဦးညိုကြီးနဲ့လည်း အဖွဲ့ကျပါတယ်။

လက်မှုပညာရှင်မျိုးရိုးမို့ ကျွန်တော် ကာလသားပေါက်အရွယ် အသက် (၁၆) နှစ်လောက်ရှိတာနဲ့ စက်ပစ္စည်းအတော်များများကို ပြင် တတ်နေပြီ။ အဲဒီတုန်းက စက်လှေသုံး အင်ဂျင်စက်တွေက (YAMAHA, SKODA, JOHNSON, MISUBISHI နဲ့ FORD ) အင်ဂျင်တွေပါ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလေးလံပေမဲ့ အလွန်နိုင်ခဲ့ပါတယ်။ ကျွန်တော် အဖေ့တမ်း ပြင်ဆင်နေရာက အဖေ ရုတ်တရက်ဆုံးပါးတော့ တစ်ဦးတည်းသော သားဖြစ်တဲ့ ကျွန်တော် (၁၀) တန်းအောင်တာနဲ့ ကျောင်းထွက်လိုက်ရ တယ်။

အမေက အဖေ့လက်ရာ လက်မှုပညာလုပ်ငန်းကို ဆက်လက် ဦးစီးပေမဲ့ ကျွန်တော်ကတော့ ဝါသနာပါရာ စက်ပြင်လုပ်ငန်းကို လုပ်ရင်း အဖေ့သူငယ်ချင်း စက်လှေပိုင်ရှင် ဦးလှမြင့်ရဲ့ စက်လှေတစ်စီးမှာ စက်ပြင် အလုပ်ကို ရခဲ့ပါတယ်။

ငါးဖမ်းစက်လှေဖြစ်လို့ ပင်လယ်ပြင်တစ်ခါထွက်ရင် သုံးပတ်က နေ တစ်လလောက် ကြာတတ်တယ်။ တစ်ခါတလေ ငါးရတော့လည်း တစ် ပတ်ဆယ်ရက်နဲ့ ပြန်ဝင်ပါတယ်။ ငါးစိုကိုရောင်း၊ ပိုတာ ငါးပိငါးခြောက် လုပ်၊ လွှင့်ပစ်ရတယ် မရှိပါဘူး။

ငါးသေး၊ ငါးဖွဲ့ အမှုန်အမွှားတောင်မှ အခြောက်လှမ်းပြီး ကြက်စာ ဝက်စာအဖြစ် ရောင်းနိုင်ပါတယ်။ ကျွန်တော်တို့ စက်လှေ အမည်က ဖွဲ့မာန် တဲ့။ အလတ်စားစက်လှေပါ။

ကျွန်တော် ဖွဲ့မာန်စက်လှေပေါ်မှာ (၅) နှစ်လောက်လုပ်နေတုန်း ပဲ့နင်းဦးစီးကြီးဦးကုလား ပင်လယ်ငှက်ဖျားရောဂါနဲ့ ဆုံးပါးတယ်။ ကျွန်တော် က စက်မောင်း၊ ဒုတိယပဲ့နင်းဆိုတော့ ကျွန်တော့်အသက် (၂၁) နှစ် အရွယ်မှာပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ဦးစီးပဲ့နင်းကြီး ဖြစ်လာပါတယ်။

စက်လှေပိုင်ရှင် ဦးလှမြင့်ကလည်း ကျွန်တော့်ကို ယုံကြည်အား ကိုးတယ်လေ။ စက်လှေပိုင်ရှင် ဦးလှမြင့်တို့မှာ စက်လှေသုံးစီးရှိတယ်။ ကျွန် တော်တို့ ဒေသအခေါ် ဝါးလတ်လို့ ခေါ်တယ်။ အလတ်စား စက်လှေအရွယ် ဖြစ်ပေမဲ့ Yamar အင်ဂျင်သုံးလို့ စက်အားအလွန်ကောင်းတယ်။ ရွက်နဲ့ စက်ကိုတွဲပြီး အသုံးပြုတာကြောင့် လေစုန်မှာ အလွန်မြန်တယ်။

ဦးလှမြင့်တို့မှာ သမီးတစ်ယောက် ရှိတယ်။ လှဖြူဝင်းတဲ့ ကျွန် တော်နဲ့ ကျောင်းနေဖက်ပါပဲ။ ကျွန်တော်က (၁၀) တန်းအောင်တာနဲ့ စီးပွား





ရေးအခြေအနေအရ အလုပ်ဝင်ရပေမဲ့ လှဖြူဝင်းကတော့ မော်လမြိုင် ကောလိပ်ကိုတက်လို့ ဘွဲ့ရပြီး ချောင်းဆုံမှာပဲ ဆရာမ ဖြစ်နေပါပြီ။

သူမနဲ့ ကျွန်တော်က ကျောင်းနေဖက် သူငယ်ချင်းဖြစ်ပေမဲ့ အနေ အထားချင်းကွာခြားလို့ အသက်အရွယ် ရလာတာနဲ့အမျှ သူမက သူစိမ်း ဆန်လာပါတယ်။ မလှဖြူဟာ ဘီလူးကျွန်းသူပီပီ နာမည်နဲ့လိုက်အောင် ချောပြီး ပစ္စည်းဥစ္စာကလည်း ချမ်းသာတော့ အလှဂုဏ်မောက်တာလည်း ဖြစ်နိုင်ပါတယ်။

ငယ်သူချင်းဆိုပေမဲ့ သူက သူဌေးသမီး၊ ကျွန်တော်က စက်လှေ အလုပ်သမားလေ။ အဆင့်အတန်းချင်းလည်း အလွန်ကွာပါတယ်။ သူမကို ကြိုက်ကြပန်းကြ၊ လက်ထပ်ချင်ကြသူတွေကလည်း တစ်လှေကြီးပါပဲ။ ကျွန် တော်ကတော့ ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်း၊ ကြီးလာတော့လည်း ကျွန်တော့်ဘက်က တစ်ဖက်သတ်ငယ်ချစ်ဦးအဖြစ် တေးထားမိပါတယ်။

သူ့ဘက်က ချစ်တာမချစ်တာ အပထား၊ ကျွန်တော့်ဘက်က နှုန်းအချစ်နဲ့ ချစ်နေရရင် ပြီးတာပါပဲ။ ပင်လယ်ကပြန်လာပြီး မလှဖြူ မျက်နှာကလေးကို မြင်ရရင်ပဲ ကျွန်တော် ပင်ပန်းလာသမျှ တစ်ခဏချင်း ပြေပျောက်သွားတော့တာပဲ။ ဒါကို အချစ်လို့ ခေါ်မယ်ဆိုရင် တော့ မလှဖြူကို ကျွန်တော် အသည်းနင့်အောင် ချစ်နေတယ်ဆိုတာ အသေ အချာပါပဲ။

တစ်နေ့ ကျွန်တော်တို့စက်လှေကြီး ငါးအရများလို့ ပျော်ရွှင်စွာနဲ့ ဘီလူးကျွန်းကိုပြန်ဝင်ပြီး ဒိုင်သွင်း၊ ငွေနဲ့စာရင်းတွေကို ကျွန်တော် မလှဖြူ တို့အိမ် သွားအပ်၊ သူမမိဘတွေလည်း ဘုန်းကြီးကျောင်းသွားနေတာနဲ့ အိမ်မှာ မလှဖြူတစ်ယောက်တည်းရှိတယ်။

ကျွန်တော်ရောက်သွားတော့ မလှဖြူက ရေချိုးပြီးစ သနပ်ခါး လိမ်းပြီး ထွက်လာတယ်။ ကျွန်တော်လည်း ငါးရောင်းရငွေနဲ့ စာရင်းတွေကို အပ်နေတုန်း မလှဖြူဆီက ရှင်မတောင်သနပ်ခါးနံ့က သင်းပျံ့ပြီး ဆွဲဆောင် နေလို့ စိတ်မထိန်းနိုင်တော့ဘဲ ရင်ခွင်ထဲ ဆွဲသွင်းရင်း ချစ်စကားပြော လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မလှဖြူ ပထမတော့ငြိမ်နေပြီး နောက်တော့ အပြင်းအထန် ငြင်းဆန်ပြီး အော်တော့တာပါပဲ။ အနီးဝန်းကျင်က အလုပ်သမားတွေ ပြေးလာကြပြီး ကျွန်တော့်ကို မိန်းမကာယိန္ဒြေ ဖျက်ဆီးကျူးလွန်မှုနဲ့ ရဲစခန်းပို့တော့တာပါပဲ။

ရဲစခန်းရောက်တော့လည်း ရဲဆရာတွေက ကျွန်တော့်အသိတွေပါ ဝိုင်းပြီး စကြနောက်ကြ၊ ပြောင်ကြရင်း စခန်းမှူးက . . .

''မောင်အေးဟန်ရဲ့၊ မင်းက နာမည်နဲ့လိုက်အောင် အေးမယ့်တယ်ဟန်မကျပါလားကွ။ မိန်းကလေးဆိုတာ အဲဒီလိုချက်ချင်းကြီး အဓမ္မ မချဉ်းကပ်ရဘူး။ တဖြည်းဖြည်း အနုနည်းနဲ့ ချဉ်းကပ်ရတာ။ သူ လက်ခံတော့လည်း တစ်မျိုးပေါ့။

အေး . . . မိန်းမကာယိန္ဒြေဖျက်ဆီးမှုနဲ့ အမှုဖွင့်လို့သာ တော်တော့တယ်။ မုဒိမ်းကျင့်စည်မှုနဲ့သာ အမှုဖွင့်ရင်တော့ မင်းဘဝသွားပြီ။ ထောင် (၅) နှစ်ကနေ (၇) နှစ်အထိ ကျမှာ သေချာတယ်။ ကာယိန္ဒြေဖျက်ဆီးမှုကတော့ ကြိမ်ဒဏ်လောက်ပါပဲ။ တရားလိုဘက်က အမှုရုပ်သိမ်းရင်လည်း ကွင်းလုံးကျွတ် လွတ်နိုင်ပါတယ်''

''ဆရာရယ် . . . ငယ်ပေါင်း သူငယ်ချင်းတွေပါ။ မလှဖြူကို ကျွန်တော်အရိပ်ပြတာလည်း ကြာခဲ့ပါပြီ။ သူက မသိချင်ဟန် ဆောင်နေတာပါ။ သူ့မိဘတွေကလည်း ဘာသာရေးသမားတွေမို့ အလွန်အေးဆေးကြပါတယ်။ အဆင့်အတန်းမတူပေမဲ့ ကျွန်တော်ကို သဘောကျပါတယ်။ အားလည်းကိုးပါတယ်။

ကျွန်တော့်စက်လှေကလည်း သူတို့ပိုင်တဲ့ စက်လှေ (၃) စီးထဲမှာ ဝင်ငွေအကောင်းဆုံးပါ။ ကျွန်တော်တို့ ငါးခိုးရောင်းတာလည်း မရှိဘူး၊ ဆီခိုးရောင်းတာလည်း မရှိဘူး။ ကျွန်တော့်မိဘပစ္စည်းလို သဘောထားပြီး ကျွန်တော် လုပ်ကိုင်နေတာပါ''

အေး . . . အဲဒါကြောင့် မင်းကို ပြောနေရတာ။ ရိုးလွန်းတော့ အအ,လွန်းတော့ နုံသတဲ့ . . . မောင်အေးဟန်ရေ့။ ငါတို့က မင်းကို အကြောင်း





သိဆိုတော့ မင်းဘက်ကနာပြီး သတိပေးရတာပါ။ ငါတစ်ခါတည်း ပြောလိုက်ဦးမယ်။ မင်း ကြိမ်ဒဏ်ခံရရင်လည်း ခပ်ကောင်းကောင်းပဲလို့သာ မှတ်။

မိန်းမဆိုတာ ရင်ထဲမှာ သံယောဇဉ်ရှိပေမဲ့ အပြင်ကို ထုတ်ပြခဲတယ်ကွ။ သနားကြင်နာတတ်တဲ့ သူတို့နှလုံးသားက မီးခဲပြာဖုံးပဲ။ ယပ်ခပ်ပေးမှ ပြာလွင့်ပြီး မီးခဲက ရဲလာတာ။ အရှက်တရားကလည်း ကြီးသေးတော့ အခုလိုကိစ္စမျိုးမှာ မွန်တူပြီးဖြစ်တတ်တာ သဘာဝပဲ။ ဒီကိစ္စကြောင့်ပဲ မင်းနဲ့မလှဖြူနဲ့ နီးစပ်လိမ့်မယ်လို့ ငါဗေဒင်ဟောလိုက်မယ်''

''ဆရာရယ် . . . အခုတော် ကြိမ်ဒဏ်လား၊ ထောင်ဒဏ်လား တစ်ခုခုပဲ။ တဒင်္ဂလေး မအောင့်အည်းနိုင်လို့ ကျွန်တော့်ဘဝတော့ သွားပါပြီ . . . ဆရာရယ်။ ပြစ်ဒဏ်ချပြီးတာနဲ့ အလုပ်ပြုတ်မှာလည်း သေချာပါတယ်။ ကျွန်တော် အမေ့ကို သနားတယ်ဗျာ''

ထိုသို့ ကျွန်တော်တို့ စကားပြောဆိုနေကြစဉ် ကျွန်တော့်အမေနှင့် စက်လှေအဖွဲ့သားများ ရောက်လာကြသည်။

''သားရယ် . . . နေကောင်းရဲ့လား၊ မိုက်လိုက်တာ . . . သားရယ်။ ကိုယ့်အလုပ်ရှင်သမီးကိုမှ စော်ကားရသလား။ အမေ မျက်နှာမပြရဲအောင် ရှက်ပေမဲ့ ရှေ့မျက်နှာ နောက်ထားပြီး ဦးလှမြင့်တို့မိသားစုကို သွားတောင်းပန်ခဲ့ပါသေးတယ်။

ဦးလှမြင့်တို့က ဘာသာရေးသမားတွေဆိုတော့ သားကို ခွင့်လွှတ်ကြပါတယ်။ အမှုကို ကျေအေးပေးဖို့လည်း သူတို့သမီးကို ဖျောင်းဖျကြပါတယ်။ ဒါပေမဲ့ မလှဖြူက ခေါင်းတွင်တွင်ခါပြီး ငြင်းနေတယ်။ မလှဖြူက ချောင်းဆုံမှာ အချောအလှစာရင်းဝင်၊ ဆရာမလည်းဖြစ်ပြန်၊ ဥစ္စာဓနကလည်းရှိတော့ ရှက်ရှာမှာပေါ့ကွယ်။ ငါ့သားဘက်က အမှားတွေပါပဲ . . သားရယ်''

''ဟုတ်ပါတယ် . . . အမေ၊ သား မှားပါတယ်။ သားမိုက်ကို ခွင့်လွှတ်ပါ။ မလှဖြူနဲ့သားက ငယ်ပေါင်းတွေမို့လို့ သံယောဇဉ်ရှိမယ်အထင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတာပါ . . . အမေရယ်။ ကျောရန့်တင်ကြတာ မဟုတ်ပါဘူး။ သား မလှဖြူကို တကယ်ချစ်တာပါ''

ထိုစဉ် စက်မောင်း ကိုအေးဆောင်က . . .

''ဆရာရယ် . . . သူစိမ်းတော့ ကိုယ်ကြဉ်ပေါ့။ ဆရာ့အရည်အချင်း ရုပ်ရည်နဲ့ ချောင်းဆုံမှာ အချောအလှတွေ ပေါပါ့ဆရာရယ်။ ကျွန်တော် စပ်ပေးရမလား။ ဆရာ့အမှုပြီးတာနဲ့ တန်းစီပြီးပြပါ့မယ်။ ခေါင်းခေါက်ရွေးယူလို့ ရပါရဲ့ဗျာ''

''နေပါစေ . . . ကိုအေးဆောင်ရယ်။ မလှဖြူကို မရနိုင်ရင်တော့ ကျွန်တော်ဒီဘဝ မိန်းမ မယူတော့ပါဘူးဗျာ''

''ဩော် . . . သားရယ်''

အမေက ပင့်သက်မောကိုရှိုက်ပြီး မြည်းတမ်းညည်းတွားရှာသည်။ အမေတို့ ကျွန်တော့်အား ရဲအချုပ်ခန်းတွင် ညစာကျွေးပြီးပြန်တော့ ည (၈) နာရီခန့်ပင် ရှိပါပြီ။ ကျွန်တော် ဘုရားရှိခိုး၊ အမျှဝေပြီး အိပ်ရာဝင်တော့ သန်းခေါင်တိုင် လုပြီ။ သို့သော် ထွေထွေရာရာတွေးပြီး အိပ်၍မပျော်ပါ။ မနက်မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားသည်။

မနက်မိုးလင်း၍ အချုပ်သားများ ရုံးထွက်ရန်၊ ထောင်ပြောင်းရန် စီစဉ်နေသံကြားမှ ကျွန်တော် နိုးတော့သည်။ အချုပ်လူသစ်ဖြစ်သော်လည်း ကျွန်တော့်အား စခန်းမှူးက မျက်နှာသာပေးထား၍ အခြား အချုပ်သားများ မစော်ကားရဲကြပါ။

ယနေ့ ထောင်သို့ပြောင်းရွှေ့မည့် အုပ်စုတွင် ကျွန်တော်ပါသည်။ မော်လမြိုင်ထောင်တွင် ကျွန်တော်တို့အား ချထားပြီး ရုံးထွက်များအားတင်၍ အချုပ်ကားပြာကြီး တရားရုံးသို့ ထွက်သွားသည်။

ထောင်ရောက်တော့လည်း ရဲစခန်းအချုပ်ခန်းထက် ကျယ်ဝန်းပြီး အခန်းလူကြီးက ကျွန်တော်တို့ ချောင်းဆုံအရပ်သား ကိုညိုကြီးဖြစ်၍ အဆင်ပြေပါသည်။

''ဟာ . . . ညီလေး။ မင်း ဘာမှုဖြစ်လာတာလဲ''





''အမျိုးသမီး ကာယိန္ဒြေဖျက်ဆီးမှုတဲ့ အစ်ကို''

ကျွန်တော်က အမှုဖြစ်စဉ် အကျိုးအကြောင်းအား ရှင်းပြရာ ကိုညိုကြီးက . . .

''ညီလေး . . . မင်းအမှုက ကြိမ်ဒဏ် (၂၅)ချက် သေချာတယ်။ ပြီးခဲ့တဲ့လကလည်း တစ်ယောက် မင်းလိုအမှုမျိုးဖြစ်ပြီး ကြိမ်ရိုက်ခံရတာ''

''အောင်မယ်လေးဗျာ . . . ကြိမ်ဒဏ် (၂၅) ချက်ကြီးများတောင်။ ဘယ်နေရာကို ရိုက်မှာလဲ . . . အစ်ကိုရ''

''ကိုယ်တုံးလုံးချွတ်ပြီး တင်ပါးကို ရိုက်မှာ''

''ရှက်လည်း ရှက်စရာ၊ နာလည်း နာမှာပဲဗျာ နော် အစ်ကို''

''ယောကျ်ားတွေချည်းရှေ့မှာ ရိုက်မှာပါကွာ။ ရှက်စရာမရှိပါဘူး''

''ကြိမ်လုံးနဲ့ရိုက်တာ နာမှာပေါ့ဗျ . . . အစ်ကိုရ။ အစ်ကိုက ဘယ်လိုနည်းလမ်း ရှာပေးမှာလဲဟင်''

''ထောင်ထဲက အလုပ်တိုင်း နေရာတိုင်းမှာ အကြံအဖန်ဆိုတာ ရှိတယ် . . . ညီလေးရ။ သေချာမှတ်ထား။ ကြိမ်ရိုက်မယ့်သူက ငါတို့ ဘီလူးကျွန်းသား ဖော်ကြီးတဲ့ . . . ထောင်မှူးကြီးတပည့်ရင်း။ မနက်ဖြန်မနက် ငါ သူနေတဲ့ အိပ်ဆောင်အမှတ် (၃) ကိုသွားပြီး မင်းကိစ္စနဲ့ ညှိထားပေးမယ်။ မင်း ကြိမ်ရိုက်ခံရမယ့်နေ့မှာ သူနဲ့တွေ့လို့ လူလစ်တာနဲ့ မင်းက အချက်ပြရမယ်''

''ဘယ်လိုအချက်ပြရမှာလဲ . . . အစ်ကို''

မင်းက လက်မနဲ့ လက်ညှိုးကိုဝိုင်းပြီး လက်တစ်ချောင်း၊ ဒါမှမဟုတ် လက်နှစ်ချောင်း ထောင်ပြရမယ်။ မင်းလုပ်ပြတာကို ဖော်ကြီးပဲ တွေ့ပါစေ။ အခြားသူတွေ မမြင်စေနဲ့။ ဖော်ကြီးက ညာသန်ဆိုတော့ မင်းရဲ့ဘယ်ဘက်ကို ရိုက်လိမ့်မယ်။ လူကြီးတွေက မင်းရဲ့ညာဘက်မှာ တန်းစီပြီး ထိုင်ကြည့်နေကြမှာ''

''အဲဒါဘာကို ပြရတာလဲ . . . အစ်ကို''

''ကြိမ်ရိုက်တဲ့အခါမှာ ထားဝယ်ကြိမ်လုံးကို လက်ငါးချောင်းနဲ့ ဆုပ်ကိုင်ပြီး လွှဲရိုက်ရတာ မဟုတ်လား။ မင်းကို လက်ဝိုင်းပြပြီးတာက

www.burmeseclassic.com



ပိုက်ဆံပေးမယ်လို့ ပြောခိုင်းတာ။ လက်တစ်ချောင်းထောင်ပြရင် ရိုက်တဲ့နေရာမှာ လက်တစ်ချောင်းအား လျှော့ရိုက်ခိုင်းတာ။ နှစ်ချောင်းထောင်ပြရင် လက်နှစ်ချောင်းအား လျှော့ရိုက်ခိုင်းတာ။ လက်တစ်ချောင်းအား လျှော့ရိုက်တာနဲ့ အနာသက်သာတယ်။ နှစ်ချောင်းအား လျှော့ရိုက်ရင်တော့ အလွန်သက်သာတာပေါ့ကွာ''

''အစ်ကို ပိုက်ဆံက ဘယ်လောက်ပေးရမှာလဲ''

''လက်တစ်ချောင်းလျှော့ရိုက်ရင် တစ်ရာကျပ်၊ နှစ်ချောင်းလျှော့ရိုက်ရင် နှစ်ရာကျပ်ပေါ့ကွာ။ လျှော့ရိုက်လို့ မနာပေမဲ့ အော်ရမယ်။ နာလွန်းလို့ မေ့မြောသွားဟန် ဆောင်ရမယ်။ ဒါမှ သရုပ်ပါမှာ။ မေ့ချင်ဟန်ဆောင်တာတောင် တစ်ချက်နှစ်ချက်နဲ့ မမေ့နဲ့ဦး။ သဘာဝ မကျဘူး။ ဆယ်ချက်လောက်ရိုက်ပြီးမှ မေ့။ လူကြီးတွေရှေ့မှာ ရိုက်ရမှာဆိုတော့ ပထမအချက်မှာ အားပါပါ ဟန်နဲ့မာန်နဲ့ ရိုက်ရမှာ။ နာမယ်၊ နောက်အချက်တွေကျတော့ မနာတော့ပါဘူး။ ဇော်ကြီးက မနာအောင် လှလှပပ စနစ်တကျရိုက်သွားလိမ့်မယ်''

''ပိုက်ဆံလည်း ပေးရသေး။ ကြိမ်လည်း အရိုက်ခံရသေး ဟန်မကျဘူးဗျ နော် အစ်ကို''

''ဘာလို့ဟန်မကျရမှာလဲ . . . ညီလေးရ။ ပိုက်ဆံပေးဖို့ ညှိမထားရင် မင်းတကယ်ခံစားရပြီး မေ့မြောသွားမှာ။ နောက်ပြီး အခန့်မသင့်ရင် ပန်းပါ သေသွားနိုင်တယ်။ ဇော်ကြီးတို့က စနစ်တကျ လေ့ကျင့်ထားတာ။ ပိုက်ဆံမပေးရင် ရိုက်ပြီးသားအရိုးရာပေါ်ကို ထပ်ကျရိုက်နိုင်အောင် သူ့လက်က တိကျတယ်။ အရိုးရာပေါ် ကြိမ်ထပ်ကျရင် သွေးခြည်ဥပြီး အသားကြေသွားတာပေါ့။

ဒါကြောင့် ပန်းသေနိုင်တယ်လို့ ပြောတာ။ ပိုက်ဆံပေးပြီး ကြိုတင်ညှိထားရင်တော့ ဇော်ကြီးတို့က ကြိမ်ဖျားကလေးနဲ့ ဒဏ်ရာတစ်ခုအပေါ်တစ်ခု မထပ်အောင် လှလှပပ စီစီရီရီ ရိုက်သွားလိမ့်မယ်။ ကြိမ်ရိုက်ခံပြီးရင်လည်း ချက်ချင်း ကုန်းမထနဲ့။





နာကျင်လွန်းလို့ မေ့ချင်ဟန်ဆောင်နေ။ အကျဉ်းသားတွေ ကြိုးချွတ် အဝတ်စားလဲပြီး ထောင်ဘူးဝကို တွဲခေါ်သွားလိမ့်မယ်။ ပြီးမှ ညီလေးအိမ်က လာခေါ်မယ့်သူတွေကို လွှဲပေးလိမ်မယ်။ အဲဒီမှာ အကျဉ်းသားတစ်ယောက်က ပိုက်ဆံလာတောင်းလိမ့်မယ်။ အဲဒါ ဇော်ကြီးလူယုံပဲ။ ယုံယုံကြည်ကြည်သာ ပေးလိုက်။ ကိစ္စပြတ်ကရော''

''ဟုတ်ကဲ့ . . . ပေးပါ့မယ် အစ်ကို''

''ဒါနဲ့ မင်းက ဘယ်နှစ်ချောင်းလဲ''

''နှစ်ချောင်းလျှော့ပါ . . . အစ်ကိုရာ''

''အေး . . . အဲဒါဆို နှစ်ရာပေါ့။ ပွဲခ ရှိသေးတယ်လေကွာ''

''ပွဲခက ဘယ်သူ့ကို ပေးရမှာလဲ အစ်ကို''

''ငါ့ကိုလေကွာ . . . ထောင်ထဲမှာ အကြံအဖန်လုပ်တာ အကျိုးကျေးဇူးမရှိဘဲ ဘယ်သူမှ မလုပ်ကြဘူး''

''ဘယ်လောက်ပေးရမှာလဲ . . . အစ်ကို''

''မင်းက ငါနဲ့တစ်ရပ်တည်းသားဆိုတော့ ငွေမတောင်းပါဘူးကွာ။ ဆေးပေါ့လိပ် (၅၀) တစ်စည်းလောက်ဆိုရင် ရပါပြီ။ စတီသဘောပေါ့ကွာ။ ကာသိုလ်လည်း ရပါတယ်''

''ဟုတ်ကဲ့ပါ . . . အစ်ကို၊ ကျေးဇူးလည်း တင်ပါတယ်''

နောက်တစ်ပတ်ခန့်အကြာတွင် ကျွန်တော့်ကို တရားရုံးထုတ်ပါသည်။ ကျွန်တော့်စက်လှေအဖွဲ့နှင့် အမေလည်း ပါလာသည်။ စက်လှေပိုင်ရှင် ဦးလှမြင့်၊ ဇနီးဒေါ်လှနဲ့ သမီးလှဖြူတို့လည်း ပါလာသည်။ အမေက ကျေအေးပေးဖို့ အနူးအညွတ် ငိုယိုတောင်းပန်တော့ ဦးလှမြင့်နဲ့ဒေါ်လှတို့က လက်ခံပါတယ်။

ဒါပေမဲ့ ကာယကံရှင် မလှဖြူက လက်မခံဘဲ ငြင်းဆန်နေတာကြောင့် တရားသူကြီးက ကျွန်တော့်ကို အမျိုးသမီး ကာယိန္ဒြေဖျက်ဆီးမှုနဲ့ ကြိမ်ဒဏ် (၂၅) ချက်ရိုက်စေလို့ အပြစ်ဒဏ်မိန့် ချမှတ်စီရင်ပါတယ်။ အမေခမျာ လူးလိမ့်ပြီး ငိုတော့တာပဲ။ ဒေါ်လှလည်း မျက်ရည်ကျရှာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီး မလှဖြူကို အမှုရုပ်သိမ်းပြီး ကျေအေးဖို့ ထပ်ပြောရှာပါသေးတယ်။ ဒါပေမဲ့ မလှဖြူက ခေါင်းချည်း တွင်တွင်ခါပြီး မျက်ရည်တစ်စက်မကျ ငြင်းဆန်နေတော့တာပါပဲ။

အမိန့်ချမှတ်ပြီးတော့ ကျွန်တော်လည်း အမေ့ကိုကန်တော့၊ အားပေးနှုတ်ဆက်ပြီး မှာစရာရှိတာမှာရတယ်။ အဲဒီခေတ်က ကြိမ်ဒဏ်ဆိုတာ နေ့ချင်းပြီး ရိုက်ရတာပါ။ ကျွန်တော်လည်း စက်လှေအဖွဲ့နဲ့ အမေ့ကို ညနေ ကြိမ်ရိုက်ခံပြီးတာနဲ့ လမ်းလျှောက်နိုင်မှာမဟုတ်လို့ မြင်းလှည်းနဲ့ လာကြိုဖို့ ငွေ ၃၀၀ လည်း ယူလာဖို့ မှာလိုက်ရတာပေါ့။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး မလှဖြူကိုတော့ ကျွန်တော် အံကြိတ်ပြီး တစ်ချက်ကြည့်ခဲ့ပါသေးတယ်။

ကျွန်တော် မော်လမြိုင်ထောင်ပြန်ရောက်တော့ အခန်းလူကြီး ကိုညိုကြီးက ကြက်ဥအစိမ်းနှစ်လုံးကို ဖောက်သောက်ခိုင်းတယ်။ ပြီးတော့မှ မှောက်လျက်အိပ်စေပြီး တင်ပါးကို သံပရာသီးကိုခွဲပြီး အရည်ညှစ် ပွတ်ပေးတယ်။ ပိုးသတ်တာလို့ ပြောတာပဲ။

ပြီးတော့မှ ကြက်ဥစိမ်းတစ်လုံးကိုဖောက်ပြီး ပန်းကန်လေးထဲထည့် အနှစ်ကို ဖွန်းကလေးနဲ့ဖယ်ပြီး သူသောက်တယ်။ အကာကိုတော့ ကျွန်တော့်တင်ပါးကို ပယ်ပယ်နယ်နယ် လိမ်းပေးပြန်တယ်။ အသားမကြေ မရောင်ရမ်းအောင် ကာကွယ်ဆေးတဲ့လေ။ တစ်နာရီလောက်ကြာတော့ လူခေါ်က လာအော်တော့တာပဲ။

''အေးဟန် (အဘ) ဦးအေးကို
မိန်းမကာယိန္ဒြေဖျက်ဆီးမှု
ဘီလူးကျွန်း၊ ချောင်းဆုံရွာသား၊
ကြိမ်ဒဏ်အရိုက်ခံရန် အမြန်လာ''
''ဟုတ်''

ကျွန်တော် အခန်းထဲကထွက်တော့ အခန်းလူကြီး ကိုညိုကြီးက ကျွန်တော့်ပခုံးကိုဖက်ပြီး အခန်းအပြင်ထိ လိုက်ပို့ရင်း သူမှာတာတွေကို မမေ့ဖို့ တဖွဖွပြောရင်း သတိပေးတယ်။ ကျွန်တော့်ကို လူခေါ်က ထောင်အနောက်





ဘက် အလုပ်ဘက်ဝင်းအနီးက ကြိုးစင်မည်းမည်းကြီးနားကို ခေါ်သွားတာပဲ။

ကြိုးစင်နားမှာ ကြိမ်ရိုက်ခုံရှည်ကြီးကို ချထားပြီး ထောင်ပိုင်ကြီး၊ ထောင်အရာရှိတွေ၊ ဆရာဝန်နဲ့ ဆေးမှူးရယ်၊ ရဲစခန်းတာဝန်ရှိသူတွေရယ် အသင့်စောင့်နေကြတယ်။ ကျွန်တော်ရောက်တာနဲ့ ကိုယ်တုံးလုံးချွတ်ပြီး ထောင်မှတ်ပုံတင်၊ စာအုပ်ကြီးနဲ့ လူမမှားအောင် တိုက်ဆိုင်စစ်ဆေးကြတော့တာပါပဲ။

စစ်ဆေးလို့သေချာမှ ကျွန်တော့်ကို ကြိမ်ရိုက်ခုံပေါ်မှာ မှောက်ခိုင်းပြီး ခြေနဲ့လက်တွေကို ကြိမ်ရိုက်ခုံပေါ်မှာ အသင့်လုပ်ထားတဲ့ သစ်သားစိုက်ကြီးတွေနဲ့ ပူးပြီးချည်တယ်။ ပြီးတာနဲ့ ဆေးမှူးက ကျွန်တော့်တင်ပါးပေါ်မှာ ဆေးဝါးရည်စိမ်ထားတဲ့ ပိတ်စိမ်းပါးစကို ကပ်ပေးနေတုန်း ကျွန်တော်က ကြိမ်ရိုက်မယ့် ကိုဇော်ကြီးကို လက်မနဲ့ လက်ညှိုးဝိုင်းပြပြီး လက်နှစ်ချောင်းထောင်ပြလိုက်တယ်။

ကိုဇော်ကြီးကလည်း မသိမသာ ခေါင်းညိတ်ပြတယ်။ လူကြီးများက ဒိုသတ်က ဆေးမှူးလုပ်နေတာကိုသာ စိတ်ဝင်တစား ကြည့်နေကြလို့ ကျွန်တော်တို့ ဆက်သွယ်တာကို မြင်လိုက်ဟန်မတူပါဘူး။

ကိုဇော်ကြီးကိုင်ထားတဲ့ ထားဝယ်ကြိမ်မှာ လက်ညှိုးလုံးခန့်တုတ်ပြီး (၃) ပေလောက် ရှည်ပါတယ်။ ကြိမ်တုတ်ကိုလွှဲပြီး တရွှမ်းရွှမ်းနဲ့ ဟန်ပြပြနေတာဟာ အတော်အသည်းယားဖို့ ကောင်းပါတယ်။ ထောင်မှူးကြီးက အသင့်ဟုအော်သည်နှင့် ထောင်ပိုင်ကြီးက ခေါင်းညိတ်ပြရာ ထောင်မှူးကြီးက ရိုက်ဟု အချက်ပေးပါသည်။

ပထမဆုံး ဖြန်းခနဲကျလာသည့် ကြိမ်ရိုက်ချက်မှာ အားပါလှသဖြင့် ကျွန်တော် 'အား'ဟု အသံကုန်အော်မိသည်။ ထောင်မှူးကြီးကလည်း တစ်ဟုအော်သည်။ နောက်ပိုင်း ကြိမ်ရိုက်ချက်များကို အစီအရီ ရိုက်သွားသော်လည်း သိပ်နာကျင်ခြင်း မရှိတော့ပါ။

သို့သော်လည်း ကျွန်တော်က မာန်ပါပါ အော်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . . . အား . . . အား . . . အောင်မယ်လေးဗျ"

ဆယ်ချက်ခန့်ရိုက်အပြီး ကျွန်တော် မေ့ချင်ဟန်ဆောင်လိုက်တော့သည်။ ကြိမ်ရိုက်သံ တရွှမ်းရွှမ်းဖြင့် ထောင်မှူးကြီး၏ ရေတွက်နေသံများကိုခတော့ ကျွန်တော် ကြားနေရပါသည်။ နောက်ဆုံးအချက် ကြိမ်ရိုက်သံအပြီးတွင် ထောင်မှူးကြီးက . . .

"နှစ်ဆယ့်ငါး . . . ရပ်"

ကျွန်တော့်ကို ဝိုင်းဝန်းပြုစုကြရင်း ကျွန်တော်က သတိရလာဟန်ဖြင့် ကိုဇော်ကြီးကို လှည့်ကြည့်တော့ ကိုဇော်ကြီးက မျက်စိမှိတ်ပြသည်။ အကျဉ်းသားများက အဝတ်အစားဝတ်ပေးပြီး ဘူးတံခါးဝသို့ တွဲခေါ်လာကြသည်။

ဘူးတံခါးအပြင်ဘက်တွင် အမေတို့ မြင်းလှည်းနှစ်စီးဖြင့် စောင့်နေကြသည်။ ကျွန်တော့်အား ကိုဇော်ကြီးတပည့် အကျဉ်းသားတစ်ဦးက ပိုက်ဆံတောင်းသည်နှင့် ကိုဇော်ကြီးအတွက် နှစ်ရာ၊ အခန်းလူကြီး ကိုညိုကြီးကို တစ်ရာ အမေ့ထံမှ တောင်းပေးလိုက်ရသည်။

ကျွန်တော်တို့ မြင်းလှည်းနှစ်စီးဖြင့် မော်လမြိုင်ဆိပ်ကမ်းဘက်သို့ လာကြစဉ် ကျွန်တော်စီးသော ဖွဲ့မာန်စက်လှေကြီးက အသင့်စောင့်ကြိုနေသည်။ ကျွန်တော်အမေ့ကို လှည့်ကြည့်တော့ အမေက ပြုံးနေသည်။ စက်လှေကုန်းပတ်ပေါ်သို့ ကျွန်တော့်အား စက်လှေသမားများက ဆွဲတင်ကြပြီး ကုန်းပတ်ပေါ်သို့ရောက်တော့ စက်လှေပိုင်ရှင်ဦးလှမြင့်နှင့် ဖိုးဒေါ်လှအပြင် ကျွန်တော်မမျှော်လင့်သော မလှဖြူဝင်းကလည်း အသင့်စောင့်ကြိုနေကြပါသည်။

"သားရေ . . . မနက်ကတည်းက တရားရုံးက အမိန့်ချပြီးတာနဲ့ အမေတို့မပြန်ကြဘဲ သားကို စောင့်ကြိုနေကြတာပါ။ သမီး မလှဖြူကလည်း သားကို ခွင့်လွှတ်တယ်တဲ့"

ကျွန်တော် သူတို့မိသားစုကို မော့ကြည့်တော့ ဦးလှမြင့်နှင့် ဒေါ်လှဂျာ ပြုံးနေကြပြီး မလှဖြူက . . .

---

စိတ်ကူးသစ်စာပေ



"အစ်ကို . . . ညီမကို ခွင့်လွှတ်ပါနော်။ ညီမ မှားသွားပါတယ်။ နောင်ဆိုရင် အစ်ကို့စကားကို ညီမ နားထောင်ပါ့မယ်။ အဖေနဲ့အမေကလည်း သဘောတူကြပါတယ်"

သွယ်ဝိုက်၍ပြောသော စကားဖြစ်သော်လည်း ကျွန်တော် သဘောပေါက်ပါသည်။ ကျွန်တော့်မေတ္တာကို မလှဖြူ လက်ခံလိုက်ပြီ ဖြစ်ပါသည်။ သူမကမ်းပေးသော လက်ကလေးကို ကျွန်တော် ဆုပ်ကိုင်လိုက်တော့ မိဘများက ပြုံး၍ မျက်နှာလွှဲသွားကြသည်။ ကျွန်တော့်ဘဝ ငိုရာမှ ပြုံးနိုင်ပြီ ဖြစ်ပါသတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com




| ၁ |

❑

ကျွန်ုပ်နှင့်အတူ တပည့်ကျော် မျောက်တင်သောင်းတို့ မြန်မာပြည်မြောက်ဘက်အစွန်အဖျား နောင်မွန်းမြို့ကလေးရှိ ကျွန်ုပ်၏ အစ်ကိုကြီးဦးအောင်သန်းတာဝန်ကျရာ ပြည်သူ့ဘဏ်၌ အလည်ရောက်ရှိနေသည်။

အောက်ပြည်အောက်ရွာတွင် မတ်လဆန်းဖြစ်၍ နွေဦးပေါက်ရာသီဖြစ်သော်လည်း ရေခဲတောင်များ ဝိုင်းရံနေသည့် နောင်မွန်းမြို့မှာ နွေရာသီမရှိပါ။

ဆောင်းရာသီနှင့် မိုးရာသီသာရှိသည်။ ယခုအချိန်မှာ ပွင့်လင်းရာသီဟုဆို၏။ ရေခဲများ အရည်ပျော်ချိန်ဖြစ်၍ ရေခဲတောင်ခြေနှင့် ပတ်ဝန်းကျင်တောတစ်ခုလုံး ရောင်စုံတောပန်းများ ပွင့်လန်းနေသည်မှာ လွန်စွာသာယာပေသည်။

နောင်မွန်းမြို့သည် မချမ်းဘောမြို့အထက် မိုင် (၄၀)ကျော် ဝေးသည်။ ပူတာအိုမြို့နှင့် မိုင် (၆၀) ကျော်ဝေးပြီး ရန်ကုန်မြို့နှင့်တော့ မိုင် (၁၀၀)ကျော် ဝေးပေလိမ့်မည်။ နောင်မွန်းမြို့ကို ရှေးယခင်က 'လုံးမုံဒမ်း' ဟု ခေါ်ခဲ့ကြ၏။ လုံးမုံတိုင်းရင်းသားများ နေထိုင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၁၃ ခုနှစ်တွင် အင်္ဂလိပ်များ ရောက်ရှိလာကြပြီး လုံးမုံများနေထိုင်သော မြေပြန့်လွင်ပြင်ဟုခေါ်ဆိုသည့် 'လုံးမုံဒမ်း' အမည်မှာ ပျောက်ကွယ်သွားပြီး 'နောင်မွန်း'ဟု ခေါ်တွင်ခဲ့ကြောင်း သိရသည်။ ရဝမ်တိုင်းရင်းသားများ အများဆုံးနေထိုင်ပြီး လီဆူနှင့် ကချင်တိုင်းရင်းသားများရှိသည်။

ခရစ်ယာန်ဘာသာဝင်မှာ အများစုဖြစ်၍ ရဝမ်များက ဗုဒ္ဓဘာသာဝင်များအဖြစ် ဒုတိယအများစုဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် အရှေ့ပူတာအိုခရိုင်ဟု ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး မချမ်းဘော၊ နောင်မွန်း၊ ခေါ်ဘူဒဲတို့မှာ ရွာကြီးများအဆင့်မှ နယ်ခြားဝန်ထောက်ရုံးများ စိုက်၍ မြို့များအဖြစ်အသီးသီး ပြောင်းလဲလာခဲ့သည်။

ထို့ကြောင့် နောင်မွန်းမြို့လေးတွင် နယ်ခြားဝန်ထောက်ရုံး၊ မြို့ပိုင်ရုံး၊ ငွေတိုက် (ဘဏ်)၊ နယ်ခြားရဲကင်းနှင့် ဆောက်လုပ်ရေးရုံးများ ရှိသည်။

နောင်မွန်းမြို့လေးမှာ ကဆန်ချောင်းအရှေ့ဘက်တွင် တည်ရှိပြီး ဘောင်မြောက် မိုင် (၂၀)ခန့်၊ အရှေ့အနောက် နှစ်မိုင်မျှသာ ကျယ်ဝန်းသော မြေပြန့်လွင်ပြင်ကလေးပေါ်၌ တည်ထားသည့် မြို့ကလေးသာဖြစ်သည်။ နောင်မွန်းမြို့အား တောအုပ်ထပ်ထပ်၊ တောင်အသွယ်သွယ် ဝန်းရံနေရာက ဆန်ချောင်း၊ အင်မိုင်ခချောင်း၊ လခက်လငါးတောင်တန်းကြီး၊ မသန်းရှိန်တောင်တန်းကြီး၊ ဝယ်ဖီးနှင့် ဖရွန်၊ ရှမ်းလုပ်တောင်တန်းကြီးတို့က ဝိုင်းပတ်ထားသည်။

မြောက်ဖျားတွင် အမြင့်ဆုံး ခါကာဘိုရာဇီတောင်ကြီးက မားမားရပ်တည်နေသည်။ တောင်ထိပ်ဖျားတွင် ရေခဲတံတိုင်းကြီးများက အုပ်မိုးနေသည်။ သာယာအေးချမ်းသော တောကြီးအလယ် ရေခဲတောင်နှင့် မြစ်များဝိုင်းရံထားသည့် မြို့လေးဖြစ်ပေသည်။

ကျွန်ုပ်တို့ ဘထ်ာအောက်ပပိ ာ်းပငးဖိုအေးကွင် ထိုင်ကြရင်း အခါးရည်သောက်၍ စကားပြောနေကြသည်။

စိတ်ကူးသစ်စာပေ



"အစ်ကိုကြီး . . . ဒီနောင်မွန်းဘက်မှာ နာမည်ကြီးတဲ့ ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှီးပတီးဥတွေနဲ့ ဆေးဘက်ဝင်တဲ့ ကတိုးကောင်၊ တာကင်နဲ့ တောင်ဆိတ်တွေအကြောင်း သိချင်တယ်"

"အေး . . . အေး . . . ညီလေး၊ အစ်ကိုက နည်းနည်းပဲသိတယ်။ မင်းမေးချင်တာကို အကုန်မေးလို့ရအောင် မုဆိုးကြီး ရဖွီးခုန်ကို ခေါ်ပေးမယ်၊ ခဏစောင့်"

မကြာမီ မုဆိုးကြီးရဖွီးခုန်ဆိုသူ ရောက်လာသည်။ အသက် (၅၀) ကျော်ခန့် ရှိပြီဖြစ်သော်လည်း သန်မာထွားကျိုင်းလှပြီး အသားအရေကကြေးနီရောင်သန်းနေသည်။ ဆံပင်ကို တိုတိုညှပ်ထားသည်။ အင်္ကျီမှာ ဝံသားမွေးပွအင်္ကျီ လက်ပြတ်ကို ဝတ်ဆင်ထားသည်။ ဂျပ်ခုတ်လုံချည်ထူထူ အကြမ်းကြီးနှင့် ဖိနပ်ကတော့ ကိုယ်တိုင်ချုပ်ဟန်တူသော နွားသားရေဖိနပ်ကို ခြေထောက်လုံအောင် ဖုံးအုပ်ထားသည်။

"ဦးရဖွီးခုန်ရေ . . . ဒါ ရန်ကုန်ကရောက်လာတဲ့ ကျွန်တော့်ညီတွေပဲ။ ပဲခူးရိုးမ မုဆိုးတွေပေါ့။ တောကောင်တွေနဲ့ အမဲလိုက်တဲ့အကြောင်းတွေ မေးချင်လို့တဲ့"

"ဟုတ် . . . ဆရာ၊ ဘာအကြောင်း သိချင်တာလဲ"

"ကတိုးကောင်ရယ်၊ တာကင်နဲ့ တောင်ဆိတ်တွေအကြောင်းရယ်၊ ဆေးဘက်ဝင်တဲ့ ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှီးပတီးဥတွေအကြောင်း သိချင်ပါတယ် မုဆိုးကြီးခင်ဗျား"

"အေး . . . ငါပြောပြမယ်၊ နားထောင်။ ကတိုးကောင်ကို ရဝမ်ဘာသာနဲ့ 'ထလား' လို့ခေါ်တယ်။ ကတိုးဆိုကိုတော့ 'ရာဆွမ်း' လို့ ခေါ်တယ်။ ကတိုးကောင်ဟာ ဒရယ်မျိုးနွယ်ဝင်ဖြစ်တယ်။ ဒါပေမဲ့ ဒရယ်လောက်မကြီးဘူး။ ချေပေါက်လောက်ပဲရှိတယ်။ ရေခဲတောင်ပေါ်မှာ ကျက်စားတယ်။ အရွယ်က အလျား (၃) ပေ၊ အမြင့် (၂၀) လက်မလောက်ပဲရှိတယ်။ နှာက ချွန်ခနဲ့တူပြီး ချွန်ထက်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေခဲတောင်ပေါ်မှာ ပြေးလွှားနိုင်အောင် သဘာဝကဖန်ဆင်းပေးထားတာ။ ကိုယ်အပေါ်ပိုင်းက မီးခိုးရောင်နဲ့ အညိုရောင်ရှိပြီး ဝမ်းဗိုက်ပိုင်းက ဖြူတယ်။ အမြီးတိုလေးသာရှိပြီး ဦးချိုမရှိဘူး။

အထီးကောင်မှာ မေးရိုးအောက်က ထိုးထွက်နေတဲ့ အစွယ်နှစ်ချောင်းရှိတယ်။ အလေးချိန်က တစ်ကောင်လုံးမှ (၅)ပိဿာကနေ (၉)ပိဿာအထိပဲ ရှိတယ်။ ကတိုးအထီးကောင်က အရွယ်ပိုကြီးပြီး ဆေးဘက်အသုံးပိုဝင်တယ်။

ကတိုးကောင် အထီးနဲ့အမ မိတ်လိုက်ပုံက အတော်ထူးဆန်းတယ်။ ကတိုးအထီးရဲ့ အမြီးဖျားဟာ နှံ့သီးခေါင်းလိုချွန်ပြီး အပေါက်ကလေးတွေပါတယ်။ အဲဒီအပေါက်ကလေးတွေကနေ ကတိုးအထီးရဲ့ သုက်ရည်ထွက်တယ်။ မိတ်လိုက်ချိန်မှာ ကတိုးကောင်အမက ကတိုးအထီးရဲ့အမြီးကို လိုက်စုပ်ရုံနဲ့ သန္ဓေရတယ်။

လဆန်းရက်၊ လပြည့်ရက်၊ လကွယ်ရက်တွေမှာသာ မိတ်လိုက်ကြတယ်။ တစ်နှစ်ကိုနှစ်ကြိမ် သားမွေးတယ်။ တစ်ခါမွေးရင်လည်း တစ်ကောင်တည်းပဲ။ နို့တိုက်သတ္တဝါမျိုးဖြစ်တယ်။

တိုင်းရင်းဆေးဖော်ရာမှာ ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွေးနံ့သာခဲဟာ ဆေးဘက် အလွန်အသုံးဝင်တယ်။ နံ့သာခဲကို ကတိုးထီးရဲ့ ချက်အထက်မှာ အိတ်ငယ်ကလေးနဲ့ တည်နေတာကို တွေ့ရတယ်။ ချက်အိမ်အိတ်ထဲမှာ နီညိုရောင် ကတိုးမွှေးနံ့သာခဲကိုရတယ်။

ရေခဲပြင်ကကျားဖြူတွေဟာ ကတိုးကောင်ကိုမိရင် မွှေးလွန်းတဲ့ ကတိုးကောင်ရဲ့ ချက်အိမ်နံ့သာခဲကို မစားဘဲ ချန်ထားလေ့ရှိတယ်။ မုဆိုးက တွေ့ရင်တော့ အလွန်အဖိုးတန်တဲ့ပစ္စည်း ကောက်ရသလိုပါပဲ။

ကတိုးအိတ်ကို အခြောက်လှန်းရင် အကောင်အရွယ်အစားအလိုက် အလေးချိန် ငါးမူးသားကနေ ငါးကျပ်သားအထိ ရှိတတ်တယ်။ ကတိုးဆီကို ရဝမ်ဘာသာနဲ့ (၃) မျိုးခွဲထားတယ်။ 'မန်ညစ်၊ လဆိုင်း၊ လခရောမ်း' လို့





ခေါ်တယ်။ လခရောမ်းဟာ တန်ဖိုးအကြီးဆုံးပဲ။ ရွှေထက် တန်ဖိုးကြီးတယ်။ မန်မိဖို့လည်း အလွန်ခဲယဉ်းတယ်။ အလွန်ဝေးလံပြီး အလွန်မြင့်တဲ့ ရေခဲတောင်တွေပေါ်မှာ နေကြတာ။

ကတိုးဆီကို အမျိုးမျိုးအသုံးချလို့ရတယ်။ ကတိုးအမှုန့်ကို အဝတ်နဲ့ထုပ်ပြီး ကလေးတွေလည်ပင်းမှာ ဆွဲထားပေးရင် ရောဂါအန္တရာယ်ကင်းတယ်။ လူချစ်လူခင်များတယ်။ ကတိုးအမွှေးကို ခေါင်းအုံးထဲထည့်အိပ်ရင် အမျိုးသမီးတွေ ပဋိသန္ဓေကင်းဝေးတယ်။ ခေါင်းကိုက်ရောဂါ ပျောက်ကင်းတယ်။ ကျန်းမာရေးနဲ့ မျက်စိရောဂါအတွက် အလွန်ကောင်းတယ်။

နားကိုက်ရင် ကတိုးဆီကို ရေနဲ့ဖျော်ပြီး နားထဲထည့်ရင် နားကိုက်ပျောက်တယ်။ ကိုယ်တစ်ခြမ်းသေခြင်းနဲ့ ငန်းဖမ်းခြင်းရောဂါတွေကိုလည်း သောက်ဆေး၊ လိမ်းဆေးအဖြစ် အသုံးပြုနိုင်တယ်။ သူငယ်နာဆေးတွေမှာလည်း အမျိုးမျိုး အသုံးပြုလို့ရတယ်။

နောက် ဆေးဘက်ဝင်တဲ့ တောကောင်ကတော့ တောင်ဆိတ်ပဲ။ သူ့ဦးချိုက နောက်ကိုလန်နေတယ်။ ဦးချို၊ လျှာ၊ ခွာနဲ့အရိုးဟာ ဆေးဘက်ဝင်တယ်။ အရိုးကျိုးရောဂါတွေကို သွေးလျှိမ်းရုံနဲ့ ရက်ပိုင်းအတွင်း ပြန်ကောင်းတယ်။ နောက်ထပ်တစ်မျိုးက တာကင်ခေါ် သားမင်းပဲ။

သူ့ဦးချိုက ရှေ့ကို ဝန်းဝိုက်နေတယ်။ နွား၊ ကျွဲ၊ ပြောင်အုပ်စုဝင်ပဲ။ နီညိုအရောင်အဆင်းရှိပြီး အလွန်လှတယ်။ ရေခဲတောင်ပေါ်မှာ အုပ်စုလိုက် ကျက်စားတတ်တယ်။ အသားက နွားသားလိုပဲ နူးညံ့တယ်။ ဦးချိုကို အလှအပအဖြစ် အိမ်မှာ ချိတ်ဆွဲထားတတ်ကြတယ်။ မီးကွင်းတယ်လို့လည်း ယုံကြည်တတ်ကြတယ်။ တာကင်ချိုကိုခြစ်ပြီး ရလာတဲ့အမှုန့်ကို နွားကိုကျွေးရင် လျှာနာ၊ ခွာနာ ပျောက်တယ်။

နောက်ပြီး ဆရာလေးတို့ပြောတဲ့ ဆေးဘက်ဝင် သစ်မြစ်၊ သစ်ဖုတွေကတော့ ခန်းတောက်မြစ်၊ မချစ်ဥနဲ့ ရှီးပတီးဥတွေပဲ။ ရေခဲတောင်ပေါ်မှာ ပေါက်တယ်။ ဆောင်းရာသီအကုန် အခုလို ရေခဲပျော်ချိန်မှာ တူးယူရတာ။ ခန်းတောက်မြစ်က (၂)မျိုးရှိတယ်။ ခန်းတောက်ရွှေဝါနဲ့ ခန်းတောက်အဖြူမျိုး။

www.burmeseclassic.com



ခန်းတောက်ရွှေဝါက ဆေးဘက်အာနိသင် ပိုကောင်းတယ်။ အဖျား ရောဂါအမျိုးမျိုးကို နိုင်တယ်။ ငှက်ဖျားရောဂါကို အထူးနိုင်တဲ့ဆေးပဲ။ ခန်းတောက်မြစ်ကို ပါးပါးလှီးပြီး ရေနွေးစိမ်၊ ပျားရည်တစ်ဇွန်း၊ အရက် တစ်ဇွန်းထည့်ပြီး ပုပုလေးသောက်ရင် ဘယ်ကလောက်ပဲ ငှက်ဖျားကြီးပါ စေ ဆေး (၃) ခွက်သောက်ရုံနဲ့ ပျောက်တယ်။ သွေးထွက်ဒဏ်ရာရရင်လည်း ခန်းတောက်မြစ်ကို ထုထောင်းပြီး အုံ့ပေးရုံနဲ့ ဒဏ်ရာပျောက်တယ်။

မချစ်ဥကတော့ ကြက်သွန်ဖြူဥနဲ့ တူတယ်။ ဖော့လိုပွပွ၊ အဖြူ ရောင်ကလေးပဲ။ အရသာက ခါးတယ်။ အပူဓာတ်ရှိတယ်။ ပျားရည် အရက်တို့နဲ့ စိမ်သောက်ရတယ်။ အစွမ်းထက်တဲ့အားဆေးပဲ။ မသေဆေး လို့လည်း ခေါ်တယ်။

နောက်ပြီး နာမည်ကြီးဆေးဘက်ဝင်အပင် ရှိသေးတယ်။ မရွှေ ပင်လို့ခေါ်တယ်။ အဆိပ်ဖြေဆေးပင်ဖြစ်တယ်။ အရိုးနာ၊ ကျိုးပဲ့ဒဏ်ရာ လေရောဂါ၊ သွေးတိုး၊ ပိုးထိ၊ အစားမှား၊ အဆိပ်မိရောဂါတွေကို စားရင် လိမ်းရင် ချက်ချင်းပျောက်ကင်းတယ်။

ရှီးပတီးဥကတော့ အားဆေးတစ်မျိုးပဲ။ သွေးလည်ပတ်မှုအား ကောင်းတယ်။ ရှီးပတီးဥမှာ ထူးဆန်းတာတစ်ခုရှိတယ်။ သူတို့က အခြား သစ်ပင်တွေလိုမဟုတ်ဘဲ အုပ်စုလိုက် နေရာရွှေ့သွားတတ်တယ်။ ဒီကနေ့ ဒီနေရာမှာရှိပေမဲ့ နောက်တစ်ပတ်သွားကြည့်ရင် မူလနေရာမှာမရှိတော့ ဘူး။

ဒါကြောင့် ရှီးပတီးဥကို လိုချင်ရင် တွေ့တာနဲ့ ချက်ချင်းခုတ်မှ ရတတ်တယ်။ ဒေသခံမုဆိုးတွေကတော့ ရှီးပတီးပင်ကို 'လမ်းလျှောက် အားဆေးပင်' လို့ခေါ်ကြတယ်''

''ဟုတ်ကဲ့ ဦးရဖွီးခုန်၊ ဦးလေးတို့အမဲလိုက်တော့ ဘာလက်နက် တွေ သုံးကြသလဲ။ ကျွန်တော်တို့ လိုက်လေ့လာလို့ မရဘူးလား''





''ငါတို့သုံးတာ အဆိပ်လှူးမြားပဲ။ တူမီးသေနတ်က ရေခဲတောင် ပေါ်မှာ မီးမကူးနိုင်တော့ စိတ်မချရဘူးလေ။ ဆရာလေးတို့လိုက်ချင်ရင် လိုက်လို့ရပါတယ်။ ဒါပေမဲ့ အန္တရာယ်များမယ်၊ ပင်ပန်းမယ်။ နေ့ချင်းပြန်လို့ မရဘူး။ ရေခဲတောင်ပေါ်မှာ ညအိပ်ရလိမ့်မယ်။

ငါတို့ရှာထားတဲ့ဂူတွေ ရှိပါတယ်။ အဲဒီအထဲမှာ ထင်းခြောက် တွေလည်း စုထားတယ်။ မီးဖိုပြီးအိပ်ရင် ဂူထဲမှာ နွေးပါတယ်။ ချမ်းတတ် ရင် ငွမ်းကပ်စောင်တွေလည်း ယူခဲ့ကြပေါ့။ အရက်လည်း ယူခဲ့ဖို့ လိုလိမ့် မယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၂|

❑

နောက် (၃)ရက်ခန့်ကြာသော ညနေတွင် မုဆိုးကြီး ရဖွီးခုန်က နောက်တစ်နေ့မနက်တွင် ရေခဲတောင်ပေါ်သို့ အမဲလိုက်သွားမည်ဟု လာ ပြောသည်။ ကျွန်ုပ်တို့ အစ်ကိုကြီးထံ ခွင့်တောင်းရာ ...

"အေး ... ညီလေး၊ မင်းလည်း ပဲခူးရိုးမမှာ အမဲလိုက်ပြီး မုဆိုး လုပ်ခဲ့တာပဲ။ အတွေ့အကြုံ ရှိပါတယ်။ ဒီဒေသရောက်တုန်း လိုက်ချင် လည်း လိုက်သွားပေါ့ကွာ။ ဒါပေမဲ့ မင်းတို့ဆီလို မဟုတ်ဘူး။ အန္တရာယ် အလွန်များတယ်နော်။ တို့ဆီမှာတော့ နှစ်လုံးပြူးနဲ့ ရိုင်ဖယ်သေနတ်တွေပဲ ရှိတယ်။ လိုရမည်ရ ယူသွားပေါ့ကွာ။ အစားအသောက်တော့ ဆင်းရဲလိမ့် မယ်နဲ့တူတယ်။ ငါဆောင်ထားတဲ့ ARMY RUM တွေ ယူသွားပေါ့။ ဆေးဝါး တွေလည်း မမေ့နဲ့"

"အစားအသောက်အတွက် မပူနဲ့ဆရာ။ ငါအပြည့်အစုံ ယူလာ ခဲ့မယ်။ ဆေးဝါးလည်း မပူနဲ့။ ဘယ်နှစ်ရက်ကြာမလဲလို့တော့ မမေးနဲ့၊ ငါ မကြိုက်ဘူး"





"ဟုတ်ကဲ့ပါ ... ဦးရဖွီးခုန်ရယ်၊ ခင်ဗျားကိုယုံလို့ ကျွန်တော့် ညီတွေကို အပ်လိုက်ပြီ။ စိတ်ချပါရစေ။ ကောင်းကောင်းစောင့်ရှောက်ပါ နော်"

"စိတ်ချ ...။ ငါမသေသရွေ့ ဆရာ့ညီတွေ မသေစေရဘူး။ နက်ဖြန်မနက်စောစော ငါလာခေါ်မယ်။ အသင့်ပြင်ထားကြ"

နောက်တစ်နေ့ မနက်စောစောတွင် ကျွန်ုပ်တို့ အသင့်ပြင်ထား သည်။ အစ်ကိုကြီးတို့ဆီမှ ဒသသမ • ၃၀၃ အင်္ဂလိပ်ရိုင်ဖယ် ခေါင်းတိုသေနတ် ကြီးကို မဂ္ဂဇင်းဘောက်စ်ထဲ၌ ကျည်ဆန်အသစ် (၁၀)တောင့်ရွေး၍ ထည့် ထားသည်။

သေနတ်အစိတ်အပိုင်းများကို စစ်ဆေးပြီး ပြောင်းကိုလည်း တိုက် ချွတ်ပြီးဖြစ်၏။ အသုံးပြုနည်းသဖြင့် အင်္ဂလိပ်ခေတ်က သေနတ်ကြီးမှာ အတော် ကောင်းပါသေးသည်။ ပြောင်းရစ်များလည်း ကောင်းမွန်သေး သည်။

ကျွန်ုပ် ရန်ကုန်မှဝယ်လာသော FIELD JACKET ကြီးမှာ လေး ပြီး မနွေးသောကြောင့် အစ်ကိုကြီးက သားမွေးအနွေးထည်အင်္ကျီများ ထုတ် ပေးသည်။ ဦးထုပ်မှာလည်း နားရွက်ဖုံး သားမွေးဦးထုပ်ပင်။ တပည့်ကျော် တင်သောင်းအတွက်လည်း ထုတ်ပေးသည်။

တင်သောင်းကတော့ သေနတ်မကိုင်။ ဓားရှည်တစ်လက်နှင့် ပစ္စည်း များ သယ်ရန်သာဖြစ်သည်။ ကျွန်ုပ်တို့စီးလာသော WALKING SHOES များမှာလည်း ရေခဲတောင်ပေါ်သို့တက်ရာတွင် အသုံးမတည့်တော့၊ အစ်ကိုကြီး ကပင် တရုတ်ပြည်လုပ် ကုပ်အားကောင်းသည့် တောစီးဖိနပ်များကို ထုတ် ပေးပြန်သည်။ ကျွန်ုပ်တို့၏ခြေထောက်နှင့် အံဝင်ခွင်ကျဖြစ်၍ တော်ပါသေး သည်။

ကျွန်ုပ်တို့ ခရီးစထွက်ခဲ့ကြ၏။

"ငါတို့ ဟိုးရှေ့က စဝ်ဖနွယ်လုံတောင်ကြီးကို ကျော်လိုက်ရင်နှင့် ... ချောင်းကို ရောက်မယ်။ ချောင်းကျော်ပြီးတာနဲ့ နမ့်လန်...ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်မယ်။ အဲဒီကနေ နမ့်လန်ခူးရွာကိုကျော်လိုက်တာနဲ့ ရေခဲတောင်ခြေကို ရောက်ပြီ''

စပ်ဖန္တယ်လုံတောကြီးက ရေမခဲပါ။ သမအအေးပိုင်း သစ်တောကြီးက ဖုံးလွှမ်းထားသည်။ တောင်တက်လမ်းမှာလည်း ပြေပါသည်။ မုဆိုးလမ်းဘေးတွင် အမည်မသိသော အပင်ကြီးများက ဖုံးလွှမ်းနေကြသည်။

အောက်ပြည်အောက်ရွာမှ သစ်တောနှင့်မတူ။ သစ်ရွက်များ သေး၍ချွန်ပြီး ပြောင်လက်နေသည်။ ပင်စည်များကတော့ ကြီးမားကြသည်။ ကျွန်ုပ်တို့သိသော ဝါးပင်အုပ်နှင့် သစ်မင်းပင်များကိုလည်း မြင်ရသည်။ တောကြီးမှာ တောအစိုအတိဖြစ်ပေသည်။ ကျွန်ုပ်တို့ စပ်ဖလုံတောင်ကြီးကိုကျော်ပြီး နမ့်လန်ချောင်း ကြိုးတံတားကို ဖြတ်ရသည်။

ချောင်းကျော်ပြီးသည်နှင့် ကျယ်ပြန့်လှသော နမ့်လန်မြေပြန့်လွင်ပြင်ကြီးကို တစ်မျှော်တစ်ခေါ်ကြီး မြင်တွေ့ရ၏။ တောင်ပေါ်စပါးများ စိုက်ပျိုးထားသည်မှာ တက်ကွင်းလုံး ဝါဝင်းနေသည်။ မြေပြန့်လွင်ပြင်ကို ဖြတ်ပြီးသည်နှင့် လုံခရုမာဒင် ရေခဲတောင်ခြေရှိ နမ့်လန်ခူးရွာကလေးသို့ ရောက်သည်။

ကျွန်ုပ်တို့ ခေတ္တနားကြပြီး နေ့လယ်စာ စားကြသည်။ နေကိုတော့ မမြင်ရပါ။ နာရီက မွန်းတည့် (၁၂) နာရီထိုးခါနီးကို ပြနေသည်။ ရေခဲတောင်ထိပ်မှာ ဖြူဖွေးနေပြီး တောင်ခြေ၌ အရောင်အသွေးစုံသော ပန်းခင်းကြီးက တစ်မျှော်တစ်ခေါ်ကြီး ပွင့်နေကြသည်။

တောင်ခြေမှ လေမှာလည်း ရေခဲရေတစ်မျှ အေးမြလှသည်။ တောင်ခါးပန်းပေါ်မှာ ထင်းရှူးနှင့် ဝက်သစ်ချပင်အချို့ကို မြင်နေရ၏။ တောင်ပေါ်သို့တက်ရန် ခက်ခဲမည်ဟု ထင်ရသော်လည်း မုဆိုးကြီး ဦးရဖွိုးခုန်က ဦးဆောင်ပြီး တောင်ပတ်မုဆိုးလမ်းအတိုင်း ခေါ်သွား၍ အဆင်ပြေ၏။

တောင်ခါးပန်းပေါ်သို့ရောက်တော့ ကျယ်ပြန့်သော ရေခဲပြင်ကြီးကို တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်ကြရသည်။ ရေခဲပြင်ကြီး အဆုံးတွင်တော့ ရေခဲဖုံးနေသည့် တောင်ထွတ်ကြီး။ ယင်းနောက်တွင်လည်း မို့မြင့်မားသော





တောင်ထွတ်တစ်လုံးနှင့် တိမ်ကြားထဲဝင်သွားသော ရေခဲဖုံးနေသည့် မြင့်မားလှသော တောင်ထွတ်ကြီးတစ်လုံးကို မြင်ရပြန်သည်။

လုံခရုမာဒင်နှင့် ဖုန်ကန်ရေခဲတောင်တို့ ဖြစ်ကြပြီး မိုးထိမြင့်မားလှသော တောင်ထွတ်ကြီးမှာ ခါကာဘိုရာဇီတောင်ဟု သိရသည်။ မြန်မာပြည်ရှိ အမြင့်မားဆုံးတောင်ဖြစ်သည်။

''ဆရာလေး . . . ငါတို့တက်လာတာက လုံခရုမာဒင်ရေခဲတောင်။ နောက်မှာမြင်ရတာ ဖုန်ကန်ရေခဲတောင်။ ဟိုမိုးထိုးနေတဲ့ တောင်ကြီးကတော့ ခါကာဘိုရာဇီတောင်ထွတ်ကြီး။ ဒီကကြည့်ရင် နီးတယ်ထင်ရပေမဲ့ အဝေးကြီးလှမ်းတယ်။ ဆရာလေးတို့ တောင်ခြေကလိုဏ်ဂူမှာ နားကြဦး။ ဒီ သားကောင်ရဲ့ ခြေရာခြေကြောင်းနဲ့ စားကြွင်းစားကျန် လိုက်ကြည့်လိုက်ဦးမယ်''

ကျွန်ုပ်တို့ တောင်ခြေလိုဏ်ဂူဆိုသည်အား လိုက်ကြည့်ရာ မမြင်တွေ့ရပါ။ ဦးရဖွိုးခုန်က တောင်ခြေတစ်နေရာတွင် ရေခဲများအား ဖယ်ရှား၍မှ ဂူဝပေါ်လာသည်။ ဂူမှာလည်း အကြီးကြီးမဟုတ်ပါ။ လူငါးယောက်ခန့် နေထိုင်နိုင်သော ဂူကလေးသာဖြစ်သည်။ ဂူထဲ၌ မီးဖိုရန် ထင်းခြောက်များနှင့်ရေပုံးက အဆင်သင့်ရှိနေသည်။ ကျွန်ုပ်တို့ နွေးထွေးစွာ နားခိုကြရင်းသည့်မျှောက်တင်သောင်းက ကျွန်ုပ်ထံမှ ဂက်စ်မီးခြစ်တောင်းပြီး မီးမွေးသည်။

မီးမှာ တော်တော်နှင့် မွေးမရ။ အနီး၌ပုံထားသည့် ထင်းရှူးသားချောင်းများကို ထည့်မွှေးပါမှ မီးစွဲတော့သည်။ မီးအရှိန်ရလာသည်နှင့် ဂူထဲတွင် နွေးသွားသည်။ မကြာမီ မုဆိုးကြီးဦးရဖွိုးခုန် ပြန်ရောက်လာသည်။

''ကံကောင်းတယ် . . . ဆရာလေးရေ။ ကျားစားထားတဲ့ ကတိုးကောင်က ကျန်နေခဲ့တဲ့ ကတိုးဆိန္နံ့သာခဲတစ်အိတ် ရခဲ့တယ်။ ဒါပေမဲ့ နှင်းကျားက ဒီအနီးတစ်ဝိုက်မှာတင် ရှိနေနိုင်သေးတော့ သတိထားရမယ်။ ကျားခြေရာက အတော်ကြီးတယ်။ ဟော . . . ဆရာလေးတို့က မီးတောင်မွေးနိုင်ကြပါလား။ ဘာနဲ့ မီးပျိုးတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဂက်စ်မီးခြစ်ကို ထုတ်ပြလိုက်ရာ မုဆိုးကြီးက အသေအချာ ကိုင်ကြည့်ပြီး ခြစ်ကြည့်သည်။ မီးတောက်သဖြင့် အလွန်သဘောကျသွားသည်။

''ရေခဲတောင်ပေါ်မှာ ဓာတ်ဆီမီးခြစ်၊ ယမ်းမီးခြစ် သုံးလို့မရဘူး။ မီးပျိုးချင်ရင် ကျောက်ခတ်နဲ့ဂွမ်းစကို အကြိမ်များများခတ်ပြီးမှ မီးရတာ။ ဒီမီးခြစ်ကလေးက ဘာနဲ့လုပ်တာလဲ။ အထဲမှာလည်း အရည်တွေကို မြင်နေရတယ်''

''ဒါကို ဂက်(စ်)မီးခြစ်လို့ ခေါ်တယ်။ ဦးလေး ယူထားလိုက်တော့။ ကျွန်တော်တို့မှာ အများကြီးပါလာတယ်''

''အေး ...အေး ...ကောင်းတယ်။ သဘောကျတယ်။ ဒီ အရည်ကုန်သွားရင် ဘာထည့်ရသလဲ''

''ဘာမှထည့်လို့ မရတော့ဘူး။ လွှင့်ပစ်လိုက်တော့။ ဦးလေးကို အဲဒီမီးခြစ်မျိုးတွေ အများကြီးပေးခဲ့မယ်''

''အေး ...အေး ...ညနေလည်းစောင်းပြီ။ ရေနွေးအိုးတည်ပြီး အသားခြောက်ကို ပြုတ်ထားရအောင်။ ငါ့မှာအသားခြောက်တွေ၊ ဆန်နဲ့အိုးတွေ ပါလာတယ်။ ထမင်းပါချက်ရမယ်။ ဟင်းကတော့ အသားခြောက်နူးတာနဲ့ မုန်ညင်းချဉ်ခြောက်ထည့်၊ ဆားခတ်လိုက်ရင် ဟင်းဖြစ်တာပဲ။ ရေခဲတောင်ပေါ်မှာ ဒီလိုပဲစားရတယ်။

အရွက်စားချင်ရင်တော့ ဟိုရှေ့နားက ထင်းရှူးပင်ရင်းမှာ ရှိုးပတီးဥပင်တွေ တွေ့ခဲ့တယ်။ ငါ သွားနုတ်ပေးမယ်။ ပြုတ်စားကြပေါ့။ ဆေးဘက်ဝင်ပါတယ်။ ဆရာလေးလည်း လိုက်ခဲ့လေ။ သေနတ်ကြီးလည်း ယူခဲ့ပါ။ လိုရမည်ရပေါ့။ ရေခဲတောင်ပေါ်မှာ လက်နက်နဲ့ လူနဲ့ အမြဲအသင့်ရှိနေတာဟာ အကောင်းဆုံးပဲ''

ညနေ (၅)နာရီခန့်ဖြစ်သော်လည်း ရေခဲတောင်ထိပ်ပေါ်တွင် အလင်းရောင်က ရနေသည်။ မျောက်တင်သောင်း ချက်ပြုတ်နေစဉ် ကျွန်ုပ်နှင့် မုဆိုးကြီးတို့ ရှိုးပတီးပင်နုတ်ရန် ဂူထဲမှ ထွက်လာခဲ့ကြသည်။ ဂူထဲက ထွက်လိုက်သည်နှင့် အေးစိမ့်သွားသည်။





မုဆိုးကြီးက ရှေ့မှလမ်းပြသွားသဖြင့် ရေခဲမကျွံမိစေရန် ကျွန်ုပ် သူ့ခြေရာအတိုင်း လိုက်၍ နင်းရသည်။ တောင်ခြေပတ်လမ်းရောက်တော့ မုဆိုးကြီးက လက်ထောင်ပြသဖြင့် ရပ်ရသည်။ အောက်ခြေတောင်ခါးပန်းတွင် နီညိုရောင်သားမင်းခေါ် တာကင်ကောင်များ အုပ်လိုက်တွေ့ရသည်။

ရေခဲပျော်ချိန်ဖြစ်၍ ရေခဲကြားမှ ထွက်ပြူလာသော ရေညှိပင်များကို စားနေကြခြင်းဖြစ်သည်။ ပစ်ခတ်ရန် ကျွန်ုပ်တို့နှင့် အတန်ငယ် အလှမ်းဝေးနေသည်။ ကျွန်ုပ်တို့ တရွေ့ရွေ့ ရှေ့တိုးခဲ့ကြသည်။ လက်လှမ်းမီရာ တောင်ခြေအရောက်တွင် မုဆိုးကြီးက လေးညို့ကိုအတင်၊ ကျွန်ုပ်က မောင်းတင်ပြီးသား သေနတ်ဖြင့် ပစ်ရန်အလုပ်မှာ ကျွန်ုပ်၏မသိစိတ်၌ အန္တရာယ် အနေ့ကို ရလိုက်သည်။

ထို့ကြောင့် မသင်္ကာစိတ်ဖြင့် တောင်ခါးပန်းပေါ်သို့ သေနတ်ပြောင်းလှည့်၍ မော့အကြည့်၊ နှင်းကျားကြီးက ခုန်အအုပ်၊ ကျွန်ုပ်နှင့် မုဆိုးကြီးတို့ ခလုတ်ကို ဆွဲလိုက်ကြသည်မှာ ပြိုင်တူပင်။

''ဒိုင်း''

''ဒေါင်း''

''ဟုန်း ...ဝုန်း ...ဂါး ...ဝယား ...ဂယား''

ပစ်မှတ်ချင်းက မတူပါ။ ကျွန်ုပ်က ရုတ်တရက် ခုန်အုပ်လာသည့် နှင်းကျားကြီးကို ပစ်သလို၊ မုဆိုးကြီးက တာကင်အထီးကြီးအား ပစ်ခြင်းဖြစ်သည်။

တော်ပါသေးသည်။ နှင်းကျားကြီးမှာ ကျွန်ုပ်၏ ထိရောက်သော ပစ်ချက်ကြောင့် ခုန်အအုပ်တွင် ကျွန်ုပ်ထံမရောက်ဘဲ ကျွန်ုပ်၏ လက်ဝဲဘက်ရှိ မုဆိုးကြီးအနီးသို့ ကျလာသည်။ ကျွန်ုပ် မုဆိုးကြီးအား လျင်မြန်စွာ လှမ်းဆွဲလိုက်ပြီး အရေးပေါ် သေနတ်မောင်းတင်၍ ချိန်ထားလိုက်သည်။ သို့သော် နှင်းကျားကြီးမှာ အာခေါင်အတွင်း ကျည်ဆန်ဝင်ပြီး ဦးနှောက်အား ဖောက်ထွင်းသွားသဖြင့် ငြိမ်သက်သွားပါသည်။

''ဟူး ...တော်ပါသေးရဲ့ ...ဆရာလေးရယ်။ ဆရာလေးက ငါ့အသက်ကို ကယ်လိုက်တာပဲ။ တာကင်အုပ်ကိုပဲ မဲနေတာ။ ငါတို့အိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို လတ်လတ်ဆတ်ဆတ်ရကတည်းက နှင်းကျားကြီး အနီးအနားမှာ ရှိနေနိုင်တာကို ငါမေ့သွားတယ်။ ဆရာလေးမပါရင်တော့ ငါသေပြီ''

ထိုနေ့က ကျွန်ုပ်တို့ နှင်းကျားကြီးကို နှစ်ဦးထမ်း၍ ရေခဲဂူသို့ ပြန်ကြသည်။ ထို့နောက် မျောက်တင်သောင်းကိုခေါ်၍ အောက်ခါးပါးယံသို့ဆင်းပြီး တာကင်အထီးကြီးအား ကောက်ရသည်။ ထိုညက ရေခဲဂူထဲတွင် ခိုအောင်းရင်း ကျွန်ုပ်တို့ လတ်ဆတ်သော နှင်းကျားသားနှင့် တာကင်သားအား ကင်ကာ အရက်ဖြင့် မြည်းကြသည်။ ညပိုင်း၌ ကျွန်ုပ်တို့ အနားယူအိပ်စက်သော်လည်း မုဆိုးကြီး ဦးရဖွီးခုန်က အသားများကို မီးကင်၍ တစ်ညလုံး မအိပ်နိုင်ရှာပါ။

နောက်တစ်နေ့ နောင်မွန်းမြို့သို့ ပြန်ရောက်သောညတွင် မုဆိုးကြီးက ကျွန်ုပ်အား သူ၏ အသက်ကယ်ဆယ်သူအနေဖြင့် သူရရှိလာသော ကတိုးနံ့သာခဲအိတ်အပြင် နှင်းကျားသားရေ၊ တာကင်ချိုနှင့် မချစ်ဥ၊ ရှိုးပတီးဥများ၊ ခန်းတောက်မြစ်ရွှေဝါမြစ်များအား အမှတ်တရ လက်ဆောင်ပေးရင်း ချီးမွမ်း၍ မကုန်တော့ပါ။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

❑

ကျွန်ုပ် ဝယ်ယူထားသော အိမ်နှင့်ခြံကလေးမှာ အင်းစိန်ရွာမအနောက်ရပ်ကွက်တွင် ရှိသည်။ ရွာမအနောက်ရပ်ကွက်မှာ အင်းစိန်ထောင်အနောက်ဘက်၌ တည်ရှိသည်။ ဘုရင့်နောင်လမ်းမကြီး ဖောက်လုပ်လိုက်တော့ ယခင်က ထောင်ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်နေသော ရွာမအနောက်ရပ်ကွက်မှာ ထောင်ဧရိယာနှင့် သီးခြားဖြစ်ပြီး ကင်းကွာသွားတော့သည်။

ယခင် ရွာမအနောက်ရပ်ကွက်မှာ အိမ်ကြီးအိမ်ကောင်း အလွန်ရှားသည်။ နွားနို့ကုလားများသာ နွားမွေးမြူကြရင်း အနေများပြီး ခြံစိုက်ပျိုးသူအချို့လည်း ရှိသည်။ ခြံနှင့်ဝင်းနှင့် တဲအိမ်ကလေးများသာ အများစုဖြစ်သည်။

ဘုရင့်နောင်လမ်းမကြီး ဖောက်လုပ်လိုက်မှ ရွာမအနောက်ရပ်ကွက်မှာ အတော်စည်ကားလာသည်။ ဈေးသည်အချို့နှင့် ထောင်၊ ရဲစခန်း၊ အင်းစိန်စီအိုင်ဒီတို့မှ ဝန်ထမ်းများ မြေဝယ်၍ ပင်စင်သွားလျှင် နေထိုင်ရန်စိတ်ကူးဖြင့် အိမ်ကလေးများ ဆောက်လုပ်လာကြသည်။

ရွာမအနောက်ရပ်ကွက်ဆိုသည်မှာ အတွင်း၌ မြို့ပတ်လမ်း၊ မင်းစေတီလမ်းသွယ်ဟူ၍ နှစ်လမ်းသာရှိသည်။ လမ်းများမှာလည်း စနစ်တကျကောက်ကောက်ကွေးကွေး မြေလမ်းမျှသာဖြစ်သည်။ အကျယ်အဝန်းက ၁၀ ပေကျော်ခန့်သာ ရှိသည်။





ဘုရင့်နောင်လမ်းမကြီး ဖောက်လုပ်လိုက်တော့ ရွာမအနောက်ရပ်ကွက်မှာ တိုးတက်လာသည်။ ပြင်ပလူများလည်း ဝင်ရောက်လာသဖြင့် ယခင်ကလို ပင်စင်စားနှင့် နွားနို့ကုလားများနေသော ရပ်ကွက်မဟုတ်တော့။ အိမ်ကြီးအိမ်ကောင်းများ ဆောက်လုပ်လာကြသည်။

ထို့အတူ ရွာအတွင်းဝင်သည့် မင်းစေတီလမ်း၊ ဗန်းမော် ကျော်ငြိမ်းလမ်း၊ ငါးဒိုင်လမ်းတို့ကိုလည်း ချဲ့ထွင်ဖောက်လုပ်လာခဲ့သည်။ တစ်နေ့ ကျွန်ုပ်နှံပိတ်ရက်ဖြစ်သဖြင့် စက်ဘီးတစ်စီးဖြင့် ကျွန်ုပ်ဝယ် ယူထားသော မြို့ပတ်လမ်းရှိ အိမ်ခြံကလေးရှိရာသို့ သွားခဲ့သည်။

ထောင်အနောက်ဘက် အပေါက်မှ မင်းစေတီလမ်းအတိုင်း သွားလျှင် မြို့ပတ်လမ်းသို့ ရောက်နိုင်သော်လည်း ထိုနေ့က ရွာမဘူတာရုံလမ်းမှ နာရီပြင်ဆိုင်သို့ ဝင်ရန်ရှိသဖြင့် ထောင်အနောက်ဝင်းကို ပတ်၍ စက်ဘီးနင်းခဲ့သည်။

နာရီပြင်ပြီးသည်နှင့် မြို့ပတ်လမ်းသို့ ဝင်ရန် ငါးဒိုင်လမ်းထဲသို့ ချိုးဝင်ခဲ့သည်။ လမ်းထဲ၌ လူများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ စက်ဘီးကို ဆက်နင်းလာရာ ငါးဒိုင်လမ်းနှင့် မြို့ပတ်လမ်းဆုံရာအနီး၌ လမ်းချဲ့ထွင်ရန်အတွက် ညောင်ပင်ကြီးတစ်ပင်ကို ခုတ်ထွင်နေကြခြင်းဖြစ်သည်။ ညောင်ပင်ကြီးမှာ လူနှစ်ဖက်ကျော်ခန့်ရှိပြီး အခက်အလက်များ ဝေဆာနေသည်။ နှစ်သက်တမ်း (၅၀) ကျော်ခန့်တော့ ရှိပေလိမ့်မည်။

ကျွန်ုပ်လည်း အလုပ်နားရက်၊ အချိန်ကလေးလည်း ရသဖြင့် လူအများ စိတ်ဝင်စားစွာ ဝိုင်းအုံကြည့်ရှုနေကြသော ညောင်ပင်လှဲပွဲကို ကြည့်ရှုရန် ဆန္ဒရှိသဖြင့် ဘေးလွတ်ကင်းသော မြို့ပတ်လမ်းအတွင်းရှိ ကြည့်သာမြင်သာသော လက်ဖက်ရည်ဆိုင်ကလေးတစ်ခုအတွင်းသို့ ဝင်ရောက်လာခဲ့မိသည်။ ထိုအချိန်တွင် ဆိုင်အတွင်း ထောင့်စားပွဲတွင် ထိုင်နေသော လူတစ်ဦးက လှမ်းခေါ်သည်။

"ဆရာဦးသိန်းဝင်း . . . လာဗျို့ . . . ဒီမှာထိုင်။ ဒီစားပွဲက View ကောင်းတယ်။ အန္တရာယ်လည်း ကင်းတယ်။ သရက်ပင်အောက်ဆိုတော့ အေးချမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြို့ပတ်လမ်းတွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်း ဖြစ်သည်။

''ဦးတင်ဝင်းရေ . . . လမ်းချဲ့တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ ညောင်ပင်ကြီးက အဓိကရအပင်ကြီးထင်ပါရဲ့။ နှစ်သက်တမ်းလည်း နည်းမှာ မဟုတ်တော့ နမြောစရာဗျ။ ညောင်ပင်ကြီးကို မှီခိုနေကြတဲ့ ပရလောက သားတွေနဲ့ ကျေးငှက်တွေတော့ ဘုံပျောက်တော့မှာပဲ''

''ညောင်ပင်ကြီးက နှစ်သက်တမ်းတစ်ရာနီးနီး ရှိရောပေါ့။ ကျွန် တော်တို့ အဖေယယ်စဉ်ကတည်းက ညောင်ပင်ကြီးက လူနှစ်ဖက်စာလောက် ရှိနေပြီလို့ ပြောဖူးတယ်။ အဓိကရ ညောင်ပင်ကြီးပေါ့ဗျာ။ ကျွန်တော်တို့ ငယ်ငယ်ဒီရပ်ကွက်ထဲ ပြောင်းလာတော့ ညောင်ပင်အောက်မှာ ရက္ခစိုးနတ် စင်တောင် တွေ့မိသေးတယ်။ အရင်က ညောင်ပင်ကြီးက လမ်းနယ်ရဲ့ သုံးပုံ တစ်ပုံထဲမှာဗျ။ အခုမှ အနောက်ဘက်ခြံက ဒေါ်မမကြီးက မြေရိုးပြီး ညောင် ပင်ကြီးနားကပ် ခြံစည်းရိုးကာထားတာ''

''ခြံစည်းရိုးကာတာတော့ ဟုတ်ပါရဲ့ဗျာ။ သူ့နှစ်ထပ်အိမ်ကြီးနဲ့ ညောင်ကိုင်းတွေ ခုတ်ရင်ရော လွတ်ပါ့မလား။ တော်ကြာ . . . ထိခိုက်မိရင် စကားများကြရလိမ့်မယ် ထင်တယ်''

''ထိမိခိုက်မိတော့ ရှိမှာပဲဗျို့။ ဒါကြောင့်လည်း သစ်ခုတ်သမား တွေက အဓိကရ ညောင်ပင်ကြီးဖြစ်ပြီး အိမ်နဲ့မလွတ်တော့ မခုတ်ရဲကြဘူး။ ဒါပေမဲ့ အခုခုတ်နေတာက ကာလသားခေါင်း မှတ်ကြီးကိုယ်တိုင် ဦးစီး ခုတ်နေတာဗျ။ ရပ်ရွာလူကြီးတွေလည်း အကုန်ရှိကြပါတယ်။ ဒါကြောင့် နှုတ် သီးကောင်းလှပါး ဒေါ်မမကြီး ငြိမ်နေတာ''

ညောင်ကိုင်းတစ်ကိုင်းစီအား ကြိုးဖြင့်သိုင်းပြီး လမ်းဘက်သို့ ဆွဲ ချသဖြင့် ညောင်ကိုင်းဖျားများမှာ ဒေါ်မမကြီး အိမ်ခေါင်သွပ်မိုးကို ထိသော် လည်း ပေါက်ပြဲခြင်းမရှိပါ။ ဒေါ်မမကြီးကတော့ အိမ်ခြံဝင်းအပြင်ထွက်၍ ခါး ထောက်ပြီး ရပ်ကြည့်နေသည်။





ကံကောင်းထောက်မပြီး သစ်ခုတ်သမားများ ကျွမ်းကျင်မှုကြောင့် ညောင်ကိုင်းများကို ဖယ်ရှားပြီး ခေါင်းတုံးတုံးခြင်း၊ အောင်မြင်စွာ ပြီးမြောက် သွားသည်။

ညောင်ပင်ကြီးမှာ လမ်းဘက်သို့ ကိုင်းနေသဖြင့်သာ တော်တော့ သည်။ ကိုင်းတက်အရင်းပိုင်းများကိုလည်း လွှဖြင့်ဖြတ်ပြီး ကြိုးဖြင့် ဆွဲချ ကြသည်။ နောက်ဆုံး ညောင်ပင်ကြီးမှာ ၁၅ ပေခန့်မြင့်သော ပင်စည်ကြီး သာ ငုတ်တုတ်ကြီး ကျန်ခဲ့တော့သည်။

ထိုအချိန်မှ ကျွန်ုပ်က . . .

''သစ်ခုတ်သမားတွေ တော်ပါပေရဲ့ဗျာ။ မထိခိုက်အောင် လုပ် သွားနိုင်တယ်။ ဒါနဲ့ ဒီလိုအဓိကရအပင်ကြီးတွေကို ခုတ်လှဲမယ်ဆိုရင် ကြို တင်ပြီး ကန်တော့ပွဲ ပေးရတယ်မဟုတ်လား။ အခုတော့ ကန်တော့ပွဲလည်း မမြင်ပါလား ဦးတင်ဝင်းရ''

''ကန်တော့ပွဲလုပ်ဖို့ အစီအစဉ်ရှိပါတယ် . . . ဆရာရယ်။ ကာလ သားခေါင်း မှတ်ကြီးက ကန်တော့ပွဲလုပ်ရင် သူတို့ကိုပေးရမယ့် အရက်ဖိုး ထဲက လျော့သွားမှာစိုးလို့တဲ့လေ။ ဒါကြောင့် မလုပ်တာပါ။ အခုတော့ ပြီးစီး သွားပြီ . . . ဆရာရယ်''

''မဟုတ်သေးဘူး . . . ဦးတင်ဝင်းရဲ့။ တောထဲမှာဖြစ်စေ၊ မြို့ရွာ မှာဖြစ်စေ အဓိကရ သစ်ပင်ကြီးတွေကိုလှဲရင် သက်ဆိုင်ရာ အစောင့်တွေ ကို ကန်တော့ပွဲပေးပြီး မေတ္တာရပ်ခံတောင်းပန်တာ အကောင်းဆုံးပဲဗျ။ အန္တရာယ်ကင်းတာပေါ့''

''ဆရာရယ် . . . အခုပဲ ပင်စည်ကြီးချည်း ကျန်တော့တာ။ ပြဿနာ ဖြစ်လောက်တော့ပါဘူး။ နောက်ပြီး ညောင်ပင်ကြီးက လမ်းဘက်ကိုင်း နေတာလေ။ လွှနဲ့ဖြတ်ပြီး ကြိုးနဲ့ဆွဲချကြမှာပေါ့။ အန္တရာယ်မရှိနိုင်တော့ပါ ဘူး ဆရာ''

ကျွန်ုပ်တို့ လက်ဖက်ရည်သောက်ပြီး ကြည့်နေကြစဉ် သစ်ခုတ် သမားများက တစ်ဆိုင်းပြီးတစ်ဆိုင်း ဝင်၍ လွှဆွဲနေကြသည်။ ဆက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



ခန့်ပြတ်တော့ ကာလသားခေါင်းမှတ်ကြီးက ကျပ်လုံးခန့်တုတ်သည့် နိုင်လွန်ကြိုးကြီးများဖြင့် ညောင်ပင်ပင်စည်ကြီး ကိုင်းခွဆုံတွင် ကြိုးတစ်ချောင်းစီ အသေအချာ အခိုင်အခန့်တက်ချည်သည်။ ပြီးနောက် အနောက်ဘက်မှ လွှသမားများကို လွှရာအသစ် ဆွဲနိုင်းပြန်သည်။

နာရီဝက်ခန့်ကြာတော့ ၁၀ ပေ လွှကြီးမှာ အရှေ့ဘက်လွှရာသို့ ဆက်မိသွားသည်။ သို့သော် ညောင်ပင်ကြီးမှာ အသံမပေး လှုပ်ပင်မလှုပ်။ ထို့ကြောင့် ကြိုးနှစ်ဆိုင်းဖြင့် သစ်ခုတ်သမားများအပြင် စောင့်ကြည့်နေကြသော လူအုပ်စုကလည်း ပြိုင်တူသံထိုင်ပေး၍ ဆွဲကြပါသည်။ သို့သော် မထူးခြားပါ။ ထိုစဉ် ကျွန်ုပ်က ...

''ကဲ ... ဦးတင်ဝင်း၊ ထူးခြားနေတာကို မြင်ပြီမဟုတ်လား။ ကန်တော့ပွဲပေးဖို့ လိုနေပြီထင်တယ်''

''ဆရာ ... မှတ်ကြီးတို့အုပ်စုက လက်ခံမှာမဟုတ်ပါဘူး။ အသာသာ စောင့်ကြည့်နေပါ။ သူတို့နည်းသူတို့ဟန်နဲ့ လုပ်ပါလိမ့်မယ်''

ထို့ကြောင့် ကျွန်ုပ်လည်း လက်ဖက်ရည်ချိုသောက်ပြီး ရေနွေးကြမ်းခါးခါးကို ဖိမ်ခံသောက်ရင်း သစ်ခုတ်အဖွဲ့ကို စောင့်ကြည့်နေမိသည်။ မှတ်ကြီးတို့အဖွဲ့ အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ခုအတွင်း ဝင်၍ အရက်သောက်ကြရင်း တိုင်ပင်နေကြဟန်တူသည်။

ထိုစဉ် ငါးဒိုင်လမ်းအတွင်းမှ ဒေါ့ဂျစ်ကားကြီးတစ်စီး ထွက် လာသည်။ ကုန်ချပြီး ပြန်ထွက်လာဟန်တူသည်။ ကုန်မပါ အခွံချည်းသာဖြစ်သည်။ လမ်းပိတ်နေသဖြင့်လည်း ရပ်နေရသည်။ ကားပေါ်မှ လူဝကြီးတစ်ယောက် ဆင်းလာစဉ် ကာလသားခေါင်းမှတ်ကြီးက ...

''ကိုတုတ်ကြီးရေ ... ကားအားသလား''

''မှတ်ကြီးရေ ... လမ်းပိတ်နေတော့ ကားအားတာပေါ့ဟ။ ဘာလဲ ညောင်ကိုင်းတွေ သယ်ဖို့လား''

''မဟုတ်ပါဘူး ... ကိုတုတ်ကြီးရယ်။ ညောင်ပင်ကြီးကမလဲလို့ ကားနဲ့ဆွဲပေးမလားလို့ ပြောချင်တာပါ''

စိတ်ကူးသစ်စာပေ



''ရပေါ့ ... ညီလေးရာ။ အစ်ကိုကလည်း ဒီလမ်းပဲသုံးနေရတော့ ကူညီရမှာပေါ့''

ညောင်ပင်ကြီးအဖျားကို နိုင်လွန်ကြိုးကြီးများချည်၍ ကားကြီးဖြင့် နောက်ပြန်ဆွဲသည်။ မရ။ ထို့ကြောင့် ကိုတုတ်ကြီးက ကားကြီးကို နောက်ဆုတ်၍ ခေါင်းပြန်လှည့်ပြီး ကားနောက်မြီးတွင် ကြိုးချည်၍ တအားကုန်ရှိန်း၍ ဆွဲပြန်သည်။

ဖုန်များသာ တထောင်းထောင်းထ၍ ကားဘီးလေးဘီးစလုံး ချော်နေအောင်ဆွဲသော်လည်း ညောင်ပင်ကြီးက တုတ်တုတ်မျှမလှုပ်ပါ။ ထိုစဉ် နောက်ဒေါ့ဂျစ်ကားကြီးတစ်စီး ရောက်လာပြန်သည်။

''အောင်ဝေးရေ ... မင်းကားလည်း အကူအညီပေးဦး။ ငါ့ကားက မင်းစေတီလမ်းဘက် ခေါင်းတည့်ပြီးဆွဲမယ်။ မင်းကားကို ခေါင်းပြန်လှည့်ပြီးမင်းက ငါးဒိုင်လမ်းဘက် ခေါင်းတည့်ပြီး ဆွဲပေး (၄ x ၄) ဖိုးဘိုင်ဖိုးကားနှစ်စီးအားကိုးတော့ ညောင်ပင်ကြီး မခံနိုင်ပါဘူးကွာ''

ကိုအောင်ဝေးဆိုသူကလည်း ကိုတုတ်ကြီးခိုင်းသလိုပင် သူ့ ဒေါ့ဂျစ်ကားကြီးကို နောက်ဆုတ် ခေါင်းပြန်လှည့်ပြီး ကားနှစ်စီးတိုင်ပင်ယှဉ်၍ အားကုန်ဆွဲကြပြန်သည်။ ကားဘီးများ ဖုန်တထောင်းထောင်းထ၍ မီးခိုးတွေထွက်လာသော်လည်း ညောင်ပင်ကြီးက မလဲပါ။ ကားဆရာများနှင့် ကာလသားခေါင်း မှတ်ကြီးတို့အဖွဲ့အပြင် ရပ်ကွက်လူကြီးများ ခေါင်းချင်းရိုက်၍ တိုင်ပင်ကြပြန်သည်။

အချို့လူကြီးများက ကန်တော့ပွဲပေးရန် ပြောသည်။ အချို့က သစ်ပင်ကြီး၏ လွှဖြတ်နေရာအား သပ်ရိုက်သွင်း၍ ကားဖြင့်ဆွဲရန်၊ အချို့ကတော့ နှစ်မျိုးစလုံးလုပ်ရန် အကြံပေးကြသည်။ အရပ်လူကြီးများ နှစ်မျိုးသုံးလုပ်ရန် သဘောတူသည်။ မှတ်ကြီးတို့အဖွဲ့ကတော့ သပ်ရိုက်သွင်းပြီး ကားဖြင့်ဆွဲရန် အဆိုပြုကြသည်။

ထိုစဉ် ရွာမအနောက်ရပ်ကွက်မှ အသက်အကြီးဆုံး ဘုရားဒါယကာ ကျောင်းဒါယကာ ဦးကျိုးညိုရောက်လာပြီး ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ဟ ... မင်းတို့က အများတွေချည်း လုပ်နေကြပါလား။ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့။ ထုံးစံအတိုင်း လုပ်ကြစမ်းပါ။ သွား ... သွား ကန်တော့ပွဲအတွက် အုန်း၊ ငှက်ပျောနဲ့ အမွှေးတိုင်၊ ဖယောင်းတိုင် သွားဝယ်ချေ။ ငါ မေတ္တာရပ်ခံ တောင်းပန်ပေးမယ်။ ဒီညောင်ပင်ကြီးက အနှစ် (၈၀)လောက်ရှိနေပြီ။ အဓိကရ ညောင်ပင်ကြီး။ ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့။ ဘာမှတ်သလဲ"

အဘိုးဦးကျီးညိုကိုတော့ ရပ်ကွက်လူကြီးများနှင့် ကာလသားများပါ လန့်ကြသည်။ အဘိုးက မမှန်ဘူးဟုထင်လျှင် ကျောင်းထိုင်ဆရာတော် ဦးဝါယမကိုပင် အလွတ်မပေးဘဲ ထိုးနှက်ဝေဖန်တတ်သည်။ ငွေကြေးလည်း ချမ်းသာသည်။

ရပ်ကွက်ထဲ၌လည်း သြဇာအလွန်ညောင်းသည်။ ဘုရားဒါယကာ ကျောင်းဒါယကာ လူမှန်ကြီးတစ်ဦး လည်းဖြစ်သည်။ ယခုလည်း ကန်တော့ပွဲဖိုးငွေကို သူကပင် စိုက်ထုတ်ပေးခြင်းဖြစ်သည်။

အုန်း၊ ငှက်ပျောရောက်လာသည်နှင့် အဘိုးဦးကျီးညိုက လက်ဖက်ရည်ဆိုင်မှ ဇလုံကြီးတစ်ခုငှားပြီး သူကိုယ်တိုင် ကန်တော့ပွဲကို ပြင်ဆင်သည်။ ဆေးလိပ်၊ ကွမ်းယာကအစ ပါသည်။ ညောင်ပင်ကြီးအရင်း လွတ်ရာ နေရာတွင် ခုံမြင့်တစ်ခုပေါ်၌ ကန်တော့ပွဲတင်၍ သူကိုယ်တိုင် ရှိခိုးပူဇော် တောင်းပန်သည်။

နာရီဝက်ခန့်ကြာမှ ရှိခိုးပူဇော်ခြင်းကို အဆုံးသတ်၍ လွှကြောင်းရာပင်စည်အား သပ်ရိုက်သွင်းစေပြီး ကြိုးစနစ်စအား လူအင်အားဖြင့် ဆွဲစေသည်။ ပထမအချီ မရပါ။ ကာလသားခေါင်းမှတ်ကြီးနှင့် ဦးတုတ်ကြီးတို့က တီးတိုးတီးတိုး သဖန်ပိုးလုပ်ကြသည်။

"အဘိုးကြီးကွာ ... ဒေါ်ဂျစ်ကားနှစ်စီးနဲ့ ဆွဲတာတောင် မရတာကို လူအားနဲ့ဆွဲခိုင်းတယ်။ အံ့ပါရဲ့ ...။ အဘိုးကြီး ဦးနှောက်တောင် ကောင်းသေးရဲ့လားမသိဘူး"





ဦးကျီးညိုက ဂရုမစိုက်ပါ။ ဒုတိယအကြိမ် တောင်းပန်ပြီး လူအားဖြင့် ပြန်ဆွဲခိုင်းပြန်သည်။ ဤတစ်ကြိမ်တွင်တော့ သစ်ပင်ကြီးက ဖျစ်ဖျစ်မြည်လာသည်။ သို့သော် မလဲသေးပါ။

ထို့ကြောင့် ဦးကျီးညိုက သစ်ပင်ကြီးနေရာတွင် ရက္ခစိုးနတ်ကွန်းဆောက်၍ ပူဇော်ပေးမည်ဖြစ်ကြောင်း တောင်းပန်တိုးလျှိုး၍ တတိယအကြိမ် လူအားဖြင့် ဆွဲခိုင်းပြန်သည်။ ဤတစ်ကြိမ်တွင်တော့ ညောင်ပင်ကြီးမှာ လှုပ်ယမ်းခါလာပြီး တော်လည်းသံကြီးပေး၍ တအိအိ ဝုန်းခနဲ လဲတော့သည်။

လမ်းမပေါ်မှ အလုံးလိုက် ဖုန်လုံးကြီးထလာပြီး မြေတုန်ဟည်းသံကြီးမှာ 'အုန်း ... ဟုန်း ... ဟုန်း' ဟုမြည်ဟည်းပြီး တော်တော်နှင့် မစဲ။ ထိုစဉ် ဘယ်လိုမှုမပတ်သက်ဘဲ ညောင်ပင်ကြီးကို ခြံစည်းရိုးတိုင်လုပ်၍ ကာရံထားသော ဒေါ်မမကြီးအိမ်မှ ဝါးကပ်ခြံစည်းရိုးနှင့် နှစ်ထပ်အိမ်အပေါ်ဆင် ရှေ့ဝရန်တာမှာလည်း ပြိုကျ ပျက်စီးသွားတော့သည်။

"ဝုန်း ... အုန်း ... အုန်း ..."

"အောင်မယ်လေးတော့ ... သေပါပြီ"

ဒေါ်မမကြီး၏ ငယ်သံပါအောင်အော်သံကို ကြားလိုက်ရတော့သည်။ လူအများ ပြေးလွှားကြည့်ကြရာ ဒေါ်မမကြီးမှာ ဝရန်တာအောက်တွင် ငိုနေသဖြင့် မနည်းဆွဲထုတ်ကြရသည်။ သို့သော် ပွန်းပဲ့ဒဏ်ရာကလွဲ၍ ဒဏ်ရာကြီးကြီးကျယ်ကျယ်တော့ မရပါ။

ဒေါ်မမကြီးမှာ ကျွတ်နေသောထဘီကို ခပ်တင်းတင်းဝတ်ဆင်ပြီး ခြံထဲကထွက်လာ၍ အော်ဟစ်ပြီး လျော်ကြေးတောင်းတော့သည်။

"ကဲ ... ဘယ်လိုလုပ်ကြမှာလဲ။ ရှင်တို့လူကြီးတွေ လျော်ပေးတော့။ မလျော်ရင်တော့ ရုံးတိုင်ပြီး တရားစွဲမယ်"

"ဟဲ့ ... ဟဲ့ ... မမကြီးရဲ့ သစ်ပင်ပင်စည်ကြီးလဲတာ လမ်းပေါ်ကို လဲတာ။ ညည်းခြံစည်းရိုးကိုလည်း မထိခိုက်ဘူး။ အိမ်နဲ့လည်း အဝေးကြီး၊ တို့က ဘာဖြစ်လို့ လျော်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဦးကျီးညိုက ပြန်ပြောရာ ဒေါ်မမကြီးက ...

''ဘာပဲဖြစ်ဖြစ် ကျွန်မအိမ်ခြံစည်းရိုးနဲ့ ဝရန်တာ ပြိုကျသွားပြီလေ။ ဒါဟာ သစ်ပင်ကြီးလဲလို့ဖြစ်ရတာ လျော်ရမှာပေါ့''

''အဲဒါက နင်တို့လမ်းမြေကို ကျူးကျော်ဆောက်ထားပြီး အဓိကရေ ညောင်ပင်ကြီးကို ခြံစည်းရိုးလုပ်ထားလို့ ညောင်ပင်စောင့်ရုက္ခစိုးနတ်က အပြစ်ပေးတာ။ တိုင်ချင်ရာတိုင်၊ ဒီမှာ ရပ်ကွက်လူကြီးတွေ အကုန် သက်သေရှိတယ်''

''တိုင်မယ်၊ တိုင်မယ်။ ရပ်ကွက်လူကြီးတွေလုပ်ပြီး မတရားအနိုင်ကျင့်တာ။ အီး ... ဟီး ... ဟီး ...''

သစ်ခုတ်သမားများ ညောင်ပင်ပင်စည်ကြီးအား လွှဖြင့် ဖြတ်တောက်နေကြစဉ် အဘိုးဦးကျီးညိုနှင့် ရပ်ကွက်လူကြီးများ လက်ဖက်ရည်သောက်ရင်း တိုင်ပင်နေကြသည်။

''ငါတို့နဲ့တော့ မဆိုင်ဘူးကွ။ ဒါပေမဲ့ ဘယ်လိုတိုက်ဆိုင်ပတ်သက်သွားသလဲ မဆိုနိုင်ဘူး။ ညောင်ပင်ကြီးက အမြစ်က ကျွတ်လဲတာလည်း မဟုတ်''

''အဘိုးပြောသလို ရုက္ခစိုးနတ်ကြီးက မကျေနပ်လို့ ဒေါ်မမကြီးကို အပြစ်ပေးတာဖြစ်မှာပေါ့ ... အဘိုးရယ်''

''အေး ... အေး ... ဘာပဲဖြစ်ဖြစ်၊ သစ်ပင်ကြီးလဲလို့ ဖြစ်တာဆိုတော့ ငါတို့မှာ တာဝန်ရှိပါတယ်။ သူတစ်ထူး စိတ်မချမ်းသာရင် ကူညီရမှာ ငါတို့လူကြီးတွေရဲ့ တာဝန်ပဲ။ ရွာထဲက စံထူးတို့လက်သမားအဖွဲ့ကို သွားခေါ်လိုက်။ မမကြီးအိမ်ကို ပြင်ပေးနိုင်းလိုက်။ ကုန်ကျသမျှ ငါတာဝန်ယူမယ်''

''ဒါဆို အဘိုးက ဘုရားဒါယကာ၊ ကျောင်းဒါယကာတင်မက တော့ဘူးပေါ့နော်။ အိမ်ဒါယကာပါ ဖြစ်သွားပြီ''

''ဟား ... ဟား ... ဟား ...'''

''ဒါတင် ဘယ်ကမလဲ ... ကိုမှတ်ကြီးရဲ့။ အဘိုးက နတ်စင်လည်း ဆောက်ပေးဦးမယ်ဆိုတော့ နတ်စင်ဒါယကာတောင် ဖြစ်ဦးမှာ''





ကားဆရာ ကိုတုတ်ကြီးက ဝင်ပြောပြန်သည်။

''ဒါနဲ့ အဘိုးရယ် မသိလို့ မေးပါရစေ၊ ကျွန်တော်တို့ ကားနှစ်စီးနဲ့ဆွဲတုန်းက ညောင်ပင်ကြီးက လှုပ်တောင်မလှုပ်ဘူး။ အဘိုးက ကန်တော့ပွဲပေးပြီး လူအားနဲ့ဆွဲတာနဲ့ ညောင်ပင်ကြီးလဲတာတော့ အတော်ထူးဆန်းတယ်နော်''

''မှတ်ထား ... မောင်တုတ်ကြီးရဲ့။ သစ်ပင်တစ်ပင်ပေါက်လာရင် အရွက်နှစ်ခွထွက်လာတာနဲ့ အစောင့်ရှိတယ်လို့ ငါတို့ကျောင်းဆရာတော်ဘုရားကြီးဟောကြားတာ နာဖူးမှာပေါ့။ အခုလို နှစ်တစ်ရာနားကပ်နေတဲ့ အပင်ကြီးတွေထဲမှာ ညောင်ပင်ဆိုတာ အစောင့်အကြပ် ကြီးတယ်။

ရုက္ခစိုးနတ်ကို အမှီသဟဲပြုနေတဲ့ တခြား ပရလောကသားတွေလည်း အများအပြားရှိနိုင်ပါတယ်။ ဒါကြောင့် အဘိုးက တွယ်ရာမဲ့ခိုရာမဲ့သွားကြရမယ့် ရုက္ခစိုးနတ်ကြီးနဲ့ အပေါင်းပါတွေအတွက် အဘိုးက နတ်စင်ဆောက်ပေးချင်တာပါ။ အဲ့ဘိုး တတ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီနေရာက အများနဲ့သက်ဆိုင်တဲ့ နေရာဆိုတော့ အများပေါင်းစု အကြောင်းပြုပြီး စုပေါင်းထည့်ဝင် ကုသိုလ်ယူကြရင်တော့ ပိုကောင်းတာပေါ့ကွာ''

''ဟုတ်ပါတယ် ... အဘိုး၊ အဘိုးကပဲ ကမကထပြုပါ။ ကျွန်တော်တို့လည်း ဒီလမ်းကို နေ့ညသွားလာပြီး လုပ်စားနေရတော့ ကျွန်တော်တို့ကားသမားတွေဘက်ကလည်း တတ်နိုင်သလောက် ထည့်ပါ့မယ်''

''ဟုတ်ပါ့ ... ကိုတုတ်ကြီးရယ်။ ကျွန်တော်တို့ ကာလသားအဖွဲ့ကလည်း သစ်ပင်ကြီးခုတ်လှဲရာမှာ ပါဝင်နေပြန်တော့ အန္တရာယ်ကင်းအောင် နတ်စင်ဆောက်လုပ်ရာမှာ ဒီနေ့ရမယ့် လုပ်အားခ တချို့တစ်ဝက်ကို ပါဝင်လှူဒါန်းပါ့မယ်''

''အေးဗျာ ... လူငယ်တွေက လုပ်အားအပြင် အလှူငွေပါ ထည့်ဝင်ပြန်တာမို့ ကျွန်တော်တို့ ရပ်ရွာလူကြီးတွေလည်း နိုင်သမျှ စုပေါင်းပြီး အလှူငွေ ထည့်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com




"သာဓုပါဗျာ . . . သာဓုပါ . . . သာဓုပါ။ ဒါဆို အမြန်ဆုံး ရက္ခစိုး နတ်စင်ကို ခုံခုံညားညားကလေး ဆောက်ကြတာပေါ့။ ရက္ခစိုးနတ်မင်းကြီး လည်း ကျွန်တော်တို့ ရွာမအနောက်ရပ်ကွက်ကို အန္တရာယ်ကင်းဘေးရှင်းပြီး ရန်သူမျိုးငါးပါးဘေးက ကင်းလွတ်အောင် စောင့်မတော်မူပါ"

နောက်သုံးရက်အကြာတွင် ဒေါ်မမကြီးအိမ်လည်း ပြင်ဆင်ပြီး သွားပြီး ခြံစည်းရိုးကိုလည်း နောက်ဆုတ်၍ ကာရသည်။ ညောင်ပင်ကြီး ပင်စည်ရင်း၌လည်း နတ်စင်ကြီးတစ်ခုနှင့် နတ်စင်ကလေးတစ်ခု အပြိုင်အဆိုင် ပေါ်လာသည်။

လမ်းသွားလမ်းလာများနှင့် အနီးပတ်ဝန်းကျင် အိမ်များကပါ နတ် စင်များတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြသည်။ အဘ ဦးကျိုးညိုကတော့ အလှူဒါယကာဘွဲ့များရှင် ဖြစ်သွားတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

ကျွန်ုပ် ကသာထောင်တွင် တာဝန်ထမ်းဆောင်နေစဉ် သစ်ခိုးမှုဖြင့် ထောင်ဒဏ် (၅)နှစ်ကျလာသော တရုတ်အမျိုးသား လက်သမားဆရာကြီး ဦးလောက်စိန်ကို လက်သမားခေါင်းခန့်၍ ကူညီခဲ့၏။

သူ ငှက်ဖျားရောဂါဖြင့် ကသာဆေးရုံကြီးတွင် တက်ရောက်ကုသနေရပြီး ကွယ်လွန်ခါနီးအချိန်၌ ကျွန်ုပ်ကို ကျေးဇူးဆပ်သည့်အနေဖြင့် မြေပုံဆွဲထားသော စွပ်ကျယ်အင်္ကျီတစ်ထည်နှင့် သူနေခဲ့သော ကသာမြို့ ရွှေဘုန်းရှိန်ရပ်ရှိ လက်သမားအလုပ်ရုံမှ သံသေတ္တာတစ်လုံးကို ပေးခဲ့သည်။ သံသေတ္တာထဲ၌ ရတနာမြေပုံအညွှန်း ပေစာတစ်ထုပ်ရှိသည်။

ဦးလောက်စိန်မှာ မန္တလေးမြို့၊ ကျွဲဆည်ကန်ရပ်၌ နေထိုင်ပြီး ရတနာမြေပုံရှာရန်အတွက် ကသာမြို့တွင် ခေတ္တအခြေချ၍ လက်သမားလုပ်နေစဉ် ကျွန်းသစ်လုံးခိုး၍ခွဲသော လက်သမားအလုပ်ရုံပိုင်ရှင်က ထိုးချသဖြင့် ထောင်ဒဏ် (၅)နှစ် အပြစ်ပေးခံရခြင်းဖြစ်သည်။

ရတနာမြေပုံအညွှန်းအရ တည်နေရာမှာ ထီးချိုင့်မြို့အနီး တံငယ်ဝမြို့ဟောင်းတွင်ဖြစ်ရာ အကျဉ်းဌာနတွင် တာဝန်ထမ်းဆောင် နေရသော ဒေသခံမဟုတ်သည့် ကျွန်ုပ်အတွက် တစ်ဦးတည်း တူးဖော်ရှာဖွေရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် မိတ်ဆွေများဖြစ်ကြသော် ဒေသခံ သစ်တောအရေးပိုင် ဦးနေအောင်နှင့် တောအုပ်ကိုဖော်မင်း၊ စာရေးလေး ကျော်စိန်ဝင်းတို့အား တိုင်ပင်ရတော့သည်။

---

စိတ်ကူးသစ်စာပေ



ညဉ့်ဦးပိုင်းတွင် ထုံးစံအတိုင်း ဝိုင်းဖွဲ့ကြရာ ဦးနေအောင်၏ သစ်တောဒိုလ်တဲသို့သွားပြီး ကျွန်ုပ်က ဦးလောက်စိန်မှာသွားသည့်စကားနှင့် ရတနာမြေပုံကိစ္စအား ရှင်းပြရာ ဦးနေအောင်တို့က ပေစာထုပ်ကို ထုတ်ကြည့်ပြီး အလွန် စိတ်ဝင်စားနေကြပါသည်။

''ကိုသိန်းဝင်းရေ . . . ခင်ဗျားဟာက တံငယ်ဝရတနာသိုက်ပေါ့ဗျာ နော်''

''ဒါပေါ့ဗျာ''

စွပ်ကျယ်အင်္ကျီပေါ်မှ မြေပုံ၌စာမပါ။ အမှတ်အသား၊ သင်္ကေတနှင့် မြေပုံသာပါသည်။ ဦးနေအောင်တို့ နားမလည်ကြ။ ကျွန်ုပ်သာ ဦးလောက်စိန်၏ အမှတ်စကားကြောင့် နားလည်သဘောပေါက်သည်။ တံငယ်ဝမြို့ဟောင်းမှာ ထီးချိုင့်မြို့အနီး ရောဝတီမြစ်ကြောင်း ပြောင်းလဲသွား၍ တံငယ်ဝမြို့ဟောင်းနှင့် တကောင်းတို့မှာ အရှေ့အနောက် နှစ်ပိုင်းကွဲသွားဟန်တူသည်။ 'မြန်မာအစ တကောင်းက၊ တကောင်းအစတံငယ်ဝ' ဟု စာဆိုပင်ရှိသည် မဟုတ်ပါလော။

ပေစာထုပ်အား အဝတ်အိတ်လေးထဲမှ ထုတ်ကြည့်ကြရာ ပေစာမှာ နှစ်ရောင်ကွဲနေ၏ အပေါ်ကပေစာမှာ ကောင်းမွန်နေပြီး အောက်မှ ပေစာများမှာ ဟောင်းမြင်းဆွေးမြည့်နေ၏။

ကောင်းနေသောပေစာများမှာ လက်သမားဆရာကြီး ဦးလောက်စိန်၏အဘိုး ဦးလောက်ဖိန်က ရေးသားခဲ့ခြင်းဖြစ်ကာ ပေစာအဟောင်းများမှာ ရတနာအိုးပိုင်ရှင် 'ရတနာဒီပံ ဦးလောက်ဖျား' ရေးသားခဲ့ခြင်းဖြစ်ပြီး ကာလခြားနေသဖြင့် ပေစာများ အရောင်ကွဲနေခြင်း ဖြစ်ပေတော့သည်။

ကျွန်ုပ်တို့သည် ပေစာများကို သတိထားကာ ရွရွလေးကိုင်၍ ဖတ်ကြည့်ကြရာ အောက်ပါအတိုင်း ရှေးလက်ရေးဖြင့် ရေးထိုးထားသည်ကို စိတ်ဝင်စားဖွယ် ဖတ်ရှုရပါတော့သည်။

## "တံငယ်ဝရတနာသိုက်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် လောက်ဖိန်သည် တရုတ်မျိုးနွယ်စုဝင် ဖြစ်သော်လည်း တကောင်းသားစစ်စစ်ဖြစ်သည်။ ကျွန်ုပ်အား ပထမကမ္ဘာစစ်ပြီးကာလ ၁၉၂၅ ခုနှစ်တွင် တကောင်းမြို့၌ မွေးသည်။

မိခင်၊ ဖခင်တို့မှာ တံငါသည်များ ဖြစ်ကြသော်လည်း တောနှင့်နီး၍ ကျွန်ုပ်က ငယ်စဉ်ကပင် မုဆိုးအလုပ်ကို ဝါသနာထုံသည်။ ထို့ကြောင့် မြတောင်တော၊ ယင်းခဲတောနှင့် မဲဇာတောများသည် ကျွန်ုပ် ကျက်စားကျင်လည်ရာ နေရာများဖြစ်သည်။

တစ်နေ့ ကျွန်ုပ်အိပ်နေစဉ် အိပ်မက်မက်သည်။ မြတောင်တောအနီး ဧရာဝတီမြစ်အတွင်းဝင်နေသည့် ချောင်းလက်တက်တစ်ခုအတွင်း အမြစ်ကျွတ်၍ လဲကျနေသော ပျဉ်းမပင်ကြီး၏ပင်ခြေ၌ ရတနာအိုးတစ်လုံးရှိသည်ဟု ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ဦးက ကျွန်ုပ်အား အိပ်မက်ပေး၍ လမ်းညွှန်ပြသည်။

ထိုနေရာကို ကျွန်ုပ်သိသည်။ ယင်းခဲတောနှင့် မြတောင်တောအစပ်ကြားမှ ချောင်းကလေးဖြစ်သည်။ နေရာကိုလည်း ကျွန်ုပ် အသေအချာမှတ်မိသည်။ ထိုချောင်းစပ်ကလေးမှ ပျဉ်းမပင်ကြီးမှာ ကျွန်ုပ် အမဲလည်စဉ် နားခိုနေကျ၊ စားဦးစားဖျားများအား ပူဇော်နေကျ အဓိကရအပင်ကြီးဖြစ်သည်။

လွန်ခဲ့သော အပတ်ကပင် ကျွန်ုပ်အမဲလည်ပြီး နားခိုခဲ့ဖူးသေးသည်။ ချောင်းကမ်းပါးတွင်ပေါက်နေသော ပျဉ်းမပင်ကြီး ရေတိုက်စား၍ လဲပြိုသွားဟန်တူသည်။

နောက်တစ်နေ့ မနက်စောစော ကျွန်ုပ်အိပ်ရာမှထပြီး စားမြိန်စာထုပ်ယူကာ လက်နက်၊ လေးမြားကိုင်ဆောင်၍ တောဝင်ခဲ့သည်။ တကောင်းမြို့နှင့် မြတောင်၊ ယင်းခဲတောအစပ်မှာ အတော်အလှမ်းဝေးသည်။

ကျွန်ုပ် ဝီရိယကောင်းသဖြင့် နေမွန်းလွဲခန့်တွင် ကမ်းပါးပေါ်သို့ လဲကျနေသော ပျဉ်းမပင်ကြီးအနီးသို့ ရောက်သည်။ ကျွန်ုပ်၏ ထုံးစံအတိုင်း ပျဉ်းမပင်မှရုက္ခစိုးကြီးအား စားဦးစားဖျားဖြင့် ပူဇော်ပြီး ကျွန်ုပ် နေ့လယ်စာစားသည်။





ထမင်းစားပြီးမှ ချောင်းထဲဆင်း၍ ပျဉ်းမပင်အမြစ်များအကြား ရှာရာ မည်းနက်ပြောင်လက်နေသော မြေအိုးကြီးတစ်လုံးအား တွေ့ရသည်။ ရွှံ့စေးများပေကျံနေသဖြင့် ချောင်းရေဖြင့် ဆေးကြောသန့်စင်ရာ အိုးအဝန်းကျင် ရွှံ့နွံများစင်သွားသော်လည်း ပျားဖယောင်းဖြင့် အထပ်ထပ်ပိတ်ထားကြောင်း တွေ့ရသည်။ အိုးကြီးအား ကမ်းပေါ်သို့ ထမ်းတင်ခဲ့ပြီး ဖယောင်းအဆို့ကို ဓားဦးဖြင့် ဖဲ့၍ ကော်ထုတ်ရသည်။

နှစ်ကာလကြာမြင့်ပြီး မြေထဲမြှုပ်ထားခြင်းကြောင့် ဖယောင်းခဲကြီးမှာ ဖန်သားပြင်ကဲ့သို့ မာတောင့်နေသည်။ ဓားနောင့်ဖြင့် တဖြည်းဖြည်း ခေါက်ခွဲမှ ဖယောင်းခဲကြီးအက်လာပြီး ကြွေကျသွားတော့၏။ အိုးထဲ၌ ရှေးဟောင်းပေစာတစ်ထုပ်နှင့် ရွှေငွေရတနာများကို တွေ့ရသည်။ ရတနာများမှာ တစ်ပြည်သားကျော်ခန့်ရှိသည်။ လွန်စွာအရည်အသွေး ကောင်းသော ကျောက်များ မြှုပ်နှံထား၏။ ရှေးဟောင်းရွှေထည် လက်ဝတ်လက်စားများဖြစ်၏။

ကျွန်ုပ် အလွန်အံ့သြပြီး ဝမ်းသာမိသည်။ လူလေးငါးဖက်စာခန့်ရှိ လဲနေသော ပျဉ်းမပင်ကြီးမှ ရုက္ခစိုးကိုလည်း ကျေးဇူးတင်ကြောင်း ပြောပြပြီး လက်အုပ်ချီ ရှိခိုးကန်တော့မိသည်။

ကျွန်ုပ် ပေစာထုပ်ကို ဖွင့်ဖတ်ကြည့်ရာ အစိုဓာတ်ကြောင့် အတော်ဆွေးမြည့်နေပြီ ဖြစ်သည်။ ရေရှည်တည်တံ့စေသော အကျိုးငှာ နေလှမ်းပြင် ဖယောင်းသုတ်၍ မူရင်းအတိုင်း ပြန်ထည့်သွင်းထားပါသည်။

ကျွန်ုပ်သည် လောဘရှိသူမဟုတ်။ လှူနိုင်တန်းနိုင်၊ သုံးနိုင်ရန်အတွက်သာ ရတနာပစ္စည်းများထဲက ဆယ်ပုံတစ်ပုံကိုယူပြီး ကျန်ကိုးပုံကိုမူ နောင်လာနောက်သား ကျွန်ုပ်၏ သား၊ မြေးများသုံးစွဲရန်နှင့် လှူဒါန်းနိုင်ရန်အတွက် ချန်ထားရစ်ခဲ့သည်။ နောက်ဆုံး ပေစာရွက်ပေါ်တွင်လည်း ကျွန်ုပ် [illegible]င်းရွှေမြှုပ်နှံခဲ့သည့် နေရာအား မြေပုံအညွှန်းရေးထိုးထားခဲ့ပြီး 'တံငယ်ရတနာသိုက်' ဟု မှည့်ခေါ်လိုက်သည်။

ဦးလောက်ဖိန်
(တကောင်းသား)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ပေစာရွက်ပေါ်မှ မြေပုံညွှန်းအား လေ့လာကြည့်ရာ ဆေးရုံတွင်သေဆုံးသွားသည့် ဦးလောက်စိန်၏ အတွင်းခံ စွပ်ကျယ်အင်္ကျီပေါ်မှ မြေပုံအညွှန်းအတိုင်း တစ်သဝေမတိမ်း တူညီနေ၏။ စာအညွှန်းကိုမူ ရေးမထားပါ။ မသူတော်များရန်မှ ကာကွယ်ရန်အလို့ငှာ စာညွှန်းရေးမထားဘဲ သားစဉ်မြေးဆက် စကားဖြင့် လက်ဆင့်ကမ်းခဲ့ဟန်တူသည်။ ကျွန်ုပ်အားလည်း ဦးလောက်စိန်က စကားဖြင့်သာ လမ်းညွှန်းရှင်းပြခဲ့၍ ကျွန်ုပ်က မြေပုံအညွှန်းကို သိနေ၏။

''ဦးသိန်းဝင်းရေ ... မြေပုံအညွှန်းမှာ စာမပါတော့ ဘယ်လိုလုပ်မလဲဗျာ။ နောက်ပြီး ကွယ်လွန်သွားတဲ့ ဦးလောက်စိန်က ဦးလောက်ဖိန်ရဲ့ သားလား''

''မဟုတ်ဘူး ... ဦးနေအောင်ရဲ့။ ဦးလောက်စိန်ရဲ့ အဖေနာမည်က ဦးလောက်ဗှာတဲ့။ ဦးလောက်ဖိန်က ဦးလောက်စိန်ရဲ့ အဘိုးဗျ။ မြေပုံညွှန်းကိစ္စ ကျွန်တော် နားလည်ပါတယ်။ မပူပါနဲ့။ ကဲ ... ရတနာဒီပံ လောက်ဖျားရဲ့ ပေစာကို ဆက်ဖတ်ကြည့်ကြရအောင်။

ဒီပုဂ္ဂိုလ်တွေက 'လောက်' မျိုးတွေဗျ။ တရုတ်နွယ်ဝင်တွေ ခေါ်ပေမဲ့ မြန်မာပြည်က တကောင်းကို တော်တော်ချစ်ကြပုံရတယ်။ ကြည့်ပါလား၊ ပေစာအောက်မှာ နာမည်ရေးထိုးပြီး တကောင်းသားလို့ ရေးထားတာလေ''

''ဟုတ်ပါရဲ့ဗျာ ... တကယ့်ကို တကောင်းချစ်ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေပါပဲ။ လောဘလည်း နည်းကြတယ်နော်။ ဒါနဲ့ဗျာ သေဆုံးသွားတဲ့ ဦးလောက်စိန်ရဲ့အဖေ ဦးလောက်ဗှာက ဘာကြောင့် ရတနာမြေပုံကို ဆက်မလိုက်တာလဲ။ အဲဒါကော ခင်ဗျားသိသလား ... ဦးသိန်းဝင်း''

''သိပ့်ါ ... ဦးနေအောင်ရယ်၊ ဦးလောက်ဗှာတို့က တကောင်းကနေ မန္တလေးပြောင်းပြီး စီးပွားရှာကြတော့ တကောင်းနဲ့ အလှမ်းဝေးသွားတာပေ့ါ။ ဦးလောက်ဗှာ လူလားမြောက်မှ ဦးလောက်ဖိန်က ရတနာမြေပုံကိစ္စ ပြောတာလေ။ ဒီကိစ္စက တစ်ဦးတည်းရှာဖို့ လွယ်ကူတဲ့ကိစ္စမဟုတ်တာ။





နောက်ပြီး ဦးလောက်ဗှာက ငယ်စဉ်ကတည်းက ကျန်းမာရေး ချူချာတော့ သားဖြစ်တဲ့ ဦးလောက်စိန်လက်ထက် ရောက်လာတာပေ့ါ။ ဦးလောက်စိန်လည်း တစ်ဦးတည်း မစွမ်းဆောင်နိုင်လို့ ကျွန်တော်တို့လက်ထဲ ရောက်လာတာပေ့ါဗျာ။ သူတို့တစ်တွေက အလွန် လျှို့ဝှက်ကြတယ် ထင်ပါရဲ့''

''ဟုတ်လိမ့်မယ် ... ဦးသိန်းဝင်းရေ။ ကဲ ... ကျွန်တော်တို့ ပေစာရွက်ကို ဆက်ဖတ်ကြည့်ကြရအောင်ဗျာ''

'ရတနာဒီပံ ဦးလောက်ဖျား၏ မှာတမ်းစာ'

ကျွန်ုပ် အရှေ့ပြင်သူဌေး ရတနာဒီပံ လောက်ဖျားသည် နောင်လာနောက်သားတို့ ချမ်းသာစေခြင်းအလို့ငှာ အဖိုးတန်ရွှေငွေ ကျောက်မျက်ရတနာများနှင့်အတူ တကောင်းမြို့ရာဇဝင်ကို ပေစာရေးထိုးထားခဲ့သည်။

ကျွန်ုပ်သည် အရှေ့ပြင်သူဌေးဖြစ်၍ တကောင်းမြို့ ရွှေစည်းခုံဘုရားကြီးကို နှစ်စဉ်နှစ်တိုင်း ပြင်ဆင်ပြီး အလှူဒါနပြုခဲ့၏။ ဘုရားစေတီမြောက်မြားစွာကိုလည်း တည်ဆောက်လှူဒါန်းခဲ့၏။

ကျွန်ုပ် အသက်အရွယ်ကြီးလာသော် ခြွေရံသင်းပင်းကလွဲ၍ သားစုအရင်းအချာများ မရှိတော့။ ကွယ်လွန်ကြလေပြီ။ ဥစ္စာပစ္စည်း ရွှေငွေရတနာဟူသည်မှာ ထိုက်မှသာခံစားရကြောင်း သဘောပေါက်တော့၏။

ထို့ကြောင့်ပင် ကျွန်ုပ်သည် ကျွန်ုပ်နှင့် ပဋ္ဌာန်းဆက်ရှိသော ဘဝကောင်းမှ ဆွေတော်မျိုးတော်များ ထိုက်သူခံစားနိုင်ရန်အလို့ငှာ ရွှေငွေရတနာပစ္စည်းများနှင့် တကောင်းရာဇဝင် ပေစာထုပ်ကို ထားရစ်ခဲ့၏။

ထိုက်သူသည် ဝေမျှခံစားပြီး လက်လှမ်းမီသမျှ ကောင်းမှုကုသိုလ်ပြုကြရန် ဖြစ်သည်။ လှူပါ၊ စားပါ၊ ဝေငှပေးကမ်းစွန့်ကြဲပါ။ မျက်မှောက်သံသရာ နှစ်ဖြာကောင်းကျိုးကို ဆောင်ရွက်ကြပါကုန်။

'မြန်မာအစ တကောင်းက' ဟု အဆိုရှိ၏ 'အော့အံ့ဩဖွယ်ကောင်းတည်း၊ တကောင်းအစ တံငယ်ဝ' ဟုလည်းဆိုသဖြင့် တံငယ်ဝ

www.burmeseclassic.com



မှာ တကောင်းမပေါ်မီကပင် ရှိခဲ့သည်ဟု မှတ်ယူရမည်။ တံ့ယော်ဝမြို့ဟောင်းသည် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်း မဲဇာချောင်းဝအနီးတွင် ရှိသည်။

အမြင့်ပေ (၁၀၀)ခန့်ရှိသော တောင်ပူစာတစ်ခုပေါ်၌ တည်ထား၏။ တောင်ဘက်နှင့် အနောက်ဘက်၌ မင်းဝံတောင် တန်းကြီးနှင့် တောကြီးရှိသည်။ တံ့ယော်ဝမြို့ဟောင်းကို ကျောက်မြို့ရိုးနှစ်ထပ် ကာရံထားသည်။

တကောင်းမှာ ရှမ်းဘာသာစကားဖြစ်၏။ တ–ကူးတို့ဆိပ်၊ ကောင်း–အစုအပုံဖြစ်သဖြင့် တကောင်း၏အဓိပ္ပာယ်မှာ ကုန်ပစ္စည်းများစုပုံရာ ကူးတို့ဆိပ်ဟုသိရ၏။ 'မြန်မာအစတကောင်းက ပြောကြစဉ်အလာ သာကီနွယ်ရင်းဝင်ရောက်ခြင်း မင်းအဘိရာဇာ'ဟုလည်း စကားရှိရာ သကျ သာကီဝင်မင်းမျိုးဖြစ်သည့် အဘိရာဇာဘုရင်သည် တကောင်းမြို့အား အခြေစိုက်တည်ထောင်ခဲ့ကြောင်း သိသာထင်ရှား၏။ တကောင်းပြည်ကို 'သင်းတွဲပြည်' ဟုလည်း ခေါ်ကြ၏။

တကောင်းမြို့သည် အနော်ရထာမင်းတည်ခဲ့သော ကင်းမြို့ကြီး (၄၃) မြို့တွင်လည်း အပါအဝင်ဖြစ်၏။ ကောင်းစင်၊ ကောင်းတုံ၊ ရွှေနှ ငရေင်း၊ ရွှေကူ၊ ယင်းခဲ၊ မိုးတား၊ ထီးချိုင့်၊ မြတောင်၊ ကသာတို့လည်း အပါအဝင်ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း (၉၀၀) ကျော်က အနော်ရထာမင်း တည်ခဲ့သော ကင်းမြို့များဖြစ်ကြသည့် ကြာညှပ်၊ ဟသ်ာမော်၊ စမ္ပာနဂိုရ် မြို့များလည်း ရှိသေးသည်။

ဤတကောင်းနယ်မြေ၌ ပေါ်ထွန်းခဲ့သော နဂါးနိုင်မင်း မောင်ပေါ်ကျိုင်း၏ 'မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်' ဟူသော စကားပုံမှာလည်း ထင်ရှား၏။

ပန်းပဲဆရာကြီး မောင်တင့်တယ်မှာလည်း တကောင်းသားပင် ဖြစ်၏။ တကောင်းမှာ ရှေးယခင်က ဆိပ်ကမ်းကောင်းသော မြို့ကြီးတစ်မြို့ ဖြစ်ခဲ့၏။ ရာဇဝင်တွင် ထင်ရှားသော မြန်မာဘုရင်များ ထီးနန်းစိုက်ရာမြို့





သည်း ဖြစ်ခဲ့၏။ အေဒီ ၁၁၉၆ ခုတွင် ရေးထိုးထားခဲ့သည့် ပုဂံဓမ္မရာဇိက ဘုရားကျောက်စာတွင် ...

'အရှေ့သို့လားသော် နိုင်ငံကား၊ တောင်ကာ (ထား) (ဝ)ယ်၊ သင်၊ တုတ် (တနင်းသရေ)၊ (တကွာ)ရွာ၊ သလင်ကြေ၊ မစ္ဆကရိ (တွာရဝတီ)၊ အနောက်မစ္ဆကရိ၊ ပတ္တိက္ကရာ၊ (တ) ကောင်း၊ ငဆောင်ချေ' ဟု ပါရှိ၏။

မြန်မာနှစ် (၁၀၇၆–၁၀၉၅) တွင် နန်းတက်သည့် တနင်္ဂနွေမင်း လက်ထက် ဦးကုလား မဟာရာဇဝင်တော်ကြီးတွင် သာသနာနှစ် ၂၀ ရောက်သောအခါ မြန်မာတို့တိုင်းဖြစ်သည့် တကောင်းပြည်ကြီးကို အစိုးရသော အကောင်းမင်းကြီးသည် နတ်ရွာစံ၍ သားတော်အိမ်ရှေ့မင်း သတိုးမင်းကြီး နန်းတက်သည်ဟု ဖော်ပြထား၏။

တစ်ဖန် မြန်မာရာဇဝင်သစ်တွင်လည်း သတိုးမင်းဖျားက တကောင်းမင်းမျိုး ဖြစ်သည်ဟု တွေ့ရပြန်၏။ ထို့အတူ ဆင်ဖြူရှင်မင်းလက်ထက် (၁၁၂၅–၃၈) တွင် မင်းရာဇာတွဲ့ခံ ဦးဖျော်ရေးသားသည့် ပလိပ်စားချောင်းတွင် ...

'မဇ္ဈေတိုက်မှ၊ ထွက်စိုက်ရာဟောင်း၊ လေးကြိမ်လောင်းသား၊ တကောင်းထောင်ထား၊ နရဖျားက၊ ဆက်ပွားစီလျှင်၊ နန်းစဉ်စိုးနေ၊ သတိုးရွှေဟု၊ မြုတေထွန်းဝင်း၊ ထိုသည်မင်းလျှင်'ဟုလည်းကောင်း၊

ရာဇဝံသ တေးကဗျာတွင် ...

'မင်းအဘိရာဇာငယ် မဇ္ဈိမဒေသ ဝန်းကိုးရာမဏ္ဍလမှ သက်သာညီသာ၊ သင်းတွဲတကောင်းပြည်သို့ ပြောင်းခဲ့၍ မြို့သစ်တည်လာ' ဟု ဖြစ်ပြီး တကောင်းမင်းဆက်မှာ ဧရာဝတီကိုစုန်၍ ပျံ့နှံ့ခဲ့ရာ ကုန်းဘောင်မင်းဆက်သို့ပင် တိုင်လေသည်ဟု သိရသဖြင့် မြန်မာဘုရင်မင်းဆက် အားလုံးတို့သည် တကောင်းမင်းမျိုးများသာဖြစ်ကြောင်း ယူဆနိုင်ပေသည်။

ကျွန်ုပ်၏ နောင်လာနောက်သား ဘဝဟောင်းက ပဋ္ဌာန်းဆက်များကို မှာကြားလိုသည်မှာ တကောင်းကို မမေ့နှင့်။ မြန်မာကို မမေ့နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို မမေ့နှင့်။ မြန်မာဖြစ်ပေါ်လာရန် အတွက် တကောင်းသည် ကနဦး ကျေးဇူးရှင်ဖြစ်၏။ ကျွန်ုပ်ပေးသော ရတနာပစ္စည်းများနှင့် သင်တကောင်းအတွက် တတ်နိုင်သမျှ ကျေးဇူးဆပ်ပါ။

ရတနာဒီပံ လောက်ဖျား
(တကောင်းသား)

"ဦးဇော်မင်းရေ . . . ရတနာဒီပံ ဦးလောက်ဖျားနဲ့ ဦးလောက်စိန် တို့က တရုတ်မျိုးနွယ်စုဝင်တွေ ဖြစ်ကြပေမဲ့ မြန်မာနဲ့တကောင်းကို အတော် ချစ်တဲ့ ပုဂ္ဂိုလ်တွေပဲဗျို့။ ဘာသာသာသနာကိုလည်း လေးစားတယ်၊ စာဆေ ကျမ်းဂန်လည်း အတော်နှံ့စပ်တယ်။ အလွန်လေးစား ထိုက်တဲ့သူတွေပဲ"

"ဟုတ်ပါ့ . . . ဦးသိန်းဝင်းရယ်။ ခင်ဗျားနဲ့တော့ ဘဝဟောင်းက ပဋ္ဌာန်းဆက်ဆွေမျိုးတွေလို့ ထင်ပါရဲ့ဗျာ။ ဒါနဲ့ မြေပုံမှာ စာတွေမပါတော့ အတော်ရှာရခက်မယ့်သဘော ရှိတယ်ဗျ"

"ကျွန်တော် နားလည်ပါတယ် . . . ဦးနေအောင်။ ရှာရမခက်ပါ ဘူး။ မြေပုံနဲ့ ကွင်းဆင်းပြီး တိုက်ဆိုင်စစ်ဆေးလိုက်တာနဲ့ အဖြေထွက်လာ မှာပါ။ ဒါက ဧရာဝတီမြစ်ကြီး၊ ဒါက တံငယ်ဝမြို့ဟောင်းရဲ့ နှစ်ထပ် ကျောက် မြို့ရိုး။ မြို့ရိုးပေါ်မှာ လူသွားလမ်းရှိတယ်။

လူသွားလမ်းအဆုံးမှာ တောင်ပူစာ။ တောင်ပူစာနဲ့ ပြတ်နေတဲ့ မြို့ရိုးဟောင်းကြားမှာတော့ ချောင်းတစ်ခုရှိတယ်။ ချောင်းကိုကျော်တော့ လှိုဏ်ကြီး။ လှိုဏ်တစ်ဖက်ကမ်းမှာ ကညင်ပင် (၃)ပင်ရှိတယ်။

အဲဒီ ကညင် (၃) ပင်အနားမှာ တောင်ပူစာပေါ်မှာ တည်ထား တဲ့ ရှေးဟောင်းဘုရားကလေးရှိတယ်။ ဒီမှာ ကြက်ခြေခတ်ပြီး ဝိုင်းပြ ထားတယ်။ ဟောဒါ ရတနာသိုက်နေရာပဲ။ နှစ်ပေါင်းအတော်ကြာတော့ ချုံ တွေဖုံးပြီး ရှာရတာအချိန်ကြာမယ်။ ဒါပေမဲ့ စုပေါင်းရှာရင်တော့ တွေ့နိုင် ကောင်းပါတယ်ဗျာ။





အရေးကြီးတာကတော့ တစ်ယောက်တည်း မလုပ်နိုင်လို့ စုပေါင်း လုပ်ရမယ်။ အချိုးကျ အညီအမျှဝေပေးမယ်။ အခု ကျွန်တော်တို့က ဦးနေအောင်ရယ်၊ ကိုဇော်မင်းရယ်၊ ကျော်စိန်ဝင်းရယ်၊ ကျွန်တော်ရယ်၊ ကွယ်လွန်သွားတဲ့ ဦးလောက်စိန်ရဲ့သမီး နော်ဇာရယ်ဆိုတော့ (၅) ယောက် ရှိတယ်။

ပြီးတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဦးလောက်စိန်နဲ့ သူ့အဖေ ဦးလောက်ဖျာကလည်း အကျိုးခံစားခွင့်ရှိသေးတော့ သူတို့အတွက်လည်း တစ်ပုံစီထည့်တွက်ရမယ်။ ရရှိလာမယ့် သူတို့ဝေစုကိုတော့ တကောင်းမြို့ က ရွှေစည်းခုံဘုရားကြီး ဝေယျာဝစ္စအတွက် လှူဒါန်းပူဇော်ပြီး သူတို့ကို အမျှဝေမယ်။ ရရှိလာမယ့် ရတနာပစ္စည်းတွေကို (၇) ပုံပုံပြီး တစ်ပုံစီရမယ်။ ကျွန်တော်ပြောတာ သဘောတူကြရင် ဆက်လုပ်ကြမယ်"

"ကိုသိန်းဝင်းက ကာယကံရှင်ဆိုတော့ ကိုသိန်းဝင်းရတာ နည်း နေမှာပေါ့။ ခင်ဗျားက ပိုယူသင့်ပါတယ်"

ကိုဇော်မင်းက အဆိုပြုလာရာ ဦးနေအောင်က ထောက်ခံပြန် သည်။

"ဟုတ်တယ် . . . ဦးသိန်းဝင်းရယ်။ ခင်ဗျားက အဓိက ကာယကံ ရှင် သက်ဆိုင်သူပါ။ ခင်ဗျားမပြောရင် ကျွန်တော်တို့ သိမှာတောင် မဟုတ် ပါဘူး။ နောက်ပြီး လက်သမားဆရာကြီး ဦးလောက်စိန်က ခင်ဗျားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပုံအပ်သွားတာပါ။ ခင်ဗျား ပိုယူဖို့သင့်ပါတယ်"

"ထားပါတော့ . . . ဦးနေအောင်နဲ့ ကိုဇော်မင်းရယ်၊ ကျွန်တော် ခင်ဗျားတို့စေတနာကို လေးစားပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောသလိုပဲ (၇)ပုံ ပုံပြီး အညီအမျှ ခွဲဝေယူကြပါဗျာ။ ကျွန်တော်စိတ်ရင်းနဲ့ ပြောတာကို လက်ခံကြပါ။ ရတနာသိုက်ဆိုတာ အလွန် နတ်ကြီးပါတယ်။ လောဘမရှိ တာ အကောင်းဆုံးပါပဲ"

"အေးဗျာ . . . ဒါဆိုရင်လည်း အကောင်းဆုံးပါပဲ။ မနက်ဖြန် မနက်စောစော သွားကြတာပေါ့။ လက်နက်တွေတော့ ယူသွားမှဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ တုံငယ်ဝက ရော်ဝတီမြစ်နံဘေးမှာဆိုပေမဲ့ မြို့ပျက်ဟောင်းကြီး ဖြစ်လို့ သားရဲတိရစ္ဆာန်တွေ ခိုအောင်းနေနိုင်တယ်။

မော်တော်၊ ရွက်ဖျင်တဲနဲ့ စားသောက်ဖို့ကိစ္စ အဝဝကို ကျွန်တော် ကိုဇော်မင်းက တာဝန်ယူမယ်။ ကျော်စိန်ဝင်းက ဓား၊ ပုဆိန်၊ ပေါက်ပြား တူးရွင်းနဲ့ အိုးခွက်ပန်းကန်တွေကိစ္စ တာဝန်ယူပါ''

ဦးနေအောင်က စနစ်တကျ တာဝန်ခွဲပေးလိုက်သဖြင့် ကျွန်ုပ်တို့ တုံငယ်ဝရတနာသိုက်တူးဖော်ရန် အဆင်ပြေသွားပါတော့သည်။

တူးဖော်ရာ၌ ဦးလောက်ဖိန်၏ ပေစာမြေပုံညွှန်းအတိုင်း ရရှိသခြင်း (၇) ပုံ ပုံကာ (၂) ပုံကို ဦးလောက်စိန်နှင့် ၎င်း၏အဖ ဦးလောက်ဟုတို့ အတွက် တကောင်းမြို့ရှိ ရွှေစည်းခုံဘုရားကြီး၌ လှူပြီး ရေစက်ချ၍ အမျှ ပေးဝေလိုက်၏။ မြန်မာကိုချစ်သော၊ တကောင်းကို ချစ်မြတ်နိုးသူများအား ကောင်းရာသုဂတိရောက်စေရန် အခါခါ ဆုတောင်းမိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

❑

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလထဲ၌ ကျွန်ုပ် အကျဉ်းဦးစီးဌာနရုံးချုပ် စီမံကိန်းဌာန၌ တာဝန်ထမ်းဆောင်နေစဉ် စစ်တွေထောင်မှ ထောင်မှူးကြီး ဦးအေးချို တောင်ကြီးထောင်သို့ တာဝန်ဖြင့် ခေတ္တသွားရသဖြင့် ကျွန်ုပ်ကို Relieving အဖြစ် ဌာနမှ စစ်တွေထောင်သို့ စေလွှတ်သည်။ ရခိုင်ပြည်နယ်ဘက် မရောက်ဖူးသေး၍ ကျွန်ုပ်မှာ အလွန် ကျေနပ်မိသည်။

ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှ Fokker Jet လေယာဉ်စီး၍ (၄၅) မိနစ်ခန့်ဖြင့်ပင် စစ်တွေလေဆိပ်သို့ ရောက်သည်။ လမ်းခရီး၌ ရခိုင်ရိုးမကြီးကို ဖြတ်ကျော်ပြီး ဘင်္ဂလားပင်လယ်အော်ပြာပြာကြီးကို မြင်ရတော့ စိတ်အလွန် ကြည်နူးမိသည်။ လေဆိပ်တွင် ကြိုတင်အကြောင်းကြားထားသဖြင့် ထောင်မှူးဦးမြင့်ဦးမှ လေးဘီးကားအပြာလေးဖြင့် လာကြိုသည်။

လေဆိပ်နှင့်ထောင်မှာ မဝေးလှပါ။ ထိုအချိန်က စစ်တွေမြို့ လမ်းများမှာလည်း အလွန်ကျဉ်းပါသည်။ စစ်တွေထောင်မှာလည်း အင်္ဂလိပ်ခေတ်ကတည်းက တည်ဆောက်ထား၍ အလွန် ဟောင်းနွမ်းအိုစာနေပြီဖြစ်သည်။

ရောက်ရောက်ချင်း ထောင်ပိုင်ကြီးအား သတင်းပို့ရသည်။ ထိုအချိန်က ထောင်မှူးကြီးတာဝန်မှာ ဒုတိယတာဝန်ခံဖြစ်၍ ကျွန်ုပ် ဌာနဆိုင်ရာ လုပ်ငန်းများကို ယာယီသာလွှဲပြောင်း လုပ်ကိုင်ရမည်ဖြစ်သဖြင့် တာဝန်ပေး





ပါသည်။ ကျွန်ုပ်အား နေ့လယ်စာဖြင့် ညှော်ခံပြီးသည်နှင့် စစ်တွေထောင်ညှော်ဂေဟာအဟောင်းကြီး၌ နေရာချပေးသည်။

ထောင်နှင့်တော့ အတော်လှမ်းသည်။ ညှော်ဂေဟာကြီးမှာ နှစ်ထပ်ပျဉ်ထောင်အိမ် မည်းမည်းကြီး ဖြစ်သည်။ ဝင်းကလည်း ကျယ်သည်။ အစောင့်အိမ်ကလည်း ဝင်းထဲ၌ရှိသည်။ အစောင့်မှာ ပင်စင်နီးနေသော ထပ်ကြပ်ကြီး ဦးလှမောင်ဆိုသူဖြစ်သည်။

ကျွန်ုပ်အား အပေါ်ထပ် အခန်းတစ်ခန်း၌ နေရာပေးသည်။ အပေါ်ထပ်၌ အိပ်ခန်း(၄)ခန်းနှင့် ရေချိုးခန်း၊ အိမ်သာရှိသည်။ အောက်ထပ်အခန်းများကိုတော့ ပိတ်ထား၏။ ရှေးအိမ်ဟောင်းကြီးဖြစ်၍ တစ်ဦးတည်းနေထိုင်ရန် မသိုးမသန့်တော့ဖြစ်မိသည်။ ကျွန်ုပ် ရေမိုးချိုးပြီး ခေတ္တအနားယူပြင်ဆင်နေစဉ် ရိပ်သာစောင့်ကြီး ဦးလှမောင်နှင့် ထောင်မှူးဦးမြင့်ဦးတို့ တက်လာကြသည်။

"ဦးသိန်းဝင်း . . . အဆင်ပြေတယ် မဟုတ်လား"

ဦးမြင့်ဦးကမေးရာ ကျွန်ုပ်က . . .

"အဆင်ပြေပါတယ်ဗျာ။ တစ်ယောက်တည်းဆိုတော့ ပျင်းစရာကောင်းမယ်ထင်တယ်"

"အဲဒီအတွက်တော့ မပူပါနဲ့ဗျို့။ ကူဖော်လောင်ဖက် အဖော်ရအောင် ဝန်ထမ်းတစ်ယောက် လာအိပ်ပါလိမ့်မယ်။ ဒီက အပေါင်းအသင်းတွေလည်း လာကြလိမ့်မယ်။ ပျော်စရာကောင်းမှာပါ။ ရိပ်သာစောင့် ဦးလှမောင်တို့မိသားစုလည်း ရှိပါတယ်။ သူတို့က ခင်ဗျားကို ထမင်းချက်ကျွေးမှာပါ။ စားချင်တာသာ ကြိုတင်ပြောထားပါ"

ဦးလှမောင်က . . .

"ဆရာကြီး . . . ညစာ ဘာဟင်းစားချင်ပါသလဲ။ စားလိုရာကို ပြောပါခင်ဗျား။ ကျွန်တော် အကောင်းဆုံး စီစဉ်ပေးပါ့မယ်"

"အဆင်ပြေသလိုသာလုပ်ပါ . . . ဦးလေး။ ကျွန်တော်က အသားငါးလှဲ့ရှိ အကုန်စားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါတယ် ... ဆရာကြီး၊ စားချင်တာကိုပဲ ပြောပါ။ ကျွန်တော့်မိန်းမက အချက်အပြုတ် ကောင်းပါတယ်။ လူကြီးတွေလာရင်လည်း သူပဲ ချက်ပြုတ်ပေးတာပါ။ အားမနာပါနဲ့ခင်ဗျာ"

"အဲဒါဆိုလည်း Sea Food (ပင်လယ်စာ) လေးဘာလေး စားချင်တယ်ဗျာ"

"ရတာပေါ့ ... ဆရာရယ်။ ကျွန်တော်တို့ဆီမှာက ပေါပါတယ်။ ရေဘူကို ပြုတ်ပြီး ရှောက်ရွက်နဲ့ သုပ်ပေးမယ်၊ ကဏန်းဟင်း ချက်မယ်၊ ကင်းမွန်ကြော်ပေးမယ်။ ငါးနုပ်ဟင်းချိုချက်ပေးမယ်"

"ကောင်းပါပြီဗျာ ... ပြည့်စုံပါပြီ"

"မနက်ဖြန်ရော ဆရာ"

"အဆင်ပြေသလို လုပ်ပါဗျာ"

"မနက်စောစော ကြက်ဥနဲ့ ထမင်းကြော်မယ် ... ဆရာ။ ကော်ဖီ ကြိုက်သလား၊ လက်ဖက်ရည် ကြိုက်သလား"

"ဘာပဲဖြစ်ဖြစ် ရပါတယ်ဗျာ"

ဦးမြင့်ဦးက ...

"လာ ... သူငယ်ချင်း၊ လောလောဆယ် လက်ဖက်ရည်သွားသောက်ကြမယ်။ ညနေအတွက် ဆရာဝန်ကြီးအိမ်မှာ စီစဉ်ထားတယ်"

ကျွန်ုပ်နှင့် ဦးမြင့်ဦး ထောင်ဝင်းထိပ်သို့ လမ်းလျှောက်ထွက်လာခဲ့ရာ ဝင်းဝအရောက်တွင် အိမ်တစ်အိမ်မှ လှမ်းနှုတ်ဆက်ပြီး အသားဖြူဖြူ ခပ်တောင့်တောင့်လူတစ်ဦး ထွက်လာပြီး ...

"ဦးမြင့်ဦး ... ဘယ်ကိုလဲဗျ။ အစောကြီး ရှိသေးတယ်"

"လက်ဖက်ရည်ဆိုင်ကို ... ဆရာ။ လိုက်ခဲ့ပါလား"

"ဩော် ... ဧည့်သည်လည်း ပါလာတာကိုး"

"ဟုတ်တယ် ... ဆရာ။ ဒါ ကျွန်တော်တို့ အပတ်စဉ် (၆)က ထောင်မှူးကြီး သိန်းဝင်းပါ။ ဆရာနဲ့ ညနေမှ မိတ်ဆက်ပေးမလို့ပါ"





"နေပါဦးဗျာ ... ကျွန်တော် အဝတ်အစားလဲလိုက်ဦးမယ်။ လက်ဖက်ရည်ဆိုင်မှာ စကားပြောကြတာပေါ့။ နယ်ထောင်ရဲ့ အရသာက ဒါပဲ ဦးသိန်းဝင်းရဲ့၊ အလုပ်ပါးတယ်လေ"

ကျွန်ုပ်တို့ လက်ဖက်ရည်ထိုင်ကြပြီး အတွေ့အကြုံများ ဖလှယ်ကြသည်။ ဆရာဝန်မှာ မန္တလေးထောင်မှ ပြောင်းလာသော ဒေါက်တာ ခင်းဟာန်ဖြစ်သည်။

"နယ်ထောင်မှာနေရတာ အလွန်သက်သာတယ် ဆရာဦးသိန်းဝင်းရဲ့၊ အလုပ်လည်း ပါးတယ်၊ ကုန်စျေးနှုန်းကလည်း ပေါတယ်။ ဟင်းသီးဟင်းရွက်လည်း ထောင်ခြံထဲက အလကားရတယ်။ ကျွန်တော်က ရမ်းဗြဲကျွန်း ရခိုင်တိုင်းရင်းသားပဲ။ ကျွန်တော်တို့ကျွန်းက ရေနံထွက်တယ်။ ကျွန်တော်လည်း ရေနံတွင်းတူးနေတယ်။ ဆရာဦးသိန်းဝင်းအားရင် နှစ်ညအိပ်လောက် လိုက်လေ့လာပါလား။ ကျွန်တော် လာမယ့်စနေနေ့လောက် သွားဖို့ရှိတယ်"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော်က ဧည့်သည်ပါ။ ဒီမှာလည်း ဆွတ္တခဏလာပြီး တာဝန်ထမ်းဆောင်ရတာပါ။ အလုပ်ကလည်း ပါးပါတယ်။ ထောင်ပိုင်ကြီးဆီမှာ ခွင့်တောင်းပြီး လိုက်ကြတာပေါ့"

"စားရေးသောက်ရေး၊ လမ်းစရိတ်ကအစ ကျွန်တော်တာဝန်ယူပါတယ်။ ကိုမြင့်ဦးက ရခိုင်သားဆိုတော့ ရောက်ဖူးပြီးသားပဲ"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော်က ရခိုင်ကို အခုတစ်ခေါက်ပဲ ရောက်ဖူးတာပါ။ ကျွန်းတွေဘက်လည်း လှည့်ပြီးတော့ လေ့လာချင်ပါတယ်"

"ကောင်းပြီဗျာ။ ကျောက်ဖြူနဲ့ ရမ်းဗြဲကျွန်းဘက် နှံ့စပ်အောင် ကျွန်တော် လိုက်ပို့ပါ့မယ်"

ထိုစဉ် ခွေးတစ်ကောင် ကျွန်ုပ်တို့ လက်ဖက်ရည်စားပွဲအောက်သို့ ဝင်လာသဖြင့် ကျွန်ုပ်က ခြေထောက်ကို ထိုင်ခုံပေါ်တင်၍ ...

"ဟဲ့ခွေး ... ဟဲ့ခွေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်းထုတ်ရာ ခွေးမှာ မဖြုံပါ။ စားပွဲအောက်ကလည်း ထွက်မသွားပါ။ အာဂခွေးဖြစ်ပေသည်။

ဆရာဝန် ဦးမင်းဟန်က . . .

''ဆရာ . . . ဒီကတိရစ္ဆာန်တွေက ရခိုင်စကားပဲ နားလည်တာ ဗမာလို နားမလည်ကြဘူး။ ကျွန်တော်မောင်းပြမယ်၊ ကြည့်နေပါ''

''ဟဲ့ခွီး . . . ဟဲ့ခွီး . . . ထွက်သွားစမ်း''

ထိုသို့ပြောမှ ခွေးမှာ စကားနားလည်သဖြင့် ပြေးထွက်သွားသည်။ ကျွန်ုပ် အလွန်သဘောကျ၍ ရယ်မိသည်။ ရခိုင်လို ခွေးကို 'ခွီး' ဟုခေါ် ကြောင်းလည်း မှတ်သားထားလိုက်ပါသည်။

ကျွန်ုပ်တို့အပြန် ထောင်ဝင်းထဲရောက်၍ ထောင်စိုက်ပျိုးခြံထဲ၌ နွားတစ်ကောင် ဝင်နေသည်။ ကျွန်ုပ်က စမ်းသပ်သည့်သဘောဖြင့် ခွေးကို ရခိုင်လို 'ခွီး' ဟုခေါ်သဖြင့် နွားကို 'နွီး' ဟု ခေါ်မည်အထင်ဖြင့် . . .

''ဟဲ့နွီး . . . ဟဲ့နွီး . . . ထွက်သွားစမ်း''

ဟုမောင်းထုတ်ရာ ဆရာဝန်ဦးမင်းဟန်နှင့် ကိုမြင့်ဦးတို့ တဟားဟားရယ်ကြပြီး . . .

''ဆရာသိန်းဝင်း . . . နွားကို ရခိုင်လို နွီးလို့ မခေါ်ပါ။ နွားလို့ပဲ ခေါ်ပါတယ်''

ဟု ဆိုပြီး . . .

''ဟဲ့နွား . . . ဟဲ့နွား . . .''

ဟု မောင်းထုတ်တော့မှ အခင်းဝင်စားနေသောနွားမှာ ထွက်ပြေးသွားတော့သည်။

ရခိုင်စကားမှာ ဗမာစကားဖြင့် ဆင်ဆင်တူသည်ဆိုသော်လည်း ကျွန်တော်တို့ နားစိမ်းနေသေး၍ လုံးစေ့ပတ်စေ့ နားမလည်နိုင်ပါ။ သရသံပေါက်ပြီး ရှေးမြန်မာစကားနှင့် အသံထွက်တူသယောင်ပင်။ ဒေသရေမြေတောတောင်အခြေအနေအရ တိုင်းရင်းသားချင်း ဘာသာစကားများ အနည်းငယ်ကွဲပြားနေခြင်းဖြစ်မည်။





ကျွန်တော့်လုပ်ငန်းတာဝန်မှာ ညှော်သည်ဖြစ်၍ တာဝန်မကြီးပါ။ ထောင်ဖွင့်၊ ထောင်ပိတ်တာဝန်၊ စည်းကမ်းထိန်းသိမ်းရေးနှင့် အကျဉ်းသား၊ အချုပ်သားလူသစ်ကြည့်ခြင်း တာဝန်လောက်သာရှိသည်။ စစ်တွေထောင်တွင် အကျဉ်းသား၊ အချုပ်သားမှာ (၆၀၀) ကျော်လောက်သာရှိသဖြင့် အင်းစိန်ထောင် အဆောင်တစ်ဆောင်စာပင်မရှိပါ။

ထောင်ဖွင့်ရာ၌လည်း မြန်သည်။ ထောင်ပိတ်ရာတွင်လည်း မြန်ပါသည်။ ထိုနေ့က ကျွန်ုပ်တို့ ညနေ (၆)နာရီခန့်၌ပင် ထောင်ပိတ်စာရင်းယူပြီး ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဆရာဝန်အိမ်၌ ဆုံကြသည်။ ဆရာဝန် ဦးမင်းဟန်က ရမ်အရက်နှင့် ငါးကြော်၊ အသီးအရွက်ကြော်တို့ကို စီစဉ်ထားသည်။

ကျွန်ုပ်တို့ စားသောက်ကြရင်း ဆရာဝန်ဦးမင်းဟန်က ရေနံမြေခန်းစဉ်အကြောင်းကို ရှင်းပြသည်။

''ဆရာကိုသိန်းဝင်းရေ . . . စစ်တွေကနေ ကျောက်ဖြူကို တစ်နေကုန်အောင် သင်္ဘောစီးရသဗျ။ မဝေးလှပေမဲ့ သင်္ဘောတွေက ကမ္ဘာစစ်ကစစ်လက်ကျန် သင်္ဘောကြီးတွေဖြစ်နေလို့ အလွန်နှေးတယ်။ ညနေပိုင်းရောက်တော့ ကျောက်ဖြူကနေ ရမ်းဗြဲကို ကားစီးရတယ်။

သင်္ဘောဆိပ်က ကျောက်တစ်လုံးမှာ၊ အဲဒီကနေ ဂုံးရှိန်၊ ရေနံတောင်၊ မင်းပြင်၊ ကျောက်ပျောက်၊ ဝမြောင်၊ အောက်၊ ကျောက်ကလေး၊ ဇင်ချောင်း၊ ဝက်တိုးပြင်၊ ရေချမ်းကြီး၊ ဘောရာဇာ၊ အုန်းတောအထိ ကားလမ်းရှိတယ်။ ကျွန်တော်တို့တူးနေတာက ဖင်ချောင်းရွာနားမှာ။ ရေနံကတော့ တစ်ကျွန်းလုံးထွက်တာပဲ။ အင်္ဂလိပ်ခေတ်ကတည်းက တူးခဲ့ကြတာ။

အခုလောလောဆယ်လည်း ရေနံတောင်မှာ M.O.C က ရေနံတူးနေတုန်းပဲ။ သူတို့ကတော့ စက်တွင်းပေါ့။ ကျွန်တော်တို့တူးတာကတော့ ဆက်တွင်း၊ ကြိုးတွင်းလို့လည်း ခေါ်တယ်။ လက်တွင်းတူးတဲ့ လူတွေကတော့ အများကြီးပဲ''

''ကြိုးတွင်းဆိုတာ ဘယ်လိုဟာမျိုးလဲ . . . ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



''ကြိုးတွင်းဆိုတာ ကျွန်တော်တို့ဒေသအခေါ် 'ခန့်' ဆိုတဲ့ သံထူ ရှင်းလို သံလုံးချောင်းကြီးပေါ့။ တစ်တောင်လောက်ရှည်တယ်။ အဲဒါ နောက်က (၆) ပေမလောက်ရှိတဲ့ ပျဉ်းကတိုးသား လက်ကိုင်ရိုးကြီးတပ်ပြီး အပေါက်ဖောက်၊ ကြိုးချည်ထားရတယ်။ ကြိုးကို လေးတိုင်စင်မှာ စက်သီး တပ်ပြီး တစ်ချက်ချင်း ဆောင့်ချရတာ။

တွင်းဝပေါ်လာတော့ မြေမပြိုအောင် သံပိုက်ကြီးထည့်ပြီး ရေထည့် ဆက်ဆောင့်ပေါ့။ ဒီလိုနဲ့ ပေ(၁၀၀) ကျော်လောက်တူးရတာ။ ကံကောင်းရင် တော့ ပေ (၁၀၀) အတွင်း ရေနံကြောကို မိတာပါပဲ။ ပေ (၁၅၀) အထိ ရေနံမထွက်ရင်တော့ လက်တွင်းသမားတွေက နောက်ထပ်တစ်တွင်း ပြောင်း တူးကြတာပါပဲ။ စက်သမားတွေကတော့ ပေ (၁၀၀၀) ကျော်ထိ တူးကြ တယ်''

''ရေနံကြောကိုမိတော့ကော ရေနံစိမ်း ဘယ်လောက်ရလဲဆရာ''

''အင်း . . . အဲဒါလည်း ကံပေါ်မှာ မူတည်ပြန်တယ်။ ရေနံကြော ကတော့ ရမ်းဗြဲကျွန်းတစ်ခုလုံးရဲ့ မြေအောက်မှာ ပင့်ကူမျှင်လို အနှံ့အပြား ရှိတယ်ဗျ။ ရေနံကြောမိရုံလောက်နဲ့တော့ အများအပြားမရနိုင်ဘူး။ (၄) (၅)ဂါလံလောက်ပဲ ရတတ်တာ။ ရေနံအိုင်ကိုမိပါမှ ပီပါ(၄၀)၊ (၅၀)ရတာ။

ကျွန်တော်တို့က လက်တွင်းဆိုတော့ ပိုက်က အဆုံးထိမရောက် ဘူးလေ။ စက်တွင်းကတော့ ပိုက်အဆုံးထိရောက်တော့ စက်နဲ့ စုပ်တင်နိုင် တာပေါ့။ လက်တွင်းကျတော့ ရေနံအိုင်ကိုမိတာနဲ့ သံကျည်တောက်ရှည် ကြီးကို ကြိုးတပ်၊ တစ်ပုံးချင်းဆွဲတင်ပြီး ပီပါထဲ ထည့်ရတာပေါ့။ တချို့တွင်း ကျတော့ ညဘက်စောင့်ပြီးမှ နေ့ဘက်ခပ်ယူရတာ။

ရေနံကြောက ကုန်းပေါ်ကမြေအောက်ထဲမှာ အနှံ့အပြားရှိပေမဲ့ တကယ့်ရေနံသိုက်နဲ့ ဓာတ်ငွေ့သိုက်ကတော့ ဘင်္ဂလားပင်လယ်ကြီးထဲမှာ ငုပ်လျှိုးနေတာဗျ။ ပင်လယ်ထဲမှာ တူးဖို့ကတော့ နည်းပညာနဲ့ ခေတ်မီစက် ကိရိယာပစ္စည်း၊ ငွေအင်အား အရင်းအနှီး အများကြီးလိုတာပေါ့ဗျာ။

အဲဒီကိစ္စကိုလည်း အစိုးရနဲ့ နိုင်ငံခြားကုမ္ပဏီတွေမှ လုပ်နိုင်ကြ မှာ။ ကျောက်ပြောက်ရွာနားမှာ နဂါးပွက်အိုင်ရှိတယ်ဗျ။ မီးတောင်လို ချော်





ရည်တွေထွက်နေတာ။ ကျွန်တော် အဲဒီနားမှာ ရေနံတွင်းတူးဖို့ ကြိုးစား ခဲ့တယ်။ ရွာခံတွင်းဆရာတွေက နတ်မကြိုက်ဘူးဆိုလို့ လက်လျှော့ထား ရတာ။

အဲဒီဒေသကလည်း ရတနာမြေဒေသလို မြေကြမ်း၊ ရေကြမ်းပဲ ဗျို့။ နတ်တွေကတော့ စုံနေတာပဲ။ မြန်မာနတ်တွေအပြင် အင်္ဂလိပ်မြင်းဖြူရှင် နတ်တောင် ပါသေးတယ်။ ရွာခံလူတွေကတော့ ရေနံမြေအရှင်ကြီးလို့ ခေါ် ကြတယ်။ သူကလည်း သူနဲ့ဆက်နွှယ် ပတ်သက်နေသူတွေကိုတော့ နည်း အမျိုးမျိုးနဲ့ အကျိုးပေးတတ်တယ်''

''ရေနံမြေအရှင်ကြီးက ဘယ်လိုဖြစ်ပြီး ဘယ်လိုမ,တာလဲဗျ။ လူ တွေကကော မြင်ဖူးကြသလား''

''အင်္ဂလိပ်ခေတ်က နယ်ပိုင်လို၊ B.O.C ကုမ္ပဏီက အရာရှိလိုလိုပဲ ဗျ။ ကျွန်းပေါ်မှာ အမဲလိုက်ရင်း ဝက်ပက်ခံရလို့သေပြီး နတ်ဖြစ်လာတာ ပြော ကြတာပဲ။ ကျွန်းပေါ်က လူအတော်များများ မြင်ဖူးကြသတဲ့။ သူနေတာက မြင်ဘုရင် စန္ဒာသူရိယမင်းစီးခဲ့ပြီး မင်းပြင်ရွာ တစ်ပိုင်း၊ ကျောက်နီမော်ရွာ တစ်ပိုင်းကျိုးပြီး ကျောက်ဖြစ်နေတဲ့ လှေပျက်ကြီးနား နေတာဆိုပဲ''

''ဝက်ပက်ရင်း သေတာဆိုတော့ ကျွန်းပေါ်မှာ တောနက်လို့လား ဆရာ။ နောက်ပြီး အင်္ဂလိပ်မြင်းဖြူရှင်နတ်လို့ ဘာကြောင့် ခေါ်ကြတာလဲ။ ဘယ်သူတွေကို အကျိုးပြုခဲ့တာလဲ''

''ရှေးခေတ်က ကျွန်းပေါ်မှာ တောအလွန်နက်သတဲ့ဗျ။ ဆင်တွေ၊ ကျားတွေ၊ ဝက်တွေ၊ သမင်, ဒရယ်တွေက ရခိုင်ရိုးမဘက်က ရေကူးပြီး လာ ကြတာတဲ့။ အဲဒီအချိန်က ကျွန်းပေါ်မှာ လူနေကလည်း အလွန်နည်းတယ် လေ။ ရေနံတောင်တစ်ဝိုက်မှာပဲ ရွာတည်ပြီး B.O.C ကုမ္ပဏီက ရေနံရှာတာ ကိုး။

အခုတော့လည်း တစ်ကျွန်းလုံးက တောကိုခုတ်ပြီး သစ်လုပ်တာ နဲ့ ရေနံချက်ရာမှ မီးထိုးဖို့ ထင်းခုတ်တာနဲ့ တောပြုန်းသွားပါပြီ။ အင်တိုင် ဆန်ဆန် တောကလေးတော့ ရှိပါသေးတယ်။ တောဝက်နဲ့ ချေ၊ ယုန်တောက် ရှိသေးသဗျ။ အထူးသဖြင့် တောကြောင်တွေတော့ အလွန်ပေါတာ။



www.burmeseclassic.com

www.burmeseclassic.com



တောဝက်တွေက အင်တိုင်းတောထဲမှာနေတာ မဟုတ်ဘူးဗျ။ လူတွေစိုက်ပျိုးထားတဲ့ ငှက်ပျောနဲ့သီးနှံပင်တွေကြားမှာ အသိုက်လုပ်ပြီး နေကြသတဲ့။ အဲဒီကျွန်းပေါ်မှာ ခြံကျယ်ကြီးတွေ၊ စိုက်ခင်းတွေ ရှိတယ်လေဗျာ။ အင်္ဂလိပ်မြင်းဖြူရှင်နတ်လို့ ခေါ်တာကလည်း သူ့ကို မြင်ဖူးတဲ့သူက ကာကီယူနီဖောင်းကြီးဝတ်၊ ဖော့ဦးထုပ်ကြီးဆောင်းပြီး အလွန်လှပတဲ့ မဒရပ်မြင်းဖြူကြီးကို စီးထားလို့ပဲ။

သူနဲ့ဆုံကြတဲ့သူတိုင်း လုပ်ငန်းအောင်မြင်လို့ မ,တယ်ဆိုပြီး အင်္ဂလိပ်မြင်းဖြူရှင်နတ်လို့ တစ်ကျွန်းလုံးက သတ်မှတ်ထားကြတာပါ။ ကျွန်တော်တို့ခေတ်မှာ ကြားဖူးတာတော့ ကျောင်းဆရာလေးတစ်ယောက်အကြောင်းပဲ။

သူက မင်းပြင်ရွာက ကျောင်းဆရာ။ မိသားစုက အလွန်ဆင်းရဲတယ်။ တစ်အိမ်လုံးလည်း သူ့လစာကိုသာ မှီခိုစားနေရတာကိုး။ အဆင်မပြေဘူးပေါ့ဗျာ။ တစ်နေ့မှာတော့ ကျောင်းဆရာကလေးဟာ ညနေ နေရီရီအချိန်မှာ ကျွန်တော် အစောပိုင်းကပြောခဲ့တဲ့ စန္ဒာသူရိယမင်းစီးခဲ့တဲ့ လှေပျက်ကြီးမှာထိုင်ပြီး ပင်လယ်ပြင်က နေဝင်ဆည်းဆာအလှကို ထိုင်ငေးပြီး မှိုင်နေတုန်း မြင်းခွာသံကြားတာနဲ့ မော့ကြည့်လိုက်မိသတဲ့။

အနောက်ဘက်ပင်လယ်ထဲကို ငုပ်လျှိုးစပြုနေတဲ့ နေလုံးနီနီကြီးနောက်ခံထားပြီး ပင်လယ်ကမ်းစပ်မှာ မြင်းဖြူကြီးစီးထားတဲ့ အင်္ဂလိပ်ကြီးတစ်ယောက်ကို မြင်ရသတဲ့။

ကျောင်းဆရာကလေးကလည်း အလွန်အံ့သြနေတုန်း အင်္ဂလိပ်ကြီးက မြင်းပေါ်ကနေ ကြိုးခွေကြီးတစ်ခွေ ပစ်ချပေးရင်း ကျောင်းဆရာလေးထိုင်နေတဲ့ ကန်သင်းရိုးအနောက်က လယ်ကွင်းအလယ်မှာ ရေနံတွင်းတူးဖို့ ခြေဟန်လက်ဟန်နဲ့ပြပြီး မြင်းကြီးကို ကဆုန်စိုင်းထွက်သွားသတဲ့။

ကျောင်းဆရာလေးလည်း ရွာပြန်ပြီး သူကြီးကို အကျိုးအကြောင်းပြောပြတော့ ရှေ့မီနောက်မီ အတွေ့အကြုံရှိဖူးတဲ့ ရွာသူကြီးက ရွာသူရွာသားတွေကို စုပေါင်းအကူအညီတောင်းပြီး ကျောင်းဆရာကလေးညွှန်ပြတဲ့ လယ်ကွင်းအလယ်မှာ ရေနံတွင်း(ကြိုးတွင်း) တူးတာ ပေ (၁၀၀) လောက်မှာပဲ ဖုန်းခနဲ ဓာတ်ငွေ့တွေပေါက်ပြီး ရေနံစိမ်းတွေ ပန်းထွက်လာတာ။





လယ်ကွင်းတစ်ခုလုံး ပြည့်လျှံသွားတာပဲတဲ့။ ဒါကတော့ ကျွန်တော်တို့ခေတ်မှာ လက်တွေ့ဖြစ်ရပ်ပါပဲ။ ချမ်းသာသွားတဲ့ ကျောင်းဆရာကလေးလည်း အခုအချိန်ထိ သက်ရှိထင်ရှား ရှိနေပါသေးတယ်''

''ဩော် . . . အတော်အံ့သြစရာ အဖြစ်အပျက်တွေပါပဲနော်။ ဆရာလည်း ကြုံဖူးပါသလား''

''ကျွန်တော်နဲ့တော့ ထိပ်တိုက်မကြုံဖူးသေးဘူးဗျ။ ကျွန်တော်ကလည်း တာဝန်နဲ့ဆိုတော့ စစ်တွေမှာပဲ အနေများတယ်လေ၊ ကျွန်းပေါ်က လုပ်ငန်းတွေကိုတော့ တပည့်လူယုံနဲ့ လွှဲထားတာ။ တစ်ခါတစ်ရံမှ သွားတာလေ''

''ဆရာ . . . ရေနံတွင်းတူးတာ အကျိုးကော ရှိရဲ့လား''

''အင်း . . . အခုအချိန်အထိတော့ မအောင်မြင်သေးဘူးဗျ။ ကျွန်တော်လည်း စစ်တွေပြန်ရောက်မှ တူးတာဆိုတော့ ပထမနဲ့ ဒုတိယကျင်းက မအောင်မြင်သေးဘူး။ အခု တတိယကျင်းကို တူးနေတာ၊ အဲဒါကြောင့် စနေ၊ တနင်္ဂနွေပိတ်ရက်မှာသွားကြည့်ဖို့ ဆရာ့ကို အဖော်စပ်တာပါ''

''ဒီလိုလုပ်ချင်တယ် ဆရာရယ်။ သောကြာနေ့ညနေ ညသဘော်စီးမယ်။ စနေနေ့ မနက်စောစောမှာ ကျောက်ဖြူကိုရောက်၊ ရမ်းဗြဲကျွန်းကို ကားနဲ့သွားရင် နေ့လယ်ပိုင်းမှာ ဖင်ချောင်းရွာကို ရောက်နိုင်တယ်မဟုတ်လား။

အဲဒီရွာမှာ တစ်ညအိပ်၊ နေ့လယ်ပိုင်းပြန်ထွက်လာရင် ကျောက်ဖြူကို ညနေရောက်၊ ညသဘော်ပြန်စီးရင် တနင်္လာနေ့ မနက်စောစော စစ်တွေပြန်ရောက်နိုင်တယ် မဟုတ်လား။ အလုပ်လည်း မပျက်တော့ဘူးပေါ့''

''ဆရာသိန်းဝင်းရဲ့ အစီအစဉ် ကောင်းပါတယ်။ ဒါပေမဲ့ ပင်ပန်းပြီး အိပ်ရေးပျက်လိမ့်မယ်နော်''

''ရပါတယ် . . . ဆရာ၊ ယောကျ်ားတွေပဲ။ ဒီထောင်က တာဝန်ပေါ့တော့ နေ့လယ်ပိုင်း၊ နေ့ခင်းလည်း အိပ်လို့ရပါတယ်။ တာဝန်ချိန်မှာ ထောင်ဝင်းထဲ Stand by ရှိနေဖို့ပဲ အရေးကြီးတာပါ''

www.burmeseclassic.com



သောကြာနေ့ညနေတွင် ကျွန်ုပ်တို့ ကျွန်းပတ်သင်္ဘောကြီးကို စီး၍ သွားကြသည်။ တစ်ညလုံးခုတ်မောင်းပြီး ကျောက်ဖြူသို့ မနက်စောစော ရောက်သည်။ ကျောက်တစ်လုံးဆိပ်ကမ်းမှ ကားငှားပြီး ဆက်ထွက်လာရာ ဂုံးရှိန်ရွာ၊ ရေနံတောင်ရွာ၊ မင်းပြင်၊ ကျောက်ပျောက်၊ ဝမြောင်၊ အုပ် ကျောက်ကလေးရွာတို့ကို ကျော်ဖြတ်ပြီး ဇင်ချောင်းရွာသို့ နေ့လယ်ထမင်း စားချိန်တွင် ရောက်သည်။

ကျွန်ုပ်တို့ နေ့လယ်စာစားကြရင်း ဆရာဝန်ဦးမင်းဟန်က သူ၏ ရေနံတွင်း အခြေအနေကို တွင်းဆရာအား မေးသည်။ အခြေအနေကောင်း ကြောင်း၊ ပေ (၁၀၀) ခန့်ရှိပြီဖြစ်ကြောင်း၊ ရေနံမြေမည်းမည်းကို တွေ့နေ ရပြီး ဓာတ်ငွေ့နံ့ပင်ရနေပြီဖြစ်ကြောင်း ပြောပြ၏။

ထိုနေ့ညက ကျွန်ုပ် ပင်ပန်းလွန်း၍ဖြင့် စားသောက်ပြီး တည်းခို အိမ်၌ အိပ်ပျော်သွားရာ စိတ်စွဲလမ်း၍လားမသိ အိပ်မက်မက်တော့၏။ အိပ် မက်ထဲတွင် ကာကီရောင်ယူနီဖောင်းဝတ်ပြီး ဖော့ဦးထုပ်ဆောင်း၍ မဒရပ် မြင်းဖြူကြီးစီးထားသည့် သေနတ်ကိုင်ထားသော အင်္ဂလိပ်ကြီးနှင့် တွေ့ သည်။

သူက ကျွန်ုပ်အား . . .

"လူကလေး . . . ဆရာဝန်ကို ပြောပါ။ မနက်ဖြန်မနက် တွင်း မတူးမီ ကျွန်ုပ်ကို အရက်နီတစ်လုံးနဲ့ ကြက်ကြော်ဆက်ပါ။ ရေနံတွင်း အောင်မြင်အောင် မ,မယ်"

ဟုပြောကာ မြင်းဖြူကြီးအား လွှားခနဲစီးပြီး ထွက်သွားသည်။

နောက်တစ်နေ့မနက်၌ ကျွန်ုပ်က ဆရာဝန်ဦးမင်းဟန်အား အိပ်မက် အကြောင်းပြောပြရာ သူလည်း ယုံကြည်စွာ ပ,သပါသည်။ ကျွန်ုပ်တို့ တူး လက်စ ရေနံတွင်းအနီးရောက်တော့ တွင်းအား ပတ်ချာလည်ဝိုင်း၍ စီး ထားသော မြင်းခွာရာများကို တွေ့ရသည်။

မြင်းခွာရာများမှာ အဝင်ခြေရာလည်း မမြင်ရ၊ အထွက်ခြေရာလည်း မတွေ့ရပါ။ ရေနံတူးသည့် လေးတိုင်စင်တွင်းဝကို ပတ်၍ အဝိုင်းပုံစံစီးထား သည့် ထူးဆန်းသော မြင်းခွာရာများဖြစ်သည်။။

---





တွင်းဆရာနှင့် တွင်းသားများက 'ခနံ့' ကြီးအား ကြိုးစတွင် တပ် ဆင်၍ တူးကြရာ ငါးချက်ဆောင့်ချသည်နှင့် 'ဖောက်' ဟူသော အသံကြားရ ပြီး တရှူးရှူးနှင့် ဓာတ်ငွေ့များ ပန်းထွက်လာတော့သည်။ တွင်းဆရာနှင့် တွင်းသားများမှာ ဝမ်းသာအားရ ဝိုင်းအော်ကြတော့သည်။

"အောင်ပြီ . . . အောင်ပြီ"

ဆရာဝန်ဦးမင်းဟန်မှာ ကျွန်ုပ်လက်အားဆွဲ၍ ဝမ်းသာအားရ နှုတ် ဆက်ပြီး . . .

"ဝမ်းသာလိုက်တာ . . . ဦးသိန်းဝင်းရယ်၊ ကျွန်တော် ခင်ဗျားကျေးဇူး တို့ မမေ့ပါဘူး။ အင်္ဂလိပ်မြင်းဖြူရှင်က ခင်ဗျားနဲ့ ပဋ္ဌာန်းဆက်တွေထင်ပါ ရဲ့ ကျေးဇူးတင်လိုက်တာဗျာ"

"ရေနံဓာတ်ငွေ့ပဲ ထွက်တာမဟုတ်လား ဆရာ"

"မဟုတ်ဘူး . . . ဆရာရဲ့၊ ဓာတ်ငွေ့အောက်မှာ ရေနံအိုင်ရှိတယ်။ ရေနံကြောမိရုံနဲ့ ဓာတ်ငွေ့ကန်အား ဒီလောက်မပြင်းဘူး။ တစ်နေကုန်ထွက် နေမှာ။ ညကျမှ အငွေ့သေပြီး တစ်ညလုံး သံကျည်တောက်နဲ့ ခပ်ကြရမှာ။ ကျွန်တော်တို့ အတွေ့အကြုံအရ ပြောတာပါ"

ရေနံတွင်းအောင်သဖြင့် ဆရာဝန်က ကျွန်ုပ်အား ဆွဲထားရာ ထို နေ့က စစ်တွေသို့ မပြန်ဖြစ်တော့ပါ။ ထိုနေ့ညနေက တွင်းသားနှင့် တွင်း ဆရာတို့ ရေနံခပ်ကြရာ နောက်တစ်နေ့မနက်၌ ရေနံပီပါ (၁၀)လုံးရသည်။

ကျွန်ုပ်ကိုလည်း ပြုစုကြသည်မှာ အလျှံပယ်ပင်။ နောက်တစ်နေ့ မနက်၌ ကျွန်ုပ်မပြန်မဖြစ်၍ ပြန်ရန်ပြင်ရာ ဆရာဝန်ဦးမင်းဟန်က ကားငှား သွားသည်။ သူကတော့ ပြန်မလိုက်နိုင်သေးပါ။ ကျွန်ုပ် တစ်ဦးတည်း ပြန်ရ သော်လည်း ကျွန်ုပ်ကျေနပ်ပါသည်။ အပေါင်းအသင်းတစ်ယောက် ရေနံတွင်း အောင်၍ သူဌေးဖြစ်တော့မည်ကိုတွေးပြီး ကြည်နူးနေမိပါတော့သတည်း။

တောင်မြို့ကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




[၁]

❑

'အကြံအဖန်'ဆိုသော စကားမှာ ထောင်တွင်းမှလာသော ဗန်းစကားဖြစ်သည်။ ယနေ့ခေတ် လူငယ်များနှုတ်ဖျားမှာ ရေပန်းစားပြီး သုံးစွဲနေကြသော ဖိုးတွမ်တီး (လူလိမ်)၊ ပုံပြောသည်၊ လုံးတီးစကားပြောသည်။

ထောင်တွင်း၌ အချုပ်ကျ၊ အကျဉ်းခံနေရစဉ် သက်သာရာ သက်သာကြောင်းအတွက် အခန်းလူကြီးကို ဘာပေးမည်၊ ညာပေးမည်ဟု အချိုသပ်ပြီး အခွင့်အရေးတောင်းကာ ထောင်ကလွတ်သွားတော့ လှည့်မကြည့်တော့ဘဲ စကားဆိုသူများကို ပြောခြင်းဖြစ်သည်။

ထို့အတူ ဘတ်လိုက်သည်၊ ဖွဲ့လိုက်သည်၊ တိုလိုက်သည်၊ ဝိုက်လိုက်သည်၊ ရှိုးလိုက်သည်ဆိုသည့် စကားများအပြင် ထမင်းဆွဲသည် (စားသည်)၊ ထိုင်းဝင်သည် (လာဘ်ပေးသည်) ဆိုသော စကားများမှာလည်း ထောင်တွင်းမှလာသော စကားများပင် ဖြစ်ကြသည်။

အားလပ်ချိန်ရတိုင်း မြန်မာစကား ပေါရာဏ၊ ဝေါဟာရတို့ကို မြိုင်ဆင်၍ အသစ်စကားလုံးဆန်းများ တီထွင်ကြသည်မှာ အစဉ်အဆက်က ထောင်သားများဖြစ်ကြပါသည်။

---
စိတ်ကူးသစ်စာပေ

www.burmeseclassic.com



လူစုံ၊ တက်စုံ၊ ကောင်းမှု၊ မကောင်းမှု အတတ်မျိုးစုံကို အားလပ်ချိန်ရတိုင်း ဆင်ကြံကြံနေကြသည်မှာ ထောင်တွင်း၌ အချုပ်အနှောင်ခံနေရသော အချုပ်သား၊ အကျဉ်းသားအများစုပင် ဖြစ်သည်။

ထောင်တွင်း၌ ပစ္စည်းနှင့် အစားအသောက်ကို လဲလှယ်ခြင်း ဆေးလိပ်ကို ငွေကြေးအဖြစ်တန်ဖိုးထား၍ လိုအပ်ရာပစ္စည်းချင်း လဲလှယ်ခြင်း၊ ထောင်ဝင်စာသွင်းယူလာသော အသားဟင်းများကို ထောင်တွင်းတောင်ယာမှရရှိသည့် အသီးအရွက်၊ အပွင့်၊ ဥတို့ဖြင့် အဆောင်အနောက်ဘက် လူသွားလူလာနည်းသော မိလ္လာချောင်တွင် အကြံအဖန်လုပ်၍ နှပ်ချက်စားကြခြင်း၊ (ထောင်တွင်း၌ ထမင်းဟင်းချက်သော ဖိုကြီးမှလွဲ၍ ထောင်တွင် မီးဖိုခွင့်မပြု)။

အလုပ်ဘက်ဌာနမှ အလေအလွင့် ကျွန်းသစ်ပြားအပိုင်းအစများအား သုံးမြောင့်ပုံ စူးချွန်ဖြင့် မျက်နှာနှစ်ဖက် ပွတ်စူးထိုးလိုက်လျှင် အပေါက်ပါသော အစာလုံးကလေး ရလာသည်။ ထိုအစာလုံးကလေးအား ရက်ကန်းဌာနမှ အလေအလွင့် ချည်စကလေးများအား ကျစ်၍ ဖွတ်မြီးထိုးလိုက်လျှင် ကြိုးပုတီးလုံးကလေးများ ရရှိလာပါသည်။

(၁၀၈) လုံးပြည့်သည်နှင့် သီကုံးလိုက်လျှင် နာမည်ကျော်ထောင်တွင်းလုပ် ကြိုးပုတီးကလေးအား ရရှိလာပါသည်။ ထိုပုတီးကုံးအား လက်သမားဌာနမှပေါလစ်ရည်ကို ခိုးယူ၍ အထပ်ထပ်အရောင်တင်ပြီး နေလှန်းလိုက်ပါက ဖလှယ်ရေးကိရိယာ (ထောင်ဒေါ်လာ) ဖြစ်လာသည်။ လက်ရာ အနုအကြမ်း၊ အကြီးအသေးအရ တန်ဖိုးသင့်ပြီး ငွေကြေးအဖြစ် သုံး၍ ရောင်းဝယ်နိုင်သည်။

နောက်တစ်မျိုးမှာ ထောင်ဝင်စာထည့်လာသည့် ပလတ်စတစ်အိတ် အမျိုးမျိုးအား လိမ်ကျစ်၍ အမှုင်ပြုလုပ်ပြီး အိတ်အမျိုးမျိုးထိုးသည့်လုပ်ငန်း၊ ရက်ကန်းဌာနမှ ချည်စဖြင့် စွပ်ကျယ်အင်္ကျီထိုးခြင်း၊ အနွေးထည် (သိုးမွေး)များအား ဖျက်၍ လွယ်အိတ်ထိုးခြင်း၊ ထောင်တွင်း၌ ထမင်းစားရန် ထုတ်ပေးထားသော ဒန်ပန်းကန်၊ ဒန်ခွက်အစိတ်အပိုင်းများနှင့် သွားတိုက်





သွားပွတ်တံအရိုးတို့အား မြေတွင်းတူး၍ အရည်ကျိုပြီး လက်ဝတ်တန်ဆာလာများလုပ်ခြင်း စသဖြင့် လက်မှုပညာနည်းပေါင်းစုံအပြင် ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)ကို ပြောင်းပြန်လှန်၍ ရေထည့်ကာ ဖယောင်းတိုင်သုံးတိုင်ဖြင့် ရေနွေးကျိုခြင်း၊ စီးကရက်ဖင်စီခံကို မီးအပူပေး၍ အပြားလုပ်ပြီး ကျောက်ဖြင့်သွေး၍ ဘီးပြုလုပ်ခြင်း၊ မုန်လာဥနီအရွက်ကို အခြောက်လှမ်းပြီး ဆေးလိပ်အတွင်းမှ ဆေးရိုးများကိုထုတ်ကာ ထည့်သွင်း၍ ဆေးခြောက်အဖြစ် ရှူကြခြင်း၊ လက်သမားဌာနမှ ပေါလစ်အရည်ထဲ ဆားခတ်၍ ချိတ်များအနည်ထိုင်သွားလျှင် အပေါ်ယံအရည်ကြည် (အရက်ပျံ)ကို အရက်အဖြစ် သောက်သုံးကြခြင်းစသဖြင့် လူစုံတက်စုံ ပညာသည်ပေါင်းစုံသော ထောင်တွင်း၌ အကြံအဖန်ကို အမျိုးမျိုးလုပ်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၂

❑

ယခုဖော်ပြမည့် ဇာတ်လမ်းကတော့ ထောင်ဥပဒေနှင့် ဆန့်ကျင်သော အကြံအဖန်ဇာတ်လမ်းဖြစ်သဖြင့် သက်သေခံပစ္စည်းနှင့်အတူ ကာယကံရှင်များအား အရေးယူအပြစ်ပေးခဲ့ရသော ဇာတ်လမ်းတစ်ခုဖြစ်ပေသည်။

စနေနေ့တစ်နေ့ နေ့လယ်ခင်းအချိန်တွင် ကျွန်ုပ်၏ အိပ်ဆောင်အမှတ် (၂)ရှိ အချုပ်ရုံးခန်း၌ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ နောက်ဆုံးသုံးသပ်ချက်အား အဖွဲ့ဝင်ထောင်မှူးနှစ်ဦးနှင့်အတူ တိုင်ပင်ရေးသားနေစဉ် ဘူးဝ၊ ထောင်ပိုင်ကြီးရုံးခန်းမှ အော်ဒလီ မောင်မှတ်ချောင်းကပ်၍ အိပ်ပျော်နေရာမှ နိုးထလာဟန်ဖြင့် အချုပ်ရုံးခန်းအတွင်းသို့ အိပ်မှုန်စုံမွှားဖြင့် ဝင်ရောက်လာသည်။

''မောင်မှတ် ... ဘာကိစ္စလဲကွ''

ကျွန်ုပ်က မေးရာ ...

''မသိဘူး ... ဆရာ၊ ထောင်ပိုင်ကြီးက ဆရာ့ကို ရုံးခန်းခဏလာခဲ့ပါတဲ့''

''အရေးကြီးသလားကွ''





''အရေးကြီးပုံတော့ မရပါဘူး ဆရာ။ သတင်းစာဖတ်နေရင်းက ကျွန်တော့်ကို ခေါ်ခိုင်းတာပါပဲ။ ကျွန်တော်လည်း ထမင်းစားပြီး ခဏမှေးနေတုန်း ထလာရတာ''

''မောင်မှတ်တို့ပဲ ကောင်းပါတယ်ကွာ။ ဘာတာဝန်မှ ကြီးကြီးမားမားမရှိဘူး။ ထောင်ပိုင်ကို ရေနွေးကြမ်းငှဲ့ပေးရုံ၊ ပန်းကန်ဆေးပေးရုံ၊ လူခေါ်ပေးရုံ သက်သက်ပဲနော်''

''ဟာ ... ဆရာကလည်း ကျွန်တော့်ရဲ့ရာထူးကို မနာလိုဖြစ်နေပြန်ပါပြီ။ ထောင်ပိုင်အစဉ်အဆက် အော်ဒလီလုပ်လာတာ နှပ်ပြီပေါ့ ... ဆရာရယ်။ တစ်ခါတလေ ထောင်ပိုင်တွေစားတဲ့ အစားအစာကောင် စားရသေးတယ်။ ကော်ဖီ၊ လက်ဖက်ရည်၊ စီးကရက်၊ မုန့်တွေဆိုတာ အလျှံပယ်ပေါ့ဗျာ။ ဟဲ ... ဟဲ ... ဟဲ ...''

မောင်မှတ်မှာ သူ၏ အော်ဒလီရာထူးအား အတော်သဘောကျကျေနပ်နေဟန်တူပါသည်။ ဖင်ပေါ့သော၊ အလိုက်သိသော မောင်မှတ်အား ထောင်ပိုင်အဆက်ဆက် အသုံးပြုလာရာ အသက်ပင် (၄၀) ကျော် စပြုပါပြီ။

ကျွန်တော်တို့ထက် အသက်ကြီးသော်လည်း သေးသေးကွေးကွေး လူဖလံလေးဖြစ်သော မောင်မှတ်အား နှုတ်ကျိုးနေသဖြင့် ဦးမှတ်ဟုမခေါ်ဘော့ဘဲ မောင်မှတ်ဟုပင် အလွယ်ခေါ်နေကြသည်။ မောင်မှတ်မှာ ထောင်ပိုင်ကြီးရုံးခန်းမှ ဒုတပ်ကြပ်အဆင့်ရှိသူဖြစ်သော်လည်း အဆင့်အားလုံးဖြင့်ရင်းနှီးကျွမ်းဝင်ပြီး သင့်တင့်အောင်ပေါင်းတတ်သဖြင့် ထောင်တွင်း၌ လူချစ်လူခင်များသူတစ်ဦးလည်း ဖြစ်ပေသည်။

ကျွန်ုပ် ချက်ချင်းပင် လုပ်လက်စ အစီရင်ခံစာသုံးသပ်ချက်အား အဖွဲ့ဝင်ထောင်မှူးနှစ်ဦးထံ လွှဲခဲ့ပြီး မောင်မှတ်နှင့်အတူ ဘူးတံခါးဝ၊ ထောင်ပိုင်ကြီးရုံးခန်းသို့ ထွက်ခဲ့ကြတော့သည်။

ဘူးတံခါးတွင်းရောက်ပြီး လက်ယာဘက်မှ ထောင်ပိုင်ကြီးရုံးခန်း၏ ဆင်နားရွက်တံခါးလေးအား တွန်းဖွင့်ဝင်ခဲ့ပြီးနောက် ထောင်ပိုင်ကြီးအား အလေးပြုရာ ထောင်ပိုင်ကြီး ဦးအီမဂ္ဂနန်းက ...



www.burmeseclassic.com

www.burmeseclassic.com



''ထိုင်ပါ ... ဦးသိန်းဝင်း၊ မနက်ဖြန် တနင်္ဂနွေနေ့မဟုတ်လား။ ထောင်ကျအိပ်ဆောင် အမှတ်(၄)ကို မနက်ဖြန်မနက် ထောင်ဖွင့်လူပေါင်းစာရင်းယူပြီးတာနဲ့ တလာစီ (ရှာဖွေစစ်ဆေးခြင်း) ချင်တယ်။ အဲဒါ ခင်ဗျားဦးဆောင်ပြီး စီစဉ်ပါ။ ဖောက်ထွင်းဝိဇ္ဇာ မြကြီးတို့အခန်းကို အထူးရှာဖွေပါ။ သတင်းရထားတယ်''

''ဘိန်းလား၊ ဆေးခြောက်လား ... ထောင်ပိုင်ကြီး''

''မဟုတ်ဘူး။ ငွေ ... ပိုက်ဆံတွေ။ ဒီကောင်တွေ မသမာနည်းသုံးပြီး ထောင်ထဲကို အဖွဲ့နဲ့ သွင်းနေကြတယ်လို့ သတင်းရထားတယ်''

''ဟုတ်ကဲ့ ... ထောင်ပိုင်ကြီး''

ကျွန်ုပ် ထောင်ပိုင်ကြီးအား အလေးပြုနှုတ်ဆက်ပြီး အချုပ်ရုံးခန်းသို့ ပြန်ခဲ့ပါသည်။ မနက်ဖြန် ကျွန်ုပ်အားလပ်ရက် တနင်္ဂနွေနေ့ဖြစ်ပြီး စနေအားလပ်ရက်ယူမည့် ထောင်မှူးကြီး ဦးလှမြင့်တို့ ထောင်ဖွင့်အလှည့်ဖြစ်သော်လည်း ထောင်ပိုင်ကြီးမစ္စတာမဂ္ဂနန်းက ကျွန်ုပ်အား တာဝန်ပေးသဖြင့် ထောင်ဖွင့်ဝင်၊ ရှာဖွေရေးလုပ်ပြီးမှ နားရမည့်သဘောဖြစ်သည်။ (၂၄) နာရီ တာဝန်ရှိသူတွေမို့ အတွန့်မတက်ရပါ။ Duty is duty. ပင်ဖြစ်ပါသည်။

အချုပ်ရုံးခန်းရောက်တော့ အဖွဲ့ဝင်များ ရေးသားထားသော ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်အစီရင်ခံစာအား အသေးစိတ် ပြန်လည်စစ်ဆေးပြီး လက်နှိပ်စက်တင်ခိုင်းရတော့သည်။ ညနေထောင်ပိတ်ချိန်နီးမှ လက်နှိပ်စက်အချော ရိုက်ပြီးသည်။ အဖွဲ့ဝင်များအား ကိုယ်စီလက်မှတ်ထိုးစေပြီး သက်သေနှင့်တကွ တရားခံတစ်ဦးချင်း စစ်ဆေးချက်မှတ်တမ်းများဖြင့် တွဲ၍ စာအုပ်ချုပ်ခိုင်းရသည်။ တနင်္လာနေ့တွင် အကျဉ်းဦးစီးဌာန ဒုညွှန်ချုပ်ကြီးထံတွင် တင်ပြရမည်ဖြစ်ပေသည်။

ထောင်ပိတ်ချိန်တွင် ကျွန်ုပ် အိပ်ဆောင်အမှတ် (၄)သို့ မသိမသာသွားရောက်လေ့လာလိုက်သည်။ ဖောက်ထွင်းဝိဇ္ဇာ မြကြီးတို့အခန်းမှာ အောက်ထပ် အစွန်ဆုံးအမှတ် (၄)အခန်းဖြစ်သည်။ မြကြီးတို့အဖွဲ့က အခန်းအနောက် အုတ်နံရံအနီးတွင် စုထိုင်နေကြပြီး စကားပေါင်ဖွာပေါင်ဖွာ ပြောနေကြသည်။

---

စိတ်ကူးသစ်စာပေ



ကျွန်ုပ် အခန်းရှေ့ရောက်သည်နှင့် စကားသံများ တိတ်သွားသည်။ မြကြီးတို့အခန်းတွင် ကျွန်ုပ်၏တပည့် ကုလားပုဏ္ဏားတင်ဦးရှိသည်။ ယနေ့နောက်မှဖြင့် ရုံးထွက်ရသဖြင့် အခန်းထဲ၌မရှိပါ။ ကုလားပုဏ္ဏားတင်ဦးကလည်း အစွမ်းထက်သော တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာတစ်ဦးဖြစ်သည်။ အမှုများ များလွန်းသဖြင့် မကြာခဏ ရုံးထွက်နေရသည်။ တစ်ခါတစ်ရံ နယ်ရုံးများသို့ပင် ညအိပ် ရုံးထွက်ရတတ်သေးသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃]

❑

ကျွန်ုပ် မိန်းဂျေး(Main Jail) သို့ပြန်ခဲ့ပြီး ပုဏ္ဏားတင်ဦး၏ ရုံးပြန်ကိုစောင့်ရင်း ရေနွေးကြမ်းသောက်နေမိသည်။ မကြာမီ ပုဏ္ဏားတင်ဦးတို့ ရုံးပြန်အဖွဲ့ ရောက်ရှိလာပြီး မိန်းဂျေးရှေ့တွင် အစစ်ဆေးခံရန် ထိုင်ကြပါသည်။ ရုံးပြန်စစ်ဆေးခြင်းကို ဘူးတံခါးကြီးတွင် တစ်ကြိမ်၊ ဘူးတံခါးအတွင်း၌တစ်ကြိမ်၊ မိန်းဂျေးရှေ့၌တစ်ကြိမ်၊ သုံးကြိမ်လုပ်ပါသည်။

ကျွန်ုပ် ပုဏ္ဏားတင်ဦးအား မျက်ရိပ်ပြ၍ ခေါ်ပြီး မိန်းဂျေးအရှေ့တိုက်ဝင်းအတွင်းဝင်ပြီး မေးမြန်းရတော့သည်။

''ပုဏ္ဏားရေ . . . မေးစရာရှိလို့ကွ''

''ဆရာ . . . ကျွန်တော်နဲ့ ပတ်သက်လို့လား''

'''မင်းကလည်း အိုးမလုံ အုံပွင့်နေပြန်ပါပြီ။ မြကြီးတို့နဲ့ပတ်သက်လို့ မေးချင်တာပါကွာ''

''ဆရာ . . . မြကြီးတို့အဖွဲ့ ဘာလုပ်လို့လဲ။ အေးအေးဆေးဆေးပါပဲ။ စားဝတ်နေရေးအတွက် အကြံအဖန်ကလေး ဘာလေး လုပ်ကြမှာပေါ့''





''အေး . . . အဲဒီ အကြံအဖန်ကိစ္စမေးချင်လို့ မင်းကိုခေါ်ရတာ။ မင်းက ငါ့တပည့်ရင်းပဲ။ တည့်တည့်ပဲ ပြောတော့မယ်။ ဒီကောင်တွေ အုပ်စုနဲ့ ထောင်ထဲ ငွေတွေသွင်းနေတယ်ဆို။ အဲဒါ မင်းသိသလား''

''ဒီကောင်တွေ ငွေရှင်နေတာတော့ အမှန်ပဲဆရာ။ အသေးစိတ်တော့ ကျွန်တော် မသိသေးဘူး။ ကျွန်တော်လည်း နောက်မှုတွေ တစ်ခုပြီးတစ်ခုပေါ်လာတော့ နေ့စဉ်လိုလို ရုံးထွက်နေရတာ။ တစ်ခါတစ်ရံ နယ်ရုံးထွက်တောင် ပါသေးတယ်။ အမှုစစ်တာမပြတ်လို့ ရဲအချုပ်ခန်းတွေမှာတောင် ညအိပ်ရတာ ဆရာအသိပဲလေ။ ဒါကြောင့် မြကြီးတို့ကိစ္စ ကျွန်တော် မသိတာပါ''

''အေးပါ . . . အဲဒီကိစ္စတွေ ငါသိပါတယ်။ ငါသိချင်တာက ဒီကောင်တွေ ငွေတွေကို ဘယ်နား ဝှက်ထားသလဲဆိုတာပဲ။ အဲဒါ မင်း အခုညအိပ်ဆောင်ဝင်တာနဲ့ အသေးစိတ် သေချာအောင် လေ့လာပါ။ မနက်ဖြန်မနက် တလာစီမယ်။ မင်းငါ့ကို မျက်ရိပ်ပြပြီး အချက်ပေး။ မပေါက်ကြားစေနဲ့။ ပေါက်ကြားရင် မင်းပြစ်ဒဏ်တိုက်ထဲ ပြောင်းပေးရော့''

''ဟုတ်ပ . . . ဆရာသမားကတော့ တပည့်ရင်းကို တိုက်ထဲတွန်းနေပြန်ပါပြီ။ ဆရာ့သတင်းသာ မှန်ပါစေ။ ကျွန်တာ တပည့်ကြီးတာဝန်ထားပါ။ ကျွန်တော်လည်း ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ပဲဟာ တစ်ညလေ့လာလိုက်ရင် ဖြစ်ပါတယ်။ ကိစ္စအောင်မြင်ရင်တော့ တပည့်ကြီးကို ကြည့်ရှုပြီး . . . ဆရာ။ ဒီတစ်ခါ ကျွန်တော့်အမှုတွေက ကွင်းဆက်ချိတ်မိနေလို့ ထောင်ကျဖို့ သေချာနေပါတယ်''

''ဘာလဲ မင်းက အပေးအယူလုပ်တာလား။ ငါ အမြဲတမ်း မင်းကို အပ်တာတွေကို ကူညီနေတာ မင်းသိရက်သားနဲ့ကွာ''

''ဟုတ်ပါတယ် . . . ဆရာ။ တပည့်ကြီးက ဆရာ့အားကိုးပြီး အကူအညီတောင်းမိတာပါ။ ကျွန်တော် ကျေးဇူးမမေ့တတ်ပါဘူး ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



''လုံးတီးထမင်းစားပြီး လုံးတီးစကား ပြောတာလား။ ဒီကိစ္စ အောင်မြင်ရင် မင်းကို လျှော့ရက်များများရအောင် ငါ ထောက်ခံပေးမယ်''

''ကျေးဇူးတင်ပါ့ . . . ဆရာ၊ စိတ်ချပါ။ ကျွန်တော် နေရာပြပေးမယ်။ ပေါ်တင်ကြီးတော့ မဟုတ်ဘူးနော် ဆရာ။ ကျွန်တော့် မျက်ရိပ်မျက်ခြည်ကဲတွေကို စောင့်ကြည့်နေပါ''

''အေး . . . အေး . . . ကောင်းပြီ''

✿ ✿ ✿

## | ၄ |

❑

တပည့်ကျော် ပုဏ္ဏားတင်ဦးနှင့် လက်ဝါးချင်းရိုက် စီစဉ်ပြီးနောက် ထောင်ပိတ်လူပေါင်းစာရင်း ယူရပါသည်။ အဆင်ပြေသည်။ အမှားအယွင်း မရှိပါ။ ရုံးထုတ်၊ ရုံးပြန်၊ လွတ်လူ၊ ထောင်ကျ၊ ထောင်ပြောင်း၊ စခန်းထွက် စာရင်းများ ကိုက်ညီသဖြင့် ညဥ့်ခုနစ်နာရီတွင် ထောင်ပိတ်ပြီးစီးသည့် ထုံးစံ အတိုင်း ထောင်ပိုင်ကြီးထံသို့ တယ်လီဖုန်းဖြင့် သတင်းပို့ရာ ထောင်ပိုင်ကြီး က မနက်ဖြန်မနက် တလာစီရာတွင် အမိအရ အသေအချာလုပ်ဆောင် ရန် ထပ်မံသတိပေးသည်။

ထောင်ပိတ်ပြီးစီးသဖြင့် အိမ်ပြန်နားခွင့်ရပါသည်။ မိသားစု စုံညီ စွာဖြင့် ညစာစားကြပြီးနောက် ဘုရားဝတ်ပြု၊ စာအနည်းငယ်ဖတ်ပြီး အိပ်ရာ ဝင်ခဲ့ပါတော့သည်။

နောက်တစ်နေ့ တနင်္ဂနွေနေ့ မနက်ငါးနာရီတွင် ထောင်ဖွင့်ဝင်ရပြီး နောက်ခြောက်နာရီတွင် ထောင်ဖွင့်၍ ပြီးစီးသည်။ အခြားအဆောင်ကို ဖွင့် ပေးသော်လည်း အိပ်ဆောင်အမှတ် (၄)ကို ပိုက်စိပ်တိုက် တလာစီကြပါ သည်။

တလာစီချိန်တွင် အကျဉ်းသားများအား ပုံစံထိုင်ခိုင်းပြီး အခန်း သူကြီးနှင့် အခန်းစာရေးတို့အား သက်သေခေါ်ကာ လူတစ်ဦးချင်း ရှာဖွေ

www.burmeseclassic.com



ရေးပြုလုပ်၍ တန်းစီထိုင်နိုင်းရသည်။ ပြီးနောက် တစ်ဦးချင်း၏ပိုင်ဆိုင်သော အိပ်ရာလိပ်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများအား ဝန်ထမ်းအဖွဲ့ဖြင့် စေ့စပ်သေချာစွာ ရှာဖွေရေး ပြုလုပ်ရသည်။

အခန်းအနံ့၊ နေရာအနှံ့၊ ဘာယာတန်းကြား၊ မျက်နှာကြက်ခေါင်မိုး၊ ကြမ်းခင်းပါမကျန် ရှာဖွေရခြင်းဖြစ်သည်။ ကြမ်းခင်းမှာ သံတလင်းဖြစ်ပြီး ဖျာကြမ်းသာ ခင်းထားသောကြောင့် ပစ္စည်းဝှက်ရန် နေရာမရှိပါ။ ဖျာကြမ်းကိုလည်း သိမ်းဆည်း၍စုပုံပြီး ကြမ်းခင်းကိုရှာသည်။ အက်ကွဲရာပင် မရှိပါ။

ကျွန်ုပ်ဦးဆောင်သော ရှာဖွေရေးအဖွဲ့က (၄)ဆောင်၊ အောက် (၄) ခန်းအား ပိုက်စိပ်တိုက် အသေအချာရှာသည်။ သတင်းရထားသည့် ငွေကြေးမပြောနှင့် အကျဉ်းထောင်လက်စွဲဥပဒေ အပိုင် (၃၇၃) အရ တားမြစ်ပိတ်ပင်ထားသော ပစ္စည်းတစ်စုံတစ်ခုကိုပင် မတွေ့ရပါ။ ထောင်ပိုင်ကြီး သတင်းအရ မှားပြီထင်ပါသည်။

မြကြီးတို့အဖွဲ့အား စောင်းငဲ့ကြည့်ရှုရာ အောင်မြင်သော မျက်နှာပေးဖြင့် ပြုံးစိစိ ဖြစ်နေကြသည်။ ကျွန်ုပ် မကျေနပ်နိုင်ပါ။ ထောင်ပိုင်ကြီးက သတင်းပေး၍ ထောင်မှူးကြီးတစ်ယောက်လုံးက ပစ္စည်းရှိလျက် မတွေ့ခဲ့ပါလျှင် ကျွန်ုပ်၏ရာဇဝင် ရိုင်းပေရော့မည်။

နောက်ဆုံး သတိရ၍ ပုဏ္ဏားတင်ဦးအား ရှာဖွေကြည့်ရှုမိတော့မှ တပည့်မှာ ခေါင်းကုတ်သလိုလိုဖြင့် အခန်းအနောက်ဘက် အုတ်စီနံရံကို ညွှန်ပြနေပါတော့သည်။

''ဟုတ်ပါပြီ၊ သိပါပြီ''

အုတ်စီနံရံမှာ နှစ်ပေါင်းရာချီနေသဖြင့် အင်္ဂတေများ ကွာကျပြီး အုတ်နီခဲများပေါ်နေရာ ထုံးဖြူသုတ်ထားသည်။ ကျွန်ုပ်ကိုယ်တိုင် အနောက်ဘက် အုတ်နံရံအား စစ်ဆေးကြည့်ရှုသည်။ အုတ်နံရံအား ဆေးဖြူသုတ်ထားခြင်းမှာ အရာမယွင်းပါ။

မကျေနပ်သေး၍ အုတ်ခဲတစ်လုံးချင်းအား အသေးစိတ် ထပ်မံစစ်ဆေးရာ လတ်လတ်ဆတ်ဆတ် ထုံးသုတ်ထားသော အုတ်ခဲတစ်လုံးအား





စစ်ဆေးတွေ့ရှိတော့သည်။ လက်ဖြင့်တွန်းကြည့်ရာ လှုပ်သွားသဖြင့် အသင့်ပါလာသည့် အိမ်သော့တံဖြင့် ကန့်လန့်၍ ခွာကြည့်ရာ အုတ်ခဲမှာ အလိုက်သင့် ပြုတ်ထွက်လာသည်။

ဂလိုင်ပေါက် ပြုလုပ်ထားခြင်းဖြစ်၍ အထဲတွင် အတော်ကျယ်ဝန်းသည်။ အစီအရီထည့်သွင်းထားသော ကျပ်တစ်ရာတန် ပိုက်ဆံအုပ်များအား အများအပြား တွေ့ရသည်။ ကျပ်တစ်သိန်းကျော်ခန့် ရှိပါလိမ့်မယ်။ ထိုစဉ်က ကျပ်ငွေတစ်သိန်းမှာ ဖယ်မလီယာကားနှစ်စီး ဝယ်နိုင်ပါသည်။ အခန်းလူကြီး၊ အခန်းစာရေးတို့အားခေါ်၍ သက်သေထူပြီး ပိုင်ရှင်ဖော်ခိုင်းရပါတော့သည်။

အခန်းလူကြီးက အော်သည်။

''ဒါ ဘယ်သူ့ပစ္စည်းတွေလဲဟေ့''

အာဂကောင်တွေဖြစ်သည်။ နှစ်ခါ မအော်ရပါ။ မြကြီး တန်းစီထိုင်နေရာမှထ၍ . . .

''ကျွန်တော့်ပစ္စည်းပါ ဆရာ''

''မင်းတစ်ယောက်တည်း ပိုင်တာလား''

''ဟုတ်ပါတယ် ဆရာ''

''မလိမ်ပါနဲ့ . . . မြကြီးရာ။ မင်းတစ်ယောက်တည်း လုပ်လို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ မင်းမှာ အဖွဲ့ရှိပါတယ်။ အေးအေးဆေးဆေး စဉ်းစားပြီးမှ ပြောပြပါလားကွ။ ငါ့အကြောင်းလည်း မင်းသိရဲ့သားနဲ့။ မပိုင်ရင်၊ သေချာရင် ဘယ်တော့မှမလုပ်ဘူး။ မင်းကို ငါ အတတ်နိုင်ဆုံး ကူညီမှာပါ''

ထိုစဉ် တန်းစီထိုင်နေသူ အုပ်စုထဲမှာ လေးဦးထပ်၍ မတ်တတ်ရပ်သည်။ သူတို့လည်း ပါသည်ပေါ့လေ။ ယဉ်မောင်၊ တင်ထွေး၊ ကုလားနှင့် ခင်သူတို့ဖြစ်ကြသည်။ မြကြီး၏အဖွဲ့ဝင်များ ဖြစ်ကြသည်။

''အေး . . . ယောက်ျားတွေပဲကွ၊ လုပ်ရဲရင် ခံရဲမှာပေါ့။ မင်းတို့အခွဲ့ကို ငါချီးကျူးတယ်။ ငါ အတတ်နိုင်ဆုံး အကူအညီပေးမယ်၊ ကြားလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ"

သိမ်းဆည်းရမိသော ငွေများအား အိတ်တစ်လုံးထဲထည့်၍ တရားခံငါးဦးအား မိန်းဂျေး(Main Jail)သို့ ခေါ်ဆောင်ခဲ့ပါသည်။ မိန်းဂျေး၌ ထောင်ပိုင်ကြီးလည်း ရောက်ရှိနေပါပြီ။

ထောင်ပိုင်ကြီးအား ကျွန်ုပ်အလေးပြု၍ သိမ်းဆည်းရမိသော ငွေများနှင့် တရားခံငါးဦးအား အပ်နှံပါသည်။ ဖြစ်စဉ်ကိုလည်း အကျဉ်းချုံး၍ သတင်းပို့လိုက်သည်။

ထောင်ပိုင်ကြီးက ...

"ဦးသိန်းဝင်း .. တော်သဗျာ။ ခင်ဗျားကို ဆုချရဦးမယ်။ တရားခံတွေကို တိုက်ထောင်မှူးဦးသိန်းရွှေလက်ကို အပ်။ ပြစ်ဒဏ်တိုက် တစ်ခုပိတ်၊ ငွေတွေကို အဖွဲ့နဲ့ရေတွက်ပြီး သိမ်းဆည်းရမိ ငွေစာရင်းခေါင်းစဉ်နဲ့ ဘဏ်အပ်ပါ။ ဦးသိန်းဝင်းရေ ... ခင်ဗျား နားရက်မှန်း ခုမှ ကျွန်တော်သိတယ်ဗျာ ... ဆောရီးပဲ"

"ကိစ္စမရှိပါဘူး ... ထောင်ပိုင်ကြီး"

ကျွန်ုပ် ထောင်ပိုင်ကြီးအား ထပ်မံအလေးပြုပြီး တရားခံငါးဦးအား တိုက်ထောင်မှူးလက်သို့အပ်ပြီး အဖွဲ့နှင့်ငွေများကို ရေတွက်ပါသည်။ ကျွန်ုပ်ခန့်မှန်းသလိုပင် ကျပ်ငွေတစ်သိန်းကျော်ပါသည်။ ငွေများအားထောက်ပံ့ရေး ထောင်မှူးကြီးထံ စာရင်းနှင့်တကွ အဖွဲ့ဝင်များ လက်မှတ်ထိုးပြီး အပ်လိုက်သည်။

အလုပ်ပြီးစီးသဖြင့် ကျွန်ုပ်အိမ်ပြန်ခဲ့ပြီး အနားယူပါသည်။ မိသားစုနှင့်စုံညီစွာ တွေ့ကြပြီး ချမ်းမြေ့ပျော်ရွှင်စွာ စားသောက်အနားယူရသည်မှာ တစ်ပတ်တစ်ကြိမ်သာ ဖြစ်သည်။ မနက်ငါးနာရီ အလုပ်ဝင်၊ ညရှစ်နာရီ နာရီခန့်မှ ထောင်တွင်းကထွက်၍ အိမ်ပြန်အနားယူရသဖြင့် ကျွန်တော်တို့ဘဝမှာလည်း ထောင်ကျတစ်ပိုင်းပင် ဖြစ်ပါသည်။

✿ ✿ ✿

|၅|

❑

တနင်္လာနေ့ မနက်စောစော ထောင်ဖွင့်ပြန်ဝင်ရသည်။ တာဝန်မှူးကြီး တာဝန်လည်း ကျသည်။ မူလရုံးတာဝန်လုပ်ငန်းများအပြင် ထောင်ပတ်၌ လုံခြုံရေးတာဝန်ကိုလည်း ထမ်းဆောင်ရသေးသည်။ ညပိုင်းတွင် တာဝန်အရ တိုက်ခန်းများကိုလည်း စစ်ဆေးရရာ ပြစ်ဒဏ်တိုက်ကိုလည်း စစ်ဆေးပါသည်။

ငွေတစ်သိန်းကျော်ဖမ်းမိသူ မြကြီးတို့ငါးဦးကိုလည်း ဒေါက်ခြေချင်းများခတ်၍ ပြစ်ဒဏ်တိုက်ခန်းများတွင် ခွဲခြားထားသည်။ ကျွန်ုပ် ပြစ်ဒဏ်တိုက်ခန်းများရှေ့ အရောက်တွင် ...

"ဆရာကြီး ... ဆရာကြီး၊ ကျွန်တော်တို့ကို ကယ်ပါဦး"

"ဩော် ... မြကြီးတို့ အဖွဲ့ပါလား။ ပြော ... ငါ ဘာကူညီရမလဲ"

"ဒေါက်ခြေချင်းတွေ ခတ်ထားပြီး တိုက်ခန်းကျဉ်းကလေးထဲမှာ နေချင်ဘူး ဆရာ။ ထမင်းကလည်း ပုံစံပဲစားရတော့ မဝဘူး။ ဟင်းလည်း မကောင်းဘူး။ အဆောင်မှာလို မလွတ်လပ်ဘူး။ ဆေးလိပ်လည်း မသောက်



www.burmeseclassic.com

www.burmeseclassic.com



ရဘူး၊ ကွမ်းယာလည်း မစားရဘူး။ ရေလည်း တစ်နေ့တစ်ခါပဲ ပုံစံချိုး တယ်။ လမ်းလျှောက်ခွင့်လည်း မရဘူးဆရာ''

''ဒါ ပြစ်ဒဏ်တိုက်ဟ ... မြကြီးရ။ မင်းတို့ကို ထောင်ပိုင်ကြီး အမိန့်နဲ့ တစ်လတိုက်ပိတ်ထားတာ ငါလည်းပဲ ဘာမှမတတ်နိုင်ဘူး။ ဒါပေမဲ့ ဆေးလိပ်တော့ ငါတိုက်နိုင်ပါတယ်။ ကွမ်းစားလို့တော့ မရဘူး။ တိုက်ခန်း တွေ ညစ်ပတ်ကုန်ရင် ငါ့တာဝန်ဖြစ်မယ်''

''ဟုတ်ပါတယ် ... ဆရာ။ ကျွန်တော်တို့ ကွမ်းမစားတော့ပါ ဘူး။ ဆေးလိပ်ပဲ သောက်ပါ့မယ်''

''ကဲ ... ရော့၊ တစ်ယောက်တစ်လိပ်စီ သောက်ကြ။ ငါ မေး တာလည်း ဖြေကြဦး''

မြကြီးတို့အဖွဲ့က စီးကရက်ကိုယ်စီဖြင့် အငမ်းမရ ဖွာရှိုက်နေကြ ပါသည်။

''မင်းတို့ ငါ့ကို စိတ်ဆိုးကြသလား၊ အငြိုးအတေး ထားကြ သလား။ ပွင့်ပွင့်လင်းလင်း ပြောကြစမ်းကွာ။ ငါကလည်း တာဝန်အရ လုပ်ရ တာပါ''

''ကျွန်တော်တို့ နားလည်ပါတယ် ... ဆရာ။ စိတ်လည်း မဆိုးပါ ဘူး။ ကျွန်တော်တို့အပြစ်နဲ့ ကျွန်တော်တို့ပါ။ ဆရာမဟုတ်ဘဲ တခြားသူဆို ရင်လည်း တာဝန်အရ လုပ်ရမှာပါပဲ။ ပိုင်ပြီ၊ လုံခြုံလုပြီ ထင်ပြီး ကျွန်တော် တို့အဖွဲ့ ထောင်ထဲငွေသွင်းပြီး ဖိမ်ခံနေကြတာပါ။

ဒါနဲ့ ကျွန်တော်တို့ ဆရာ့ကို အံ့ဩနေတာက ဒါလောက် လုံခြုံ ပိရိအောင် ထားနိုင်လျက်သားနဲ့ ဆရာက ဖော်ထုတ်ဖမ်းဆီးနိုင်တာလေ။ အခန်းသားချင်းတောင် မသိကြဘူး။ အားလုံးအိပ်မှ ကျွန်တော်တို့က လုပ် ရှားကြတာပါ။ ဆရာ ဘယ်လိုသိတာပါလဲ''

''ဒါလည်း ငါ့နည်း ငါ့ဟန်နဲ့ပါကွာ။ အံ့ဩစရာ မရှိပါဘူး။ မင်း တို့လိုပဲ ငါ့မှာလည်း လေ့လာစူးစမ်းတတ်တဲ့ မျက်လုံးရှိပါတယ်။ သတင်း ရတာသေချာတော့ တွေ့အောင်ရှာဖို့က ငါ့ရဲ့တာဝန်ပေါ့ကွာ။ ငွေတွေကို ဝှက်စရာနေရာကလည်း ဒီတစ်နေရာပဲ ကျန်တော့တာ။





နှစ်တစ်ရာကျော် အဆောက်အအုံဆိုတော့လည်း အုတ်နဲ့ အင်္ဂတေ တွေက ဆွေးပြီး အားမရှိတော့ဘူးလေ။ မင်းတို့လက်ချက်ကြောင့် အခု တော့ အင်္ဂတေအသစ် ကိုင်နေပါပြီ။ ဆေးလည်း စနစ်တကျသုတ်မှာပါ''

''ဟုတ်ပါတယ် ... ဆရာ။ ကျွန်တော်တို့လည်း မမျှော်လင့် ဘဲ ငွေတွေကို ဝှက်ရမယ့်နေရာကို တွေ့တာပါ။ ဖောက်ထွင်းသမားဆိုတော့ လေ့လာဆန်းစစ်တတ်တဲ့မျက်လုံးက အားကောင်းတယ်လေ ဆရာရဲ့။ ဟဲ ... ဟဲ ... ဟဲ''

ထောင်တွင်း အပြစ်ဒဏ်တိုက်ကျတာတောင် ရယ်မောနိုင်ကြ သော လူထူးလူဆန်းများ ဖြစ်ကြသည်။ မကောင်းမှုလုပ်ကြသူများ ဖြစ်ကြ သော်လည်း စည်းလုံးညီညွတ်ခြင်းနှင့် ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ ခံနိုင်ရည်ရှိတတ်သောစိတ်ဓာတ်နှင့် ပျော်ရွှင်စွာနေတတ်သောစိတ် ဓာတ်များကို တော့ ကျွန်တော် သဘောကျမိသည်။

တရားဥပဒေဘောင်အတွင်းမှ ဝန်ထမ်းများဖြစ်ကြပါလျှင်တော့ အားကိုးအားထားလောက်သော လူတော်များ ဖြစ်ကြပေလိမ့်မည်။ ကျွန်ုပ် အတွေးပွားနေမိရင်း ...

''ဒါနဲ့ မင်းတို့ကွာ၊ ဒီလောက်များတဲ့ငွေတွေကို ဘယ်လိုသွင်းယူ လာကြသလဲ။ ဝန်ထမ်းနဲ့ပေါင်းပြီး သွင်းတာလား။ ပြောကြစမ်းပါဦး''

''ဝန်ထမ်းနဲ့ပေါင်းပြီး သွင်းတာမဟုတ်ပါဘူး ... ဆရာရယ်။ ကျွန် တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ပါ''

''လုပ်နည်းလုပ်ဟန် သိရအောင်လို့ပါ။ ပြောပြနိုင်ရင်လည်း ပြော စမ်းပါဦးကွာ''

''ဟုတ်ကဲ့ ... ဆရာ့ကိုတော့ ပြောပြရတော့မှာပါ။ ဒီလိုပါဆရာ၊ ကျွန်တော်တို့အဖွဲ့က ငါးယောက်၊ အမှုပေါင်းကလည်းများ၊ တပည့်တပန်း တွေကလည်း အပြင်မှာရှိတော့ ရုံးပြန်နဲ့ ထောင်ဝင်စာကနေ သွင်းတယ် ဆရာ။ ငွေတစ်သိန်းလောက်ကတော့ ကျွန်တော်တို့ ငါးဦးခွဲပြီး အချိန်တစ်ခု လောက်ရတာနဲ့ သွင်းနိုင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကဲ . . . ပြောပါဦးကွာ။ မင်းတို့သွင်းခဲ့တဲ့ နည်းကလေးတွေကို''

''ရုံးကပြန်လာရင် မန္တလေးသားရေဖိနပ်ရဲ့ ရော်ဘာဆိုးလ်နဲ့ သားရေပြားကြားထဲမှာ အချပ်လိုက် ညှပ်ထည့်တာဆရာ။ ဖိနပ်နှစ်ဖက် ... ကစ်ဦးကို ငွေ (၂၀၀ဝိ/) လောက်တော့ အေးအေးကလေးထည့်ပြီး သွင်း နိုင်ပါတယ်။ လူငါးယောက် ရုံးတစ်ခါထွက်ငွေ (၁၀၀၀ဝိ/) ပေါ့။ ဘယ်လို မှလည်း မသိသာပါဘူး။

အပြင်ကတပည့်တွေက အသင့်လုပ်ထားပြီးသား ဖိနပ်အသစ်နဲ့ စီးထားတဲ့ ဖိနပ်အဟောင်းကို ရုံးထွက်မှာ လဲစီးလာရုံပါပဲ။

နောက်တစ်နည်းကတော့ ထောင်ဝင်စာ ငှက်ပျောသီးသွင်းရင် အခွံထူတဲ့ ဖီးကြမ်းငှက်ပျောသီး အမြောင်းတွေကို ဘလိပ်ဓားနဲ့ ခွဲ၊ အထဲ က ငှက်ပျောသီးအသားကို ထုတ်ပြီး ငွေထည့် ပြန်ပိတ်တဲ့နည်းပဲ။

ဒီနည်းက လက်ဝင်တယ်ဆရာ။ အဝါရောင်၊ အနက်ရောင် ... အပ်သေးသေးကလေးတွေကို သုံးရတယ်။ ငှက်ပျောတစ်ဖီးမှာ အလုံးတိုင်း လည်း လုပ်လို့မရဘူး။ အတွင်းက အသီးတွေကိုပဲ လုပ်နိုင်တာ။ သေသပ် ပိရိဖို့ လိုတယ်လေ''

''နောက်နည်းတွေရော ရှိသေးသလားကွာ''

''ဟုတ်ကဲ့ . . . ရှိပါသေးတယ် ဆရာ။ တခြားနည်းတွေကတော့ အန္တရာယ်ရှိတယ် ဆရာ။ အတော်လေ့ကျင့်နိုင်မှ ရတာပါ။ ဒီလိုဆရာ ငွေ တွေကို ကျစ်ကျစ်ပါအောင်လိပ်ပြီး ပလတ်စတစ်နဲ့ထုပ်၊ ထိပ်စကို မီးမြိုက် ပြီး ဆီလိမ်း၊ ဝမ်းဗိုက်ထဲ မျိုချရတဲ့နည်းပဲ။

နောက်တစ်နေ့ ဝမ်းသွားတော့ ပြန်ကောက်ပေါ့။ နောက်တစ်နည်း ကတော့ အဲဒီ ပလတ်စတစ်အိတ်နည်းကိုပဲ စအိုထဲထည့် သယ်လာတဲ့ နည်း။ နည်းကတော့ အမျိုးမျိုးပေါ့ . . . ဆရာရယ်''

''အေး . . . ကျေးဇူးပဲ။ မင်းတို့ကို မနက်ဖြန်ကစပြီး အပြင်ထွက် လမ်းလျှောက်ခွင့်၊ ရေချိုးခွင့် (၁၅) မိနစ်အစား၊ နာရီဝက်ရအောင် ... ထောင်ပိုင်ကြီးဆီက ခွင့်တောင်းပေးမယ်။ ပြစ်ဒဏ်တိုက်ဆိုတော့ အထော

---

စိတ်ကူးသစ်စာပေ



အဆောက်မဝတာ၊ ဒေါက်ခြေချင်းဖြုတ်တာတော့ ငါလည်းမတတ်နိုင်ဘူး။ ... လောက်တော့ သည်းခံကြပေါ့ကွာ''

''ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဆရာ''

နောက်တစ်ပတ်ခန့်အကြာတွင် ထောင်တွင်းသို့ မသွင်းရသည့် ငွေပြပ်မှ ပစ္စည်းစာရင်း အမည်သစ်များအား ထောင်ဘူးတံခါးဝ၊ ကြော်ငြာ ... ဆင်ပုန်းတွင် ကပ်ထားပါတော့သည်။ ပြင်ပမှယူလာသော ဖီးကြမ်းငှက်ပျောသီး၊ မန္တလေးသားရေဖိနပ်နှင့် ဆေးပေါ့လိပ်များ ဖြစ်ကြပါသည်။

ထောင်မှူးကြီးသိန်းဝင်း

ကျမ်းကိုး –

(၁) အကျဉ်းထောင်လက်စွဲဥပဒေ အပိုဒ် (၃၇၃)။

(၂) အကျဉ်းဌာနအကြပ်များလက်စွဲ ဥပဒေစာအုပ်ငယ်။

www.burmeseclassic.com

www.burmeseclassic.com



❑

လူ့လောကတွင် လူတိုင်းနီးနီး သေရမှာကို ကြောက်ကြသည်။ အရိယာပုဂ္ဂိုလ်များသာ သေရမည်ကိုမကြောက်။ သေဆုံးမည့်အချိန်ကိုလည်း သိနေကြပြီး ကြိုတင်ပြင်ဆင်ထားတတ်ကြသည်။ သို့သော် လူ့လောကထဲ၌ပင် အရိယာပုဂ္ဂိုလ်ထူး မဟုတ်သော်လည်း သေဆုံးမည့်အချိန်ကိုသိပြီး တုန့်လှုပ်ဘဲ သေဆုံးသွားသူတစ်ယောက်ကိုတော့ ကျွန်တော်ကိုယ်တွေ့ မြင်ဖူးခဲ့ပါသည်။

သူက လူအေးတစ်ယောက်ဖြစ်သည်။ ကျောင်းဆရာ လုပ်လာသူဖြစ်၍ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်၊ လောင်းကစားလုပ်ပါ။ ညီအစ်ကိုလေးယောက်ထဲ၌ အငယ်ဆုံးဖြစ်ပြီး အမည်မှာ မဲမဲခေါ် မြင့်ငယ်ဖြစ်သည်။

မိဘများက တရုတ်သွေးစပ်သော်လည်း သူက မွေးလာစဉ် အသားညိုလှသဖြင့် အိမ်နာမည် မဲမဲဟု ချစ်စနိုးခေါ်ကြသည်။ သူတို့တွင် ညီအစ်ကိုလေးယောက် ရှိကြသည်။ ဒုတိယအလတ် ကိုမြင့်လွင်မှာ (RIT) ကျောင်းဆင်း၊ ဗိုလ်ကြီးဟောင်းတစ်ဦးလည်းဖြစ်သည်။

ကျွန်တော်တို့ သိရှိခင်မင်ကြသည်မှာ မော်တော်ကားဘော်ဒီ ဆရာအောင်ဝင်းနိုင်နှင့်ပတ်သက်ပြီး ခင်မင်ကြခြင်းဖြစ်သည်။ ကိုမြင့်လွင်က ယခင်က စက္ကူလုပ်ငန်းကိုလုပ်ပြီး ယခုတော့ တွင်ခုံလုပ်ငန်းလုပ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ကိုမြင့်ငယ်ကတော့ ကျောင်းဆရာဘဝမှ အနားယူသည်မှာ ကြာသေးဟန်မတူပါ။ အသက်က ငါးဆယ်ခန့်သာ ရှိသေးသည်။ ကျွန်တော်တို့နှင့် သိကျွမ်းသောအချိန်၌ ကိုမြင့်ငယ်က အသားဖြူဖွေးပြီး တရုတ်ကပြားဖြင့်ပင် တူနေသေးသည်။ ကြီးလာမှ အသားဖြူလာ ကြောင်းသိရသည်။

ကိုမြင့်လွင်က စကားပြောလျှင် စစ်ဗိုလ်လူထွက်ပီပီ တုံ့တိုးပြောတတ်သည်။ သိုင်းဝိုင်းမပြောတတ်။ ကိုမြင့်ငယ်ကတော့ ကျောင်းဆရာလုပ်ခဲ့သူဖြစ်၍ စကားပြောလျှင် နားဝင်ချိုအောင် ပြောတတ်သည်။

တစ်နေ့တွင် ကျွန်တော်တို့အဖွဲ့ အင်းစိန်ထောင် အနောက်ဘက်ရွာမအနောက်ဘက်ရှိ ကိုမြင့်လွင်တို့နေအိမ်တွင် လက်ဖက်ရည်သောက်ကြရင်း စကားဝိုင်းဖွဲ့ကြသည်။ တောင်တွင်းကြီး၊ ဗိသနိုးမြို့ဟောင်းတွင် ကျောင်းထိုင်သီးတင်းသုံးနေသော ဆရာတော်တစ်ပါးအကြောင်း ဖြစ်သည်။ ဆရာတော်အား ညေဝတီဆရာတော် ဓမ္မရွှေ မိတ်ဆက်ကျောင်းဆရာတော် တောင်ငူနန်းတွင်း ကျောင်းဆရာတော်၊ ဗိသနိုးမြို့ဟောင်းဆရာတော်ဟု အမျိုးမျိုးခေါ်ကြသည်။ ဆရာတော်မှာ အစွမ်းထက်ပြီး တန်ခိုးကြီးသည်။

တစ်နေ့တွင် ဆရာတော်ဘုရား တောင်ငူမှတစ်ဆင့် ကမာရွတ်လှည်းတန်းမှ ဒကာ၊ ဒကာမများ ဖိတ်ကြားချက်အရ လှည်းတန်းသို့ ကြွလာသည်။ ကိုမြင့်လွင်နှင့်မိသားစုက ဆရာတော်အား ဖူးမြော်ဖူးပြီးဖြစ်သော်လည်း ကျောင်းဆရာကိုမြင့်ငယ်က မဖူးမြော်ဖူးသေးပါ။ မိဘများနှင့် မိသားစုက ဖူးမြော်ရန် အတင်းတိုက်တွန်းသောကြောင့်သာ သွားရောက်ဖူးမြော်ရန် ပြင်ဆင်ရတော့သည်။

အကြီးဖြစ်သူ ကိုမြင့်လွင်က ...

"ညီလေး ... မင်းဆရာတော်ဘုရားကို သွားဖူးရင် လက်ချည်းမသွားနဲ့လေကွာ။ ဖယောင်းတိုင်၊ အမွှေးတိုင်လေးတော့ ယူသွားဦးမှပေါ့။ ဘုန်းတော်ကြီးဆိုတာ အလှူပစ္စည်း ကပ်ရတယ်"

" ငါ ဝတ္ထုငွေ လှူမှာပေါ့ကွ။ ဘာဖြစ်သလဲ"

"ဆရာတော်က ဝတ္ထုငွေ လက်မခံဘူး။ ဒကာရင်းတွေတောင် ဆရာတော်လိုအပ်မှ လှူခွင့်ရတာ"





"မင်းတို့ဘုန်းကြီးကလည်း ကြီးကျယ်လိုက်တာကွာ။ ဝတ္ထုငွေရတော့ ဘာမဆို ဝယ်လို့ရတာပေါ့"

"အေး ... ငါတို့ဘုန်းကြီးက မင်းထင်သလို ဘုန်းကြီးမျိုး မဟုတ်ဘူး။ မင်းဖူးတွေ့ရမှ ထူးဆန်းတာတွေ တွေ့ရလိမ့်မယ်"

"အေး ... အဲဒါဆိုရင်လည်း ငါအိမ်ပေါ်ဘုရားစင်က အမွှေးတိုင်နဲ့ ဖယောင်းတိုင်နည်းနည်း ယူသွားမယ်"

ဆရာတော်ဘုရားအား ဖူးတွေ့ရတော့ လူစုံသည်နှင့် ဆရာတော်ဘုရားက ငါးပါးသီလချီးမြှင့်သည်။ ပြီးနောက် ဒကာဒကာမအရင်းများဖြင့် အာလာပသလ္လာပစကား ပြောကြားပြီးသည်နှင့် ...

"ဟောဟို ကျောင်းဆရာလုပ်စားတဲ့အကောင် ရှေ့ကိုတက်ခဲ့ဦး။ မင်းက လှူတာတောင် အတော်ကပ်စေးနဲ့တဲ့ အကောင်ပဲ။ ဖယောင်းတိုင်၊ အမွှေးတိုင်တောင် အသစ်မဝယ်ဘဲ အိမ်ကဘုရားစင်ပေါ်က စွန့်လာခဲ့တာ မဟုတ်လား။ ကြီးပွားဦးမယ့် အကောင်ပဲ။ လှူဖွယ်ပစ္စည်းဆိုတာ ကိုယ့်ထိုက်အား အရင်းအနှီးနဲ့ဝယ်ယူလှူမှ ဒါနမြောက်ပြီး ကုသိုလ်ရတာ။ သွားခုပဲ လှည်းတန်းဈေးက အမြန်သွားဝယ်ပြီး ပြန်လှူ။ မင်းကို မ,ချင်လို့ ပြောနေတာ ... လူ့ငနွားရဲ့"

"တင်ပါ့ဘုရား ... တင်ပါ့"

ကိုမြင့်ငယ်လည်း အတော်ဖြုံသွားပြီး ဖယောင်းတိုင်၊ အမွှေးတိုင် အသစ်များကို ပြေးဝယ်ရတော့သည်။ ဘုန်းကြီး သူ့အကြောင်းကို သိနေသည့်ကိုလည်း အလွန် အံ့သြနေမိသည်။ ထိုစဉ် ဆရာတော်ဘုရားက ကိုမြင့်လွင်အား ...

"မောင်မောင် ... မင်းနဲ့ ဟိုကျောင်းဆရာက ဘာတော်သလဲ။ ရုပ်ချင်းဆင်တယ်"

"တပည့်တော့်ညီ အငယ်ဆုံးပါဘုရား"

"အေး ... အေး ... သူက ရိုးသားပါတယ်။ ဒါပေမဲ့ ကပ်စေးနဲတယ်။ အလှူအတန်း များများလုပ်နိုင်း။ ပစ္စည်းဥစ္စာဆိုတာ သေရင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



နောက် ပါလာတတ်တာမဟုတ်ဘူး။ ကျန်းမာရေးလည်း ညံ့တယ်။ မင်းတို့ဘုန်းကြီးသင်ပေးတဲ့အတိုင်း တရားထိုင်နိုင်း။ အသိနဲ့သတိကို မှတ်နိုင်း။ ဒါနနဲ့ သီလပါမှ အခုဘဝတင်မက နောင်သံသရာမှာလည်း ကောင်းကျိုးပြုမှာ''

''တင်ပါ့ ဘုရား''

ကိုမြင့်ငယ်ပြန်လာပြီး ဆရာတော်အား ဖယောင်းတိုင်၊ အမွှေးတိုင်အသစ်များကိုကပ်တော့ ဆရာတော်က ပြုံးပြုံးကြီးမိန့်သည်မှာ ...

''လူ့ကပ်စေးနဲ့ကို ကုသိုလ်ရအောင် လုပ်ပေးရဦးမယ်။ ကဲ .. လိုက်ဆို။ အရှင်ဘုရား ... တပည့်တော်သည် တပည့်တော်၏လုပ်အားဖြင့်ရလာသည့် လစာထဲမှငွေဖြင့် ဆရာတော်ဘုရားအား ဖယောင်းတိုင်အမွှေးတိုင်များ ကပ်လှူပူဇော်ပါသည်။

ဤလှူဒါန်းရသောအကျိုးကြောင့် တပည့်တော် ကိုယ်တွင်းကိုယ်ပ၌ ကပ်ငြိသော ရောဂါမှန်သမျှ ပိန်းကြာဖက်ပေါ် ရေမတင်ကဲ့သို့ လျှောကျပျောက်ကင်းရပါစေသား''

ကိုမြင့်ငယ်ကလည်း လိုက်ဆိုပြီး ဆရာတော်အား ကန်တော့ပါသည်။

ဆရာတော်က ...

''ကျောင်းဆရာ ... လိုက်မှတ်ထား''

ဟု ဆိုကာ ဂါထာတစ်ပုဒ် ကို ချီးမြှင့်ပါသည်။

''အဗ္ဗာဂေဟောနိဝတ္တန္တိ၊ သုသာနေမိတ္တဗန္ဓဝါ။

သုကဋ္ဌံ ဒုက္ကဋ္ဌံ ကမ္မံ၊ ဆာယာဝအနုယာသိနီ ...တဲ့။ ဒကာကျောင်းဆရာ မဖွံ့မပဋ္ဌိပဒါလမ်းကို ကျင့်သုံးပေတော့''

ထိုစဉ်က ကိုမြင့်ငယ်တွင် ဘာရောဂါမျှမရှိ။ အားကစားလိုက်စားသူဖြစ်သဖြင့် တောင့်တင်းသန်မာသည်။ ဆရာတော်ဘုရားမိန့်ပုံမှာ ထူးဆန်းနေသည်ဟုတော့ ထင်မြင်မိကြသည်။ ထိုနေ့ကစ၍ အစ်ကို ကိုမြင့်လွင်သင်ပေးသော ကမ္မဋ္ဌာန်းတရားထိုင်နည်း၊ အသက်ရှူမှတ်နည်း၊ အသိနှင့်သတိ ဆင်ခြင်နည်းတို့ကို သင်ယူပြီး အလုပ်စခန်းစတော့သည်။





''နောက်ပိုင်း ဘာတွေထူးခြားသလဲ ... ကိုမြင့်လွင်''

ကိုမြင့်လွင်မှာ ရေနွေးတစ်ခွက်ကို သောက်ပြီးသည်နှင့် ကွမ်းတစ်ယာကို ဝါးရင်း ...

ထူးခြားတာပေါ့ ... ဆရာရယ်။ နောက်ပိုင်း ဆရာတော်ဘုရားဆီကို ကျွန်တော်တို့သွားဖူးတိုင်း ညီလေးမြင့်ငယ်ကို တရားထိုင်နည်းတွေကိုယ်တိုင်ကိုယ်ကျ သင်ပေးတယ်။ ဝေဒနာရှုပုံ၊ အသိနဲ့သတိ ခွဲခြားမှတ်ပုံ၊ ဥပေက္ခာပြုပုံတွေကို စိတ်ရှည်လက်ရှည် သင်ပေးတယ်။ အဲဒီအထိ ကျွန်တော်တို့ကလည်း ခေတ်စကားနဲ့ပြောရရင် ဒုံးဝေးပါတယ် ... ဆရာရယ်။ ဆရာတော် သွယ်ဝိုက်ပြီးပြောပြနေတာတွေကို ကျွန်တော်တို့ လုံးဝမရိပ်မိခဲ့ပါဘူး ... ဆရာရယ်''

''ဘာဖြစ်လို့လဲ ... ကိုမြင့်လွင်''

''ညီလေးမြင့်ငယ် အသည်းမှာ ကင်ဆာအမြစ်တွယ်နေပြီလေ။ ကုလို့မရတော့ဘူး။ သေရမယ့်ရက်ကိုပဲ စောင့်နေရတော့မှာလေ''

''ဟာ ... ကိုမြင့်လွင်ရယ်။ ညီလေးမြင့်ငယ်ရှေ့မှာ မပြောကောင်းပါဘူးဗျာ''

ထိုစဉ် ကိုမြင့်ငယ်က ဝင်ပြောလာသည်။

''ကိုသိန်းဝင်း ... ကျွန်တော် အကုန်သိပြီးပါပြီဗျာ။ ရွှေဘုံသာလမ်းက ပါရဂူကြီးတွေနဲ့လည်း ပြပြီးပါပြီ။ ကျွန်တော်နေရလှ နောက် ၆ လပါပဲ။ ဆရာတော်ဘုရားဆုံးမထားလို့ ကျွန်တော် နေလည်းနေတတ်၊ သေလည်း သေတတ်နေပါပြီ။ ကျွန်တော်စိုးရိမ်တာတစ်ခုက ကျွန်တော်ကိုယ်ကျွန်တော် မဟုတ်ပါဘူး။ ကိုမြင့်လွင်ကိုပါ။ သူက ကျွန်တော့်အတွက် အလွန်စိုးရိမ်ပူပန်နေတာ''

''အင်း ... ကျွန်တော့်အမြင်ကို ပြောရရင်တော့ ဆရာတော်ဘုရားနဲ့တွေ့ပြီး တရားထိုင်ရတာက ကိုမြင့်လွင်က အရင်နော်။ ဒါပေမဲ့ ခန္ဓာပါရမီထူးကိုရပြီး တရားထူးရတာက ကိုမြင့်ငယ်ဖြစ်နေတယ်။ ဒါပေမဲ့ဗျာ ကိုမြင့်ငယ်က ကျောင်းဆရာ၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်ဘဲ ရောဂါရတာကတော့ မတန်ဘူးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဝင်းရေ . . . သတ္တဝါတစ်ခု ကံတစ်ခုပေါ့ဗျာ။ ဖြစ်ချင်တိုင်းလည်းမဖြစ်၊ ပျက်ချင်တိုင်းလည်း မပျက်တာဟာ လောကနိယာမတရားပါ။ သဘာဝကျပါတယ်။ ကျွန်တော်လည်းအသက် ၅၀ ကျော်ပြီဆိုတော့ နေလည်း နေပျော်ပါပြီ။ သေလည်း သေပျော်ပါပြီ။ ဘုရားရှင်က ခွင့်ပြုသလောက်ပဲ လူ့ပြည်မှာနေတယ်လို့ မှတ်ပါတယ်။ ကောင်းမှုကုသိုလ် အစုစုကိုလည်း ကျွန်တော်တတ်နိုင်သမျှ လုပ်ခဲ့ပြီးပါပြီ။

အခုတော့ သေရမယ့်ရက်ကို စောင့်မျှော်ရင်း အိပ်လျက်အနေအထား၊ ထိုင်လျက်အနေအထား၊ လမ်းလျှောက်လျက် အနေအထားတိုင်းမှာ အသိနဲ့သတိကို လက်မလွှတ်စေဘဲ ကျွန်တော် တရားမှတ်နေပါတယ်။ မယုံရင် ကျွန်တော်သေတော့ ထူးခြားတာ မြင်ရပါလိမ့်မယ်ဗျာ နော်’’

‘‘အေးဗျာ . . . သတ္တဝါတွေဟာ သေမျိုးတွေချည်းပါပဲ။ တစ်နေ့ မလွဲမသွေ သေကြရမှာပါ။ ဒါပေမဲ့ သေမယ့်ရက်ကို ကြိုသိနေရတာတော့ တုန်လှုပ်စရာပဲပေါ့ဗျာ။ မဟုတ်ဘူးလား ကိုမြင့်ငယ်’’

‘‘သာမန်အားဖြင့်တော့ ဟုတ်ပါတယ် . . . ကိုသိန်းဝင်း။ ဒါပေမဲ့ ကမ္မဋ္ဌာန်းထိုင်ပြီး စရဏအားကလေးရလာတော့ သတိတရားရှိလာပါတယ်။ ပစ္စည်းဥစ္စာဆိုတာ သေသွားရင် ယူမသွားနိုင်ပါဘူး။ ရန်သူမျိုးငါးပါးကြောင့်လည်း အချိန်မရွေး ပျက်စီးဆုံးရှုံးသွားနိုင်ပါတယ်။

ဒါကြောင့် ပေးကမ်းစွန့်ကြဲခြင်းကို ပြုတာဟာ ဒါနမျိုးစေ့ချခြင်းပဲ။ ခန္ဓာကိုယ်ကြီးဟာလည်း (၉၆) ပါး ရောဂါဝေဒနာတွေနဲ့ ထိတွေ့နေရတာ။ ခန္ဓာကိုယ်ကြီးရဲ့ အနှစ်သာရကို ရှာကြည့်ရင် ငါးပါးသီလ၊ ရှစ်ပါးသီလ ကိုးပါးသီလ စတဲ့ သီလစောင့်ထိန်းခြင်းပဲ။

ခန္ဓာကိုယ်ကြီးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေက စိုးမိုးထားတော့ အသက်ဆိုတာဟာလည်း ဘာမျှ အနှစ်သာရမရှိပါဘူး။ အနှစ်သာရကတော့ မသေဆုံးခင်မှာ ဒါန၊ သီလ၊ ဘာဝနာတရားတွေကို ကျင့်ကြံဆုပ်ကိုင်ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းအား အနှစ်ချုပ်ပါပဲ။

‘‘လူဟာ မသေမီတော့ ကိုယ့်မိသားစု စားဝတ်နေရေးအတွက် ပစ္စည်းဥစ္စာတွေ ရှာရပါတယ်။ သေမှာကိုသိလို့ ပစ္စည်းဥစ္စာတွေကို သူ့





နောက်ပါအောင် အကုန်လှူပစ်မယ်ဆိုတာကျတော့လည်း တစ်ဖက်စွန်းရောက်သွားတတ်တယ်။ ကျန်ရစ်သူမိသားစု စားဝတ်နေရေးအတွက် ချန်လှပ်ထားတယ်ဆိုတာဟာလည်း ပေးကမ်းစွန့်ကြဲခြင်း၊ ဒါနအလုပ်တစ်ခုပါပဲ။ ဒါကြောင့် အလှူဒါနလုပ်တာတောင် ဉာဏ်နဲ့ယှဉ်ပြီး လုပ်ရပါလိမ့်မယ်’’

‘‘မှတ်သားလောက်ပါပေတယ် . . . ကိုမြင့်ငယ်ရယ်။ မသိတာလေးတွေကို သိရကြားရတော့ မင်္ဂလာပါပဲ။ ကျေးဇူးလည်း တင်ပါတယ်။ ကိုမြင့်ငယ်ရဲ့ သေဝံ့တဲ့သတ္တိကိုတော့ လေးစားပါတယ်ဗျာ။ တရားထူးကို ကြားရသလိုပါပဲ။ အကျိုးရှိလိုက်တာ။ သာဓုပါ . . . ကိုမြင့်ငယ်ရယ် . . . သာဓုပါ . . . သာဓုပါ’’

ကျွန်တော် ပြန်လာခဲ့ပါသည်။ တစ်လတစ်ကြိမ်ခန့်လည်း သူတို့ဆီသို့ အလည်ရောက်သည်။ တွေ့ရာလေးပါး စကားပြောကြရင်း ဆရာတော်အကြောင်းရောက်တော့ လက္ခဏာရေးသုံးပါးအကြောင်း ပြောဖြစ်ကြပြန်သည်။ ကိုမြင့်ငယ်အခြေအနေမှာ လူကောင်းပကတိအတိုင်းလိုပင်။ အစာမကြေ၍ အစားအသောက် ဆင်ခြင်ရကြောင်းတော့ သိရသည်။ ထူးခြားသည်ကတော့ မေးကြောကြီးနှစ်ချောင်းထောင်၍ ကြီးလာပြီး နားဆင်ချိုင့်သွားခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် ကျွန်တော် ဒေးဒရဲမြို့သို့ အလည်သွားစဉ် သူငယ်ချင်းဖြစ်သူ ကိုအုံးသွင်က ညစာဖြင့် ဧည့်ခံရင်း ဗီတာမင်ကြွယ်ဝသော အသီးအရွက်များ၊ အသည်းကိုအားကောင်းစေသော ဟင်းရွက်၊ ဆေးပင်များအကြောင်းကို ပြောပြရင်း ကြက်သဟင်းရွက်နှင့် လဲလူ့ရွက်အကြောင်းပြောပြရာ လဲလူ့ရွက်မှာ အသည်းကင်ဆာရောဂါကိုပင် ပျောက်ကင်းစေကြောင်း၊ သူနေ့စဉ် အရက်သောက်သော်လည်း ထိုဆေးပင် ဆေးရွက်များအစွမ်းကြောင့် အသည်းရောဂါပင် မဖြစ်ကြောင်းပြောပြရာ ကျွန်တော်က အုံးသွင်အား ချက်ချင်းရှာခိုင်းပြီး ရန်ကုန်(အင်းစိန်) မှ ကိုမြင့်လွင်ထံ ဖုန်းလှမ်းဆက်လိုက်ပါသည်။ ကိုမြင့်လွင်က သူ့ညီ ကိုမြင့်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသွားနေသဖြင့် အသီးအရွက်ကျွေးခြင်းကို ခေတ္တရပ်ဆိုင်းထားကြောင်း အကြောင်းပြန်သဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်ရပါသည်။

ကျွန်တော်လည်း အလုပ်များနေသဖြင့် အင်းစိန်မြို့မှ ကိုမြင့်လွင် တို့ထံ မရောက်ဖြစ်တာကြာသွားသည်။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလဆန်း ပိုင်းရောက်သွားတော့ ကိုမြင့်ငယ် ဆုံးပါးသွားပြီဖြစ်ကြောင်း ဝမ်းနည်းသတင်း ကြားရတော့သည်။

''ကိုမြင့်ငယ် . . . ဘယ်နေ့က ဆုံးတာလဲ ကိုမြင့်လွင်၊ သူဝေဒနာ ကို အတော်ခံစားသွားရသလား''

''ဖေဖော်ဝါရီလ ၂ ရက်နေ့ကပါ။ တစ်နေ့ကမှ ရက်လည်ဆွမ်း ကျွေးလုပ်ပါတယ်။ ညီလေးဆန္ဒအတိုင်း အကျဉ်းချုံးပဲ လုပ်လိုက်တော့ ဆရာ တို့ကို မဖိတ်မိတာပါ။ ဝေဒနာလည်း မခံရပါဘူး။ မူးတယ်ဆိုပြီး ထိုင်ရာ လိုက်တာနဲ့ အသက်ပျောက်သွားတာပါ။ ညင်ညင်သာသာပါပဲ။ အင်း . . . အင်း . . . လို့ အသံလေးတစ်ချက် ထွက်ရုံပါပဲ။ ပါးစပ်တွေ၊ နှာခေါင်း တွေ၊ နားတွေကလည်း သွေးထွက်ခြင်း မရှိပါဘူး။

ထူးခြားတာတော့ရှိတယ် ဆရာရေ့၊ ညီလေးသေတာကို ဆရာ ဝန်ခေါ်ပြပြီး စစ်ဆေးတော့ နှလုံးမခုန်၊ သွေးမတိုးတော့ပေမဲ့ သူ့ခန္ဓာကိုယ် က ပူနွေးနေတယ်။ အဲဒီနေ့က ပိတ်ရက်ဖြစ်လို့ စိန်ရတနာ နာရေးကူညီမှု အသင်း (အင်းစိန်)က မကူညီနိုင်လို့ အပြင်ကားကို ခေါ်ရတယ်။ ညဘက် ကျမှ သုသာန်ကို အလောင်းရွှေ့ရတာ။

အဲဒီအချိန်အထိ ညီလေးခန္ဓာကိုယ်က နွေးနေဆဲပဲ။ အရိုးအဆစ် တွေကကလည်း တောင့်တင်းမသွားဘူး။ သာမာန်လိုပဲ ပျော့ပျော့ပျောင်း ပျောင်းပဲ။ ကျွန်တော့်အထင်တော့ ညီလေးပြောသွားဖူးတဲ့ စကားအတိုင်း သူ့ကျင့်စဉ်နဲ့ သမထ၊ စရဏအားတွေကို လုပ်ပြသွားတာ ထင်ပါရဲ့ . . . ဆရာရယ်''

''ဖြစ်နိုင်ပါတယ်။ သူ ကျွန်တော်တို့ကို ပြောသွားတာပဲ၊ သူသေ မှ သိမယ်ဆိုတာလေ။ ဘာတွေများ မှာသွားသေးသလဲ . . . ကိုမြင့်လွင်''

စိတ်ကူးသစ်စာပေ



''အထူးတလည်မှာသွားတာ မရှိပါဘူး ဆရာရယ်။ သူက မသေ ခင်ကတည်းက ကြိုတင်လုပ်ထားတာပဲ။ အဲ . . . နာဂစ်လေမုန်တိုင်းတိုက် တုန်းက သူကိုယ်တိုင်ခုတ်ထားတဲ့ ထင်းပုံကြီးကိုတော့ ဘုန်းကြီးကျောင်း ကိုလှူလိုက်ဖို့ မှာသွားပါတယ်''

''ကိုမြင့်ငယ်ကတော့ အာဂသတ္တိခဲပါပဲဗျာ။ သေတော့မှာကို သိ လျက်နဲ့ သေဝံ့သူ၊ သေရဲသူပါပဲ။ ကိုမြင့်လွင်ရေ . . . ခင်ဗျားတို့ ကျွန် တော်တို့လည်း မနေရလို့ သေရမယ့်အခါမှာ ကိုမြင့်ငယ်လို သတ္တိမွေးနိုင် ကြပါ့မလား။ လူဆိုတာ သေမျိုးမှန်ပေမဲ့ တွေးရင်တော့ အတော်လန့်သား ဗျ''

''မလန့်နဲ့ . . . ဆရာရေ ဆရာတော်ဘုရား ညီလေးမြင့်ငယ်ကို ပေးသွားတဲ့ 'အတ္တာဂေဟေ နိဝတ္တန္တိ' ဆိုတဲ့ ဂါထာကလေးကို ကျွန်တော် အနက်ပြန်ကြည့်တယ်။ လူတွေသေသွားရင် သူ့နောက်ပါသွားတာက ဥစ္စာ ရွှေငွေ၊ အခြွေအရံတွေမဟုတ်ဘူး။ သူပြုတဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေ ပဲ။

အဲဒါတွေက နောင်ဘဝတွေအထိ အရိပ်လို ကပ်ပါသွားတာ။ ဒါ ကြောင့် ကျွန်တော်က ပါဠိလိုမှတ်တဲ့အပြင် ဆရာတော်ရဝေနွယ် (အင်းမ) ရဲ့ ကဗျာကလေးကိုပဲ အားတဲ့အချိန်တိုင်း ရွတ်နေမိပါတယ်။ သူ့ကဗျာ ကလေးက ဒီလိုဆရာ . . .

''မနေလို့ သေကြတဲ့အခါ
ကိုယ့်နောက်ကိုများ ဘာများပါမှာ
ပစ္စည်းဟူက မြှုပ်မြှုမပါ၊
ကိုယ်ပြုထားကံများ ကိုယ့်နောက်ပါမှာ''

တောင်မြို့ကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



❑

ရာသီမသိ ပန်းနှင့်ညို၊ ဥတုရာသီတောက်မှီ၊ ဖုန်းတုန်းလုံးတုန်း တန်ဆောင်မုန်းစသော ရှေးရိုးစကားပုံကလေးများမှာ ရာသီပန်းနှင့် သဘာဝ ပေါက်ပင်များက အချိန်ကာလသဘာဝကို ညွှန်းဆိုနေခြင်းဖြစ်သည်။

ထို့အတူ မြန်မာနှစ်သစ်ကူးသကြန်နီးသည်နှင့် ရွှေဝါရောင် ငုဝါ ပန်းကလေးများနှင့် ပိတောက်ပန်းများ ပွင့်ကြသည်။ မြန်မာ့ရိုးရာ အစဉ် အလာအရ ပိတောက်ပန်းများ သုံးကြိမ်ပွင့်သွည်နှင့် မိုးဥတုကျ ရောက်ပေ တော့သည်။

ပြာသို၊ တပို့တွဲ၊ ခွာညိုပေါက်လဲဟူသော စကားပုံအရ ဆောင်း ရာသီ ကျရောက်ပေပြီ။ လတပေါင်းနွေရာသီတွင် ခဲပွင့်၊ လက်ပံပွင့်နှင့် သဇင်ပန်းတို့ ပွင့်ကြသည်။

ထို့အတူ ငှက်များကလည်း ရာသီဥတုနှင့် မိုးလေဝသနိမိတ်များ ကို ဖတ်ကြားတတ်ကြပါသည်။ ဥသြအော်လျှင် နွေရာသီရောက်လေပြီ။ ရွက်စာမွဲငှက်များမှာ နွေရာသီနှင့် ဆောင်းရာသီတွင် အသံမထွက်၊ မိုးဦးကျ သည်နှင့် တဂျစ်ဂျစ်အော်မြည်သံ ထွက်ကြတော့သည်။

မြန်မာနိုင်ငံတွင် ဂိမှာန်နွေလရာသီ၊ ဝဿန္တမိုးရာသီ၊ ဟေမန္တ ဆောင်းရာသီဟူ၍ ရာသီဥတုသုံးမျိုးရှိရာ ငှက်နှင့် အခြားသတ္တဝါများက လည်း ရာသီဥတုကို ဖော်ကျူးကြပါသည်။ နွေရာသီကုန်သည်နှင့် ငှက်များ အသိုက်ဆောက်ကြတော့သည်။ ကျီးငှက်နှင့် စာငှက်များမှာ အသိုက်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် အလွန်တော်သော ငှက်လက်သမား၊ ဗိသုကာများဖြစ်ကြသည်။ သူတို့ဆောက်သော အသိုက်အအုံမှာ လွန်စွာ စနစ်ကျသည်။ သေသပ်ပြီး ခိုင်ခံ့လှသည်။

ချောင်းကမ်းစပ်နေ စာငှက်ကလေးများသည် လမုပင်နှင့်ထန်းပင် အုန်းပင်တို့၌ နေရာမြင့်မြင့်တွင် အသိုက်ဆောက်လျှင် ရေကြီးမည်ဟု တောသူတောင်သားများသိထားကြသည်။ သစ်ပင်ငယ်များတွင် အသိုက်မဆောက်ဘဲ သစ်ပင်ကြီးများ၏ ခိုင်ခံ့သော ကိုင်းခွဆုံတွင် အခိုင်အမာအသိုက်ဆောက်လျှင် မိုးဦးကျကာလ၌ လေကြီးမည်၊ မိုးကြီးမည်ကို နိမိတ်ဖတ်ကြခြင်း ဖြစ်လေသည်။

ထန်းပင်နှင့် သစ်ပင်များပေါ်၌ စာဝတီးသိုက်များမှာ ရှည်လျားပြီး လွှင့်နေတတ်သည်။ အသိုက်ကို စပါးပင်ကို အခြေခံ၍ အုန်းရွက်၊ ကိုင်းရွက်တို့ဖြင့် ခိုင်မာအောင် သီချုပ်ထားသည်။ အသိုက်ထဲ၌ ငှက်မွေးများထည့်ပြီး နူးညံ့လုံခြုံအောင်လည်း လုပ်ထားတတ်သည်။ ငှက်ငယ်ကလေးများ ပေါက်ဖွားလာလျှင်လည်း ဒန်းပုခက်စီးသလို လေအလာတွင် ငြိမ့်ညောင်းအောင် စီစဉ်ထားထားခြင်းလည်းဖြစ်သည်။ စာဝတီးအသိုက်များ ထန်းပင် အုန်းပင်များအပေါ်၌ ရှည်လျားစွာ တွဲလောင်းချ၍ လုပ်ထားလျှင် မိုးဦးကျကာလ၌ လေပြင်းမတိုက်ဘဲ ရာသီဥတုကောင်းမည့်နိမိတ်ကို ဖော်ပြခြင်း ဖြစ်သည်။

ငှက်များအိမ်အတွင်း ဝင်လာ၍ အသိုက်လုပ်ခြင်း၊ ပုရွက်ဆိတ်များနှင့်ဖားများ အိမ်တွင်း၌ ပေါများခြင်းစသော နိမိတ်များကတော့ မိုးဦးကျစောမည်။ လေမိုးပြင်းထန်မည်ဟူသော တိရစ္ဆာန်များ၏ ကြိုတင်နိမိတ်ဖတ်သော အပြုအမူများဖြစ်ပေသည်။ ကျွန်ုပ်တို့သည် အသိဉာဏ်ရှိသော လူများဖြစ်ကြ၍ မိုးရွာမည်၊ ရေကြီးမည်၊ မုန်တိုင်းတိုက်မည်၊ ငလျင်လှုပ်မည်တို့ကို စက်ကိရိယာ၊ မိုးလေဝသကြိုဟောတို့မှ ပေးပို့သော သတင်းအချက်များအရ ခန့်မှန်းတွက်ချက်ကြခြင်းဖြစ်သည်။

သတ္တဝါများကတော့ သဘာဝအသိတရားဖြင့် မှန်ကန်အောင် တွက်ချက်တတ်ကြလေသည်။ ဤသည်ကို ဂမ္ဘီရဆန်သော တိရစ္ဆာန်သဘာဝ





ဟု ပြောရမည်ဖြစ်ပေသည်။ ရှေးအခါကပင် တောတိရစ္ဆာန်များက ညွှန်ပြနိမိတ်ဖတ်သော ပုံပြင်ဇာတ်လမ်းများ များစွာရှိခဲ့သည်ကို စာဖတ်သူများ အသိပင် ဖြစ်ပါလိမ့်မည်။

မတ်လအလယ်ခန့်က မြန်မာပြည်တွင် ဧပြီလ (၂၀) ရက်နေ့မှ မေလ (၂၀)ရက်နေ့အတွင်း မိုင်တစ်ရာကျော်နှုန်းခန့် ပြင်းထန်သော လေမုန်တိုင်းတိုက်မည်။ ယင်းလေမုန်တိုင်းမှာ အချင်းတစ်မိုင်ခန့်သာရှိသော်လည်း အင်အားကောင်းသည်။ မြန်မာပြည်တောင်ပိုင်း မွန်ပြည်နယ်ကိုဖြတ်၍ မြစ်ဝကျွန်းပေါ်ဒေသကိုကျော်ပြီး မုံရွာအထိ ရောက်မည်စသဖြင့် နိုင်ငံခြားသတင်းများက ကြေညာနေကြောင်း အပေါင်းအသင်းများက ပြောဆိုနေကြသဖြင့် ကြားသိရသည်။

ကျွန်ုပ်တို့နိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသကို နာဂစ်မုန်တိုင်း ၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နေ့က တိုက်ခတ်ဖျက်ဆီးသွားသည်မှာ (၃)နှစ်ပြည့်ခါနီး ဖြစ်သည်။ ယခင်က မကြုံဖူးသော သဘာဝကပ်ဘေးဆိုးကြီးဖြစ်သည်။ ယနေ့အထိလည်း နဂိုမူလအတိုင်းသို့ရောက်အောင် ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်းများ မပြီးပြတ်သေးပါ။ ယခုနှစ်တစ်ဖန် မိုးဦးကျချိန်သို့ နီးကပ်စွာ ရောက်လာပြန်ချေပြီ။

သဘာဝကပ်ဆိုးတို့၏သဘောမှာ အလေ့ရှိ၊ အကျင့်ရှိလျှင် နောင်နှစ်များ၌လည်း လမ်းကြောင်းဖောက်ပြီး ဝင်လာတတ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မိုးဦးကျချိန်နီးသည်နှင့် နေအိမ်များအား ခိုင်ခံ့လုံခြုံအောင် ဆောက်လုပ်ပြင်ဆင်ကြရတော့သည်မှာ အစဉ်အလာအလေ့ အကျင့်တစ်ခုပင် ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်ုပ် လမ်းထဲရှိ ဒေါ်သန်းကုန်စုံဆိုင်မှ ကွမ်းယာ ယူနေစဉ် ဆိုင်ရှင်အမေသန်းက ...

"သားရေ ... မုန်တိုင်းတစ်ခု ဝင်လာဦးမယ်ဆိုပါကလား။ အမေတို့နိုင်ငံကတော့ အစရှိအနောင်နောင် ဖြစ်တော့မယ်ထင်ပါရဲ့။ နာဂစ်တုန်းကလည်း အမေတို့အိမ်ပြိုပြီး အတော်ဆုံးရှုံးသွားတယ်။ ဒီတစ်ခါပါ ခံရရင်တော့ ဒုက္ခရောက်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးလေဝသခန့်မှန်းချက်ပါ ...အမေရာ၊ အစွဲအလမ်းမထားပါနဲ့။ အချိန်လည်း အများကြီး ဝေးပါသေးတယ်။ အမေတို့အိမ်က နာဂစ်လေမုန်တိုင်းဒဏ်ခံရပြီး အသစ်ဆောက်ထားတာမို့ ခိုင်မာတောင့်တင်းပါတယ်။ အနီးဝန်းကျင်မှာလည်း သစ်ပင်ကြီးတွေမရှိတော့လို့ အန္တရာယ်ကင်းပါတယ်။ ဖြစ်လာတော့လည်း အများပဲ။ ဘုရားတရားအလုပ်ကိုသာ ကြိုးစားလုပ်ပါ ...အမေရယ်။ စိုးရိမ်ကြောက်လန့်မနေပါနဲ့"

"မကြောက်လို့တော့ မဖြစ်ဘူး သားရေ၊ အမေတို့က ခံရပြီးပြီ။ တိရစ္ဆာန်က နိမိတ်ပေးတယ်လို့ပဲ မှတ်ရတော့မယ်။ အိမ်ကကြောင်မကြီးကယ်လို့ အမေတို့မိသားစု အသက်အန္တရာယ်မဆုံးရှုံးဘဲ ဘေးကင်းခဲ့ရတာ"

"ပြောပါဦး ...အမေ။ ဘယ်လိုနိမိတ်ပေးပြီး ကြောင်မကြီးကကယ်ခဲ့တာလဲ"

"နာဂစ်မုန်တိုင်း တိုက်တုန်းကလေ အမေတို့အိမ်က ကျဉ်းတော့ မိသားစုတန်းစီပြီး အိပ်ကြရတယ်။ အမေတို့ခြေရင်းမှာ ကြောင်မကြီး သားအမိက အိပ်တယ်။ အိမ်ကသွပ်မိုး၊ ပျဉ်ထောင်၊ တစ်ထပ်အိမ်ကလေးဆိုတော့ လုံပါတယ်။ ဆောက်ထားတာ မကြာသေးလို့ ခိုင်ခံ့တောင့်တင်းပါတယ်။

အမေတို့အိမ်ခြေရင်းအိမ်က ကိုမောင်ကြီးတို့အိမ် ရှိတယ်။ သူ့ကားကို ကားဂိုဒေါင်ဆောက်ပြီးထားတာ တစ်ဖက်မှာတော့ ဆရာမကြီးတို့ခြံ အုတ်တံတိုင်း ခတ်ထားတယ်။ ဆရာမကြီးတို့ခြံက အုတ်တံတိုင်းအနီးမှာ လူတစ်ဖက်ကျော်ပင်စည်ရှိတဲ့ မန်ကျည်းပင်ကြီးရှိတယ်။

မန်ကျည်းပင်ဆိုတာ သားလည်း သိတဲ့အတိုင်းပဲ အလွန်ခိုင်တာ။ အုတ်တံတိုင်းကြီးလည်း ခံထားတော့ လဲပြိုဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ လေတွေတိုက်တော့ အမေတို့လည်း ကုပ်နေကြတာပေါ့။ အဲဒီအချိန်မှာ မိုးလည်းပါလာတယ်။ လေသံမိုးသံ တဝုန်းဝုန်းပေါ့။

လေရောမိုးပါ ပါလာတာနဲ့ အမေတို့ခြေရင်းမှာအိပ်နေတဲ့ ကြောင်မကြီးက တဝေါင်းဝေါင်းအော်ပြီး သူ့ကလေးတွေကို အိမ်မကြီးဘက်ကို





ရွှေ့တော့တာပဲ။ ဒါနဲ့အမေလည်း တစ်ခုခုဖြစ်တော့မှာပဲလို့ စိုးရိမ်စိတ် ဝင်သွားတာနဲ့ အိပ်နေတဲ့ကလေးတွေကို အတင်းနှိုးပြီး အိမ်ကြီးဘက် ရွှေ့ရတော့တာပေါ့။

မကြာပါဘူး ...။ လေထဲမိုးထဲမှာ ခြေရင်းအိမ်က ကိုမောင်ကြီးကားက စက်နှိုးသံကိုကြားရပြီး ကားထွက်သွားတာနဲ့ မန်ကျည်းပင်ကြီးက လဲတော့တာပဲ။ အုတ်တံတိုင်းကြီးလဲပြိုပြီး ကိုမောင်ကြီးရဲ့ ကားဂိုဒေါင် လဲကျပြီး အမေတို့အိပ်နေတဲ့ အရှေ့ဆောင်အပေါ်ကို မန်ကျည်းပင်ကြီးက လဲကျတာ အမေသာ ကြောင်မကြီးသတိပေးတာကို သတိမမူမိရင် ကလေးတွေနဲ့အမေပါ သေရင်သေ၊ မသေရင် ဒဏ်ရာရပြီး ကျိုးပဲ့ကုန်မှာ အသေအချာပဲ။

ဒါဟာ သဘာဝအန္တရာယ်ကို တိရစ္ဆာန်တွေက ကြိုသိနေတယ်ဆိုတာ အသေအချာပြတာပဲ။ ဒါကြောင့် ကြောင်မကြီးကို အမေတို့က အသက်ကယ်တဲ့ကျေးဇူးရှင်အနေနဲ့ ကောင်းကောင်း ပြုစုစောင့်ရှောက်ထားတယ်"

"ဒါနဲ့အမေ ခြေရင်းအိမ်က ကိုမောင့်ကြီးက ကားရော လူပါ အန္တရာယ်ကင်းရဲ့လား။ ဘာဖြစ်သွားသေးလဲ"

"အင်း ...သူကလည်း ကံအလွန်ကောင်းတဲ့ သူငယ်ပါပဲ။ ဝီရိယအကျိုးကို ခံစားရတယ်ဆိုရမှာပေါ့။ လေတွေမိုးတွေကျလာတော့ သူ့အိမ်ရှေ့မှာထားတဲ့ သိန်း (၄၀၀)လောက်တန်တဲ့ကားကို စိတ်မချဘူးလေ။ ဒါကြောင့် တစ်ချိန်လုံးမအိပ်ဘဲ ထိုင်ကြည့်နေတာတဲ့။ မန်ကျည်းပင်ကြီးက လှုပ်လာပြီး အုတ်တံတိုင်းပေါ် တအိအိပြိုကျလာတာနဲ့ ကားကို အမြန်မောင်းထွက်တာ သူ့ကားလည်း လမ်းမပေါ်အရောက် မန်ကျည်းပင်ကြီးက လဲတာပဲ"

"သူ့ကားဂိုဒေါင်လည်း ပြို၊ အမေတို့အိမ်လည်း ပျက်စီးတာပေါ့။ မောင်ကြီးထပ်ကံကောင်းတာက အမေတို့အိမ်တစ်အိမ်ကျော် ခေါင်းရင်းဘက်မှာ လမ်းမှူးစိန်ဝင်းတို့ခြံရှိတယ်။ ခြံဝမှာလည်း လူတစ်ဖက်လောက် ရှိတဲ့ ကုက္ကိုပင်ကြီးတစ်ပင်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



''မောင်ကြီးလည်း စိန်ဝင်းတို့ခြံထဲကို ကားမောင်းအသွင်း ကုက္ကိုပင်ကြီးလည်း လဲကျတာ။ ကားဖင်မြီးနဲ့ လွတ်ရုံကလေးပဲတဲ့လေ။ ဘယ်လောက်ကံကောင်းသလဲလို့ . . . သားရယ်''

''ဟုတ်ပါတယ် . . . အမေတို့မိသားစုလည်း ကံကောင်းတာပဲ။ ကိုမောင်ကြီးလည်း ကံကောင်းတာပဲ။ ယုံကြည်မှုနဲ့ ကိုးကွယ်ဆည်းကပ်မှု အလှူအတန်းလုပ်တယ်ဆိုတာ အလွန်အရေးကြီးပါတယ်။ စိတ်ကောင်းရှိတော့ ကံကောင်းတာပေါ့''

''သားရေ . . . အခုလည်း တိရစ္ဆာန်တွေက နိမိတ်ပြနေပြန်ပြီ''

''ဘယ်လိုနိမိတ်ပြတာလဲ . . . အမေသန်း၊ ပြောပြပါဦး''

''အမေတို့အိမ်အနောက်ဘက်က သားကြီးမောင်သောင်းလှိုင်အိမ်မှာ အင်္ကျီလှန်းတဲ့သံချိတ်တွေ မကြာခဏပျောက်တယ်။ ကော်ချိတ်တွေတော့မပျောက်ဘူး။ ထူးခြားမနေဘူးလား။ အင်္ကျီတွေလည်း မပျောက်ဘူး။ လှန်းထားတဲ့အင်္ကျီတွေရုပ်ပြီး သံချိတ်ချည်းကျန်နေမှ ပျောက်တာ။

အဲဒါကြောင့် မောင်သောင်းလှိုင်မိန်းမမယ်နုက တစ်နေ့မှာ စောင့်ဖမ်းတော့ မိတာပေါ့ကွယ်။ လူမဟုတ်ဘူး၊ ကျီးကန်းတွေ။ အင်္ကျီချိတ်လေးငါးခု တန်းမှာချိတ်ထားတုန်း ကျီးနှစ်ကောင် အဝတ်တန်းကြိုးပေါ် လာနားတယ်။ တစ်ကောင်က အင်္ကျီချိတ်တွေအထဲက ပလတ်စတစ်အုပ်ထားတဲ့ သံချိတ်ကို နှုတ်သီးနဲ့ဆိတ်ပြီး ရွေးပေးတယ်။ တစ်ကောင်က ချီတယ်။ သံချိတ်က ကြိုးတန်းမှာချိတ်နေတော့ တစ်ကောင်က နှုတ်သီးနဲ့ ဆိတ်ပေးပြန်တယ်တဲ့။ လွတ်သွားတော့ ချီသွားပြီး သူတို့အိမ် အနောက်ဘက် မဘုတ်ဆုံတို့အိမ်ရှေ့က အုန်းလက်ကြားမှာ အသိုက်ဆောက်နေကြတာတဲ့။

အသိုက်ကလည်း အခိုင်အမာ အဝတ်လှန်းချိတ်တွေအပြင် သံကြိုးတွေနဲ့ ကာထားတာတဲ့။ ကျီးသိုက်ဆိုတာ သံကြိုးစတွေသုံးတာကိုတော့ အမေတို့ငယ်စဉ်ကတည်းက မြင်ဖူးကြပါတယ်။ အခုဟာကတော့ သံကြိုးစထက်ကြီးတဲ့ အဝတ်လှန်းသံချိတ်တွေကို သုံးတာဆိုတော့ အခိုင်အမာပဲ လေကြမ်းမယ့်နိမိတ်လို့ အမေတော့ ယူဆတယ်''





''ဟုတ်ပါတယ် . . . အမေ။ ကျွန်တော်လည်း ငယ်စဉ်က မြင်ဖူးပါတယ်။ ကျီးကန်းတွေက ငှက်ထဲမှာ အပါးဆုံး၊ အလျင်ဆုံးပဲ။ သူတို့အသိုက်ကို အောက်ကကလေးတွေက လေးခွနဲ့ပစ်ရင် ဥနဲ့သားသမီးတွေကို မထိခိုက်ရအောင် သံကြိုးနဲ့ကာထားတာပါ။ ဒါပေမဲ့ သံကြိုးစနည်းနည်းနဲ့ သစ်ကိုင်းတွေက များပါတယ်။ အခုအမေပြောတာက အင်္ကျီချိတ်သံကြိုးကြီးကြီးဆိုတော့ ပိုခိုင်ခံ့အောင်ဆောက်တဲ့ သဘောပဲ။ ထူးခြားတာတော့ အမှန်ပဲ''

''သားလာ . . . အမေပြမယ်။ လာ . . . လိုက်ကြည့်လှည့်။ အိမ်အနောက်မှာတင်ပဲ။ အုန်းပင်ပေါ်မှာ ဆောက်ထားတာ''

ကျွန်ုပ်နှင့် အမေသန်းတို့ အိမ်ခေါင်းရင်း လမ်းကြားလေးထဲမှ အနောက်ဘက်အတွင်းသို့ ဝင်လာရာ ဒေါ်ဘုတ်ဆုံတို့အိမ်အနီးရှိ အုန်းပင်သက်များကြား၌ အဝတ်လှန်းချိတ်များဖြင့် ခိုင်ခံ့စွာ တည်ဆောက်ထားသည့် ကျီးကန်းသိုက်ကို မြင်ရသည်။ သာမန်မြင်ဖူးသော ကျီးကန်းသိုက်ထက်ကြီးသည်။

အဝတ်လှန်းချိတ်များမှ သံကြိုးမှာမာသဖြင့် ကျီးကန်းများ ကွေးဆန့်ခြင်း ပြုနိုင်ဟန်မတူ။ ထို့ကြောင့် သံချိတ်များကို အကာအရံလုပ်ပြီး သံကြိုးလေးများဖြင့် လိမ်ယှက်ရက်လုပ်ထားသည်ကို တွေ့ရသည်။ အသိုက်ကိုလည်း အုန်းပင်အောက်လက်ကြားတွင် ဆောက်လုပ်ခြင်းမဟုတ်။

ခိုင်ခံ့သော အခက်အလက်ကြား လေကွယ်ရာတွင် စနစ်တကျ ခိုင်ခံ့စွာဆောက် လုပ်ထားခြင်းဖြစ်သည်။ ထိုအုန်းပင်ကလည်း အသီးများကိုမတွေ့ရ။ သီးခိုင်ရိုးတံများသာရှိသည်။ အသီးမတင်သောအပင်၊ လူမတက်သောအုန်းပင်ကို ရွေးချယ်အသိုက်လုပ်ခြင်းကတော့ ကျီးကန်းများ၏ ပါးနပ်မှုနှင့် ကျွမ်းကျင်လိမ္မာမှုဖြစ်လေသည်။

ကျီးငှက်များမှာ အလွန်ပါးနပ်ကြသည်။ လူနှင့်အနေနီးသဖြင့် လူ့သဘာဝကိုလည်း နားလည်ကြသည်။ ရှေးကတည်းကပင် ကျီးငှက်နှင့်လူ ဆက်သက်ယှက်နွယ်သော ပုံပြင်များ များစွာရှိခဲ့သည်။ ရန်ကုန်မြို့ပေါ်၌ ကျီးကန်းနှင့် စာကလေး၊ ခိုငှက်လောက်သာရှိတော့သည်။ ကျွန်ုပ်တို့နေ

www.burmeseclassic.com



သော ဆင်ခြေဖုံးရပ်ကွက် သစ်ပင်များရှိသော အပိုင်း၌သာ ကျီးကန်း ကလေး၊ ခိုငှက်များအပြင် ဆက်ရက်၊ ချိုးနှင့် ဥသြငှက်တို့ကို တွေ့မြင်နိုင် ပေသည်။

အထက်က ကျွန်ုပ်ရေးခဲ့သလို ဥတုရာသီ တောကိုမှီ၏။ ကျေးလက် သာရကလည်း တောကိုမှီပါသည်။ သစ်ပင်၊ သစ်တောများက လူများ၏ အရိပ်အာဝါသနှင့် အသီး၊ အပွင့်တို့ကိုပေးသဖြင့် လူများကလည်း သစ်ပင် သစ်တောကို မှီခိုရပါသည်။ လူများ ဆောက်လုပ်နေထိုင်ကြသည့် အိမ်များ ပင် သစ်ဝါးနှင့်မကင်းပါ။ ထို့ကြောင့် သစ်ပင်သစ်တော မပြုန်းတီးစေရန် မှီခိုနေရသောသတ္တဝါများ မပြုန်းတီးရေးအတွက် ကျွန်ုပ်တို့ သစ်ပင်သစ် တောကို ထိန်းသိမ်းကြရပါမည်။

ကျီးသာလျှင် ညှော်သည်လာတတ်သည်။ ကျီးတစ်ကောင်ထိလျှင် အုပ်စုလိုက်ဝိုင်းအာတတ်သော အမျိုးချစ်ကျီးများကို ကျွန်ုပ်တို့ ပစ်ပယ်၍ မရပါ။ ကျီးနိမိတ်သည် ရှေးကတည်းက ယခုအချိန်အထိ ရှိနေပါသေးသည်။ ကျွန်ုပ် အထက်တွင်ဖော်ပြခဲ့သော ကျီးနိမိတ်ကိုတော့ သတိထားသင့်ကြသည် ဟု ကျွန်ုပ် ယူဆပါသည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော်၏အဘိုး ဦးရွှေမွန်းသည် မြန်မာဆေးဆရာကြီးတစ်ဦး ဖြစ်သည်။ ဗိန္ဒော၊ ပယောဂ၊ သူငယ်နာအမျိုးမျိုးနှင့် မွေ့ဆိပ်အမျိုးမျိုးကို ကုနိုင်သည်။ မ,ဒဟူသောရွာ ငမိုးရိပ်ချောင်းကမ်းနဖူးတွင် လေးဆောင်ပြိုင် နှစ်ထပ်အိမ်ကြီး ဆောက်လုပ်၍ နေထိုင်သည်။ ထိုအချိန်က သယ်နှိုးကျွန်းကြီး ပေါက်တလောက်၊ ထားဝယ်ချောင်၊ စစ်ပင်၊ ဆင်ဖုံ၊ မ,ဒရွာတို့မှာ အလွန် စည်ကားသော ရွာကြီးများ ဖြစ်ကြသည်။

အဘိုးဦးရွှေမွန်းက ရွာစဉ်လှည့်၍ ဆေးကုသည်။ နားနားနေနေ အိမ်၌လည်း ဆေးကုသည်။ ဆေးမြစ်ဆေးဝါး ရှာလျှင်တော့ သယ်နှိုး ကျွန်းကြီးရွာဘက်လှည့်ပြီး ပေါက်တလောက်ရွာမှ ကန်တွင်းတော (ယာ သာစုကန်တောခေါ် လော့်ကားတော) အတွင်း ဝင်ပြီးရှာလေ့ရှိသည်။ ကန် တွင်းတောမှာ ထိုအချိန်က အလွန်နက်ရှိုင်းသော သဘာဝတောကြီးဖြစ်ပြီး ကျား၊ ဆင်၊ ဝံ၊ မျောက်၊ ချေ၊ ဒရယ်၊ စိုင်၊ ဆတ် တောကောင်စုံ ပေါများ လှသည်။





ကျောင်းပိတ်ရက်များ၌ ကျွန်တော်က အဘိုးအိမ်သို့ မကြာခဏ သွားလည်လေ့ရှိရာ အဘိုးက ကျွန်တော့်ကို အလွန်ချစ်သည်။ ရွာစဉ်လှည့် ဆေးကုရာ၌လည်းကောင်း၊ ကန်တွင်းတောအတွင်း ဆေးမြစ်ဆေးဝါးရှာရာ၌ လည်းကောင်း ကျွန်တော့်ကို ခေါ်သွားလေ့ရှိရာ အလွန်ပျော်စရာကောင်း သည်။ သို့သော် အဘိုးနှင့်ခရီးသွားလျှင် ကုန်းကြောင်းတစ်လှည့်၊ ခြေကျင် တစ်လှည့်ပင်။ နွားလှည်းကိုပင် အလွန်စီးခဲသည်။

ထိုစဉ်က ကျွန်တော့်အသက်မှာ (၁၃) နှစ်ကျော် (၇) တန်း ကျောင်းသား သန်မြန်ဖျတ်လတ်ရာ အဘိုးက မြေးဖြစ်သူ ကျွန်တော့်ကို အလွန်အားကိုးသည်။

(၇)တန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်တွင် ကျွန်တော် အဝတ် အစား လွယ်အိတ်တစ်လုံး၊ လေးခွ၊ လောက်စာလုံးများယူ၍ မိဘများအား နှုတ်ဆက်ပြီး အုတ်ပုံဆိပ်ဟူသော ဆိပ်ကမ်းမှ မ,ဒရွာဘက်ကမ်းသို့ ကူးရ သည်။

မော်တော်ဖြင့် ကူးခြင်းဖြစ်ရာ ငမိုးရိပ်ချောင်းကမ်းပါး တစ်လျှောက် တွင် တွေ့ရှိရသော စနိုက်၊ ရေကြက်၊ တင်ကျီးငှက်နှင့် ဗျိုင်းများအား ကျွန်တော်နှင့်ကြုံသမျှ ပစ်သည်။ မ,ဒရွာသို့ အလည်လာရခြင်းမှာ ငှက်ပစ် ဝါသနာပါသော ကျွန်တော့်အတွက် ပျော်စရာကောင်းသောကြောင့် ဖြစ်ပါ သည်။

တကယ်တော့ ကျွန်တော့်အဘိုး ဦးရွှေမွန်းက သူများအသက် သတ်ဖြတ်သည်ကို မကြိုက်ပါ။ သို့သော် မြေးဖြစ်သူ ကျွန်တော့်ဝါသနာကို တော့ တားမရဟန်ဖြင့် လျစ်လျူရှုထားတော့သည်။

ဆင်ဖုံ၊ မ,ဒ၊ စစ်ပင်ရွာများမှာ လယ်တောများဖြစ်ကြ၍ စပါး လယ်ကွင်းများက ဝိုင်းရံနေသည်။ တပေါင်းလဖြစ်၍ ရိတ်သိမ်းပြီးစ ကောက် ကျိုင်းများနှင့် ရိုးပြတ်ရနံ့ကို ကျွန်တော် အလွန်သဘောကျသည်။ နေဝင် ဆည်းဆာအချိန် တစ်မျှော်တစ်ခေါ် လယ်ကွင်းများကိုကြည့်ပြီး ရိုးပြတ်နံ့



www.burmeseclassic.com

www.burmeseclassic.com



တသင်းသင်းကို ရှူရှိုက်ရသည်မှာ အလွန် စိတ်ချမ်းမြေ့စရာ ကောင်းပါသည်။

ငမိုးရိပ်ချောင်းကမ်းဘေး ရွာများဖြစ်ကြ၍ လယ်ယာလုပ်ငန်းအပြင် ငါးဖမ်းခြင်း၊ ခနိုထိုးခြင်းကိုလည်း လုပ်ကိုင်ကြသည်။ ထို့ကြောင့် လယ်တောနှင့် ခနိုတော များစွာပိုင်ဆိုင်သော အဘိုးတို့အိမ်ကြီးမှာ ယခုလို တပေါင်းလတွင် စပါးနှင့် သိမ်းသူများ၊ ခနိုထိုးသမားများဖြင့် လွန်စွာ စည်ကားလှသည်။

✿ ✿ ✿

[၂]

❑

ကျွန်တော် အိမ်ရှေ့ကနားဖျင်းအနီးရောက်တော့ အဘွားဒေါ်ပုတို့က တစ်တောင်ခန့်ရှိတော့ သနပ်ဖက်ဆေးလိပ်ကြီးကို ဖွာလိုက်၊ ခနိုထိုး သမများကို ညြဖာပေးလိုက်ဖြင့် အလုပ်ရှုပ်နေသောကြောင့် ကျွန်တော် နှုတ်ဆက်တော့ဘဲ အဘိုးဦးရွှေမွန်းထိုင်နေရာ အိမ်ဦးခန်းပေါ်သို့ တက်ခဲ့သည်။

''လာဟေ့ . . . ငါ့မြေး၊ အဘိုး မင်းကိုမျှော်နေတာ မနေ့ကတည်းကပဲ၊ ဘာလို့ နောက်ကျနေရတာလဲ''

''စာမေးပွဲပြီးပေမဲ့ စာအုပ်တွေ သိမ်းဆည်းပြီး အဝတ်ဟောင်းတွေလျှော်၊ မီးပူတိုက်ရသေးတယ် အဘိုးရယ်။ ဒါကြောင့် တစ်ရက်နောက်ကျသွားတာပါ . . . အဘိုးရယ်''

''ငါ့မြေး ဘာစားပြီးပြီလဲ။ ဟဲ့ . . . ပုတို၊ ငါ့မြေးအတွက် မုန့်တစ်ခုခု လုပ်ပေးဦး။ နေ့လယ်စာလည်း ဘာချက်ထားလဲ။ ငါ့မြေးက ငါးကြိုက်တာ၊ ရှာဝယ်ခိုင်းလိုက်ဦး''

''သိပါ့တော်။ ရှင့်မြေးက ကျုပ်ကိုတောင် နှုတ်မဆက်ဘဲ ကျော်ပြီးမှ အဘိုးဆီသွားတာ။ သူလာမယ်မှန်းသိလို့ မနေ့ကတည်းက ရှင့်သား



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီး ငါးလင်ပန်း၊ ငါးရှဉ့်နဲ့ ငါးရံ့တွေ ရှာပေးထားလို့ လုံးထားပါတယ်။ မန်ကျည်းရည်ကလေးနဲ့ ချဉ်ရည်ဟင်းချက်ရုံပါပဲ။

မုန့်ကတော့ ကောက်လန်းတီမုန့်နဲ့ ကောက်ညှင်းပေါင်းတွေ ရှိပါ့တော်။ ဟဲ့ . . . မယ်လှ၊ ညည်းမောင်ကို အမြန်ထည့်ပေးလိုက်။ မြေးက အဘိုးရဲ့အချစ်တော်၊ တောင်ဝှေး။ မြေးအဘိုးနှစ်ယောက် ဘယ်ကို သဝေထိုးကြဦးမလဲ မသိဘူး''

အဘွားက တဖျစ်တောက်တောက် ပြောနေစဉ် အဘိုးက ဖလားဝုံ ကြေးကွမ်းအစ်ကြီးကိုဖွင့်ပြီး ကွမ်းယာနေရင်းက . . .

''ငါ့မြေးရေ . . . သည်းခံနားထောင်ကွ။ မင်းအဘွားကတော့ ဘယ်တော့မှ လေကြောမပြတ်ဘူး။ အဘိုးစိတ်ညစ်တာ အဲဒါလည်း ပါတယ်။ ဒါကြောင့် ကန်တွင်းတောဘက် ဆေးမြစ်ရှာရင်း ရှာစဉ်လျှောက် ဆေးကု မလို့ မင်းကိုမျှော်နေတာ''

ထိုစဉ် အဘိုး၏ မြေးမတစ်ဦးဖြစ်သူ အစ်မမယ်လှက မုန့်များနှင့် ရေနွေးကြမ်းအိုးကို ကျွန်တော့်ရှေ့၌ ချပေးရင်း . . .

''စား . . . မောင်လေး၊ ကောက်လန်းတီမုန့်နဲ့ ကောက်ညှင်းပေါင်း အဆာပြေပဲစား၊ အဝမစားနဲ့။ နေ့လယ် ထမင်းစားချိန်နီးနေပြီ။ မစားနိုင်ဘဲ ဖြစ်နေဦးမယ်''

''ဟုတ်ကဲ့ပါ . . . အစ်မ။ ကျွန်တော့်ကို ဒီငှက်ကလေးတွေ အမွေး နုတ်ပြီး ကြော်ပေးပါဦး''

ကျွန်တော် ချောင်းရိုးနှင့် လမ်းတွင်ပစ်လာခဲ့သော ဗျိုင်း၊ ဆက်ရက် နှင့် စနိုက်ငှက်များကို လွယ်လာသောအိတ်အတွင်းမှ ထုတ်ပေးလိုက်ရာ အဘိုးက . . .

''အင်း . . . ငါ့မြေးကတော့ ငှက်ပစ် အလွန် ဝါသနာပါပေတာ ကိုး။ မင်းဦးလေး မှူးကြီးကတော့ ငါးရှာ၊ ဖားရှာ အလွန်ဝါသနာပါတယ် တားလို့လည်း မရပါဘူး။ လက္ခဏာဗီဇက ပါလာတာ။ ငါ့မြေးကတော့ ငှက်ပစ်ဝါသနာပါပေမဲ့ မင်းစိုးရာဇာဖြစ်မယ့် လက္ခဏာရှိတယ်။





အမဲလိုက်မုဆိုးနဲ့ ဆက်သွယ်နေတဲ့ အလုပ်တာဝန်ကို ထမ်းဆောင်ရလိမ့်မယ်။ တောထဲတောင်ထဲမှာ နှစ်နဲ့ချီပြီး နေရလိမ့်မယ်။ ကျန်းမာရေးကို ဂရုစိုက်။ အစားအသောက်ကို ဆင်ခြင်၊ အပေါင်းအသင်း မမှားစေနဲ့။ ကြားလား . . . ငါ့မြေး''

''ဟုတ်ကဲ့ပါ . . . အဘိုး။ ကျွန်တော်လည်း အဲဒီလိုတာဝန်မျိုး ထမ်းဆောင်ချင်နေတာပါ''

''အေး . . . အေး . . . မင်းဦးလေး မှူးကြီးနဲ့တော့ မပေါင်းနဲ့ . . . ငါ့မြေး။ အဘိုးမှာ သားတစ်ယောက်ရှိလို့ အားကိုးရမလားမှတ်တယ်၊ ဒီကောင်က ငါ့မြေးလိုမျိုး မလိမ္မာဘူး။ ဆေးကုတာလည်း ဝါသနာမပါဘူး။ ချောင်းကြိုချောင်းကြားသွားပြီး ငါးရှာ၊ ဖားရှာတာကိုပဲ ဝါသနာပါတာ။

ဒီကောင့်ကို အဘိုး ဆုံးမရိုက်နှက်တဲ့အကြိမ်လည်း မနည်းတော့ဘူး။ သူ့အမေက အလိုလိုက်ထားတော့ ရောင့်တက်နေတယ်။ သေမှ မှတ်မယ့်ကောင်။ ဒီကောင့်ကိုတော့ အဘိုး လက်လျှော့ထားလိုက်ပြီ''

''အဘိုး . . . ဦးလေးမှူးကြီး အခုကော ဘယ်သွားသလဲ''

''ထုံးစံအတိုင်းနေမှာပေါ့ . . . ငါ့မြေးရယ်။ ရွာရိုးကိုးပေါက် ချောင်းကြိုချောင်းကြား အပေါင်းအသင်းတွေနဲ့ ငါးရှာ၊ ဖားရှာ လျှောက်သွားနေမှာပေါ့။ ထမင်းဆာတော့မှ ပြန်ရောက်လာမှာ။

ကဲ . . . ငါ့မြေးလည်း ရေမိုးချိုးပြီး နားတော့။ ပြီးတာနဲ့ ထမင်းစားကြမယ်။ ထမင်းစားပြီးရင် ဆေးစာရင်းတွေ ရေးပေးဦး။ အဘိုးတို့ နောက်ဖြန် မနက်စောစော ကန်တွင်းတောဘက် ခရီးဆက်ကြမယ်''

''ဟုတ်ကဲ့ပါ . . . အဘိုး''

ကျွန်တော် အဝတ်အစားလဲပြီး အိမ်အနောက်ဘက်ရှိ ရာဝင် စဉ့်အိုးကြီးများထဲမှ ရေကို တဝချိုးသည်။ ကန်ရေဖြစ်သည်။ မ,ဒရွာနှင့် ဆင်ဖုံရွာကြားရှိ မြွေစင်ကန်မှ အလုပ်သမားများ ခပ်ထည့်ထားသော ရေဖြစ်ပါသည်။ ငမိုးရိပ်ချောင်းနှင့်နီးသော်လည်း ချောင်းရေမှာ နောက်ကျိပြီး ရေနံအငွေ့ သုံးမရ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ငမိုးရိပ်ချောင်းက သားငါးတော့ အလွန်ပေါသည်။ ရေချို ရေငန်ငါးများ နေ့စဉ်ရရှိသည်။ စီးပွားဖြစ်မဟုတ်သော်လည်း မိသားစု အိမ်စားရန်အတွက်တော့ နေ့စဉ် ရရှိနိုင်သည်။

ကျွန်တော် ရေချိုးပြီးတော့ အဝတ်အစားလဲပြီး အဘိုးနှင့်အတူ ထမင်းစားသည်။ ငါးရှဉ့်ဟင်း၊ ငါးလင်ပန်းဟင်း၊ ငါးရံ့ဆီပြန်ဟင်းတို့ ဖြစ်ကြသည်။ လတ်ဆတ်၍ အလွန်အရသာရှိသည်။ အဘိုးကတော့ သက်သတ်လွတ်သမား။ ပဲဟင်းချို၊ ပဲကြီးနှပ်၊ အသီးအရွက်ကြော်၊ အညာလက်ဖက် ငရုတ်သီးစပ်ထောင်းတို့ဖြင့်သာ စားရှာသည်။ ဆီပြန်ဟင်းများမှာ ကျွန်တော့်အတွက် သီးသန့်လုပ်ပေးခြင်းဖြစ်သည်။

ကျွန်တော် ထမင်းစား၍ တစ်ပိုင်းတန်းလန်း၌ပင် အစ်မ မယ်လှ က ငှက်ကြော်များကို လာချပေးသည်။

''မောင်လေးရေ . . . စားကွယ့်။ နည်းနည်းနောက်ကျသွားတယ်။ ငှက်တွေကိုင်နေတုန်း ခနိထိုးသမတွေအတွက် ရေနွေးအိုး အရေးကြီးလို့ ကွယ့်''

''အစ်မရေ . . . ကျွန်တော် ထမင်းတောင်ဝတော့မယ်။ ဦးလေး က ကျွန်တော့်အတွက် ငါးရှာပေးတော့ သူ့အတွက် ထားလိုက်ပါတော့ နော်''

''စားပါဦးကွယ့်၊ အများကြီးပဲဟာ။ တခြားဟင်းတွေလည်း အများ ကြီးရှိပါတယ်''

''ဝပါပြီ . . . အစ်မ၊ တော်ပါပြီ''

ကျွန်တော် စားသောက်ပြီးတော့ အဘိုး၏ ဆေးစာရင်းများအား ရေးပေးရသည်။ ဖော်စပ်မည့်ဆေးများအတွက် လိုအပ်မည့် ဆေးအမည် များ ဖြစ်သည်။

''အဘိုး . . . ဒီအမည်တွေက ဘယ်မှာရှာရမှာလဲ။ ရန်ကုန်တက် ပြီး ပရဆေးဆိုင်က ဝယ်မှာလား''





''ခက်တော့တာပဲ . . . ငါ့မြေးရယ်။ ဘယ်ပရဆေးဆိုင်က ဝယ်ဖူးလို့လဲ။ အဲဒါ ကန်တွင်းတောထဲမှာ ရှာရမယ့် ဆေးမြစ်စာရင်းကွယ့်။ မင်းပဲ သိမ်းထား။ အဘိုးမေ့နေရင်လည်း သတိပေး။ ကဲ . . . နား တော့''

''ဟုတ်ကဲ့ . . . အဘိုး''

ကျွန်တော် နားသည်ဆိုသော်လည်း အဘိုးရှေ့မှ စာရေးခြင်းကို နားပြီး လွယ်အိတ်ဆွဲ၍ အိမ်ပြင်ထွက်ခဲ့ခြင်းဖြစ်ပါသည်။

ညနေစောင်းပြီဖြစ်၍ လယ်ကွင်းပြင်ကိုဖြတ်ပြီး တိုက်ခတ်လာသော လေထဲမှ ရိုးပြတ်နံ့သင်းသင်းကို ရှူရှိုက်ရသည်။ မြွေစင်ကန်ဘုန်းကြီး ကျောင်းဘက်မှ နေ့ဦးအကြို ဥသြသံနှင့် ဘုတ်ငှက်အီးသံကို ကြားနေရ သည်။ ကျွန်တော် ခြေဦးတည့်ရာမှာ မြွေစင်ကန်ဘက်သို့ ဖြစ်သည်။

မြွေစင်ကန်မှာ ဆင်ဖုံနှင့် မ,ဒရွာကြားရှိ ဘုန်းတော်ကြီးကျောင်းနှင့် နီးသည့် သောက်သုံးရေကန်ကြီးဖြစ်သည်။ ကန်အတွင်း၌ ကြာဖြူ၊ ကြာနီ များပွင့်ဖူးနေသည်။ ကန်မှာ တစ်ဧကပတ်လည်ခန့် ကျယ်ဝန်းသည်။ ကန်ပေါင် ပေါ်၌လည်း အရိပ်ရသော မြန်မာကုက္ကိုပင်ကြီးများနှင့် မန်ကျည်းပင်ကြီး များက ပတ်ပတ်လည် ဝိုင်းပေါက်နေသည်။

အရှေ့ဘက်ကန်ထောင့်၌ ညောင်ချဉ်ပင်ကြီးနှင့် ဘုရားငုတ်တို တစ်ဆူရှိသည်။ မိုးတွင်းဘက် ကန်ရေလျှံလျှင် ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သော ရိုးမြောင်းတစ်ခုလည်းရှိသည်။ အကျယ် (၅)ပေခန့် ရှိသည်။ ကျွန်တော်က တောစာ ညောင်ချဉ်ဖူးသုပ်နှင့် မြန်မာကုက္ကိုရွက်နုကို မြေပဲ ဆန်ထောင်း၍ ဆီဆမ်း၊ ဆားဖြူးသောအသုပ်ကို အလွန်ကြိုက်သည်။

သက်သတ်လွတ်သာ စားလေ့ရှိသော အဘိုးအတွက်လည်း ခူး သွားရန် ကြံရွယ်ချက်ရှိသည်။ သို့သော် မြွေစင်ကန်က နာမည်ရှိသည်။ မိုး ချုပ်လျှင် လူတစ်ဦးတစ်ယောက်တည်း မလာရဲသောနေရာလည်း ဖြစ် သည်။ မြွေဆိုးလည်း အလွန်ပေါသည်။ ညောင်ချဉ်ပင်ကြီးမှာ ဘုရား ငုတ်တို၌ရှိသဖြင့် ကျွန်တော် မတက်ရဲပါ။

တစ်ခါက အဘိုးပြောဖူးသည်ကိုလည်း အမှတ်ရမိသည်။ ဖြိုးကာလ မြွေစင်ကန် ရေလျှံလျှင် ဘုရားငုတ်တိုအနီး ရိုးမြောင်းထဲ၌ ရေဝင်စဉ်အိုး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းခန့်ရှိ ရွှေအိုးနှုတ်ခမ်းကြီးများ ပေါ်လာတတ်သည်ဟုဆိုသည်။ မည်သူမျှ မတူးရဲဟုလည်း ဆိုသည်။

ယနေ့မှ မြွေစင်ကန်တွင် ရေခပ်သူ၊ ရေချိုးသူပင် မတွေ့ရ။ လူ ရှင်းနေသည်။ ညောင်ချဉ်ရွက်မခူးရဲသဖြင့် ကျွန်တော် မြန်မာကုက္ကိုရွက်နု များခူးရန် ကန်ပေါင်ပေါ်သို့ တက်ခဲ့သည်။ ရွက်နုများဝေနေသော အပင် လတ်တစ်ပင်ပေါ်သို့ တက်ရန်အပြင်တွင် ကုက္ကိုကိုင်းပေါ်သို့ ချိုးလည်ပြောက် တစ်ကောင် လာနား၍ ကူနေသည်။

''ကူ . . . ကူး . . . ကူ . . . ကူး . . .''

ကျွန်တော့်တွင် အသင့်ပါလာသော ဘေးလွယ်အိတ်ထဲမှ လေးခွ နှင့် လောက်စာလုံးကို နှိုက်ယူပြီး ပစ်ရန်အလုပ် ချိုးမတစ်ကောင် ပျံဝဲ၍ ရောက်ရှိလာပြီး ချိုးထီးအနီး၌နားကာ ပြိုင်တူ ခွန်းဆင့်ကူနေကြတော့ သည်။

''ကူ . . . ကူး . . .''

''ကူ . . . ကူး . . .''

ကျွန်တော့်တွင် အကျင့်တစ်ခုရှိသည်။ ငှက်စုံတွဲကို ဘယ်တော့မျှ မပစ်ပါ။ လေးခွနှင့် လောက်စာလုံးကို ဘေးလွယ်အိတ်ထဲသို့ ပြန်ထည့် လိုက်ပြီး ချိုးမောင်နှံကို လွမ်းမောကြည့်နေမိပါတော့သည်။ ထိုအချိန်တွင် အနောက်ဘက်မှ ခြေသံကြားရ၍ လှည့်ကြည့်ရာ တောင်ဝှေးဖြင့် အဘိုးအို တစ်ဦးဖြစ်နေသည်။

''ငါ့မြေးက ကိုယ်ချင်းစာတရား ရှိသားပဲကွယ့်။ ငှက်ကလေးတွေ မှာ အပြစ်မရှိပါဘူးကွယ်၊ မပစ်ပါနဲ့။ ငါ့မြေးလိုချင်တာ ကုက္ကိုရွက်နုနဲ့ ညောင် ချဉ်ဖူး . . . ဟုတ်လား။ ကဲ . . . ငါ့မြေး၊ ညောင်ချဉ်ဖူးကို အရင်တက်ခူး လိုက်။ အဘိုး စောင့်ကြည့်ပေးမယ်။ လောလောဆယ်တော့ အဘိုး ရေဆာ လာလို့ ကန်ထဲဆင်းပြီး သောက်ရေခပ်ပေးစမ်းကွယ်။ ရေအကျိုး (၁၀) ပါး ဆိုတာ မတောင်းဘဲနဲ့ ကုသိုလ်ရတယ်ကွယ့်''

''ဟုတ်ကဲ့ . . . အဘိုး။ ဒါပေမဲ့ ကျွန်တော့်မှာ ရေခပ်စရာ ခွက် မပါလာဘူး အဘိုးရဲ့''





''ငါ့မြေးက တယ်အ,တာကိုး။ ရေကန်ထဲဆင်း၊ ကြာရွက်တစ် ရွက်ခူးပြီး ဖက်ကတော့ထိုးခပ်လိုက်ရင် ရေရတာပေါ့ကွယ်''

''ဟုတ်ကဲ့ပါ . . . အဘိုး''

ကျွန်တော် ရေကန်ထဲဆင်း၍ ကြာရွက်ကြီးတစ်ရွက်ခူးပြီး ကတော့ ထိုး၍ ရေခပ်သည်။ သောက်ရေတစ်ခွက်စာတော့ ကောင်းကောင်းရသည်။ ကျွန်တော် အဘိုးကိုပေးတော့ အဘိုးက ဆုများပေးသည်။ ရေအကျိုး (၁၀) ပါး ကိုလည်း ရှင်းပြသည်။

''ငါ့မြေးက မုဆိုးဝါသနာပါသူပဲ။ တိရစ္ဆာန်မောင်နှံဆိုရင် မပစ်နဲ့ ကွယ်။ ဗီးရှိတဲ့အကောင်မှန်းသိရင်လည်း မပစ်နဲ့။ သူတို့မှာ မိသားစုတွေ ရှိတယ်။ ကဲ . . . ကဲ . . . အဘိုးကို ရေလှူရတဲ့အကျိုးကြောင့် ငါ့မြေးကို ဆုပေးမယ်။

ဟိုးဘုရားငုတ်တိုနားက ညောင်ချဉ်ပင်ပေါ်ကိုတက်။ ညောင်ဖူး လည်းခူးရင်း အရှေ့ဘက်ကိုင်းဖျားမှာ ချိုးသိုက်ရှိတယ်။ ဥသုံးလုံးထဲက လေးတဲ့အလုံးကို ယူခဲ့။ အဲဒါ ချိုးအမတေ (အမြုတေ)ပဲ။ ငါ့မြေး တစ်သက် လုံး ဆောင်ထားပေရော့။ အန္တရာယ်ရန်စွယ်အမျိုးမျိုး ကင်းဝေးစေတယ် ကွယ့်''

''အဘိုး . . . အဲဒီဘုရားငုတ်တိုဘက်က မြွေဆိုးတွေပေါတယ်ဆို။ ကျွန်တော် မသွားရဲဘူး''

''သွားမှာသွားစမ်းပါ . . . ငါ့မြေးရယ်။ အဘိုးတစ်ယောက်လုံး ရှိပါ တယ်။ ဘာမြွေမှ မလာစေရဘူး''

ကျွန်တော်လည်း အဘိုးစကားကြောင့် အရဲကိုးကာ ဘုရားငုတ် တိုအနီးရှိ ညောင်ချဉ်ပင်ပေါ်သို့ တက်ခဲ့သည်။

လက်လှမ်းမီရာ ညောင်ချဉ်ဖူးများကိုခူးပြီး လွယ်အိတ်အတွင်းသို့ ထည့်သည်။ အရှေ့ဘက်ထွက်နေသည့် အကိုင်းကို လှမ်းကြည့်တော့ အကိုင်း ဖျားခွဆုံတွင် ငှက်သိုက်တစ်ခုအား တွေ့ရသည်။

လူကြီးပေါင်လုံးခန့်တုတ်သော အကိုင်းကြီးဖြစ်၍ ကျွန်တော် ရဲရဲ ဆက်သွားပြီး ငှက်သိုက်အားကြည့်ရာ ချိုးဥ (၃) လုံးအား ဖိုခုံသောက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ရပါသည်။ လက်ဖြင့် တစ်လုံးချင်းကိုင်၍ ဆ,ကြည့်ရာ တစ်လုံးမှာ အခြား နှစ်လုံးထက် လေးနေသဖြင့် အိတ်ကပ်ထဲထည့်၍ ယူခဲ့ပြီး ညောင်ချဉ်ဖူး များ ထပ်မံခူး၍ ဆင်းခဲ့တော့သည်။

အပင်အောက်တွင် အဘိုးကို မတွေ့ရတော့၊ ကုက္ကိုပင်အောက် ရေစပ်တွင်လည်း မတွေ့ရတော့။ အဘိုး ဘယ်ရောက်သွားသည်မသိ။ ပတ် ဝန်းကျင်လယ်ကွင်းများအနှံ့ ကျွန်တော် လိုက်ကြည့်သော်လည်း အဘိုးကို အရိပ်အယောင်မျှ မမြင်ရတော့ပါ။ ထို့ကြောင့် ကုက္ကိုရွက်နုကိုပင် မခူးရဲ တော့ဘဲ ကျွန်တော်ပြန်ခဲ့ပါသည်။

နေမှာ ဝင်လုပြီဖြစ်သည်။ ရိုးပြတ်နံ့သင်းနေသော လယ်ကွင်းများ ကိုဖြတ်ကျော်ရင်း ကျွန်တော် အဘိုးအကြောင်းကို စဉ်းစားကာ ကျောချမ်း သွားမိပါသည်။ ရေတောင်းသောက်သောအဘိုးမှာ လူမျှဟုတ်ပါစ။

✿ ✿ ✿

# |၃|

❑

ကျွန်တော် အဘိုးဦးရွှေမှန်းတို့အိမ် ပြန်ရောက်တော့ မှောင်စပြု နေပြီဖြစ်သဖြင့် အောက်လင်းဓာတ်မီးများထွန်းရင် ပြင်ဆင်နေကြပြီဖြစ် သည်။

ကနားဖျင်းအတွင်း ဝင်လိုက်သည်နှင့် ဦးလေးမှုံကြီးက အောက် သင်းမီးထွန်းနေရင်း . . .

“ငါ့တူရယ် . . . မပြောမဆို ဘယ်များသွားလိုက်တာလဲ။ အဖေ တို့ စိတ်ပူနေကြတယ်။ အခုပဲ အောက်လင်းမီးထွန်းပြီး လိုက်ရှာကြတော့ မလို့”

“ကျွန်တော် မြွေစင်ကန်ဘက်ကိုသွားပြီး အဘိုးအတွက် ညောင် ချဉ်ဖူးခူးတာပါ ဦးလေး။ မမျှော်လင့်ဘဲ မှောင်သွားတာပါ”

“မြွေစင်ကန် . . . အောင်မယ်လေး . . . ဒီအချိန်ကြီး မြွေစင်ကန် ဘက်သွားရဲတာ မင်းတစ်ယောက်တည်းပဲရှိတယ်။ ရွာကလူတွေတောင် ဒီအချိန် အဖော်မပါဘဲ မသွားရဲကြတော့ဘူး။ တော်တော်သတ္တိကောင်းတဲ့ ကောင်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆူညံစွာ စကားပြောဆိုနေကြစဉ် အိမ်အပေါ်ထပ် ဘုရားခန်းအရှေ့တွင်ထိုင်နေသော အဘိုးက လှမ်းခေါ်သည်။

"ငါ့မြေး . . . လာလာ။ ခြေလက်ဆေး၊ မျက်နှာသစ်ပြီး အိမ်ပေါ် တက်ခဲ့တော့။ ဘုရားဝတ်ပြုပြီးမှ အဘိုးနဲ့ စကားပြောကြတာပေါ့"

ကျွန်တော် ခြေလက်ဆေး၊ မျက်နှာသစ်ရင်း အစ်မမယ်လှကို ညောင်ချဉ်ဖူးများသုပ်နိုင်းရန် ပေးပြီး အိမ်ပေါ်သို့ အိမ်အနောက်ဘက်မှ တက်ခဲ့ပါသည်။

ဘုရားခန်းအရှေ့ အဘိုးအနီးသို့ရောက်တော့ အဘိုးက ကျွန်တော်၏ခေါင်းကို ညာလက်ဝါးဖြင့်သပ်ရင်း ဘုရားကန်တော့ခိုင်းသည်။ ပြီးနောက် ရေမန်းတစ်ခွက်တိုက်သည်။

"ငါ့မြေး . . . မိုးချုပ်နေဝင် တစ်ယောက်တည်း မသွားကောင်းဘူးကွယ့်။ ဒီဘက်ကွင်းပိုင်းက မြေကြမ်းတယ်။ ငါ့မြေး . . . ဘာတွေဖြစ်ခဲ့သလဲ။ အဘိုးကို ပြောစမ်း"

ကျွန်တော်က မြွေစင်ကန်ပေါ်၌ အဘိုးနှင့်တွေ့ပုံ၊ ညောင်ချဉ်ဖူးခူးပုံ၊ ချိုးအမြုတေရပုံတို့ကို ရှင်းပြပြီး ထုတ်ပြရာ အဘိုးက ချိုးအမြုတေအားကိုင်၍ ဆ,ကြည့်ပြီး . . .

"ဒါ ချိုးအမြုတေ အစစ်ပဲ။ ငါ့မြေး မပျောက်မပျက်အောင် ဆောင်ထားပါ။ ငါ့မြေးတစ်သက်တာမှာ အရေးပါပါလိမ့်မယ်။ ဒါက ငါ့မြေးကို မြွေစင်ကန်ဘုရားစောင့်က လက်ဆောင်ပေးတာ။ အင်မတန်ရခဲတဲ့ပစ္စည်းပဲ။

နောက်ပြီး ဘုရားငုတ်တိုနား ညောင်ချဉ်ပင်ကို ဘယ်သူမှ မတက်ရဲ မခူးရဲဘူး။ ငါ့မြေးကိုခွင့်ပြုတာဟာ အတော်ထူးဆန်းတယ်။ ငါ့မြေးရဲ့ ပဋ္ဌာန်းဆက်တွေ ထင်ပါရဲ့ကွယ်"

စိတ်ကူးသစ်စာပေ



ကျွန်တော်နှင့်အဘိုး ညစာစားကြတော့ ညောင်ချဉ်ဖူးသုပ်ပါလာသည်။ စိတ်ထင်၍ပဲလားတော့ မသိပါ။ ယခုစားရသည့် ညောင်ချဉ်ဖူးသုပ်မှာ ယခင်စားဖူးသည့် ညောင်ချဉ်ဖူးများထက် ပို၍ အရသာထူးနေပါသည်။ အဘိုးပြောသလိုပင် ကျွန်တော်နှင့် မြွေစင်ကန်မှာ ယခင်ဘဝကတည်းက ပဋ္ဌာန်းဆက်များ ဖြစ်နေကြသလားတော့ ဇာတိဿရဉာဏ်မရသော ကျွန်တော့်အနေဖြင့် မသိနိုင်တော့ပါ။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com